
NYI SAY
MYANMAR EBOOK CREATOR



စာဆိုပညာရှိ

# ကာလိဒါသ ၏

# ဘဝအတွေ့အကြုံများ

ပထမပိုင်း

လူထုဦးလှ

ဒုတိယအကြိမ်

www.facebook.com/NyisayEbookCreator
www.nyisay.com

ကြီးပွားရေးစာအုပ်တိုက်
၈၄ လမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) x ၃၃ လမ်းထောင့်၊
မန္တလေး။ ☎ ၀၂-၃၉၇၁၇၊ ၀၂-၆၀၁၃၆

www.facebook.com/NyisayEbookCreator
www.nyisay.com

ဝါဆိုပညာရှိ


# ကာလိဒါသ၏

ဘဝအတွေ့အကြုံများ

–

လူထု
ဦးလှ

## ပထမပိုင်း



www.facebook.com/NyisayEbookCreator
www.nyisay.com

စာမူခွင့်ပြုချက် – ၄၀၀၃၂၂၁၀၃၁၁
မျက်နှာဖုံးခွင့်ပြုချက် – ၄၀၀၆၇၈၀၆၁၁
မျက်နှာဖုံးနှင့် အတွင်းပန်းချီ – ပေါ်ဦးသက်
မျက်နှာဖုံးဒီဇိုင်း – မောင်မြင့်ဖေ (လူထု)
၂၀၁၁ ခုနှစ် ၊ ဇူလိုင်လ
ဒုတိယအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၂၅၀၀ ကျပ်
ထုတ်ဝေသူ – ဦးငြိမ်းချမ်း (မြဲ – ၀၁၂၇၁)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၇၁၇ ၊ ၆၀၁၃၆
ပုံနှိပ်သူ – ဦးငြိမ်းချမ်း (မြဲ – ၀၃၁၉၅)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၇၁၇ ၊ ၆၀၁၃၆

၈၀၈.၈၄
လူထုဦးလှ
စာဆိုပညာရှိ ကာလိဒါသ၏ ဘဝအတွေ့အကြုံများ / လူထုဦးလှ။
ရန်ကုန်။
ကြီးပွားရေးစာအုပ်တိုက်၊ ဒုတိယအကြိမ်၊ ၂၀၁၁။
၂၆၄–စာ၊ ၁၂.၅ စင်တီ X ၁၈.၅ စင်တီ။
(၁) စာဆိုပညာရှိ ကာလိဒါသ၏ ဘဝအတွေ့အကြုံများ ။

www.facebook.com/NyisayEbookCreator
www.nyisay.com



# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | အမှာ | က |
| ၂။ | မိတ်ဆက် | ခ |
| ၃။ | တြိဗေကနှင့် အလှမယ် | ၁ |
| ၄။ | သတ္တဝါကြီးလေးဦး | ၇ |
| ၅။ | ရုပ်ပြောင်းရုပ်လွှဲကောင်းသော သူဌေးနှင့် ပန်းချီဆရာ | ၁၁ |
| ၆။ | အိပ်မက်ထဲက အသပြာ ၁၀၀ ရလိုမှု | ၁၇ |
| ၇။ | လောက၌ မည်သည့်အရာသည် အကြီးဆုံးဖြစ်သနည်း | ၂၃ |
| ၈။ | ၂၇ တွင် ၉ နှုတ်က ဘာကြွင်းသနည်း | ၃၆ |
| ၉။ | ဘုရင်အား တရားပြခြင်း | ၃၉ |
| ၁၀။ | ဗေဒင်ဉာဏ် | ၄၃ |
| ၁၁။ | ရေ ဘာ့ကြောင့် လှုပ်ရှားသနည်း | ၅၀ |
| ၁၂။ | ဆိတ်ဆိတ်နေခြင်းသည် အမြတ်ဆုံး | ၅၅ |

www.facebook.com/NyisayEbookCreator
www.nyisay.com

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|


၁၃။ ဘုရင်က ထုံးစားအပြစ်ပေးသူကိုကယ်ခြင်း ၆၂

၁၄။ ငွေတိုက်စိုးရာထူး ပြန်ရအောင် အကြံပေးခြင်း ၆၉

၁၅။ အာသောက သက်သေခံ ၇၄

၁၆။ မီးခွက်အောက်မှ အရိပ် ၈၁

၁၇။ ဘာမလုပ်နိုင်သလဲ ပုစ္ဆာ (၄) ရပ် ၈၄

၁၈။ မိုးခေါင်ခြင်း ၈၈

၁၉။ သရက်ပင်အမှု ၉၄

၂၀။ မည်သူမျှားသည် လူမှုရေးပရိယာယ် အများဆုံးနည်း ၁၀၂

၂၁။ တရုတ်ပြည်က သဲပေါ်မှာပါ ၁၀၉

၂၂။ ကြက်တူရွေး ၁၁၅

၂၃။ အိမ်သာနှင့် ဘောဇဘုရင်ရုပ်ပုံ ၁၂၁

၂၄။ နာဖျားသောအခါ ဉာဏ်ပညာဘယ်လိုနေပါလိမ့် ၁၂၆

၂၅။ ကာလိဒါသနှင့် မြို့တော်ဝန် ၁၃၀

၂၆။ လှေသူကြီးက အပိုင်စီးခြင်း ၁၄၀

၂၇။ မြစ်ငိုသံ ၁၄၉

၂၈။ နွားနှစ်ကောင်၏ဝန် ၁၅၄

၂၉။ ရမဝတီ ၁၅၈

၃၀။ လောက၌ မည်သည့်သား၊ သွားနှင့်ဂုဏ်သည် အကောင်းဆုံးနည်း ၁၆၃

၃၁။ ပညာရှိ၏ အဖြေ သုည ၁၆၈

www.facebook.com/NyisayEbookCreator
www.nyisay.com

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၃၂။ | ဘုရင့်ယက်နှင့် ကိုင်ပြီးသော ဆီးသီး | ၁၇၂ |
| ၃၃။ | မျက်မြင်ဖြစ်လျက် မှားနိုင်သလား | ၁၇၈ |
| ၃၄။ | မျက်လုံးကလေးများသည် ဘာ့ကြောင့် ဖုံးမရအောင် လှုပ်ရှားနေသနည်း။ ကျိုး၊ ကွဲ၊ ပုပ်ဆိုသည့် သုံးမျိုးကို ဘယ်ပုံ ချိုးကျူး၍ရသနည်း။ | ၁၈၅ |
| ၃၅။ | စာပေဟောဆရာနှင့် ကုန်သည် | ၁၉၀ |
| ၃၆။ | သတ်စေအမိန့်ချတော်မူပါ | ၁၉၈ |
| ၃၇။ | ကာလိဒါသ ဒဏ်တပ်ခံရခြင်း | ၂၀၂ |
| ၃၈။ | အတ္တုပ္ပတ္တိပုရပိုက် | ၂၀၇ |
| ၃၉။ | ဥယျာဉ်လူဆိုး | ၂၁၄ |
| ၄၀။ | မျက်စိအတွင်း အိမ်မြှောင်ကျင်ငယ်ကျစဉ် | ၂၁၉ |
| ၄၁။ | ကချေသည် ဝိလာသဝတီ | ၂၂၈ |



www.facebook.com/NyisayEbookCreator
www.nyisay.com



# အမှာ

စာဆိုတော် ကာလိဒါသ၏ ဘဝအတွေ့အကြုံများ ပထမတွဲနဲ့ ဒုတိယတွဲကို လူထုစာအုပ်တိုက်က လွန်ခဲ့တဲ့ အနှစ် (၅၀)၊ ၁၉၆၀ နဲ့ ၁၉၆၁ ခုနှစ်များက ထုတ်ဝေခဲ့တာပါ။ လူထုဦးလှက အဲဒီအချိန်က နေ့စဉ် ထုတ် လူထုသတင်းစာမှာ သူ့ရဲ့ ပင်တိုင်ကဏ္ဍတစ်ခုဖြစ်တဲ့ "သောင်းပြောင်းထွေလာ ရေးချင်ရာရာ" ခန်းမှာ အခန်းဆက်ရေးသား ခဲ့တာတွေကို စုပေါင်းထုတ်ဝေထားတာပါ။

ကာလိဒါသဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀၀) ကျော်လောက်က အိန္ဒိယပြည်မှာ ပေါ်ထွန်းခဲ့တဲ့ ဗြဟ္မဏစာဆိုတော်ကြီးတစ်ဦးပါ။ ကာလိဒါသဟာ စွယ်စုံနဲ့သိ ပညာရှိတစ်ဦးဖြစ်တဲ့အတွက် သိသင့် သိထိုက်ရာများကိုလည်း မကွယ်မဝှက် ထုတ်ဖော်ရေးသားခဲ့ပါတယ်။ ဒါ့ကြောင့် အချို့က ကာလိဒါသကို အခြားဂုဏ်ပုဒ်တစ်မျိုးနဲ့ ထုတ်ဖော် ချီးကျူးခဲ့ကြပါတယ်။

ဘာပဲဖြစ်ဖြစ် ကာလိဒါသပြုစုရေးသားခဲ့တဲ့ သကုန္တလာဝတ္ထုကြီး နဲ့ မေဃဒူတ (မိုးတိမ်တမန်) ကဗျာရှည်ကြီးတို့ဟာ ယနေ့ထက်တိုင် ကမ္ဘာ့ဂန္ထဝင်မှာ စံတင်နေကြရဆဲပါ။ စာဆိုပညာရှိ ကာလိဒါသရဲ့ ဘဝအတွေ့အကြုံများကတော့ ခရာတိုင်းရှင် ဘုရင်မင်းမြတ်က မေးမြန်းတဲ့ ခက်ခဲတဲ့ပုစ္ဆာများသာမက လောကီလူ့ဘောင်အတွင်းက အခြားအရှုပ်အရှင်းများကိုပါ ဖြေရှင်းခဲ့တဲ့ ပုံပြင်ဝတ္ထုများဖြစ်တဲ့အတွက် စာဖတ်သူတို့ ဗဟုသုတ တိုးပွားစေရန် စိတ်ရည်သန်ပြီး ပြန်လည် ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါတယ်။

ထုတ်ဝေသူ ■

www.facebook.com/NyisayEbookCreator
www.nyisay.com




ခေါမအဘိဓမ္မာဆရာကြီး ဟာရက်လီးတပ်စ် Heraclitus နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် အကြောင်းအရာကလေးတစ်ခုရှိသည်။ ဟာရက်လီးတပ်စ် ငယ်ရွယ်စဉ်အခါက ၎င်း၏ဆရာသည် မိမိ၏ တပည့်အား လောက၌ ပုပုရွရွ မြင်မြင်သမျှမှာ မမြဲသော သင်္ခါရချည်း ဖြစ်သည့်အကြောင်း သိစေ၊ သဘောပေါက်စေလိုသောကြောင့် မြစ်ကမ်းပါးတစ်ခုသို့ ခေါ်သွားလေသည်။

"ကြည့်ပါ သားမောင်၊ ဤမြစ်၏ရေသည် မည်မျှလျင်မြန်စွာ စီးနေပါသနည်း၊ သန့်ရှင်းသောရေအလျဉ်သည် အဆက်မပြတ် စီးဆင်းလျက်ရှိသည်။ သင်သည် မြစ်တစ်မြစ်အတွင်းသို့ နှစ်ကြိမ် ခုန်ချ၍မရနိုင်၊ ဒုတိယအကြိမ် သင်ခုန်ချသောအခါ ထိုမြစ်သည် သင် ပထမအကြိမ် ခုန်ချခဲ့သော မြစ်မဟုတ်တော့ပြီ" ဟု အမိန့်ရှိကာ သင်္ခါရတရားကို လက်တွေ့မျက်မြင်ပြလေသည်။

မိမိဆရာအား ဟာရက်လီးတပ်စ်က "ဆရာသခင် ကျေးဇူးရှင် ခင်ဗျား၊ မြစ်တစ်မြစ်အတွင်းသို့ တစ်ကြိမ်မျှပင် ကျွန်တော် ခုန်ချ၍ မရနိုင်ပါ၊ ဤမြစ်အတွင်းသို့ ခုန်ချမည်ဟု ကျွန်တော် စိတ်ပိုင်းဖြတ်ပြီး

www.facebook.com/NyisayEbookCreator
www.nyisay.com



နောက် တကယ်ခုန်ချလိုက်သောအခါ တစ်စက္ကန့်၏ အပုံတစ်ထောင်ပုံ တစ်ပုံ အချိန်ပိုင်းတွင် ထိုမြစ်သည် ယခင်မြစ်မဟုတ်တော့ပါ” ဟု ပြန်လည်ပြောကြားလေသည်။

တရားသဘောမှာ ဗုဒ္ဓဘုရားရှင်၏ တရားတော်မြတ်နှင့် ထပ်တူပင် ဖြစ်တော့၏။

ဤပုံပြင် ဤအကြောင်းအရာကလေးသည် “သံသရာ ရေလျဉ်ကြော” ဆိုသော သဘောကိုလည်း ပြလျက်ရှိသည်။ သတ္တဝါအပေါင်းတို့၏ ဘဝတစ်လျှောက်တွင် မြစ်ရေစီးသကဲ့သို့ လျင်မြန်သည့်အခါလည်း မြန်သည်၊ ဖြည်းဖြည်းအေးအေး စီးသည့်အခါလည်း စီးသည်၊ ဘယ်အခါမှ တည်ငြိမ်ရပ်နားနေသည်ဟူ၍ကား မရှိဆိုသည့် သဘောကိုလည်း ပြလေသည်။

ဤကား အမြင်တစ်မျိုးဖြစ်သည်။ မြစ်ကို အခြားတစ်နည်းအားဖြင့်လည်း မြင်နိုင်ကြသည်။ တစ်သွင်သွင်စီးဆင်းနေခြင်းနှင့်အတူ အဆက်မပြတ်သည့် သဘောတရားကိုလည်း ဖော်ပြလျက်ရှိနေသည်။ ထာဝစဉ်ပြောင်းလဲနေသည်။ သို့ရာတွင် ဘယ်အခါမဆို တစ်မျိုးတည်းလည်းဖြစ်သည်။ မြစ်ဖျားခံရာ တောင်များပေါ်မှ ပင်လယ်သမုဒ္ဒရာအတွင်းသို့ ရောက်သည့်တိုင်အောင် အတူတူပင်ဖြစ်သည်။ မြစ်ကမ်းပါးတစ်လျှောက်တွင်မူ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသည်။ ရာစုနှစ်အလိုက် အမျိုးမျိုးပြောင်းလဲကြသည်။ နိုင်ငံတော်ကြီးများသည် တစ်ခုပြီးတစ်ခု ပေါ်ခဲ့၏။ တစ်ခုပြီးတစ်ခုလည်း ပြိုပျက်ကုန်၏။ ကြီးကျယ်သောမြို့တော်ကြီးများ ပေါ်ပေါက်ခဲ့၏။ ပျက်စီးကြပြီး မြေမှုန်ဘဝသို့ ရောက်ကုန်ကြ၏။ သူရဲကောင်းများလည်း သူ့ခေတ်နှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



သူ ထွန်းပေါ်ခဲ့ကြ၏။ ထို့နောက် မေ့ကုန်ကြ၏။ မြစ်ကမူ တသွင်သွင် စီးမြဲစီးနေလေသည်။

အိန္ဒိယနိုင်ငံတွင် သက္ကတစာပေ အလွန်ထွန်းကားသော လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ တစ်ဝိုက်က ပေါ်ပေါက်ခဲ့သည့် ကဗျာစာဆို ပညာရှိအမတ်ကြီး ကာလိဒါသနှင့် ၎င်း၏စာပေများမှာမူ မြစ်နှင့် သဏ္ဍာန်တူလှပေသည်။ တသွင်သွင်စီးနေသည့် မြစ်ရေအလျဉ်သည် လျင်မြန်သည့်အခါ လျင်မြန်သည်၊ နှေးသည့်အခါ နှေးသည်၊ အသံ မြည်ဟည်းပြီး စီးသည့်အခါစီးသည်၊ ငြိမ်သက်ဖြည်းညင်းစွာ စီးသည့် အခါ စီးသည်၊ သို့ရာတွင် အဆက်မပြတ်ပေ။

ပညာရှင်ကာလိဒါသ၏ နာမည်သတင်း ကျော်စောခြင်းမှာ လည်း ပေါ်ပေါက်သည့်နေ့ကစ၍ ယနေ့တိုင် အဆက်မပြတ် ကမ္ဘာ့ အနံ့ဖြစ်သည်။ သို့ရာတွင် တစ်ခေတ်တစ်ခါ တစ်နေရာ၌ "ကာမ ကျမ်းဆရာကြီး" ဟူ၍ နာမည်နာရသည်များ ရှိရပေသည်။ ဆရာကြီး ၏ မဟာကဗျာကျမ်းများ၊ ပြဇာတ်ကြီးများမှာကား လူသားတို့၏ဘဝ နှင့် နီးစပ်ခြင်း၊ သင်ခန်းစာအမျိုးမျိုးပေးခြင်းများကြောင့် ယဉ်ကျေး သော လူလောကတွင် ဘယ်အခါမှ တိမ်ကောနိုင်မည် မဟုတ်ပေ။

ကာလိဒါသဆရာကြီးနှင့် ၎င်း၏စာပေများသည် ဂင်္ဂါ၊ ယမုနာ မြစ်များ တစ်သွင်သွင်စီးနေကြဘိသကဲ့သို့ ကမ္ဘာ့စာပေလောကတွင် လူသားတို့အကျိုးငှာ အဆက်မပြတ် တစိမ့်စိမ့်စီးနေပေလိမ့်မည်။ ဂင်္ဂါမြစ်ကကျယ်သည်၊ ရေစီးမြန်သည်။ ယမုနာက ပို၍နက်သည်။ ထို့အတူ ကာလိဒါသဆရာကြီး၏ ကဗျာများ၊ ပြဇာတ်များသည် အမျိုးမျိုးသော ဂုဏ်ထူးများရှိကြပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

(င)

(၁) "ကာလိဒါသ၏ ကဗျာများမှာ အပုဒ်တိုင်း အပုဒ်တိုင်း၌ နဂိုရေ စိုပြေလှပသည့် မိန်းမပျိုကလေးသည် သူမ၏လည်၌ ဆွဲဝတ်ထားသည့် ပုလဲကုံးကလေးကြောင့် လှသည်ထက် အလှဆုံးဖြစ်နေသကဲ့သို့ ရှိကြသည်"

(ဟရခ ကြရိတ ကဗျာကျမ်းဆရာက သူ၏ ကဗျာအပိုဒ် ၁၆ ၌ ကာလိဒါသအား ချီးကျူးထားသည်)

(၂) "ကာလိဒါသ ကဗျာများကို သင်ယူရသူအပေါင်းသည် အလွန်ချိုသာသည့်အသံဖြင့် တပေါင်းတန်ခူးလများတွင် တွန်ကျူးသည့် ဥသြသံကို ကြားသည့်အခါ လူအပေါင်း ပီတိဖြစ်သကဲ့သို့ ပျော်ရွှင်ချမ်းသာကြသည်"

(သတ္တသတိကဗျာကျမ်း၊ ပုဒ်ရေ ၃၆ တွင် ကာလိဒါသအား အမွှမ်းတင်ထားပုံ)

(၃) "ဥပမာ ဥပမေယျ၊ လလတိ၊ သိင်္ဂါရ၊ တင့်တယ်ခြင်း၊ မိန်းမ, ယောက်ျားတို့နှင့် ဆက်စပ်ခြင်း ကဗျာများကို ဖွဲ့ဆိုရာတွင် ကာလိဒါသကို မှီသူသည် ရှေးကလည်းမရှိခဲ့၊ ယနေ့လည်း မရှိ၊ နောင်လည်း ရှိမည်မထင်"

(ကဗျာ့ပါရဂူများက ကာလိဒါသအား ချီးကျူးကြ၏)

(၄) "ကဗျာတိုင်း ကဗျာတိုင်း၊ အပုဒ်တိုင်း အပုဒ်တိုင်း၌ ကဗျာရေးနည်းအစဉ်အလာ မျဉ်းပေါ်မှာသာလျှောက်ပြီး နူးညံ့ချိုသာသော ဝါကျများဖြင့် ရေးသားနိုင်သူမှာ ကာလိဒါသတစ်ဦးသာ ရှိသည်"

(သုတမုတ္တာဝလိကျမ်းဆရာ)

www.facebook.com/NyisayEbookCreator
www.nyisay.com



(၅) "ကာလိဒါသ၏ ကဗျာများသည် နို့ဒိန်ရည်ကို သကြားနှင့် ရောထားသည့်အခါ ချို၊ ဆိမ့်၊ အေးမြသော အရသာများ ခံစားရဘိသကဲ့သို့ရှိသည်"

(သုတမုတ္တာဝလိကျမ်းဆရာ)

(၆) "ကာလိဒါသ ကဗျာများမှ ဥပမာ ဥပမေယျများကို တွေ့ရသော ကဗျာဆရာများသည် လဆန်း (၁) ရက်၊ (၂) ရက်တွင် ထွက်ပေါ်သည့် လအပေါ်မှ လနတ်သမီးကိုမြင်ရသည့် နတ်ပြည်မှ နတ်သားများ အသည်းယား ဘဝင်ဖို၊ သွားရည်ယိုကြသကဲ့သို့ ရှိကြသည်"

(သုတမုတ္တာဝလိကျမ်းဆရာ)

သက္ကတစာပေတွင် ထိပ်တန်းအကျဆုံး ကဗျာဆရာနှင့် ပြဇာတ်ရေးဆရာကြီးဖြစ်သော ကာလိဒါသဆရာကြီးအား အိန္ဒိယပြည်သူအပေါင်းတို့က အဖိုးမဖြတ်နိုင်သော အမွေခံပစ္စည်းတစ်ခုအဖြစ် တန်ဖိုးထားကြသည်။ အိန္ဒိယစာပေလောကတွင် ထူးထူးကဲကဲ ဉာဏ်ပညာထက်မြက်သော ပုဂ္ဂိုလ်မျိုးကို မွေးထုတ်သော ခေတ်တစ်ခေတ်တွင် ပေါ်ခဲ့သည်ဟုပင် ဆိုရပေမည်။

ကာလိဒါသဆရာကြီး၏ အကြောင်းကို အိန္ဒိယသမိုင်းတွင်လည်းကောင်း၊ ဆရာကြီး၏စာပေများတွင် ပေါ်ပေါ်လွင်လွင် မတွေ့ကြရပေ။ စာရေးဆရာကြီးသည် သူ၏ပတ်ဝန်းကျင်တွင် ရှိနေသော ထိုခေတ် အိန္ဒိယလောကကြီးအကြောင်းများကို များများရေးသားခဲ့ပြီး မိမိအကြောင်းကိုမူ မထင်မရှားကလေးသာ ရေးခဲ့သူဟူ၍ ဆိုရပေလိမ့်မည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သူ၏ စာပေပါအချက်အလက်များအရ ဆရာကြီးသည် ကဗျာ၊ သီချင်း၊ အက၊ ပြဇာတ်နှင့် ပန်းချီဘက်တွင် စံတင်ရသူဖြစ်ရာ တကယ့်အနုပညာသည်ကြီးဟုပင် ဆိုရပေလိမ့်မည်။ ဒေသအနှံ့အပြား သို့ရောက်၍ ထုံးစံဓလေ့၊ ဥပဒေစည်းကမ်းအမျိုးမျိုးကိုသိပြီး အတွေ့ အကြုံအလွန်များသော ပုဂ္ဂိုလ်ဖြစ်ရာ ရေးသော စာပေများမှာ အထူး ပင် ဂုဏ်မြောက်ကြသည်။

ကာလိဒါသဆရာကြီး ရေးသားသော ကျမ်းပေါင်း ၃၅၊ ၄၀ ခန့်အတွင်းမှ မဟာကဗျာ သုံးကျမ်းနှင့် ပြဇာတ်ကြီး သုံးဇာတ်မှာ အထူးကျော်ကြားသည်။ ဘာသာပေါင်းများစွာသို့ ပြန်ဆိုရေးသားပြီး သည်မှာလည်း ကြာပေပြီ။

ထိုမဟာကဗျာ သုံးကျမ်းမှာ –

၁။ ရဃုဝံသ

၂။ ကုမာရသမ္ဘဝ

၃။ မေဃဒူတတို့ ဖြစ်ကြသည်။

ပြဇာတ်ကြီးသုံးဇာတ်မှာ

၁။ အဘိဉာဏ်သကုန္တလ

၂။ မာလဝိကာဂ္ဂိမိတ္တ

၃။ ဝိက္ကမဝသ္သီးရှိတို့ ဖြစ်ကြသည်။

ထို့ပြင် ရတုခြောက်လီနှင့်စပ်သော ကဗျာကျမ်းများမှာလည်း မနည်းပေ။

၁။ ကုန္တေသျှရဒေါသျှကဗျာကျမ်း

၂။ ကလျာဏသဝကဗျာ

၃။ အဗ္ဗသဝကဗျာ

www.facebook.com/NyisayEbookCreator
www.nyisay.com



၄။ ကာလိသောတကဗျာ

၅။ ဂင်္ဂါအဌကဗျာ

၆။ ဃင္ဃကပရကဗျာ

၇။ စန္ဒိကဒဏ္ဍကသောတကဗျာ

၈။ ဂျိုတိဘိသဘရဏကဗျာ

၉။ ဒုကတကဗျာ

၁၀။ နလောဒယကဗျာ

၁၁။ နဝရတနမာလာကဗျာ

၁၂။ ပုသ္သျပဝါဟနဝိလာသကဗျာ

၁၃။ မကာရန္တဝကဗျာ

၁၄။ ရတနကောသကဗျာ

၁၅။ ယက္ခကဗျာ

၁၆။ ဝိဠွဒ္ဒိနိုကဗျာ

၁၇။ ဝိန္ဒဝနကဗျာ

၁၈။ ဝိကရမနော့ရမကဗျာ

၁၉။ သုဒ္ဓစန္ဒိကကဗျာ

၂၀။ သိင်္ဂါရတေလကကဗျာ

၂၁။ သိင်္ဂါရစာဋကကဗျာ

၂၂။ သိင်္ဂါရဘာရကဗျာ

၂၃။ သျှာမလဒဏ္ဍကကဗျာ

၂၄။ သုတ ဗောဓ ကဗျာ

၂၅။ သတ္တ ရာမယဏကဗျာ

၂၆။ သေတုဗန္ဓာကဗျာ စသည်တို့ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

# (၅)

ယခုအခါ ပညာရှိများ၊ သုတေသီများသည် ကာလိဒါသ၏ ဖွားရာဌာန၊ ကာလိဒါသ၏ အမျိုးဇာတ် စသည်များကို အမျိုးမျိုး အထွေထွေ ဝေဖန်နေကြသည်။

အချို့က ကာလိဒါသသည် ဥဇ္ဇေနီပြည် မဟာကာလမြို့တော်၌ မွေးသည်ဟု ဆိုကြသည်။ အချို့ကမူ ချက်ပရမြို့ဖွားဟု ဆိုကြသည်။

ဂင်္ဂါမြစ်နှင့် ပတ်သက်၍လည်းကောင်း၊ ဟိမဝန္တာနှင့် ပတ်သက်၍လည်းကောင်း သူ့ကဗျာများတွင် ရေးခဲ့သည်ကများ၍ ဂင်္ဂါမြစ်နှင့် ဟိမဝန္တာအကြား တစ်ဌာနမှာ မွေးဖွားခဲ့သည် ဖြစ်မည်ဟုလည်း ပြောကြသေးသည်။

အချို့က ဘင်္ဂလားနယ်က၊ အချို့က ကသ္မီရတိုင်းက၊ အချို့ကမူ သီဟိုကဟူ၍ပင် ဆိုသေးသည်။

ကာလိဒါသမှာ ဟိမဝန္တာမှ သီဟိုကျွန်းတိုင် အိန္ဒိယ၏ တစ်နံတစ်လျား သွားလာနေသူဖြစ်ရာ မွေးသည့်နေရာသိဖို့ ခက်သည်ဟုလည်း ဆိုကြသည်။

သို့ပင်ဖြစ်လင့်ကစား သူ၏ကဗျာအများအပြား၌ ဟိမဝန္တာ၏ သဘာဝ၊ ရာသီဥတုအခြေအနေနှင့် ဥဇ္ဇေနီပြည်၏ အနေအထားကိုသာ များစွာနှစ်သက်ကြောင်း အခိုင်အမာတွေ့သိရလေရာ ဥဇ္ဇေနီပြည်သားဟု ဆိုကြသည်ကို ပို၍နှစ်သက်ရလေသည်။

ကာလိဒါသ၏ ဇနီးမယားမှာ "ဝိဇ္ဇမတီ" ဖြစ်သည်။ ဝိဇ္ဇမတီမှာ ဗြဟ္မဏမျိုးဖြစ်သဖြင့် ကာလိဒါသကိုလည်း ဗြဟ္မဏလူမျိုးဟူ၍ပင် ယူဆရန်ရှိသည်။

များသောအားဖြင့် ထိုစဉ်အခါက သင်္သကရိုက်ဘာသာကို ဗြဟ္မဏမျိုးသာ သင်ရပြီး ဆင်းရဲသား (သုဒ္ဒလူမျိုး) များ မသင်ရခြင်းမှာလည်း အကြောင်းတစ်ခုဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

(ည)

ပုံပြင်ဒဏ္ဍာရီများသဖွယ် ကာလိဒါသအတ္ထုပ္ပတ္တိကို ပြောကြ၊ ရေးကြသည်မှာ မနည်းပေ။ ယခုတင်ပြအံ့သော အကြောင်းအရာကိုမူ ကြားသိဖူးသူ နည်းလိမ့်မည်ဟု ယူဆသည်။ အိန္ဒိယအမျိုးသား ပညာရှိကြီးတစ်ဦး၏ မှတ်သားချက်ဖြစ်သည်။

ဝိဇ္ဇမတီနှင့် လက်ထပ်ပြီးနောက် ကာလိဒါသမှာ ပညာနည်း၍ အသူ၊ နသူဖြစ်သည်ဆိုကာ ဝိဇ္ဇမတီက လင်အဖြစ်မှ စွန့်ပစ်လိုက်သည်။ ထိုအခါ ဝိဇ္ဇမတီနှင့်ကွဲ၍ ဗာရာဏသီတိုင်း သိဝကုမာရပညာရှိထံ ပညာသွားသင်သည်။

ကာလိဒါသသည် ပညာသင်စအခါမှာ အလွန်ဉာဏ်ထိုင်းသည်။ လွယ်လွယ်ကူကူသင်၍မရ၊ အလွန်ဉာဏ်စွမ်းဉာဏ်စနည်းသည်။ သို့ဖြင့် သူ၏ဆရာ သိဝကုမာရက ကာလိဒါသအား သူ့ရသသတီပုတီး တစ်ကုံးကို ပေးလေသည်။

ထိုအခါမှစ၍ ကာလိဒါသမှာ ဉာဏ်ပညာ လျင်မြန်လာသည်။ ဉာဏ်စွမ်းဉာဏ်စထက်လာသည်။ စကားပြောရာမှာပင် ကဗျာနှင့်ချည်း ပြောလာသည်။

တစ်နေ့သောအခါ ကာလိဒါသနှင့် သူ့တပည့်တစ်ဦး ခရီးထွက်သွားကြသည်။ တစ်ခုသောမြစ်နားရောက်လေလျှင် ကာလိဒါသက ကျင်ကြီးကျင်ငယ် သွားချင်သည်နှင့် လည်ဍ္ဍဆွဲထားသည့် ပုတီးကို ချွတ်ကာ သူ့တပည့်အား ခဏပေးထားခဲ့သည်။

သူ၏တပည့်မှာ ဘာစာမှမတတ်။ သို့ရာတွင် ခဏဝတ်ဆင်ထားရသော ပုတီးတန်ခိုးကြောင့် ကဗျာဉာဏ်ပြည့်စုံလာသည်။ မြစ်ကမ်းပေါ်ရှိ သပြေပင်မှ သပြေသီးများ မြစ်ထဲကြွေကျသော်လည်း ငါးများ မစားကြသည်ကို မြင်လိုက်ရသောအခါ အောက်ပါအဓိပ္ပာယ်ရှိသည့် ကဗျာကို စပ်ဆိုလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

(၄)

"မြစ်ကမ်းနံဘေး ဇမ္ဗူသပြေပင်မှ သပြေသီးများ မြစ်ထဲကြွေကျသော်လည်း မြစ်ထဲကငါးများက သပြေသီးကို မစားကြ"

ဤသို့ တပည့်က စပ်ဆိုနေသည်ကို ကျင်ကြီးကျင်ငယ်သွားရာမှ ပြန်လာသော ကာလိဒါသ ရုတ်တရက်ကြားလေရာ အံ့သြပြီး "တယ်ဟုတ်ပါလား၊ ငါ့တပည့်က ကဗျာများပင် စပ်တတ်နေပါပြီလား" ဟုဆိုပြီး ပုတီးကို တပည့်ထံမှ ပြန်ယူလိုက်သည်။ ထိုအခါ တပည့်သည် ကဗျာ၏နောက်အပိုဒ်ကို ဆက်မရတော့ပေ။

ပုတီးယူပြီးနောက် ကာလိဒါသက သူ၏တပည့်အား "ကဗျာကို ဆက်ပြီးစပ်ဦးလေ" ဟု ပြောရာ တပည့်မှာ ကဗျာ၏နောက်အပိုဒ်ကို မဆက်နိုင်တော့၊ ကဗျာဉာဏ်မပြည့်စုံတော့ဟု ဆိုသည်။ "ဂုပုရု၊ ဂုပုရု၊ ပြုတ်ပြုတ်ပြုတ် နစ်သွားသည်" ဟုသာ ကဗျာကို ဆက်စပ်ဆိုနိုင်တော့သည်။

သို့ဖြစ်၍ "ပြုတ်ပြုတ်ပြုတ်နစ်သည် ဆိုသည်မှာမဟုတ်။ ငါးများမှာ သပြေသီးကို ငါးမျှားချိတ်မှတ်၍ မစားကြခြင်းဖြစ်သည်" ဟူ၍ အဓိပ္ပာယ်ရှိသည့် ကဗျာပိုဒ်ကို ကာလိဒါသက ဆက်၍ စပ်ပြီး ဆိုပေးလိုက်သည်။

သူရဿတီပုတီး၏ အကူအညီကြောင့် ကာလိဒါသကို ဘယ်သူမှမမီ။ ကဗျာဉာဏ်အလွန်လျင်သည်၊ ကဗျာဉာဏ်ထက်သည်။ ကဗျာဆရာတို့၏ စာဆိုထိပ်တင် ပညာရှင်ဖြစ်သည်။ ဥပမာ ဥပမေယျများ အလွန်ပေါပြီး အလွန်ချောမောသည်ဟုဆိုသည်။

ယနေ့တိုင် ကမ္ဘာအရပ်ရပ်မှ စာဆိုပညာရှင်အပေါင်းက ကာလိဒါသကို သင်္ကရိုက်ဘာသာ ကဗျာပါရဂူဟုလည်းကောင်း၊ စာဆိုပညာရှိ မဟာကဝိဖြစ်သည်ဟုလည်းကောင်း၊ ကာလိဒါသ၏ ကဗျာဉာဏ်ကို ချီးကျူးမကုန်နိုင်ဟူ၍ ဆိုကြသည်။ နှောင်းခေတ် ကဗျာ

www.facebook.com/NyisayEbookCreator
www.nyisay.com

(၄)

ဆရာများသည် ကာလိဒါသ၏ ကဗျာများကို နှစ်သက်မြတ်နိုးလွန်းသောကြောင့် နှုတ်တက်အာဂုံကျက်ထားကြသည်။ စောစောပိုင်းက ဖော်ပြခဲ့သော ကာလိဒါသ စာပေချီးကျူးချက်များအပြင် အောက်ပါစကားများကိုလည်း တွေ့ရသည်။

အင်္ဂလိပ်ကဗျာဆရာ ဆော့ဒ်လ်က "ကာလိဒါသ၏ ကဗျာများသည် နေမင်း၏အရောင်ကဲ့သို့ ကမ္ဘာပေါ်မှာ တောက်ပြောင်နေခဲ့သည်" ဟု ချီးကျူးသည်။

အိန္ဒိယကဗျာဆရာကြီး သီရိကစ္စနာကလည်း "ကာလိဒါသသည် အပြစ်မရှိသော ကြာပန်းကဲ့သို့ ဂုဏ်ရှိသည်။ သူ့ကဗျာများမှာ မိခင်ရင်ခွင်ထက်မှ ကလေးကဲ့သို့ အလှဆုံးဖြစ်သည်" ဟု ချီးကျူးခဲ့သည်။ ပညာတတ်လာသောအခါ သူ၏ဇနီး ဝိဇ္ဇမတီက လင်အဖြစ်မှ စွန့်ပစ်စဉ်က "အ, အဘဲ" ဟု ဆိုလိုက်သော အက္ခရာသုံးလုံးကို အစွဲပြုကာ မဟာကဗျာကြီးသုံးကျမ်းကို ရေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

(၁) "အ" အက္ခရာအရ ကုမာရသမ္ဘဝမဟာ ကဗျာကျမ်း (သိဝနတ်မင်း၏သား ချီးကျူးခန်း) ကို ရေးခဲ့သည်။

(၂) "က" အက္ခရာအရ မေဃဒူတမဟာကဗျာကျမ်း (မိုးမင်းတမန် ချီးကျူးခန်း) ကို ရေးခဲ့သည်။

(၃) "ဘ" အက္ခရာအရ ရဃုဝံသ မဟာကဗျာကျမ်း (ရာမဘိုးတော်ရဃုကို ချီးကျူးခန်း) ကို ရေးခဲ့သည်။

ကာလိဒါသမှာ ကဗျာ့ပါရဂူဖြစ်ခဲ့သော်လည်း စာဆိုအလုပ်ဖြင့် မကြွယ်ဝခဲ့၊ သူဌေးမဖြစ်ခဲ့။ ကာလိဒါသကိုယ်တိုင်ကလည်း စာဆိုများမှာ မကြွယ်ဝနိုင်ကြောင်း၊ သူဌေးမဖြစ်နိုင်ကြောင်း ပြောခဲ့ရေးခဲ့ဖူးသည်ဟု ဆိုကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

(၃)

သို့ရာတွင် ဘောဇဘုရင်၏ မိဖုရား လီလာဝတီ မပေးလှူနိုင်သည့် အလှူမျိုးကို ကာလိဒါသ၏ဇနီး ဝိဠမတီက ပေးလှူနိုင်ခဲ့သည်။ ထို့ကြောင့် ကာလိဒါသ၏ဇနီး ဝိဠမတီကို တိုင်းပြည်လူထုက "မာတာ မာတာ" ဟု ခေါ်ခဲ့ကြသည်ဟုဆိုသည်။

ထိုစဉ်အခါက ဆင်းရဲသူများ၊ ကယ်ပါများသည် ကာလိဒါသအိမ်မှာကဲ့သို့ ဘုရင့်ထံ၌ မတောင်းဝံ့ကြ၊ များသောအားဖြင့် စာဆိုပညာရှိ ကာလိဒါသအိမ်၌သာ တောင်းကြသည်၊ ကာလိဒါသကလည်း စာပေနှင့် ရသမျှဆုလာဘ်များ၊ အခြားဆုလာဘ်များထဲမှ ကယ်ပါများကိုသာ များများပေးလှူခဲ့သည်။

ကာလိဒါသ တစ်မြို့တစ်ရွာ ခရီးထွက်မည်ဆိုက ကယ်ပါများသည် ကာလိဒါသ၏ အိမ်တံခါးဝ၌ စောစောရောက်နေကြသည်ဟုပင် ပြောစမှတ်ရှိကြသည်။

ကာလိဒါသ အတ္ထုပ္ပတ္တိကို ဤနေရာတွင် အကျယ်တဝင့်ဆွေးနွေးတင်ပြ၍ မဖြစ်နိုင်ပေ။ အချို့အနောက်တိုင်းပညာရှင်များက ကာလိဒါသ သုံးဦးရှိသည်ဟု ယူဆကြ၍ အိန္ဒိယပညာရှိအများကမူ ဤဝါဒကို အကြီးအကျယ် ကန့်ကွက်ကြလေသည်။

အောက်ပါသက္ကရာဇ်များမှာ ပညာရှိအသီးသီး ခန့်မှန်းထားချက်များဖြစ်သည်။

(၁) ခရစ်မပေါ်မီ (၈) ရာစုနှစ် (ကာလိဒါသစာပေဆု၊ ပဲရစ်မြို့၊ အက်စ်ပီပဏ္ဍစ်၏ ရဂုဝံသနိဒါန်း)

(၂) ခရစ်မပေါ်မီ (၅၇) နှစ် (ဆာဒပ်ဘယ်လ်ယူ၊ ဂျိမ်းစ်နှင့် အခြားအိန္ဒိယပညာရှင်များ)

(၃) ခရစ်သက္ကရာဇ် (၃) ရာစုနှစ် (လက်စင်၏ မေဃဒူတနိဒါန်ပူးနား)

www.facebook.com/NyisayEbookCreator
www.nyisay.com



(၄) ခရစ်သက္ကရာဇ် (၅) ရာစုနှစ် (ကေဘီပသက်၊ ဂျရာစ် (၁) ၁၈၈၀ ခု)

(၅) ခရစ်သက္ကရာဇ် (၆) ရာစုနှစ် (ဖါဂပ်ဆန်နှင့် မက်စ်မူလာ အိန္ဒိယ ကျွန်ုပ်တို့ကို ဘာသင်နိုင်သနည်း)

(၆) ခရစ်သက္ကရာဇ် (၅၈၇) (၁၉၀၂ ခုနှစ်ထုတ် အိန္ဒိယ ရီဗြူးတွင် ဘန္ဒကာရေးသားချက်၊ ဘရိဟာသမ္ဗဟိတနိဒါန်းတွင် "ကန်း" ဆိုသူ ရေးသားချက်)

စသည်ဖြင့်ဖြစ်သည်။ ထိုပညာရှင်များက မိမိတို့ အထောက် အထားများနှင့် မိမိတို့တင်ပြကြသည်။

ဥဇ္ဇေနီပြည်ကို အုပ်စိုးသော ဝိက္ကမာဒိစ္စမင်းလက်ထက်တွင် ကာလိဒါသပေါ်ပေါက်သည်။ ဝိက္ကမာဒိစ္စနှင့် ဘောဇဘုရင်တို့မှာ ထီးပြိုင် နန်းပြိုင်ဖြစ်သည်။ ထိုခေတ်မှာ ခရစ်မပေါ်မီ (၅၇) ခုနှစ်ခန့် ဖြစ်သည်ဆိုသော သဘောကို ကြိုက်နှစ်သက်သူများကြောင်း တွေ့ရှိရ သည်။

ယခုတည်ရှိသော အိန္ဒိယသက္ကရာဇ်မှာ ဝိက္ကမာဒိစ္စမင်းမှလာသော သက္ကရာဇ်ဖြစ်သည်။ ထိုသက္ကရာဇ်မှာ ယနေ့အထိ (၂၀၁၇) ရှိပေပြီ။

သို့ရာတွင် ဝိက္ကမာဒိစ္စဘုရင် သက္ကရာဇ်ဖြိုသည်မှာ (၅၇) နှစ်ခန့် ရှိမှ ဖြိုသည်ဖြစ်ရာ အားလုံးသော် ဝိက္ကမာဒိစ္စမင်းကြီးသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၇၄ နှစ်ခန့်က ဖြစ်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် ကာလိဒါသမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်လောက်က ထွန်းတောက်ခဲ့သည့် စာဆိုပညာရှိ မဟာကဝိဖြစ်ခဲ့ သည်ဟု ဆိုကြသည်မှာ ယုတ္တိပိုကောင်းပေသည်။

ကာလိဒါသကို ကာလိနတ်သမီး၏ ကျေးကျွန်ဟု ဆိုကြပြန်ရာ တွင် မှန်သည်ဟု မဆိုနိုင်ပေ။ ဒါသပုဒ်၏ ပရိယာယ်ကို "နန္ဒာလ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘိသျှသာဂရ အဘိဓာန်” မျက်နှာနံပါတ် (၅၇၉) ဒုတိယကော်လံ၌ (၁) သူတစ်ပါးအား ထောက်ပံ့စောင့်ရှောက်သူ၊ (၂) ကျေးကျွန်၊ (၃) သုဒ္ဒါလူမျိုး၊ (၄) ဗျာသရသေ့၏ မိခင်နာမည် ဒိဝရ၊ (၅) ဉာဏ်သိဒ္ဓိပေါက်သူဟူ၍ ငါးပါးဆိုထားသဖြင့် ကာလိဒါသ၏ မိခင်ရင်း ကာလိမာတာမှ ပေါက်ဖွားသည့် သားရတနာများတွင် ကာလိဒါသသည်သာ “ဉာဏ်သိဒ္ဓိပေါက်သူ” ဟု ဆိုလိုသည့်သဘော ကိုလည်း မှတ်ယူကြသည်။ ထို့ကြောင့် ကာလီနတ် နတ်သမီး၏ ကျေးကျွန်ဖြစ်သောကြောင့် ကာလိဒါသခေါ်သည်ဟူသော အယူကို မကြိုက်သူတွေများလျက် ရှိနေပေသည်။

ဤစာအုပ်တွင် ကျွန်တော်တို့ဖော်ပြလိုက်သည့် အကြောင်းအရာ များမှာ “ဘောဇပရမာနိသ” ကျမ်းမှ ထုတ်နုတ်ချက်များသာများ၍ ကာလိဒါသ၏ ကဗျာများကို နှုတ်တက်အာဂုံ လေ့လာထားသူ အိန္ဒိယ အမျိုးသားလူကြီးများထံမှ အနည်းငယ်မျှသာပါသည်။

၁၉၆၀ ခုနှစ် ဩဂုတ်လအတွင်းက အထက်မြန်မာပြည်တွင် မိုးအလွန်ခေါင်၍ စိုက်ခင်းပျိုးခင်းအမျိုးမျိုး ထိခိုက်ပျက်စီးကြသည်ကို အကြောင်းပြုပြီး စကားစပ်မိစပ်ရာ ပြောကြရာမှ အိန္ဒိယနှင့် သီဟိုတွင် နှစ်ပေါင်းများစွာ သွားရောက်နေထိုင် ပညာဆည်းပူးခဲ့သူ မြန်မာပြည် ဖွား မြန်မာပြည်သားဖြစ်သော ဗြဟ္မဏပညာရှင်တစ်ဦးက “ကာလိ ဒါသရယ်၍ မိုးရွာသည်” ဆိုသည့်အကြောင်း ပြောပြရာ “မိုးရွာ ပါစေ” ဟု ဆုတောင်းရင်း ကာလိဒါသ၏ ဘဝအတွေ့အကြုံ အကြောင်းအရာများကို ထိုပညာရှင်ပုဂ္ဂိုလ်၏ကူညီမှုဖြင့် လူထုသတင်း စာ “သောင်းပြောင်းထွေလာ ရေးချင်ရာရာ” အခန်းတွင် နေ့စဉ်လိုပင် ဖော်ပြနိုင်ခဲ့ပါသည်။

(တ)

လူထုသတင်းစာဖတ်ကြသည့် မိတ်ဆွေအပေါင်းတို့က ကာလိဒါသ ပညာရှင်အမတ် တရားသူကြီးသည် ကဗျာဉာဏ်၌ ထူးချွန်ပြောင်မြောက်သည်သာမက စဉ်းစားတွေးတောဉာဏ် အကျိုးအကြောင်းကိုဆက်၍ အမှန်ကိုသိနိုင်သောဉာဏ်၊ သူတစ်ပါးတို့၏ အတွင်းသဘောများကို အံ့ဩဖွယ် ထိုးဖောက်၍ သိနိုင်သော ဉာဏ်ပညာများ ထက်မြက်စူးရှလှပါသည်။ ပညာရှင် ကာလိဒါသ၏ အကြောင်းအရာများကို စုပေါင်း၍ စာအုပ်ရိုက်ပါဟု တိုက်တွန်းချက်အရ ဤစာအုပ်ကို ကျွန်တော်တို့ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ကာလိဒါသဆရာကြီး ဘယ်မြို့ဘယ်ရွာတွင် ဘယ်အခါက မွေးသည်ကို သိဖို့ကား ကောင်းပါသည်။ သို့ရာတွင် ဟိုရှေးရှေးခေတ်က စာပေ ကဗျာ အနုပညာကို အလေးပေးပုံ၊ သာမန်ပြည်သူလူထုနှင့် ပညာရှိများ၊ ဘုရင်များ ဆက်ဆံပုံ၊ မူးမတ်အချင်းချင်း မနာလိုဝန်တိုကြပုံ၊ တရားစီရင်ပုံ၊ အလှူဒါနပြုပုံ၊ လူမှုဆက်ဆံရေး၊ စီးပွားရေး၊ ပြည့်တန်ဆာပြဿနာမှစ၍ သိစရာ မှတ်စရာ သင်ခန်းစာယူစရာ အမြောက်အမြားကို ယခုတင်ပြလိုက်သော ကာလိဒါသဆရာကြီး၏ အကြောင်းအရာများအတွင်းမှ အများအပြား တွေ့ရှိရပါလိမ့်မည်။ ဆရာကြီးသည် ဘယ်အခါမှ မင်းလိုလိုက်၍ မင်းကြိုက်ကို မတင်မလျှောက်၊ ပြည်သူလူထုအကျိုးကို ရှေ့ဆုံးကထားကာ ဘုရင်လွဲချော်နေလျှင် နည်းပရိယာယ်အမျိုးမျိုးဖြင့် တည့်မတ်ပေးသည်။ ထိုသို့ဆောင်ရွက်ရာ၌ တစ်ခါတစ်ရံ မိမိကိုယ်တိုင် မင်းပြစ်မင်းဒဏ်ခံရသည်။ ရာဇမာန်တက်ပြီး ဘုရင်အောက်ခြေလွတ်သည့် အခါများတွင် ပဒေသရာဇ်အယူအဆကို တိုက်ခိုက်ပုံမှာလည်း အံ့ဩချီးမွမ်းစရာ နှစ်သက်မြတ်နိုးစရာပင် ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

(ထ)

အဆင့်အတန်းမြင့်သောဝတ္ထုတိုများနှင့် မခြားသော ကာလိဒါသ ဆရာကြီး၏ ကိုယ်တွေ့ဖြစ်ရပ်များဖြစ်သည့်အတိုင်း “စာဆိုပညာရှိ ကာလိဒါသ၏ ဘဝအတွေ့အကြုံများ” ဟု ဤစာအုပ်ကို ကျွန်တော်တို့က နာမည်ပေးလိုက်ပါသည်။ ထိုအတွေ့အကြုံမှတ်တမ်းမှာ ဆရာကြီး၏ အတ္ထုပ္ပတ္တိဇာတ်လမ်းကို စိတ်ဝင်စားဖွယ် ပြောနေသည်လည်း မည်ပေရာ ပိုမိုပြည့်စုံရန်အတွက် ဒုတိယပိုင်းကိုလည်း ဆက်လက်ရိုက်နှိပ်နေပါပြီ။

ဤစာအုပ်သည် နိုင်ငံရေးအာဏာရနေသူများ၊ သူဌေး၊ သူကြွယ်၊ ကုန်သည်များ၊ မင်းမှုထမ်းအမျိုးမျိုးနှင့် ပြည်သူလူထုအပေါင်းအား သူ့နေရာနှင့်သူ သင်ခန်းစာအမျိုးမျိုးပေးလိမ့်မည်ဟု မျှော်လင့်ပါသည်။

လူထုဦးလှ
၂၄-၁၂-၆၀

www.facebook.com/NyisayEbookCreator
www.nyisay.com



## တြိဗေကနှင့် အလှမယ်

အခါတစ်ပါး၀ယ် ဓာရာတိုင်းအရှင် ဘောဇဘုရင်သည် တြိဗေကမြစ်၏ ရှုခင်းကို နန်းတော်လေသာပြတင်းတစ်ခုမှ ကြည့်ရှုနေမိသည်။ ဘုရင့်နန်းတော်မှာ တြိဗေကမြစ်နှင့် အလှမ်းမဝေး၊ ကမ်းနဖူး၌ပင် တည်ထားသည်။ မြစ်ကမ်းနံဘေးမှာပင် ငွားငွားစွင့်၍ ကြွားကြွားတင့်နေသည်။

နေ့ဘက်သို့စအကူး နေရောင်ခြည်ဦးအခါ တြိဗေကမြစ်၏ ရှုခင်းမှာ သာယာကြည်နူးဖွယ်ရှိလှသည်။ စိတ်အာရုံရွှင်လန်း ဘဝင်ချမ်းဖွယ် ဆောင်နေသည်။ တော်တော်တန်တန် သာယာကြည်နူးဖွယ်မဟုတ် ရှုမျှော်၍ မဝနိုင်သော ရှုခင်းသာဖြစ်လေသည်။

ဘုရင်သည် တြိဗေကရှုခင်းမှ တော်တော်နှင့်မခွာ ချမ်းသာသော ဘုရင့်စည်းစိမ်နှင့် အေးမြသာယာသောရှုခင်းအာရုံသည် ဆုံတွေ့၍ နေသည်။

တြိဗေကမြစ်၏ ရေအလျဉ်သည် တသွင်သွင်စီးနေသည်။ ယောက်ယက်မခတ်၊ ကြွေမပျက်၊ ငြိမ်သက်စွာ ရွေ့ရှားနေသည်။ ယဉ်ကျေးလိမ္မာသော အပျိုကလေးတစ်ဦး လမ်းလျှောက်နေသည့်ပမာ ဖြည်းညှင်းစွာ စီးဆင်းနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခပ်စိမ်းစိမ်းရေပြင်သည် ကောင်ကင်ယံ ဖန်ဝါနုနှင့် တိမ်ပြာရောင်ဟပ်မှုကြောင့် တလျှပ်လျှပ်တောက်နေသည်။ တဝင်းဝင်းလက်နေသည်။

တစ်ချက်တစ်ချက် ဖေ့ရမ်းလိုက်သော လေနုဖြန်းကလေးကြောင့် ဖြည်းညှင်းစွာ စီးဆင်းနေသည့် ရေအပြင်မှ တလွန့်လွန့်တွန့်၍နေသည့် လှိုင်းညွန့်ကလေးများကို ချစ်စဖွယ်ရှုစားရသည်။ ထွန်းသစ်စနေမင်း၏ ရောင်ခြည်နုကလေးကလည်း ဆိပ်ကမ်းသာနှင့်ပင်ပျိုတို့အကြားမှ ကွက်ကျားကွက်ကျား ဖြန့်ကြဲထားရာ လှိုင်းညွန့်ကလေးများမှာ မဝင်းတစ်ချက် ဝင်းတစ်ချက်၊ မလက်တစ်လှည့်လက်တစ်လှည့်၊ ကြည့်ရှုမငြီးဖြစ်နေသည်။ ဘဝင်ဖို အသည်းယားအားရဖွယ်ဆောင်နေသည်။ ကြည်နူးဖွယ်မြင်ကွင်းပေတကား။

ကမ်းတစ်ဖက် သောင်ပြင်မှ ကျွန်းသာယာကလေးမှာလည်းစိမ်းလဲ့လဲ့ပင်ပျို နွဲ့နွဲ့စိုရွက်ချပ်တို့ဖြင့် တင့်နေပေသည်။

တချို့နေရာတွင် တစ်ပင်နှင့်တစ်ပင် ကိုင်းခက်ချင်းကပ်ယှဉ်၍ပူးဝင်လုမတတ်ဖြစ်နေရာ အလှ သူ့ထက်ငါပြိုင်နေသလို ရှိနေကြသည်။ ခပ်ဝန်းဝန်းတချို့နှင့် မဝန်းတစ်ဝန်းတစ်ဖုံ ပုံသဏ္ဌာန်အမျိုးမျိုးဆောင်နေကြရာ အာရုံကူးပြောင်း နှစ်သက်ဖို့ကောင်းလှပေသည်။

ကျွန်းသာယာကလေးတွင် ပေါက်ပွားစည်ကားနေသည့် အပင်တို့မှာ တစ်မျိုးတည်း၊ တစ်မည်တည်း၊ တစ်စားတည်းမဟုတ်၊ ပဒေသာပင်များသဖွယ် လှပသည့် ပင်မျိုးစုံတို့ဖြင့် စည်ကားနေရာနှစ်ခြိုက်ဖွယ်ပင် ဖြစ်ချေသည်။

ဘုရင်သည် ရှုခင်းသာအာရုံမှ ရုတ်တရက်မခွာနိုင်၊ မလွှတ်နိုင်၊ ရှုခင်းသာအာရုံအတွေ့ဖြင့် ဘဝင်ခွေ့လျက်ရှိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တြိဗေက၏အလှ၌ ဤသို့ စွဲလမ်းကပ်ငြိနေသည့် ဘုရင်သည် တစ်နေရာမှ တစ်နေရာသို့ ပြောင်းကာပြောင်းကာရှုသည်။

သို့ဖြင့် ဘောဇဘုရင်သည် တြိဗေကဆိပ်ကမ်းသာတစ်နေရာတွင် ရေချိုးနေသည့် ရွှေရင်သိမ်းသစ်စအရွယ် အလှမယ်ကလေးတစ်ဦးကို တွေ့မြင်လေသည်။

အလှမယ်ကလေး၏ အသားအရေမှာ ဖြူဖြူဖွေးဖွေး ပြည့်ပြည့်ဖြိုးဖြိုးရှိသည်။ ဝင်းဝင်းစက်စက် ကျက်သရေရှိသည်။ အလှမယ်ကလေးသည် ကိုယ်ကလေးကို ကန့်ကလျရပ်ပြီး ချေးတွန်းနေရာမှ ရုတ်တရက် ရေထဲသို့ တစ်ကိုယ်လုံး စုန်းစုန်းမြုပ်ပြီး ငုပ်လိုက်သည်။

ခဏအကြာတွင် ရေထဲငုပ်သွားရာမှ ပြန်ပေါ်လာရာ နံဘေးဖြာပြီး ကွဲသွားသည့် ရေကလေးများမှာ လှိုင်းကလေးများ ထသွားသည်။ အထပ်ထပ်ရှိသော တောင်ကလေးများသဖွယ် ရှုမောဖွယ် တင့်သွားသည်။

ရှည်လျားကော့သွယ်သော ဆံပင်များသည်လည်း သူမ၏ မျက်နှာတစ်ခုလုံးပေါ်တွင် ဖုံးအုပ်လျက်သား ပေါ်လာသည်။ ထိုအခါ လက်နှစ်ဖက်ဖြင့် မျက်နှာပေါ်မှ ဆံပင်များကို ဟိုဘက်သည်ဘက် (ဘေးတစ်ဖက်တစ်ချက်သို့) ကပျာကယာ ဆွဲဖယ်လိုက်ရာ သူမ၏ မျက်နှာသည် ဘွားခနဲပေါ်လာသည်။

မျက်နှာကလေးမှာ နီမြန်းဝင်းလက်နေသည်။ နှစ်ဖက်လုံး မို့မောက်နေသည့် ပါးသွယ်ကလေးများအပြင် ကြည်လင်သောမျက်လုံး အစုံကလည်း တောက်ပနေသည်။ သွယ်ချွန်သော နှာတံကလေးကလည်း ကျက်သရေရှိသော မျက်နှာအပြင်တွင် လှပရုံ တင်ထားသကဲ့သို့ ဖြစ်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လည်တိုင်ကလေးကလည်း လည်ရစ်ကလေးများဖြင့် ပြေပြစ် လှပနေသည်။ သူမ၏အထက်ပိုင်း ကိုယ်ကာယမှာ ဖြိုးဖြိုးမောက်ရာ ခြောက်ပြစ်ကင်းသည့် လက္ခဏာအသွင်အပြင်ပင် ဖြစ်ချေသည်။

ဘုရင်သည် တြိဗေကအလှနှင့် သူမ၏အာရုံတွင် ခဏမျှ ငေးမောနေမိသည်။ ဤသို့သော ရှခင်းသာအာရုံနှင့် သူမ၏ ရူပါရုံ ရေလျှဉ်ကြောဝယ် အခိုက်အတန့်မျောပါနေမိသည်။

အနည်းငယ်မျှကြာသောအခါ ဘုရင်သည် ထိုအာရုံကို လွှတ် လိုက်သည်။ ချက်ချင်းပင် နန်းတော်လေသာပြတင်းမှ ခွာသွားသည်။ သို့ရာတွင် မမေ့၊ တြိဗေကမြစ်၏ ရှုခင်းရှုကွက်များသည် မျက်စိထဲမှ မထွက်။

နောက်တစ်နေ့ညီလာခံသဘင် မျိုးမတ်ဗိုလ်ပါ စုံလင်သောအခါ မနေ့က မိမိထိတွေ့ခံစားရသည့် တြိဗေကမြစ်၏ ရှုကွင်းရှုကွက် များကို အခြေခံကာ...

"တောင်ကြီးများကို ဖောက်ထွင်းကာ ဖန်ဝါနေမင်း ထွက်ပေါ် လာသည့်ပမာ" ဟူ၍ အဓိပ္ပာယ်ပါသည့် ကဗျာတစ်ပိုဒ်ကို အမေးပုစ္ဆာ ပြဿနာအဖြစ် စပ်ဆိုမေးမြန်းသည်။ ဤအပိုဒ်သည် ကဗျာ၏ ပဏာမအစပိုဒ်သာဖြစ်သည်။ မည်သည့်အကြောင်းအရာကို ဆိုလို သော ကဗျာဖြစ်သည်ဟု စဉ်းစားကာ နောက်အပိုဒ်များကိုဆက်ကာ စပ်ဆိုဖြေကြားရမည်ဟု ညီလာခံပရိသတ်အားလုံးအား မိန့်ကြားသည်။

ညီလာခံသဘင်ရှိ ပညာရှင်တစ်ဦးမျှ ထိုကဗျာ၏ နောက်အပိုဒ် များကို မဆက်နိုင်၊ မည်သည့်အကြောင်းအရာများကို ရည်ရွယ်၍ ဤပဏာမအစပိုဒ်ကို စပ်ဆိုမေးမြန်းသည်ဟူ၍လည်း မသိကြ၊ ဟိုတွေးသည်တွေး ငေးမောနေကြသည်၊ တွေဝေနေကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခိုက်အတန့်တွင် ညီလာခံသဘင်သို့ ကာလိဒါသ ရောက်လာသည်။ ဘုရင်လည်း ကာလိဒါသလာသည်ကို သိသည်။ သို့ရာတွင် ညီလာခံသဘင်ကို ချက်ချင်းမဝင်၊ တစ်နေရာတွင်ထိုင်ကာ ပြုံးစိပြုံးစိလုပ်နေသည်။ ဘုရင့်မျက်နှာကိုကြည့်ကာ ရယ်မယောင်လုပ်နေသည်။ တစ်နေရာမှ မိမိမျက်နှာကိုကြည့်ကာ အကဲခပ်နေသည်ကိုလည်းမြင်သည်။ "ပြုံးမရောင် ရယ်မရောင် လုပ်မနေပါနဲ့၊ ဒီရှေ့လာခဲ့ပြီး ကျွန်ုပ်စပ်ထားသည့် ပဏာမစာပိုဒ်ကဗျာကိုကြည့်ကာ မည်သည့်အကြောင်းအရာကို ရည်ရွယ်၍ စပ်ဆိုထားသော ကဗျာဟု ကြံဆပြီး နောက်အပိုဒ်များကို ဆက်၍ စပ်ဆိုပါ" ဟု ပြောဆိုကာ ညီလာခံ မှူးမတ်ဗိုလ်ပါများအား စောစောကစပ်၍မေးထားသည့် ကဗျာ၏ ပဏာမအစပိုဒ်ကို ဘုရင်က ရွတ်ဆိုပြလိုက်သည်။

ထိုအခါ ကာလိဒါသသည် "ဤအပိုဒ်မှာ အစပိုဒ်မဖြစ်သင့်ပါ၊ နောက်ဆုံးအပိုဒ်ဖြစ်မှ ကောင်းပါမည်" ဟု လျှောက်သည်။ ထို့နောက် ကာလိဒါသသည် ညီလာခံသို့ မိမိရောက်စက ဘုရင်မိန့်ကြားပြောဆိုနေသံများကို အမြွက်မျှ ကြားလိုက်ရုံမျှဖြင့် ဘုရင့်ကဗျာ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အစအဆုံး အပြည့်အစုံ နားလည်ပြီးဖြစ်နေရာ...

"ပျိုရွယ်သူအလှမယ်ကလေးတစ်ဦးသည် ညသန်းခေါင်အခါမှာ ချစ်သူရည်းစားနှင့် တွေ့ဆုံပျော်မြူးရသည်ဟု အိပ်မက်မက်ပါသည်။ ဤသို့နှင့် အလှမယ်ကလေးသည် နံနက်လင်းရောင်ခြည်တက်စအခါ ရေချိုးဖို့အတွက် တြိဗေကမြစ်ဆိပ်ကမ်းသာသို့ ထွက်လာခဲ့ပါသည်။

ဆိပ်ကမ်းသို့ ရောက်သောအခါ မတ်တတ်ရပ်၍ ရေချိုးသည်။ ထိုအလှမယ်၏ ကိုယ်ယာယအထက်ပိုင်းမှာ တော်တော်များများ ရေပေါ်မှာ ပေါ်နေပါသည်။ လူမက နတ်မမှုတဲ့ အလှမယ်ကလေးဖြစ်ပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ခဏမျှကြာသောအခါ သူမ၏ ကန့်ကလျအလှကိုယ်ကလေးကို ချေးညှော်များတွန်းပြီး မြုပ်သွားအောင် ရေထဲငုပ်လိုက်ပါသည်။ ထိုအခါ မြူတိမ်များ၏အကြားတွင် လမင်းဝင်သွားသကဲ့သို့ ဖြစ်ပါသည်။

အနည်းငယ်မျှကြာသော် ရေထဲမှ ပြန်ပေါ်လာသည်။ ထိုအခါ မည်းမှောင်လာသည့် တိမ်တိုက်များအကြားမှ ဘွားခနဲ လမင်းထွက်ပေါ်လာသကဲ့သို့ ဖြစ်ပါသည်။

သူမ၏ ဝဲယာရှေ့နောက် ထွက်သွားသော ရေလှိုင်းကလေးများသည် အထပ်ထပ်ရှိနေ၍ တောင်ကလေးများသဖွယ် ဖြစ်သွားသည်ကို တွေ့ရပေသည်။ ရှည်လျားကော့သွယ်သည့် ဆံပင်များမှာ သူမ၏ မျက်နှာပေါ် ဖြာပြီးအုပ်ကျလာသည်။

သူမ၏ နူးညံ့ပျော့ပျောင်းသည့် လက်ကလေးနှစ်ဖက်နှင့် ဆံပင်များကို ဆွဲဖယ်လိုက်သည့်အခါ နီမြန်းသည့် သူမ၏မျက်နှာကလေးသည် တောင်ကြီးများကို ဖောက်ထွင်းကာ ဖန်ဝါနေမင်း ထွက်ပေါ်လာသည့်ပမာ တင့်တယ်လှပါပေသည်” ဟု အဓိပ္ပာယ်ပါသည့် ကဗျာကို ကာလိဒါသသည် အစအဆုံး စပ်ဆိုလိုက်သည်။ ထို့နောက် “ဘုရင်မင်းမြတ်သည် တြိဗေကဆိပ်ကမ်းသာ၏ ရှုခင်းရှုကွက်များကို မနေ့က တွေ့ထိခံစားခဲ့ရသည်။ ထို့ကြောင့် ဖြေကြားစေလိုသည်မှာ ဤအကြောင်းအရာ ဤကဗျာပင် ဖြစ်ရပါမည်” ဟု တင်လျှောက်ဖြေဆိုလိုက်သည်။

“တြိဗေကဆိပ်ကမ်းတွင် မနေ့နံနက်က ငါတွေ့ထိခံစားရပုံကို ကာလိဒါသသာလျှင် သိရှိနားလည် ဖြေဆိုနိုင်သည်။ မည်သူ တစ်ဦးတစ်ယောက်မှ ငါ၏ဆိုလိုရင်းသဘောကိုမသိ၊ ငါ၏ကဗျာကို မဆက်နိုင်” ဟု ဆိုကာ ဘောဇဘုရင်သည် ကာလိဒါသအား များစွာချီးကျူးပြီးလျှင် ကဗျာစာပေဆု ချီးမြှင့်ပေးသနားတော်မူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# သတ္တဝါကြီးလေးဦး

တစ်နေ့သောအခါ ဓာရာတိုင်းရှင် ဘုရင်ဘောဇမင်းကြီးသည် ပြဿနာကြီးလေးရပ်ကို အောက်မေ့စဉ်းစားတော်မူမိလေသည်။ ထိုသို့ စဉ်းစားအောက်မေ့မိသော ပုစ္ဆာလေးရပ်ကို ပြဿနာဖြေဆိုရာတွင် လျှင်မြန်သော တခ်ဏုပ္ပတ္တိဉာဏ်နှင့် ပြည့်စုံသည့် စာဆိုတော် ပညာရှိ ကဝိသုခမိန် ကာလိဒါသအား မေးမြန်းဖြေဆိုစေမှ တော်မည်ဟု စိတ်တော်ကိုဆုံးဖြတ်ကာ ကာလိဒါသကို ရှေ့တော်သို့ ခေါ်တော်မူလေသည်။

ပညာရှိ ကဝိစာဆိုတို့၏ မျက်ရှင် ကာလိဒါသသည်လည်း အမိန့်တော်အတိုင်း ဘောဇဘုရင်မင်းကြီး၏ အထံတော်သို့ ကောင်းစွာဆိုက်ရောက်လာသည်။ ထိုအခါ ဘုရင်ဘောဇက "အို အသင်ကာလိဒါသ၊ သင်သည် ငါ၏ထံသို့ သတ္တဝါကြီးလေးဦးကို ခေါ်ခဲ့ရမည်။ သို့ရာတွင် အသင်ခေါ်ယူခဲ့သော သတ္တဝါကြီးများသည် အောက်ပါအင်္ဂါရပ်လေးမျိုးနှင့် ပြည့်စုံသော သတ္တဝါကြီးများ ဖြစ်ရမည်" ဟု ကာလိဒါသအား မိန့်ကြားတော်မူ၏။

(၁) ဒီမှာသာရှိ၍ ဟိုမှာမရှိသော သတ္တဝါ

(၂) ဒီမှာမရှိဘဲ ဟိုမှာသာရှိသော သတ္တဝါ

(၃) ဒီမှာလည်းမရှိ၊ ဟိုမှာလည်းမရှိသော သတ္တဝါ

(၄) ဒီမှာလည်းရှိ၊ ဟိုမှာလည်းရှိသော သတ္တဝါ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြဿနာများကို ဖြေဆိုရာတွင် လျင်သော တစ်ဏှပ္ပတ္တိဉာဏ်ရှိသည့် ကာလိဒါသသည်လည်း ဘုရင်ပြောကြားပြီးသည်နှင့် တစ်ပြိုင်နက် ပုစ္ဆာလေးချက်၏ အနက်သဘောကို ချက်ချင်းသိရှိသည်။ သို့ဖြင့် အထက်ဖော်ပြပါ အင်္ဂါလေးရပ်ရှိသော သတ္တဝါကြီးများကို ခေါ်ခဲ့ရန် တာဝန်ယူ၍ နန်းတော်မှ ပြန်သွားလေသည်။

ကာလိဒါသသည် မိမိသဘောပေါက်သိရှိထားသော သတ္တဝါကြီးများကို မှန်မမှန် အဖန်ဖန်စဉ်းစားရင်း အရှာထွက်သွားလေရာ မဝေးသော လမ်းခရီးတစ်ခုအကြားမှာပင် သူတောင်းစားတစ်ယောက်ကို တွေ့လေသည်။ မိမိအလိုရှိသော သတ္တဝါတစ်ဦးကို ကောင်းစွာရရှိလေပြီဟု အောက်မေ့ကာ ကာလိဒါသသည် သူတောင်းစားအား ငွေ ၅ိ သားပေးပြီး မိမိနောက်သို့ လိုက်လာရန် ခေါ်သည်၊ သူတောင်းစားလည်း ငွေ ၅ိ သားကို ရရှိသောကြောင့် လိုက်လာလေသည်။

ရှေ့သို့ ဆက်လက်ပြီး လျှောက်သွားပြန်လေရာ မကြာမီပင် ကာလိဒါသသည် လောကီအာရုံ ကာမဂုဏ်များကို စွန့်ခွာပြီး တရားနှင့် ပျော်မွေ့နေသော ရသေ့တစ်ပါးကို တွေ့၏။ ထိုရသေ့ကိုလည်း ရသေ့တို့အား ပြုအပ်သော ဝတ္တရားများကို ပြုစုဆောင်ရွက်လိုပါသည်၊ တပည့်တော်နှင့်အတူ ကြွတော်မူပါဟု လျှောက်ထားကာ မိမိနှင့်အတူ ပင့်ဆောင်လာသည်။

ကာလိဒါသသည် မိမိအလိုရှိသောသူတစ်ဦး ရပြန်ပြီဖြစ်သဖြင့် အသင့်အတင့် ရောင့်ရဲအားရသောစိတ်နှင့် မြို့တစ်မြို့ရှိရာသို့ ဆက်လက်သွားပြန်၏။ မြို့တွင်းသို့ရောက်သောအခါ သူကြွယ်တစ်ဦး၏အိမ်သို့ ဝင်၏။ ထိုသူကြွယ်အားလည်း အပြေအပြစ် ပညာရှိပီသစွာ မိမိနှင့်လိုက်ပါပါရန် မေတ္တာရပ်လေရာ သူကြွယ်လည်း လိုက်လာလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တစ်ဦးသာလိုတော့သည်ဖြစ်ရာ ကာလိဒါသသည် မိမိဆန္ဒရင်း ရှိထားသည့် ပြည့်တန်ဆာမတစ်ဦးထံ ချဉ်းကပ်သွားရောက်ပြန်၏။ ပြည့်တန်ဆာမကိုလည်း စကားကောင်းတစ်မျိုးဖြင့် ဖျောင်းဖျပြောဆိုပြီး ခေါ်လေရာ မိမိနှင့်အတူ လိုက်လာလေသည်။

အလိုရှိသော သတ္တဝါကြီးလေးဦး မိမိမှာ ပြည့်စုံနေပြီဖြစ်၍ အားလုံးနှင့်အတူ ကာလိဒါသသည် ဘောဇဘုရင် စံတော်မူရာ နန်းတော်သို့ သွားလေသည်။ ဘုရင့်ရှေ့မှောက် ရောက်သောအခါ...

(၁) ပြည့်တန်ဆာမကို ပထမရှေ့တော်သွင်း၍

"ဤသတ္တဝါမှာ ဒီဘဝမှာသာ ငါးပါးအာရုံ ကာမဂုဏ် စည်းစိမ် ချမ်းသာကို ခံစားမှု၊ ခံစားခွင့် ရှိပါသည်။ နောင်တမလွန် ဘဝ သံသရာမှာ ဒီဘဝမှာကဲ့သို့ စည်းစိမ်ချမ်းသာ ခံစားမှု မရှိနိုင်၊ ခံစား ခွင့် မရနိုင်ပါ။ ဤသတ္တဝါသည် ဒီမှာသာရှိ၍ ဟိုမှာမရှိသော သတ္တဝါဖြစ်ပါသည်" ဟု ရှင်းလင်းလျှောက်တင်လေသည်။

(၂) ရသေ့သူမြတ်ကို ဒုတိယရှေ့တော်သွင်းပြီး

"ဤပုဂ္ဂိုလ်သတ္တဝါသည် ဒီဘဝမှာ လူတို့ခံစားပျော်ပါးကြသည့် လောကီအာရုံ၊ လောကီစည်းစိမ်မှန်သမျှကို အနည်းငယ်မျှ ခံစားမှု မရှိပါ၊ နောင်တမလွန် ကူးပြောင်းပြီးသောအခါမှသာ ကောင်းသော စည်းစိမ်ချမ်းသာ မင်္ဂလာအဝဝကို ခံစားခွင့်ရှိပါသည်၊ ဤသတ္တဝါ သည် ဒီမှာမရှိဘဲ ဟိုမှာသာရှိသော သတ္တဝါဖြစ်ပါသည်" ဟု ရှင်းလင်းလျှောက်တင်လေသည်။

(၃) သူတောင်းစားကို တတိယရှေ့တော်သွင်းလျက်

"ဤသတ္တဝါသည် ဒီဘဝမှာလည်း သူတစ်ပါးအိမ်သို့ လှည့် လည်ပြီး အကျန်အကြွင်းများကိုတောင်းကာ ဝမ်းကိုကျောင်းရ၍

www.facebook.com/NyisayEbookCreator
www.nyisay.com




ဒီဘဝမှာလည်း စည်းစိမ်ခံစားခွင့်မရှိပါ။ နောင်ဘဝမှာလည်း ယခု ဘဝက ကုသိုလ်ကောင်းမှု မရှိခဲ့သဖြင့် စည်းစိမ်ချမ်းသာ ခံစားခွင့် မရှိနိုင်ပါ။ ဤသတ္တဝါသည် ဒီမှာလည်းမရှိဘဲ ဟိုမှာလည်းမရှိသော သတ္တဝါဖြစ်ပါသည်" ဟု ရှင်းလင်းလျှောက်တင်လေသည်။

(၄) သူကြွယ်ကို စတုတ္ထရေ့တော်သွင်းကာ

"ဤသတ္တဝါသည် ဒီဘဝမှာလည်း လူ့စည်းစိမ်၊ လူ့ချမ်းသာ အာရုံငါးဖြာ ကာမဂုဏ်စည်းစိမ်ချမ်းသာကို ခံစားစံစားရပါသည်။ နောင်ဘဝမှာလည်း ဤဘဝက ဒါနသီလ စသော ကောင်းသော စေတနာကံကြောင့် စည်းစိမ်ချမ်းသာ မင်္ဂလာအဝဝကို ခံစား စံစားခွင့် ရှိပါသည်။ ဤသတ္တဝါသည် ဒီမှာလည်းရှိ ဟိုမှာလည်းရှိသော သတ္တဝါဖြစ်ပါသည်" ဟု ပုဂ္ဂိုလ်တစ်ဦးစီနှင့်စပ်၍ ရှင်းလင်း လျှောက် တင်လေသည်။

သတ္တဝါလေးဦးအကြောင်း ကြားသိရပြီးသောအခါ "စာဆို ပညာရှင် ကာလိဒါသသည် ငါ၏ရည်ရွယ်ရင်းဆန္ဒတော်နှင့် ကိုက်ညီ သော သတ္တဝါလေးဦးကို မတိမ်းမချွတ်ရအောင် ခေါ်ဆောင်ဖြေရှင်းနိုင် သော ပညာစွမ်း ဉာဏ်စွမ်း ရှိပါပေသည်" ဟု ဘောဇဘုရင်က အားရရွှင်လန်းစွာ ချီးမွမ်းအံ့သြ ထောမနာခြင်း ပြုတော်မူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ရုပ်ပြောင်းရုပ်လွှဲကောင်းသော သူဌေးနှင့် ပန်းချီဆရာ

ဘောဇဘုရင်စိုးစံရာ ဓာရာတိုင်းတွင် အလွန်ကျော်ကြားသော ပန်းချီဆရာကြီးတစ်ဦးရှိ၏။ ထိုခေတ်အခါကဆိုလျှင် ထိုပုဂ္ဂိုလ်ထက်သာသော ပန်းချီဆရာ မရှိပေ။ ပန်းချီဆရာအပေါင်းတို့က ဆရာတင်ရသော ဆရာဖြစ်လေသည်။

ပန်းချီကျော်ကြီး ဖြစ်သည့်အတိုင်း ရှုခင်းများ၊ ဘဝသရုပ်ဖော်ကားများကို ရေးဆွဲရာ၌လည်းကောင်း၊ ပုံတူရေးဆွဲရာ၌လည်းကောင်း ထူးထူးခြားခြားကြီး လက်မြောက်သူ၊ အစွမ်းထက်သူ ဖြစ်ပေသည်။ ထိုခေတ်တွင် ပုံတူရေးဆွဲခြင်းမှာ အလွန်ခေတ်စားသည်။ ငွေကြေးတတ်နိုင်သူများသည် ထိုခေတ်ကတည်းက ပညာအတွက် ငွေအသပြာပူဇော်ပြီးလျှင် ပန်းချီဆရာများအား ပုံတူရေးဆွဲစေလေသည်။

ဓာရာတိုင်းမှ သူဌေးတစ်ဦးသည် ဤအကျော်ကြားဆုံး ပန်းချီဆရာအား မိမိပုံကို ရေးဆွဲပေးစေလိုသည်။ သို့ရာတွင် သူဌေးမှာ ကပ်စေးနှဲကော်တရာသူဌေးဖြစ်သည်။ ထို့ပြင် မရိုးသားသော သူဌေးလည်းဖြစ်သည်။

ယခုခေတ် နာမည်ကျော် ရုပ်ရှင်မင်းသားမင်းသမီးများကဲ့သို့ ရုပ်ပြောင်းရုပ်လွှဲပြင်ဆင်မှုဘက်တွင် အလွန်တတ်ကျွမ်း ဝါသနာထုံ

www.facebook.com/NyisayEbookCreator
www.nyisay.com


သော ထိုသူဌေးသည် အသက်ကြီးလှပြီဟု ထင်အောင်လည်း သူ့ကိုယ်သူ ဖန်တီးတတ်သည်။ ငယ်ငယ်ရွယ်ရွယ်ထင်ရအောင်လည်း ထုံးဖွဲ့ဆင်ယင် ပြုပြင်တတ်သည်။ ချက်ချင်းဆိုသလိုပင် ခုတစ်မျိုး ခုတစ်မျိုး ပြောင်းလဲစေနိုင်သည်။

တစ်နေ့သော် သူဌေးသည် ပန်းချီဆရာကြီးအားခေါ်ကာ မိမိ၏ပုံကို တူအောင် ဆွဲခိုင်းလေသည်။ တူလျှင် ငွေအသပြာ ၁၀၀၀ ပေးမည်။ မတူက မပေးနိုင်ဟုဆိုသည်။

ပန်းချီဆရာသည် ပုံတူပေါင်းမြောက်မြားစွာကို ရေးဆွဲခဲ့ဖူးလှပြီဖြစ်သောကြောင့် မတူမည်ကို အနည်းငယ်မျှ မစိုးရိမ်။ သူ့အတွက် ခက်ခဲသောအလုပ်လည်းမဟုတ်။ ထို့ကြောင့် အလုပ်ကိုလက်ခံပြီး သူဌေး၏ရုပ်ပုံကို သေသေချာချာ လေ့လာမှတ်သားခဲ့သည်။ သုံးရက်မျှကြာသော် အပြီးသတ်ရေးဆွဲပြီးပြီ ဖြစ်သောကြောင့် ပန်းချီဆရာသည် ထိုပုံတူပန်းချီကားကို သူဌေးထံသို့ သွားပို့သည်။

ပုံလာပေးသောနေ့တွင် သူဌေးသည် ပုံပန်းတစ်မျိုး ဆင်ယင်ထုံးဖွဲ့ ပြုပြင်ထားသည်။ ပုံဆွဲခံသည့်နေ့ကနှင့်မတူ များစွာ ကွဲလွဲခြားနားနေသည်။ ထိုနေ့ကမူ အိုမင်း၍ ပုံလက်ခံယူသောနေ့တွင် ပျိုမျစ် နေသည်။ ထို့ကြောင့် ပန်းချီကားကို လက်ခံယူသောအခါ မိမိပုံနှင့် မတူကြောင်းပြောသည်။ ဟုတ်လည်းဟုတ်ပေသည်။ ပန်းချီကားထဲက လူတစ်ယောက်၊ သူဌေးက လူတစ်ယောက်ကဲ့သို့ ဖြစ်နေပေသည်။

ပန်းချီဆရာမှာ ကိုယ်တိုင်မျက်မြင်ဖြစ်သောကြောင့် ဘာမှမတတ်နိုင်၊ တစ်ခါမှလည်း ဤကဲ့သို့ မကြုံဖူးပေ။ သူဌေးသည် ပုံကိုသာ ယူထားလိုက်သည်။ သူနှင့်မတူဟုဆိုကာ ငွေအသပြာ ၁၀၀၀ ကို

www.facebook.com/NyisayEbookCreator
www.nyisay.com



မပေးလိုက်၊ ၅၀၀ ပင် မပေး၊ စိတ်ပင် ဆိုးဟန်တူသည်။ ထို့ကြောင့် ပန်းချီဆရာသည် "ထပ်ပြီး အသစ်ဆွဲပေးပါမည်" ဟု တာဝန်ယူကာ ရှက်ရှက်နှင့် ပြန်လာခဲ့လေသည်။

ရိုးသားသော ပန်းချီဆရာသည် သူဌေး၏အကြောင်းကိုမသိ။ ထို့ကြောင့် အထူးကြိုးစားပြီးလျှင် နောက်ဆုံးမြင်တွေ့ခဲ့ရသော သူဌေး ရုပ်ပုံနှင့်တူအောင် ရေးဆွဲပြီးလျှင် သွားပို့ပြန်သည်။ ဤပုံတူ ပန်းချီကားကလည်း မတူပြန်ပေ။ သူဌေး၏ အပြောအားဖြင့်သာမဟုတ် ပန်းချီဆရာ၏ ကိုယ်တွေ့မျက်မြင်အရလည်း မတူပေ။

သူဌေးသည် ပန်းချီကားကိုသာ ယူထားလိုက်၏။ ငွေတစ်ပြားမှ မပေးလိုက်ဘဲ မိမိနှင့်တူအောင် ထပ်ဆွဲပါ၊ တူမှပင် ငွေပေးနိုင်မည်ဟု ဆိုလိုက်ပြန်လေသည်။

ပန်းချီဆရာကြီးမှာ ငွေရသည်မရသည်ထက် ပုံမတူဟု အငြင်းခံရခြင်း၊ ပုံမတူဘဲဖြစ်နေခြင်းများအတွက် ရှက်သည်။ ထို့ကြောင့် မြင်တွေ့ခဲ့သောသူဌေးကြီးနှင့်တူအောင် အစွမ်းကုန်ကြိုးစားပြီး ဆွဲပြန်လေသည်။ ဤအကြိမ်တွင်လည်း ပန်းချီကားသာ ထားခဲ့ရပြန်သည်။ မတူသောကြောင့် သူဌေးက ငွေမပေး၊ တူသည့်ကားရမှပင် မိမိ၏ ကတိအတိုင်း ငွေပေးနိုင်မည်ဟု ဆိုပြန်လေသည်။

ဤသို့နှင့် ဆွဲတိုင်း ဆွဲတိုင်းသော ပုံတူပန်းချီကားများမှာ သူဌေးနှင့် မတူသောကြောင့် ငွေကုန်လူပန်းဖြစ်နေရလေရာ ပန်းချီဆရာကြီးသည် ထိုကိစ္စကို မိမိ၏ဇနီးအား ပြောပြပြီး ညည်းတွားလေသည်။ ထိုအခါ ဇနီးသည်က ဤဓာရာတိုင်းကြီးတွင် ကာလိဒါသဆိုသော ပညာရှိကြီးတစ်ဦးရှိကြောင်း သူမ ကြားဖူးသည်။ ထိုပညာရှိသည် ထိုးထွင်းသော ပညာဉာဏ်ရှိသောကြောင့် မရိုးမသားပြုမူခြင်းများကို

www.facebook.com/NyisayEbookCreator
www.nyisay.com


ထိုးဖောက်၍ မြင်နိုင်သည်။ ထို့ကြောင့် ထိုကာလိဒါသဆရာကြီးနှင့် ဤကိစ္စ ဤအကျိုးအကြောင်းများကို တိုင်ပင်စရာကောင်းသည်။ ကာလိဒါသထံမှ အကြံဉာဏ်တောင်းစရာ ကောင်းသည်ဟု ပြောပြရာ ပန်းချီဆရာကြီးသည် ကာလိဒါသဆရာကြီးအား သွားတွေ့ပြီးလျှင် သူဌေး၏ပုံတူကို အကြိမ်ပေါင်းများစွာ ရေးဆွဲသော်လည်း မတူဘဲ ဖြစ်နေသည့်အကြောင်း၊ ရေးဆွဲရန် တွေ့ခဲ့စဉ်က တစ်မျိုး၊ သွားပို့သော အခါ တစ်ဖုံ ဖြစ်နေသည်များကို အလုံးစုံပြောပြသည်။

ပန်းချီဆရာ၏ စကားများကို ကြားရလျှင် ကာလိဒါသ ပညာရှိသည် ဤသူဌေးကြီးကား ရုပ်ပြောင်းရုပ်လွှဲ အမျိုးမျိုးပြောင်းလဲနိုင်သူ ဖြစ်ရမည်။ ငွေအသပြာ ၁၀၀၀ နှင့် ပုံတူပေါင်းများစွာရရှိအောင် ကြံဆောင်သော အကောက်ဉာဏ် အရင်းခံဖြင့် ပန်းချီဆရာအား နှိပ်စက်နေခြင်းဖြစ်သည်ကို ချက်ချင်းပင်သိသည်။ ထို့ကြောင့် ပန်းချီဆရာအား "ကိုယ်လုံးပေါ်မှန်တစ်ချက်ကို ယူသွားပြီး သူဌေး၏အနီးတွင် ထောင်ထားလိုက်ပါ၊ သူဌေးသည် သင့်အား အသပြာ ၁၀၀၀ ပေးလိုက်လိမ့်မည်" ဟု ပြောလိုက်သည်။

ပန်းချီဆရာသည် ကာလိဒါသမှာသည့်အတိုင်း ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်ကို သူဌေးအိမ်သို့ယူသွားပြီး သူဌေး၏အနီး၌ ထောင်ထားလိုက်သည်။ သူဌေးသည် ဤအစီအစဉ်ကိုမြင်လျှင်မြင်ချင်း ပန်းချီဆရာ၏ ဉာဏ်မဟုတ်၊ ကာလိဒါသအကြံပေးချက်အရ လုပ်ခြင်းဖြစ်သည်ကို ရိပ်မိသည်။ ကြာလျှင် ကာလိဒါသမှတစ်ဆင့် ဘောဇဘုရင်၏ ရွှေနားတော်သို့ ရောက်သွားက မိမိဒုက္ခဖြစ်မည်ကို သိလေရာ၊ ဘာမှထွေထွေထူးထူးမပြောတော့ဘဲ ပန်းချီဆရာအား အသပြာ ၁၀၀၀ ထုတ်ပေးလိုက်လေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤအသပြာ ၁၀၀၀ သည် ကာလိဒါသကြောင့် ရရှိခြင်း ဖြစ်သောကြောင့် ပန်းချီဆရာသည် ထိုငွေကိုယူပြီး ကာလိဒါသ၏အိမ်သို့ သွားလေသည်။ အိမ်တွင်မတွေ့၊ ညီလာခံသွားသည်ဆို၍ နန်းတော်သို့ ဆက်လိုက်သွားရာ ညီလာခံသဘင်တွင် ကာလိဒါသကို တွေ့ရှိ၍ အကျိုးအကြောင်းစုံ တိုးတိုးကြိတ်ကြိတ်ပြောပြပြီး ပန်းချီဆရာက ထိုအသပြာ ၁၀၀၀ ကို ကာလိဒါသအား ပူဇော်သည်။ ကာလိဒါသက လက်မခံပေ။

ဘောဇဘုရင်မင်းကြီးသည် ကာလိဒါသနှင့် ပန်းချီဆရာတို့ တိုးတိုးစကားပြောကြားနေသည်ကိုမြင်လျှင် လှမ်း၍မေးသည်။ ထိုအခါ ကာလိဒါသက အဖြစ်အပျက်အစုံကို ဘုရင်မင်းကြီးအား လျှောက်တင်လိုက်ရာ ဘုရင်က သူဌေးကို ခေါ်ခဲ့ဖို့ မင်းချင်းယောကျ်ား တစ်ဦးကို ချက်ချင်းပင်လွှတ်လိုက်သည်။

ရှေ့တော်သို့ သူဌေးရောက်လာလျှင် ဘုရင်က စစ်ဆေးရာ သူဌေးသည် တစ်စုံတစ်ရာ ကွယ်ဝှက်ဝံ့ခြင်းမရှိဘဲ အသပြာ ၁၀၀၀ နှင့် ရုပ်ပုံတူပန်းချီကားများများရအောင် ဤသို့ ကြံစည်လုပ်ကိုင်မိပါကြောင်းနှင့် ဟုတ်တိုင်းမှန်ရာ တင်လျှောက်ဝန်ခံလေသည်။ ထိုအခါ မင်းကြီးက သူဌေးအား ဆွဲပြီးသမျှသော ပန်းချီကားအားလုံးကို ရေတွက်၍ တစ်ကားလျှင် အသပြာ ၁၀၀၀ စီ တန်ဖိုးထားပြီး ပေးရမည်ဟု အမိန့်ချမှတ်လိုက်လေသည်။

ပန်းချီဆရာသည် ကာလိဒါသအား ကန်တော့ကာ အသပြာ ၁၀၀၀ ကို လက်ခံဖို့ တောင်းပန်သည်။ ကာလိဒါသသည် ထိုအသပြာ ၁၀၀၀ ကို ပန်းချီဆရာအား ပြန်ပေးပြီး ပန်းချီကျောင်းတည်ထောင်ကာ ပန်းချီပညာပြန့်ပွားအောင် ဆောင်ရွက်ပါဟု မှာသည်။ ပန်းချီဆရာကြီးလည်း မိမိရရှိသော ငွေများပါ ထပ်ဖြည့်ပြီး ပန်းချီပညာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြန့်ပွားရေးအတွက် ကျောင်းဖွင့်ကာ တပည့်တပန်းများစွာတို့ကို သင်ပေးလေသည်။

**မှတ်ချက်** – ကာလိဒါသဆရာကြီးက ပန်းချီဆရာအား ကိုယ်လုံးပေါ် မှန်ကြီးတစ်ချပ် ယူသွားပြီး သူဌေး၏အနီးတွင် ထောင်ထားစေသည့် သဘောမှာ ရုပ်ပြောင်းရုပ်လွှဲ မည်သို့ပင် ချယ်လှယ်လုပ်ကိုင်သည်ဖြစ်စေ ပုံတူသည် ဤမှန်အတွင်းသို့ ကြည့်လိုက်တိုင်း ရှိနေမည်ဖြစ်သောကြောင့် ပြောင်းသမျှပုံတူကို မှန်ပန်းချီကားတွင် ရေးဆွဲထားသည်ဟု ဆိုလိုခြင်းပင် ဖြစ်လေသည်။ မှန်ထဲတွင် ကြည့်သောအခါတိုင်း မိမိ၏ပုံနှင့်မတူဟု ကော်တရာသူဌေးသည် ဘယ်အခါမှ ငြင်းနိုင်မည်မဟုတ်ပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



# အိပ်မက်ထဲက အသပြာ ၁၀၀ ရလိုမှု

ဓာရာတိုင်းကြီးတွင် သမရဝတီမည်သော ရွာတစ်ရွာရှိ၏။ ထိုသမရဝတီရွာတွင် ဗြာဟ္မဏမျိုး ပုဏ္ဏားကြီးတစ်ယောက် နေထိုင်လျက်ရှိသည်။ ထိုပုဏ္ဏားကြီးသည် တစ်ခုသောညတွင် မိမိ၏အသိပုဏ္ဏားတစ်ဦးထံမှ အသပြာ ၁၀၀ ရသည်ဟု အိပ်မက်မက်လေသည်။

နံနက်လင်းသောအခါ အခြားမှ ပုဏ္ဏားမိတ်ဆွေများအား လည်းကောင်း၊ အိမ်နားနီးချင်းများအားလည်းကောင်း မိမိအိပ်မက်၏ အကျိုးအပြစ်ကို ဖတ်ပေးကြရန် ပြောပြလေသည်။

ဤသို့ပြောဆိုခဲ့ရာမှ တစ်ဆင့်စကား တစ်ဆင့်နားနှင့် ၎င်းသတင်း ပျံ့နှံ့သွားကာ နောက်တစ်ရက်တွင် အိပ်မက်ထဲ၌ အသပြာ ၁၀၀ ချေးလိုက်သည်ဆိုသော ပုဏ္ဏားကြီးထံအထိ သတင်းရောက်သွားတော့သည်။ ထိုအခါ ၎င်းသတင်းကို ကြားသိသွားသော အိပ်မက်ထဲ၌ ငွေချေးလိုက်သည့် ပုဏ္ဏားကြီးသည် လောဘတက်လာသည်။ သတင်းကြားသော အိပ်မက်ကို အကောင်အထည်ဖော်ရန် ကြံစည်လာသည်။ အိပ်မက်ကိုအစွဲပြုကာ အမှန်လုပ်၍ တရားစွဲတောင်းဆိုရန် ဆုံးဖြတ်လိုက်သည်။

လောဘတရားနောက်သို့လိုက်သော ပုဏ္ဏားကြီးသည် မကြာမီပင် "ကျွန်ုပ်ထံမှ ချေးယူသွားသော အသပြာ ၁၀၀ ပြန်ပေးပါ" ဟု အိပ်မက်ရှင်ပုဏ္ဏားကြီးထံ သွားတောင်းတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အိပ်မက်ရှင်ပုဏ္ဏားကြီးသည် မိမိထံ ဤကဲ့သို့ လာတောင်းသည်ကို ကြားလိုက်ရလျှင် "အိပ်မက်မက်သည်ကို အဘယ်ကြောင့် လာတောင်းရသနည်း၊ အိပ်မက်ကို အဘယ်ကဲ့သို့ ဤသူ ကြားသိသနည်း" ဟု အံ့အားသင့်သွားသည်။ မိမိကိုယ်တိုင် မိတ်ဆွေများပါ အိပ်မက်၏အကျိုးအပြစ်ကို မဝေဖန်နိုင် ရှိနေသော်လည်း သတင်းကြားနှင့် ကြွေးတောင်းသူ ပေါ်လာသောကြောင့် ဘယ်လိုအိပ်မက်များပါလိမ့်ဟု ထိတ်လန့်သွားသည်။

"အသင်ပုဏ္ဏား ကျွန်ုပ်သည် အိပ်မက်ထဲ၌သာ အသပြာ ၁၀၀ ရခဲ့ပါသည်။ အသင့်ထံမှ တကယ်အားဖြင့် တစ်ပြားမှ မယူဘူး၊ မရဘူးပါ။ သင့်ထံသို့ ကျွန်ုပ် ရောက်ပင်မရောက်ဖူးပါ။ သင်တောင်းသောငွေကို မပေးနိုင်ပါ" ဟု အိပ်မက်ရှင်ပုဏ္ဏားက ပြောသည်။ လောဘအိုးပုဏ္ဏားသည် လောဘရမက်ကြောင့် ဒေါသထွက်လာသည်။ အိပ်မက်ရှင်ပုဏ္ဏားအနီးသို့ ကပ်သွားပြီး အမျိုးမျိုးကြိမ်းဝါးတောင်းဆိုသည်။ နောက်ဆုံး တောင်း၍မရဟူသောအခါ "အသင်ပုဏ္ဏား တရားက အဆုံးအဖြတ်ပေးလိမ့်မည်" ဟု ပြောကာ အိမ်သို့ပြန်သွားသည်။

လောဘအိုးပုဏ္ဏားသည် သမရဝတီရွာရှိ တရားရုံး၌ မိမိချေးထားသော အသပြာ ၁၀၀ မရကြောင်း၊ ပြန်ရလိုကြောင်း တိုင်တန်းသည်။ သမရဝတီရွာ တရားသူကြီးသည် ပုဏ္ဏားနှစ်ဦးလုံးကို ဆင့်ခေါ်ကာ မှုခင်း၏ အခြေအနေအရပ်ရပ်ကို စစ်ဆေးသည်။

အခြေအမြစ်မရှိသော မှုခင်းကို စစ်ဆေးရသော သမရဝတီရွာ တရားသူကြီးသည် ထိုမှုခင်းကို ရှင်းလင်းအောင် မဆုံးဖြတ်နိုင်ဘဲ ရှိနေတော့သည်။ နှစ်ဦးနှစ်ဖက်၌ သက်သေမရှိသော ဤအိပ်မက်မှုခင်းကို ပြီးပြတ်အောင် မစီရင်နိုင် ဖြစ်လာသည်။ သို့ဖြစ်ရာ ပုဏ္ဏားများ

www.facebook.com/NyisayEbookCreator
www.nyisay.com



အား ဘောဇဘုရင်ထံတွင် ဤတရားကို ဖြေရှင်းပေးဖို့ လျှောက်ထားရန် ညွှန်ကြားလိုက်ရသည်။

လောဘအိုးပုဏ္ဏားသည် အရိပ်ကို အကောင်လုပ်ရန် ဘောဇဘုရင်၏ နန်းတော်သို့သွားသည်။ ဘုရင့်ရှေ့တော်သို့ရောက်လျှင် ခံနိုင်ရိုးလားဟုလည်း ကြိတ်၍ တွေးသွားသည်။ ဘုရင့်ထံသို့ ရောက်လေလျှင် အိပ်မက်တွင် ချေးသွားသည့် အသပြာ ၁၀၀ ပြန်မရသေး၍ ပြန်ရလိုကြောင်း လျှောက်တင်သည်။ လျှောက်ထားချက်ကို ကြားလျှင်ပင် ဤပုဏ္ဏားသည် ကောက်ကျစ်စဉ်းလဲသော ပုဏ္ဏားဖြစ်သည်၊ မဟုတ်မမှန် လောဘစေခိုင်းရာခံသည်၊ အိပ်မက်သာ အမှန်ဖြစ်သည်ဟု ဘောဇဘုရင် သိတော်မူသည်။

ဘုရင့်ထံ သံတော်ဦးတင်ပြီးသောအခါ ပုဏ္ဏားလောဘအိုး ပြန်သွားသည်။ ဘုရင်လည်း အိပ်မက်မှုခင်းကို "အိပ်မက်ရှင်ပုဏ္ဏား အသပြာ ၁၀၀ မယူသည်မှာ အမှန်ဖြစ်သည်။ အသင် ကာလိဒါသ ဤတရားကို မမှားအောင် စီရင်လော့" ဟု မိန့်တော်မူကာ အိပ်မက်အမှုအခင်းကို ကာလိဒါသအား လွှဲအပ်လိုက်သည်။

တရားသူကြီး ကာလိဒါသသည် ဘုရင်လွှဲအပ်သည့်ရက်တွင် တရားကို မစီရင်ပေ။ နောက်တစ်ရက်မှ နှစ်ဖက်သော ပုဏ္ဏားများအား ခေါ်ယူစစ်ဆေးသည်။ ကာလိဒါသသည် အသပြာ ၁၀၀ ကိုလည်းကောင်း၊ ကြည်လင်သော မှန်တစ်ချပ်ကိုလည်းကောင်း၊ တရားခွင်သို့ ယူလာသည်။ ငွေသားတစ်ရာ အစုအပုံကို မျက်ဝါးထင်ထင် မည်သူမှ မမြင်စေဘဲ မှန်အတွင်းတွင်သာ အသပြာ ၁၀၀ အရိပ်ထင်စေပြီး မှန်ကိုလည်း မှန်ဟု မသိစေရန် စီမံထားသည်။ ကာလိဒါသသည် နှစ်ဦးနှစ်ဖက်သော ပုဏ္ဏားများကို တရားခွင်အလယ်တွင်ခေါ်ကာ စစ်ဆေးသည်။ ပုဏ္ဏားများကလည်း အသီးသီး အစစ်ခံကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လောဘအိုးပုဏ္ဏားသည် သူ့ထံမှ အသပြာ ၁၀၀ ယူသွားသောအချိန်ကို တိကျစွာ မပြောနိုင်။ အိပ်မက်ရှင်ပုဏ္ဏားကမူ အိပ်မက်မက်သောညနှင့်အချိန်ကို ပြောနိုင်သည်။

လောဘအိုးပုဏ္ဏား၏ အချိန်ကာလချွတ်ယွင်းစွာ အစစ်ခံသည်ကိုလည်းကောင်း၊ ဘုရင်မိန့်ကြားလိုက်သည့် စကားများကိုလည်းကောင်း၊ အိပ်မက်ရှင်ပုဏ္ဏား၏ မှုမှန်သော ထွက်ဆိုချက်ကိုလည်းကောင်း၊ ထောက်ရှုဆင်ခြင်မိသော တရားသူကြီးသည် လောဘအိုးပုဏ္ဏား လောဘတပ်မက်မှုသာ ဖြစ်သည်ကို ရှင်းရှင်းကြီးသိမြင်တော့သည်။

ကာလိဒါသသည် ကြွေးတောင်းသူပုဏ္ဏားကို အနားသို့ နီးကပ်စွာ ခေါ်ယူသည်။ ရောက်လေလျှင် စောစောက စီစဥ်ထားသည့် မှန်ထဲ၌ အရိပ်ထင်နေသော အသပြာ ၁၀၀ ကို လက်ညှိုးညွှန်၍ပြသည်၊ "မြင်ပါ၏လော" ဟုလည်း မေးသည်။

"မြင်ပါသည်" ဟု လောဘကြီးသော ပုဏ္ဏားကပြောလေလျှင် "အသင်ပုဏ္ဏား အသပြာများကိုယူလော့၊ ထိုငွေသည် အသင့်ထံမှ ချေးယူသွားသော ပုဏ္ဏားက အသင့်အား ပြန်လည်ပေးဆပ်ရန်ထားသော အသပြာဖြစ်သည်" ဟု ကာလိဒါသက ပြောလိုက်သည်။

လောဘစွန်းထက်လှသော ပုဏ္ဏားသည် ကာလိဒါသစကားဆုံးသည် ဆိုလျှင်ပင် သူမြင်နေသော အသပြာ ၁၀၀ ကို ကပျာကယာထယူတော့သည်။ လက်တစ်ဖက်ဖြင့်ယူရာ မရသောကြောင့် လက်နှစ်ဖက်အစုံဖြင့်ယူသည်။ အသပြာများကားပါမလာ၊ ကြာကြာယူသောအခါ ပုဏ္ဏားသည် ချွေးများပင်စို့လာသည်။ အားမလျှော့သေး၊ ကုတ်ခြစ်ခြင်းမှစ၍ နည်းမျိုးစုံဖြင့် ယူပြန်သည်။ ငွေသည် နေရာမှ မရွေ့၊ ပုဏ္ဏား၏လက်ဖြင့်လည်း စမ်းမတွေ့။ ကာလိဒါသနှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



ပရိသတ်အချို့သည် ပုဏ္ဏား၏ဖောက်ပြန်ပုံကို ကြည့်နေကြသည်။ နောက်ဆုံး၌ ရအောင်ယူဖို့ မတတ်နိုင်ဖြစ်လာသောအခါ လောဘအိုးသည် လက်လျှော့ပြီး မိမိနေရာတွင် ပြန်ထိုင်တော့သည်။

ထိုအခါ ကာလိဒါသက "အသင်ပုဏ္ဏား ငွေပြန်၍ရပြီလား၊ အသင့်အား ပြန်ပေးဖို့ အသပြာ ၁၀၀ ကို စောစောကပင် ယူလာကြပါသည်" ဟု ပြောသည်။ မချိတင်ကဲဖြစ်နေသော ပုဏ္ဏားသည် ဤကဲ့သို့ မိမိအား ပြောလိုက်သည်ကိုကြားလျှင် သရော်သည်ဟုမထင်၊ "ငွေကိုပေး၍ ယူပါသည်၊ မရသေးပါ၊ အယူရခက်နေပါသည်၊ မြင်ရပါလျက် လက်တွင်ယူ၍မပါ ဖြစ်နေပါသည်" ဟု ပြန်ပြောလေသည်။

ကာလိဒါသကပြုံးသည်။ တရားခွင်တွင်ရှိသော အိပ်မက်ရှင်ပုဏ္ဏားလည်း များစွာ အားရနှစ်သက်လျက်ရှိသည်။ ဆုံးမပြောဆိုရန်သင့်ပြီဟုသိသော ကာလိဒါသက လောဘမထိန်းသိမ်းနိုင်သူအား "အသင်ပုဏ္ဏား ပေး၍ယူပါလျက်မရ မြင်ရပါလျက် လက်တွင်မပါဆိုပါလျှင် အိပ်မက်တွင် ချေးငှားယူသွားသော အသပြာ ၁၀၀ ကို ပြန်ရလိုသည်ဆိုသည်မှာ အဘယ်မှာလျှင် မှန်ကန်နိုင်ပါမည်နည်း၊ အသင်ကား စဉ်းလဲသော ပုဏ္ဏားဖြစ်သည်။ အမှန်ကို အစစ်ခံလော့" ဟု ပြောလေတော့သည်။

တရားစီရင်ဆုံးဖြတ်ရာတွင် အရာဌာနအားလျော်စွာ လိမ္မာကျွမ်းကျင်လှသော ပညာရှင် ကာလိဒါသ၏စကားကိုကြားလျှင် ပုဏ္ဏားမိုက်သည် ဆက်၍ မလိမ်ဝံ့ဖြစ်လာသည်။ မိမိ၏ လီဆယ်လုပ်ကြံသောအမှားကို မြင်လာသည်။ သို့ဖြစ်လေရာ မငြင်းသာသော ပုဏ္ဏားသည် အသပြာ ၁၀၀ မိမိထံမှ ယူသွားသည်ဆိုခဲ့သည်မှာ

www.facebook.com/NyisayEbookCreator
www.nyisay.com



မမှန်ပါ။ အိပ်မက်သတင်းကြားနှင့် တောင်းခြင်းသာဖြစ်သည်ဟု အမှန်အတိုင်း အစစ်ခံတော့သည်။

အိပ်မက်ရှင်ပုဏ္ဏားသည် အိပ်မက်တွင်းမှ ကြွေးရှင်ပုဏ္ဏား အဖြစ်မှန်အတိုင်း အစစ်ခံသည်ကို ကြားလိုက်ရလျှင် ရင်ထဲမှာ ပေါ့သွားသည်။ ပညာရှင်ကာလိဒါသ၏ ဉာဏ်ပညာစွမ်းကိုလည်း များစွာ အံ့သြသည်။

ဤသို့ လောဘအိုးပုဏ္ဏားသည် မိမိ၏အမှားကို ဝန်ခံသောအခါ ကာလိဒါသက "အပြစ်ကို ဝန်ခံသော်လည်း အပြစ်ဒဏ်မှ ကွင်းလုံးကျွတ် မလွတ်နိုင်၊ အပြစ်အလိုက်ခံရပေမည်၊ အိပ်မက်ရှင်ပုဏ္ဏား၏ ထံတွင် သုံးလလုပ်ကျွေးရမည်" ဟု အမိန့်ချလိုက်သည်။

"ဟင်္သာမင်းသည် ရောထားသော နို့နှင့်ရေ ကွဲပြားအောင် သောက်နိုင်သကဲ့သို့ ကာလိဒါသသည်လည်း အမှန်နှင့်အမှားကို ခြားနားအောင် စီရင်ဆုံးဖြတ်နိုင်ပါပေသည်" ဟု ဘုရင်က ချီးကျူးတော်မူသည်။ ဆုတော်လာဘ်တော်များလည်း ချီးမြှင့်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# လောက၌ မည်သည့်အရာသည် အကြီးဆုံးဖြစ်သနည်း

ဘောဇဘုရင်ကလည်း ထီးနန်းသိမ်းပိုက်စအချိန် ကာလိဒါသလည်း အမတ်ဖြစ်ခါစအချိန်ဖြစ်သည်။

ညီလာခံသဘင်တွင် မှူးမတ် ဗိုလ်ပါ သေနာပတိ စသည်များ စုံလင်နေပေပြီ။ ဘုရင်သည် မည်သည့်ကိစ္စမှမဆွေးနွေး မစီမံရမီ ကာလိဒါသအား "လောက၌ မည်သည့်အရာသည် အကြီးဆုံးဖြစ်သနည်း" ဟူသော အမေးပုစ္ဆာကို မေးလေသည်။

ကာလိဒါသလည်း ဘုရင်က မေးသည်ဆိုလျှင် ခက်ခက်ခဲခဲ ကြံစည်မနေရ၊ နက်နက်နဲနဲ စဉ်းစားမနေရ၊ ပုစ္ဆာ၏အဖြေကို ခဏချင်းပင် အတပ်မြင်သည်။ ဘုရင့်ပုစ္ဆာ၏ အဖြေကို တစ်မုဟုတ်ချင်းပင် အတပ်သိသည်။ သို့ဖြစ်လေရာ ကာလိဒါသက "လောက၌ ကံတရားသည် အကြီးဆုံး ဖြစ်ပါသည်" ဟု ဘုရင့်အမေးကို ဖြေဆိုလျှောက်တင်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


"အသင်ကာလိဒါသ ဤမျှ ဖြေဆိုကာမျှဖြင့် ပုစ္ဆာ၏အဖြေ မပြေသေး၊ ရှင်းလင်း ပြေလည်အောင် ဖြေဆိုလျှောက်တင်ဦးလော့" ဟု ဘုရင်က ထပ်၍မိန့်ကြားသည်။

"လောက၌ ကံတရားကဲ့သို့ မည်သည့်အရာမှ မကြီးပါ၊ ကံသည်သာ အကြီးဆုံးဖြစ်ပါသည်။ ကံကြီးသူကို မည်သူမှလွှမ်းမိုး၍မရ၊ ရှုတ်ချ၍လည်းမဖြစ်၊ သတ်ပစ်ဖို့လည်းမလွယ်၊ ချုပ်ချယ်ဖို့ဆိုသည်မှာ မဖြစ်နိုင်၊ တုဖက်ယှဉ်ပြိုင်ဖို့ဆိုသည်မှာ သာ၍မလွယ်ကူ၊ မည်သူမှမမှီ၊ ဤမျှပင် ကံမှာကြီးပါသည်။

ထို့အပြင်လည်း ယနေ့မျက်မြင် သက်ရှိသတ္တဝါအားလုံးမှာ ကံကြောင့်သာ ချမ်းချမ်းသာသာ စားဝတ်နေထိုင်ကြရပါသည်။ ကောင်းမှုကုသိုလ်ကံ မကြီးမား၊ မများပြားသူတို့မှာ ဆင်းရဲတွင်း အလွန်နက်ကြရပါသည်။ အစားမပြည့်စုံ၊ အဝတ်မလုံ၊ အိုးအိမ်မလုံမခြုံနှင့် ကြုံတွေ့နေကြရပါသည်။

ကြည့်တော်မူပါ၊ ဘုရင်မင်းမြတ်သည် ကံကြောင့်သာ ယခုကဲ့သို့ ရာဇပလ္လင်တွင် စံတော်မူရခြင်း ဖြစ်ပါသည်။ ထီးနှင့်နန်းနှင့် မင်းစည်းစိမ်ကို အပြည့်အဝ စိုးစံရခြင်း ဖြစ်ပါသည်။ ဤကဲ့သို့သော စည်းစိမ်အားလုံးကို မည်သူကမှမပေး၊ မည်သူ့ထံကမှမရ၊ ကံကသာ ပေး၍ ကံကြောင့်သာရပါသည်။

တင့်တယ်မြင့်မြတ်လှသည့် ဘုရင့်ဘဝနှင့် ကျွန်တော်မျိုးဘဝကို ပေးသည်မှာ ကြီးမားသောကံဖြစ်ပါသည်။ ထို့ကြောင့် လောက၌ ကံထက် မည်သည့်အရာမှ မကြီးဟု ဆိုလိုရင်းဖြစ်ပါသည်" ဟု ဘုရင့်အား ကာလိဒါသက လျှောက်တင်ဖြေဆိုသည်။

ဤပုစ္ဆာကိုမေးစဉ်အခါ ဘုရင်မှာ ရာဇဘိသေကမင်္ဂလာကို ခံယူပြီးကာစ ထီးနန်းစည်းစိမ်ကို သိမ်းပိုက်စိုးစံကာစဖြစ်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသကိုလည်း အမတ်ကြီးရာထူးကို ချီးမြှောက်ခန့်အပ်ပြီးကာစ သာဖြစ်၏။ ဘုရင်မှာ ပညာဗဟုသုတ အတွေ့အကြုံ မပြည့်စုံသေး၊ ကာလိဒါသ၏ ပညာရည်ကိုလည်း မသိသေး၊ မယုံကြည်သေး၊ ကာလိဒါသကို ပညာစမ်းဆဲသာလျှင် ရှိပေသေးသည်။

"ကံတရားသာ အကြီးဆုံး" ဟု ဖြေဆိုသည်ကို ဘုရင်မကြိုက်၊ မနှစ်သက်၊ လက်မခံလို။ မိမိဘုရင်ဘဝနှင့် ကာလိဒါသဘဝကို မည်သူကမျှ မပေး၊ ကံကသာပေးသည်။ ကြီးမားသောကံကြောင့်သာ ရသည်ဆိုသည်ကို ပို၍မနှစ်သက်၊ ပို၍လက်မခံလို။ မိမိ၏ တင့်တယ် မြင့်မြတ်လှသည့် ဘုရင့်ဘဝကို မိမိ၏အစွမ်းသတ္တိကြောင့်သာရသည်။ ကြီးသောကံကပေး၍ ရသည်မဟုတ်ဟု ဆိုလိုသည်။ ကာလိဒါသ အမတ်ရာထူးကိုလည်း မိမိကပေး၍သာ ကာလိဒါသရသည်။ မိမိက ချီးမြှောက်ခန့်အပ်ထား၍သာရသည်။ ကြီးမားသောကံကပေး၍ ရသည်မဟုတ်ဟု ဆိုချင်သည်။ တစ်ထစ်ချပင်ဆိုလည်းဆိုသည်။

ထို့ကြောင့် ကာလိဒါသ၏ဖြေပုံကို မနှစ်သက်လှသော ဘုရင်သည် "ကံကို အားကိုး၍နေလေ" ဟု ဆိုကာ ကာလိဒါသအား မိမိပေးအပ်ထားသည့် အမတ်ကြီးရာထူးမှ ဖြုတ်ချလိုက်သည်။ နန်းတွင်းသို့လည်းကောင်း၊ ရှေ့တော်သို့လည်းကောင်း အဝင်အထွက် မရှိစေရဟု ပြင်းထန်စွာ အမိန့်ချလိုက်သည်။

ကာလိဒါသလည်း အမိန့်တော်ကြောင့် အရိုအသေပေးပြီး ရှေ့တော်မှ ထွက်ခွာသွားရသည်။ ညီလာခံသဘင်မှ ညှိုးငယ်စွာ ဆင်းသွားရသည်။

ဘောဇဘုရင်သည် မိမိ၏မွေးနေ့တိုင်း တစ်ပတ်လျှင် တစ်ကြိမ် ကျ လှူဒါန်းဝှက်စွာ ဒါနပြုလုပ်လေ့ရှိသည်။ နှစ်တစ်ပတ်လည်သောအခါ ရက်ပတ်ထက်ပို၍ ကြီးသည့်အလှူကိုလှူသည်။ ဤမျှသာမက

www.facebook.com/NyisayEbookCreator
www.nyisay.com


မွေးနေ့၊ မွေးရက်၊ မွေးလကြုံသောနှစ်တွင် ရက်ပတ်နှစ်ပတ်တို့ထက် အထူးသဖြင့် ပို၍ကြီးသည့် အလှူကို လှူလေ့ရှိသည်။

မွေးနေ့၊ မွေးရက်၊ မွေးလအပြည့်အစုံလည်း ဆယ်နှနှစ်လျှင် တစ်ကြိမ် ကြုံတတ်သည်။ ကာလိဒါသကို ရာထူးမှချပြီး နောက် သုံးနှစ်မြောက်သောကာလတွင် ဘုရင်မှာ မွေးနေ့၊ ရက်၊ လ အပြည့် အစုံ ကြုံလေသည်။ သို့ဖြစ်လေရာ ဘုရင်သည် ထိုမွေးနေ့၊ ရက်၊ လ၊ နှစ် ကြုံသည့်အခါတွင် လှို့ဝှက်စွာလှူသည်။ ထိုအလှူမှာ ရက်ပတ်၊ နှစ်ပတ် အလှူများကဲ့သို့မဟုတ်၊ ရက်ရောစွာလှူသည်။ ရက်ပတ်နှစ်ပတ်များထက် ပိုကြီးသည့်အလှူကို လှူသည်။

ဈေးမှ အကြီးဆုံးဖရုံသီး ဆယ့်နှစ်လုံးကို ရွေးဝယ်သည်။ ဝယ်ပြီး နောက် အောက်မှ အခြေမပျက် ဖောက်ခွဲသည်။ အတွင်းမှ ဖရုံအူ များကို နည်းနည်းသာချန်ပြီး အားလုံးထုတ်ပစ်သည်။ အူများ၏နေရာ တွင် အတွင်း၌ ရွှေဒင်္ဂါး၊ ရွှေပြားများထည့်သည်။ ချောင်ချောင်မဟုတ်၊ လှုပ်မရ၊ လှစ်မရ၊ ပင်ကိုယ်အတိုင်း ထင်ရအောင် ထည့်သည်။ နေသားတကျဖြစ်အောင်ထည့်ပြီးလျှင် ရွှေဒင်္ဂါးများ ပြည့်သောအခါ ဖောက်ခွဲသည့်နေရာကို လုံခြုံစွာပြန်ပိတ်သည်။

အားလုံးသောအစီအစဉ် ပြီးစီးလေလျှင် ဘုရင်သည် မိမိထက် အသက်၊ ပညာ ဂုဏ်သိက္ခာကြီးသည့် (ဗြာဟ္မဏ) ပုဏ္ဏားတစ်ကျိပ် နှစ်ဦးကို မြို့တွင်းမှ နန်းတော်သို့ ပင့်ခေါ်စေသည်။ ရောက်လေလျှင် စောစောကစီစဉ်ထားသည့် ဖရုံသီးဆယ့်နှစ်လုံးကို ဗြာဟ္မဏတစ်ဦး လျှင် တစ်လုံးကျစီ လှူလိုက်သည်။ ဆယ့်နှနှစ်မှတစ်ကြိမ် မွေးနေ့ ရက် လ နှစ် အပြည့်အစုံကြုံ၍ ဗြာဟ္မဏတစ်ကျိပ်နှစ်ဦးကို လှူခြင်း ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤကဲ့သို့ လှို့ဝှက်စွာလှူသည်ကို မည်သူမျှမသိ၊ မွေးနေ့တိုင်း လှူသည်မျှလောက်သာ သိကြသည်။ ဘာတွေလှူသည်၊ ဘယ်မျှ လှူသည်ဆိုသည်များကိုလည်း ဘယ်သူကမှ မပြောကြရန် ယခင့် ယခင် မွေးနေ့များ၌ အလှူခံကြုံတိုင်း ကြုံတိုင်းသော ပုဂ္ဂိုလ်များအား ဘုရင်က ပြောကြားခဲ့သည်။ ယခုလည်း ထိုပုဏ္ဏားတစ်ကျိပ်နှစ်ဦးအား ထိုအတိုင်းပင် မှာကြားလိုက်သည်။ တစ်ကြိမ်တစ်ခါမှလည်း တစ်စုံ တစ်ယောက် အလှူခံကြုံသော ပုဂ္ဂိုလ်က ပေါက်ကြားခြင်းမရှိခဲ့၊ လှို့ဝှက်စွာပင် ထားကြသည်။

ဗြာဟ္မဏများလည်း မိမိတို့ရရှိသော ဖရုံသီးများကို အသီးသီး ယူကာ နန်းတော်မှ ပြန်ကြသည်။ သူတို့၏စိတ်၌ တစ်စုံတစ်ရာ ဘာမှမဖြစ်၊ ဘာမှမထူးဆန်း၊ ရွှေဒင်္ဂါးများ ထည့်လှူလိုက်မှန်း မသိကြ၊ အမှုမဲ့အမှတ်မဲ့ ဖြစ်နေသောကြောင့် ရိုးရိုးဖရုံသီးဟုသာ မှတ်ထင်ကြ သည်။

ဗြာဟ္မဏတို့သည် ဘုရင်၏ မွေးနေ့၊ မွေးလ၊ မွေးရက် ကြုံ ကြိုက်သည့် မွေးနေ့တွင် ဖရုံသီးများသာ လှူလိုက်သည်ကို မနှစ်သက် ကြ၊ အားမရကြ၊ ပို၍ကြီးကျယ်သည့် အလှူကိုသာ လှူစေချင်ကြ သည်။ ဤနေ့ ဤရက်တွင် များများရလိမ့်မည်ဟု မျှော်လင့်ကြသည်။ လောဘကြီးကြသည်။ ဖရုံသီးမျှလောက်ကိုမူ အလေးခံပြီး အိမ်ရောက် အောင် မယူလိုကြ၊ ဖရုံသီးကြီးများ ပွေ့ယူရသည်ကို ရှက်သလိုလို ဖြစ်လာကြသည်။

သို့ဖြစ်လေရာ ဗြာဟ္မဏဆယ့်နှစ်ဦးစလုံးသည် မိမိတို့အိမ်နှင့် နန်းတော်အကြား လမ်းဘေးဈေးရှိ ဟင်းသီးဟင်းရွက်ဈေးသည် အဘွားကြီးတစ်ယောက်အား ရောင်းထားခဲ့ကြသည်။ အဖိုးငွေများများ မရ။ အဘွားကြီးကလည်း များများမပေး။ "ရောင်းချင်လျှင်ရောင်းကြ၊

www.facebook.com/NyisayEbookCreator
www.nyisay.com


အရောင်းအဝယ်မကောင်းပါ၊ ဖရုံသီးတစ်လုံးလျှင် ကြွေစေ့ခြောက်စေ့မျှသာ ပေးနိုင်မည်” ဟု ပြောသည်။ ဗြာဟ္မဏတို့သည် အဘွားကြီးပေးသမျှနှင့်ပင် ကျေနပ်စွာ ရောင်းသွားကြရာ ကြွေစေ့ခြောက်စေ့စီသာ ရသွားကြသည်။ (ထိုခေတ်က ငွေတန်ဖိုးကောင်းပေရာ၊ ကြွေစေ့များနှင့်ပင် သုံးစွဲနိုင်ကြသည်။)

ထိုသို့ မွေးနေ့အတွက် ဘုရင်လှူလိုက်သောနေ့မှပင် ကာလိဒါသအိမ်သို့လည်း အလှူခံရသေ့ ၁၀၈ ပါး အလှူခံဆိုက်ရောက်လာကြသည်။ နေ့တိုင်းဆိုလျှင် ရသေ့များ ဤမျှများများ အလှူခံမဆိုက်ရောက်ကြ၊ ကြွမလာကြ၊ ယနေ့မှပင် ထူးထူးခြားခြား များများကြွလာကြသည်။

ရသေ့များက “ယနေ့ ဒကာက ပြည့်စုံအောင် အားထုတ်၍လှူစေလိုသည်” ဟု မိန့်တော်မူကြသည်။ ကာလိဒါသမှာ ဘာမှမရှိသေး၊ အပါးစေ့ ဆွမ်းကွမ်းပြည့်စုံအောင် လှူဒါန်းနိုင်ရေးအတွက် ဆန်၊ ဆီ၊ ဆား စသည်များ ဘာတစ်ခုမှ မပြည့်စုံသေး၊ အပြေးအလွှား စီစဉ်ရသည်။ မွန်းတည့်အမှီ ချက်ပြုတ်ရတော့သည်။ အရဏ်တက်စတွင် ကြွလာပြီး အမိန့်ရှိကြသည်ဖြစ်သောကြောင့်သာ တော်ပေသေးတော့သည်။

ရာထူးချခံထားရသော ကာလိဒါသတွင် ငွေလည်းမရှိ၊ ထို့ကြောင့် အမြဲဝတ်ဆင်ထားသော နဝရတ်လက်စွပ်ကို ရသေ့ရဟန်းတို့၏ ဆွမ်းကွမ်းပြည့်စုံရေးအတွက် သူဌေးတစ်ဦးလက်သို့ အမြန်သွားအပ်ရသည်။ သူဌေးက “အရောင်းလား၊ အပေါင်လား” ဟု မေးသည်။ ကာလိဒါသက အပေါင်နားမလည်၊ အပြတ်ရောင်းမည်ဟု ပြောသည်။ သူဌေးက ငွေပူနေသူမှန်းသိသောကြောင့် များများမပေးလို၊

www.facebook.com/NyisayEbookCreator
www.nyisay.com



နည်းနည်းသာပေးလိုသည်။ အဖိုးထိုက်တန်ကြောင်းကိုမူ လက်စွပ်မြင်ကတည်းက နားလည်သည်။

ထိုသူဌေးမှာ သာမညသူဌေးမဟုတ်၊ အလွန်ကြွယ်ဝသော ဓနရှင် မြေရှင် သူဌေးကြီးတစ်ဦးဖြစ်သည်။ သူဌေးမှာ သွေးစုပ်၊ အမြတ်ထုတ်လုပ်ငန်းများတွင် များစွာနားလည်သူဖြစ်ရာ ကာလိဒါသ၏ နဝရတ်လက်စွပ်ကိုလည်း အဖိုးသက်သက်သာသာဖြင့် အပိုင်ယူထားလိုသည်။

သို့ဖြင့် သူဌေးကြီးသည် "ဘယ်အဖိုးနှင့် လက်စွပ်ကို ရောင်းမည်နည်း" ဟု ကာလိဒါသကို မေးလိုက်သည်။ ကာလိဒါသသည် သူဌေး၏အကဲကို သိသည်။ ထို့ကြောင့် "ပေးသမျှနဲ့ရောင်းမည်" ဟု တိုတိုတုတ်တုတ်ပင် ပြောလိုက်သည်။

ရွှေဒင်္ဂါးကိုးပြားသာ သူဌေးကြီးကပေးသည်။ ကာလိဒါသလည်း နဝရတ်လက်စွပ်ကို ချွတ်ပေးလိုက်သည်။ နဝရတ်ကိုးပါးရှိသော လက်စွပ်ကို ရောင်းရာ တစ်ပါးတစ်ပါး ရွှေဒင်္ဂါးတစ်ပြားစီနှင့်သာ ရောင်းလိုက်ရခြင်းဖြစ်သည်။

သူဌေးများသည် ငွေလိုသူ၊ ငွေမရှိသူများကို အလွန်အနိုင်ကျင့်သည်။ ဆင်းရဲသားကို မည်သည့်အခါမှ မသနား၊ မငဲ့ညှာ၊ မိမိငွေရဖို့တစ်ခုတည်းသာ ကြည့်သည်ဟု အောက်မေ့ကာ ဥသျှစ်သီးမျှရှိသော သူဌေး၏ဝမ်းကလေးသည် ကုဝေရနတ်မင်းကြီး၏ စည်းစိမ်အားလုံးကို သွင်းလင့်ကစား အားရတင်းတိမ်မည်မဟုတ်ဟု အဓိပ္ပာယ်ရသည့် ကဗျာကို ရုတ်တရက် စပ်ဆိုမိလေသည်။

နဝရတ်လက်စွပ်ဖိုး ရွှေဒင်္ဂါးကိုးပြားရသည်ကိုလည်း အတိတ်ယူသည်။ ကောင်းသော "မင်္ဂလာ" ဟု ကာလိဒါသ နိမိတ်ဖတ်လေ

www.facebook.com/NyisayEbookCreator
www.nyisay.com


သည်။ ထိုမှုဖြင့် မရပ်နား "ဇ" သည် သွတ်၊ သံ၊ ပြဒါး စသည့် အဂ္ဂိရတ်ဓာတ်ကိုးပါး၊ ဒ္ဒါရကိုးပေါက် စသောအားဖြင့် နဝင်းကျေသည်ဟု အနက်သဘောသက်ရောက်သည့် ကဗျာတစ်ပုဒ်ကို စပ်ဆိုရေးသားလိုက်သေးသည်။

ရွှေဒင်္ဂါးကိုးပြားဖြင့် ဆွမ်းမကပ်လှူလောက်သေးသော ကာလိဒါသသည် အိမ်ရောက်သောအခါ အိပ်ရာ၊ ခုတင်၊ ခြင်ထောင် စသည်များကို ရောင်းချသည်။ စာဟောင်းပေဟောင်းများနှင့် ကဗျာလင်္ကာ စာမူများအနက် တချို့ကို အပိုင်ရောင်းသည်။ တချို့ကို ပေါင်ရုံမျှပေါင်သည်။ ရောင်းချရသမျှ မိမိပစ္စည်းအသုံးအဆောင်များနှင့် အိမ်ထောင်ပရိဘောဂများကိုမချန်၊ မကျန်လျှင် နေပစေဟုဆိုကာ ရောင်းချလိုက်သည်။

ဆွမ်းအလှူတော်ကြီးပေးလောက် လှူလောက်ပြီဟု ခန့်မှန်းမိသောအခါ ထိုငွေများဖြင့် ကပ္ပာကယာ ဆန် ဆီ ဆား စသည်များကို ဝယ်သည်။ သူတစ်ပါးကို အဝယ်မခိုင်း၊ သာဟတ္ထိက ဒါနမြောက်ရန် မိမိကိုယ်တိုင် အပြေးအလွှားဝယ်သည်၊ တပည့်မများက နောက်ကလိုက်၍ ကူရသယ်ရသည်။

ဆွမ်းချက်ဖို့အတွက် အားလုံးပြည့်စုံသလောက် ရှိသွားပြီ၊ ဟင်းချက်ဖို့အတွက်လည်း တချို့သာကျန်၍ တချို့မှာ ပြည့်စုံသလောက် ရှိလေပြီ။ ဟင်းတစ်ခွက်ကိုမူ ဖရုံသီးကိုချက်ရန် စောစောကပင် စဉ်းစားမိရာ ဖရုံသီးရောင်းသည့် ဈေးဆိုင်ကိုရှာသည်။ မကြာမီပင် အဘွားကြီးတစ်ဦး၏ လမ်းဘေးဈေးဆိုင်ကလေးကိုတွေ့သည်။ သို့နှင့် ကာလိဒါသသည် ထိုအဘွားကြီး၏ဆိုင်မှ ရသမျှဖရုံသီးများကို ဝယ်တော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"တစ်လုံးဘယ်လောက်စီပေးရမလဲ" ဟု ကာလိဒါသကမေးရာ အဘွားကြီးကလည်း အမှန်အတိုင်းပြောရောင်းသည်။ "တစ်လုံး ကြေခြောက်စေ့စီ ပေးထားလိုက်သည်။ ရောင်းမကောင်း၍ မလိုချင်လှ၊ မထားချင်လှ၊ ပုဏ္ဏားများ ဖွတ်ရောင်းကြ၍ ယူထားလိုက်ရသည်။ အမောင်လူကလေး ပုံတော်အောင် အမြတ်ကြည့်ပေးသွားတော့" ဟု အဘွားကြီးကပြောသည်။

ကာလိဒါသလည်း အဘွားကြီးမနာစေရအောင် ပေးဝယ်သည်။ အရင်ထက် အဆများစွာ တိုးပေးသွားသည်။ ဆယ်နှစ်လုံးစလုံး ဝယ်သည်။

ထိုခေတ်အခါက အိန္ဒိယပြည် ကုန်သည်များသည် ယခုခေတ်အခါမှာကဲ့သို့မဟုတ်၊ အရင်ဝယ်ရဈေးကို မဖော်ပြဘဲမနေ၊ ဈေးရင်းကို မပြောဘဲမထား၊ ဈေးနှုန်းအရင်းနှင့်အမြတ်ကို ပြောကြားပြီးမှ ရောင်းလေ့ရှိကြသည်။ အတ္တဟိတ မိမိအကျိုးသက်သက်ကိုသာမကြည့်၊ ပရဟိတ သူတစ်ပါးဝယ်ယူစားသုံးသူ အကျိုးအတွက်ပါ ထည့်စဉ်းစားပြီး ဈေးထား၍ရောင်းချသည်။ ယခုကာလဆိုင်များကဲ့သို့ ဝယ်ယူစားသုံးသူက ဈေးကြိုက်မှ ဝယ်ယူစားသုံးရသည့် မူချင်းတူသည်ထားဦး၊ အရင်းက မည်မျှ အမြတ်က ဘယ်လောက်ဟု ထုတ်ဖော်ရောင်းချသည်က ထူးခြားနေသည်။

တပည့်မများစွာက ဆွမ်းနှင့် အခြားဟင်းများကို ချက်ကြသည်။ ကာလိဒါသက ကိုယ်တိုင် ဖရုံသီးဟင်းချက်ဖို့အတွက် ဖရုံသီးများကို စုပုံထားရာမှာ တစ်လုံးကိုယူကာ ဓားနှင့်စလှီးလိုက်သည်။ အလယ်တည့်တည့်မှ ခွဲချလိုက်ရာ ရွှေဒင်္ဂါးပြားများ ရုတ်တရက်ထွက်ကျလာသည်။ ထိုအခါ ကာလိဒါသသည် များစွာအံ့သြသွား၏။ ဆွမ်းအလှူ

www.facebook.com/NyisayEbookCreator
www.nyisay.com



တော်ကြီးကို အားရအောင် ပေးရတော့မည်ဟုလည်း ဝမ်းမြောက်သွားသည်။

အဘွားကြီးပိုင် ပစ္စည်းရင်းများ မဟုတ်တန်ရာ၊ သူ့ပစ္စည်းရင်းများ ဖြစ်ကလည်း ရောင်းမည်မဟုတ်၊ ရောင်းထားသူများ ပါလာခြင်းဖြစ်မည်။ အဘွားကြီးကိုခေါ်၍ မေးဦးမည်ဟုဆိုကာ အဘွားကြီးအား ခေါ်ယူမေးမြန်းသည်။ ဈေးသည်အဘွားကြီးကလည်း ပုဏ္ဏားများ ရောင်းသွားကြောင်း ထပ်ပြီးပြောသည်။

ကာလိဒါသလည်း ပုဏ္ဏားများကို ချက်ချင်းစုံစမ်းသည်။ ထိုပုဏ္ဏားများသည် ဤဖရုံသီးများကို ဘုရင့်မွေးနေ့အလှူမှ ရသောကြောင့် ရောင်းသွားကြခြင်း ဖြစ်သည်ဟု သတင်းရသည်။ ထိုအခါ ဘုရင်က လျှို့ဝှက်စွာလှူလိုက်ရာ ရွှေဒင်္ဂါးများ ပါမှန်းမသိကြ၍ ရောင်းသွားကြခြင်းဖြစ်သည်ဟု ကာလိဒါသနားလည်သည်။

တစ်လုံးပြီးတစ်လုံး ဖရုံသီးများကိုခွဲသည်။ တစ်ဆယ့်နှစ်လုံးစလုံးတွင် ရွှေဒင်္ဂါးများပါသည်။

ဈေးသည်အဘွားကြီးနှင့် မဆိုင်မှန်းသိသော်လည်း အဘွားကြီးလိုရာသုံးစွဲစီမံနိုင်ရန် လိုသမျှငွေ ပြောပါဟု ဆိုသည်။ ဈေးသည်အဘွားကြီးလည်း "ယနေ့တိုင် ဈေးရောင်းရသည်မှာ ဘာမှ အဖတ်မတင်၊ ဘာမှအမြတ်မရှိ၊ ဘုရားတည်၍ ရသေ့မလုပ်ကာ ပုတီးစိပ်နေပါတော့မည်၊ ဒါမှ အမြတ်ရတော့မည်၊ ဖရုံသီးတစ်လုံးအတွင်းမှ ရသော ရွှေများကို ပေးပါ" ဟု တောင်းယူသည်။ ကာလိဒါသလည်း တွန့်တိုခြင်းမရှိ၊ ရသေ့ရဟန်းများမလှူမီ ထိုဈေးသည်အဘွားကြီး ရသေ့မလောင်းအား စတင်လှူဒါန်းလိုက်သည်။ ဤနေရာ၌ ရဟန်းမိန်းမများ၊ ရသေ့မများကို လှူသင့်ကြောင်း အဓိပ္ပာယ်ရှိသည့် ကဗျာတစ်ပုဒ်ကိုလည်း ကဗျာ့ဝိဒူ ဆရာကြီးကာလိဒါသ စပ်ဆိုလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့အပြင် "အားလုံးသော ပုဂ္ဂိုလ်သတ္တဝါများမှာ ကံပေးသမျှ ဆင်းရဲပင်ပန်းစွာနေရပြီး ကံပေးခိုက်နှင့် ကြုံလာသောအခါ အလိုလို ပေါ်များပြည့်စုံလာသည်။ လွယ်လွယ်ကူကူ ချမ်းသာလာသည်" ဟု အနက်သဘောဆောင်သည့် ကဗျာတစ်ပုဒ်ကိုလည်း စပ်ဆိုလိုက်သည်။

ထို့နောက် ကာလိဒါသသည် ၁၀၈ ပါးသော ရသေ့ရဟန်းတို့အား ချွေးနှဲစာဖြင့် ဝယ်ခြမ်းသော ပစ္စည်းများ၊ ထိုရွှေဒင်္ဂါးများဖြင့် ဝယ်ခြမ်းသော ပစ္စည်းများ စုပေါင်းပြီး ကြီးစွာသော အလှူကြီးကို ပေးလိုက်သည်။

ဆွမ်းကပ်အပြီးတွင် ရသေ့ရဟန်းတို့အား ပရိက္ခရာအားလုံး လိုလေသေးမရှိရအောင် အားရပါးရ လှူဒါန်းလိုက်သည်။ အလွန်ကြီးသော သဒ္ဓါတရားဖြင့် လှူဒါန်းလိုက်သည်။ ကာလိဒါသအလှူမှာ ဓာရာတိုင်းတွင် မည်သည့်အလှူနှင့်မှ မတူကြောင်း၊ ကာလိဒါသ၏ အလှူမှာ အကြီးဆုံးဖြစ်ကြောင်း သတင်းပျံ့နှံ့ ကျော်ကြားသွားသည်။

သတင်းမပျံ့နှံ့ဘဲလည်း မနေနိုင်၊ ဆွမ်းကပ်လှူအပြီး ညနေပိုင်းမှာ ဆက်၍ ဗျောတခြိမ့်ခြိမ့် ဆိုင်းတညံညံဖြင့် လှူဒါန်းနေသေးရာ ကာလိဒါသအလှူမှာ ဓာရာတိုင်းအတွင်း သိမ့်သိမ့်တုံသွားပေသည်။

ထိုသတင်းကို ဘောဇဘုရင် နန်းတော်မှ ကြားလေရာ ကာလိဒါသကို ခေါ်စေသည်။ ကာလိဒါသမှာ ရာထူးကျပြီး ဆင်းရဲတိမ်မြုပ်နေသကဲ့သို့ဖြစ်နေရာ ဘယ်သူကမှ ကောင်းစွာအဖက်မလုပ်ကြပေ၊ ဤသို့သောအခြေအနေထဲက အလှူကြီးပေးသည်ဆို၍ အံ့ဩပြီး ဘုရင်က ခေါ်စေခြင်းဖြစ်လေသည်။

ကာလိဒါသလည်း အစမှအဆုံးတိုင် အကြောင်းအကျိုးများကို လျှောက်တင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အချို့သောသူများသည် ရာထူးစည်းစိမ် စသည်နှင့် ပြည့်စုံစဉ် အခါ မာနကြီးတတ်သည်။ ဘဝင်မြင့်တတ်၊ စိတ်ကြီးဝင်တတ်သည်။ မည်သို့သောအတန်းအစားမှ ဘဝင်မမြင့်သင့်၊ စိတ်ကြီးမဝင်သင့်။ ဘုရင်ဖြစ်စေ၊ မှူးမတ်ဗိုလ်ပါ စစ်သေနာပတိဖြစ်စေ၊ မည်သည့် စည်းစိမ်ဥစ္စာ ရာထူးဌာနန္တရကြောင့်မှ စိတ်မပြောင်းသင့်၊ မထောင် လွှားသင့်၊ ပြည်သူလူထုအပေါ် ရာဇဓမ္မ၊ ရာဇနီတိနှင့်အညီသာ ကျင့်ရမည်၊ တရားသဖြင့်သာ အုပ်ချုပ်ရမည်။

နုနယ်သောသူများသည် စည်းစိမ်ဥစ္စာ ရာထူးဌာနန္တရ စသည်နှင့် ပြည့်စုံခိုက်၊ ကြုံကြိုက်ခိုက်အခါ ရေကြည်ထဲ ရေနောက်ရောက်သည့် ပမာ ဦးနှောက်ကြည်နေရာမှ ဦးနှောက်ပျက်သွားတတ်၊ ချွတ်ချော် မှားယွင်းတတ်ကြသည်။ ပစ္စည်းမဲ့ ပညာဥစ္စာရာထူးဌာနန္တရမဲ့သူများနှင့် ရာထူးငယ်သူ၊ ပစ္စည်းဥစ္စာ နည်းပါးသူများကို အထင်သေးတတ်ကြ သည်။

အမှန်အားဖြင့်သော် တစ်ဦးနှင့်တစ်ဦး အထင်မသေးထိုက်၊ ကြီးသူက ငယ်သူ၊ အထက်လူက အောက်လူကို မညှဉ်းဆဲထိုက်၊ ကံကြောင့်သာ ကံစီမံသည့်အတိုင်း ဖြစ်ကြရ၊ ကြုံကြရခြင်းဖြစ်သဖြင့် ကြီးမားသော ကံအကျိုးပေးခိုက်နှင့် ကြုံသောအခါ ဖြုန်းခနဲ ပစ္စည်း ဥစ္စာ ရာထူးဌာနန္တရ တိုးတက်နိုင်ကြပေသည်။

ဘုရင်မင်းကြီးလည်း ငယ်ရွယ်စဉ်က သတ်စေအမိန့်ချခံခဲ့ရ သည်။ ကံကြီးမား၍သာ ရာဇဒဏ်မသင့်ဘဲ ယခုကဲ့သို့ ဘုရင်အဖြစ်ကို ရသည်။ ယခုအခါ မာနချ၍ သံဝေဂရသင့်ပေပြီ။ ကျွန်တော်မျိုးလည်း ကြီးမားသောကံကြောင့် ကြီးသောအလှူ ပေးနိုင်ခြင်း ဖြစ်ပါသည်။"

ဤသို့ ကာလိဒါသက ဘုရင်အား တရားသဘောများနှင့် လောက၌ ကံသည်သာ အကြီးဆုံးဖြစ်ကြောင်းများကို လျှောက်တင်ရာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်လည်း များစွာအားရနှစ်သက်တော်မူသည်။ အထူးတလည် သတိသံဝေဂရလာလေသည်။ ဤမျှကြီးမားသည့် ပညာရှင်တစ်ဦးကို နှိပ်စက်ညှဉ်းဆဲမိပေပြီ။ သုံးနှစ်ကာလခန့်မျှကြာအောင် ပစ်ထားမိပေပြီ။ ငါသည် ဘုရင်ပင်ဖြစ်လင့်ကစား ပညာရှိအပေါ် ပြစ်မှားကျူးလွန်မိသောအပြစ်ထိုက်နေပြီ။ အပြစ်ကို လျစ်လျူရှုမထားထိုက်၊ အပြစ်အလျောက် ခံထိုက်ပေသည်ဟု ကြီးစွာသောသတိတရား ရလာသည်။ ထို့ကြောင့် ဘုရင်သည် မိမိအား အပြစ်ပေးရန် ကာလိဒါသအား တောင်းလေသည်။

"လေးဆယ့်ကိုးရက် ဥပုသ်စောင့်ရမည်၊ နန်းစည်းစိမ်အားလုံးကို ခေတ္တစွန့်ခွာကာ မြေကြီးပေါ်အိပ်၊ မြေကြီးပေါ် စားတော်မူပါ" ဟု ကာလိဒါသက တရားအပြစ်ပေးရာ ဘုရင်လည်း ကာလိဒါသ အလိုအတိုင်း လိုက်နာလေသည်။

ကာလိဒါသအားလည်း ထိုအခါမှစ၍ ဘုရင်က လက်ရုံးတစ်ဆူအားကိုးတော်မူသည်။ အမတ်ကြီးရာထူးကို ပြန်လည်ခန့်အပ်ကာ ဘုရင့်စည်းစိမ်တမျှ ချီးမြှောက်တော်မူထားပေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ၂၇ တွင် ၉ နှုတ်က ဘာကြွင်းသနည်း

တစ်နေ့သောအခါ ဓာရာတိုင်းအရှင် အရှင်ဘောဇမင်းတရားကြီး၏ နန်းတော်တွင်းတွင် ညီလာခံသဘင် ကျင်းပနေသည်။ အသီးသီးသော မှူးမတ်များ၊ ပညာရှိကဝိသုခမိန်များနှင့် ပုရောဟိတ်ပုဏ္ဏားကြီးများလည်း ညီလာခံသဘင်သို့ တက်ရောက်လာကြသည်။

ညီလာခံသဘင်တွင် မှူးမတ်ဗိုလ်ပါတို့ စုံလင်လာသောအခါ ဘောဇဘုရင်သည် "၂၇ တွင် ၉ နှုတ်က ဘာကြွင်းသနည်း" ဆိုသော ပုစ္ဆာကို မေးမြန်းတော်မူလေသည်။

အချို့သောမှူးမတ်အများက "၂၇ တွင် ၉ နှုတ်က ၁၈ ကြွင်းကျန်သည်" ဟု လျှောက်တင်ကြသည်။ အချို့သော ပညာရှိများကမူ "ဘုရင်မင်းမြတ်သည် အကြောင်းတစ်စုံတစ်ခုကြောင့်သာ ဤပြဿနာကို မေးရာသည်။ ၂၇ တွင် ၉ နှုတ်က ဘာကြွင်းသနည်း ဆိုသည့်အချက်မှာ သာမန်ရိုးရိုး အဖြေအတွက်မူ ခက်ခဲစရာမရှိ၊ ရိုးရိုးအားဖြင့်လည်း မေးမြန်းတော်မမူတန်ရာ၊ ငါတို့ဖြေဆိုသည်ထက် ဆိတ်ဆိတ်နေသည်က ပို၍သင့်လျော်မည်ဟု အောက်မေ့ကာ မဖြေဆိုဘဲ နေကြသည်။ ညီလာခံသဘင်သို့ တက်ရောက်နေသော ပုဂ္ဂိုလ်များမှာ ကိုယ်စီကိုယ်ငှ တွေးတောနေကြသောကြောင့် ညီလာခံမှာ အသက်မဝင် ဆိတ်ငြိမ်လျက် ရှိနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အကြောင်းတစ်စုံတစ်ရာကြောင့် မေးမြန်းစူးစမ်းတော်မူခြင်း ဖြစ်ရာသည်ဟု မဖြေဆိုရဲဘဲ ရှိကြသည်။

ထိုသို့ ညီလာခံသဘင် အသက်မဝင်ရှိနေစဉ်အခါ ကာလိဒါသသည် ညီလာခံသဘင်သို့ ရောက်ရှိလာသည်။ အားကိုးရာမဲ့နေသော ကလေးတစ်ယောက်သည် မိမိအားကိုးရာ မိခင်ရောက်လာသောအခါ ဝမ်းသာသကဲ့သို့ ညီလာခံသဘင် ပညာရှင်အပေါင်းသည်လည်း ကာလိဒါသရောက်လာသောအခါ လှိုက်လှဲစွာကြိုဆိုကြသည်။

ဘုရင်သည်လည်း မည်သူမျှမဖြေဆိုနိုင်ရှိသော ထိုပြဿနာကို ကာလိဒါသအား မေးမြန်းတော်မူလေသည်။ ထိုအခါ ကာလိဒါသသည် ၂၇ တွင် ၉ နှုတ်က ဘာကြွင်းသနည်းဆိုသည့် အမေးပုစ္ဆာကို "ဘာမှမကြွင်းပါ၊ ပြာသာကြွင်းကျန်ပါသည်" ဟု တစ်ခဏချင်းပင် ဖြေဆိုလိုက်လေသည်။

အချို့သောညီလာခံသဘင်တွင် ရှိနေကြသည့် ပညာရှင်တို့က ဤအဖြေကိုကြားရလေလျှင် ပြုံးကြသည်။ အချို့ကမူ အံ့ဩငေးမောနေကြသည်။ အချို့ကမူ ကဲ့ရဲ့လိုသော သဘောဖြင့် မတုန်မလှုပ်ရှိကြသည်။ အမေးပုစ္ဆာသည် မခက်ခဲသော်လည်း အံ့ဩစရာကောင်းသည်။ ရှောမွေးကို ဗာရာဏသီချဲ့သကဲ့သို့ ဖြစ်နေသည်။ ဤပုစ္ဆာမှာ ဘုရင်ကိုယ်တိုင်က မေးလို၍ တီထွင်မေးမြန်းခြင်းမဟုတ်၊ မိဖုရားကြီးတစ်ဦးက မေးလိုသော ဆန္ဒကြောင့် မေးမြန်းသောပုစ္ဆာ ဖြစ်လေသည်။

"ဘာမှမကြွင်း၊ ပြာသာကြွင်းသည်" ဆိုသော အဖြေကို ကြားတော်မူ၍ "အသင် ကာလိဒါသ ၂၇ တွင် ၉ နှုတ်က ဘာ့ကြောင့် ပြာသာကြွင်းရပါသနည်း" ဟု ဘုရင်က ဆက်၍ မေးတော်မူ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ ကာလိဒါသသည် တစ်နှစ်တွင် ရက်ပေါင်း ၃၆၀ ရှိပြီး လအားဖြင့် ၁၂ လ၊ ဥတုအားဖြင့် ၃ ဥတု၊ ရတုအားဖြင့် ၆ လီ ရှိပါသည်။ ထိုတစ်နှစ်ပတ်လုံးသော အခါမှာပင် နက္ခတ် ၂၇ လုံးသည် လောကကြီးတွင် လှည့်လည်ကျက်စား သွားလာနေကြပါသည်။ ထို ၂၇ လုံးသော နက္ခတ်တို့တွင် ၉ လုံးသော နက္ခတ်များမှာ မိုးရွာစေတတ်သော နက္ခတ်များ ဖြစ်ကြပါသည်။ ထိုမိုးရွာစေတတ်သော နက္ခတ် ၉ ပါး ရှိ၍သာ ဥတုအားဖြင့် မိုးဆောင်းနွေ ဟူသော ၃ ဥတု၊ ရတုအားဖြင့် ၆ လီ၊ ရာသီလအားဖြင့် ၁၂ လ ရှိကြပါသည်။

မိုးကိုမှီ၍ အသက်မွေးနေကြသောကြောင့်သာ သက်ရှိသတ္တဝါများ လောကကြီးမှာ ရှိနေကြပါသည်။ တော၊ တောင် ရေ မြေ သမုဒ္ဒရာဆိုသည်များမှာလည်း မိုးနက္ခတ် ၉ ပါးကြောင့်သာ တည်ရှိနေကြပါသည်။ ခြုံ၍ကြည့်လိုက်သော် ယခုကဲ့သို့ ကမ္ဘာကြီးတည်ရှိနေသည်မှာ မိုးကိုရွာစေတတ်သာ နက္ခတ် ၉ ပါးကြောင့်သာ ဖြစ်ပါသည်။ မိုးကိုရွာစေတတ်သော နက္ခတ် ၉ ပါး မရှိပါက မတည်နိုင်ပါ။ အားလုံးဆိတ်သုဉ်းသွားပါမည်။

ထို့ကြောင့် ၂၇ လုံးသော နက္ခတ်တို့တွင် မိုးကိုရွာစေတတ်သည့် ရောဟနီ စသည့် နက္ခတ် ၉ ပါးကို နှုတ်လိုက်ပါက ဘာမှမကြွင်းကျန်နိုင်တော့ဘဲ ပြာသာကြွင်းတော့မည် ဖြစ်ပါကြောင်း ကာလိဒါသက ဖြေကြားလျှောက်တင်လိုက်လေသည်။

ဘုရင်မင်းမြတ်လည်း ပြုံးတော်မူပြီး ကာလိဒါသကို များစွာချီးမွမ်းတော်မူလေသည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# ဘုရင်အား တရားပြခြင်း

တစ်နေ့သောအခါ ကာလိဒါသသည် နန်းတော်တွင်းသို့ ရောက်ရှိနေလေသည်။ ထိုအချိန်တွင် ဘောဇဘုရင်သည် လမ်းမကြီးအလယ်မှ အသုဘတစ်ခုချသွားသည်ကိုမြင်၍ အောက်ပါအမေးပုစ္ဆာကို သတိရကာ ကာလိဒါသအား မေးလေသည်။

"အသင်ကာလိဒါသ၊ အဘယ်သို့သော သူသေက နတ်ပြည်နတ်ရွာသို့ သွားရပြီး အဘယ်ကဲ့သို့သော သူသေက ငရဲပြည် ငရဲရွာသို့ သွားရောက်ရပါသနည်း။

ဧင်းပြင် ငါဘုရင်သည် အဘယ်ကဲ့သို့ ပြုလုပ်လျှင် သုဂတိ နတ်ပြည်သို့ သွားနိုင်ပြီး အဘယ်ကဲ့သို့ ပြုလုပ်ပါက အပါယ်ငရဲ ဒုဂ္ဂတိရောက်မည်နည်း" ဟု မေးလေ၏။

ထိုအခါ ကာလိဒါသက "သေသောသူအား ကျန်သောလူအများက ချီးကျူးကြပါက ထိုသေသောသူသည် နတ်ဘုံသို့ ရောက်ရပါသည်။ သေသွားသောသူကို ကျန်လူအများက မချီးကျူးဘဲ ကဲ့ရဲ့ကြပါလျှင် ထိုသေသူသည် အပါယ်ငရဲသို့ ရောက်ရပါသည်" ဟု သံတော်ဦးတင်လေသည်။

လောက၌ သက်ရှိသတ္တဝါမှန်သမျှတို့မှာ မရဏသဘောမှ မလွတ်နိုင်ကြ၊ မြင်မြင်သမျှ မရဏမျိုးသာ ဖြစ်ကြကုန်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှင်းပြင် သတ္တဝါတို့မှာ ကံစီမံသလို ဖြစ်ကြရပါကုန်၏။ ကောင်းသောအလုပ်ကို ပြုလုပ်လျှင် ကောင်းသောချမ်းသာကို ခံစားရပါသည်။ မကောင်းမှုကို ပြုလုပ်လျှင် မကောင်းသော ဆင်းရဲဒုက္ခကို ခံရပါသည်။

၁။ သတ္တဝါများကို မညှဉ်းဆဲခြင်း၊ သနားကရုဏာနှင့် ပြည့်စုံခြင်း။

၂။ ရထားသော လူ့ဘဝကို အချည်းနှီးဖြစ်အောင် မပြုလုပ်ခြင်း။

၃။ ပြည်သူလူထုကို ရင်ဝယ်သားထက် ပိုမိုစောင့်ရှောက် ကြည့်ရှုခြင်း။

၄။ တရားနှင့်အညီ အဂတိမလိုက်စားဘဲ တရားကို စီရင်ဆုံးဖြတ်ခြင်း။

၅။ ယခု ပစ္စက္ခဘဝ၌ ခံစားနေရသည့် စည်းစိမ်များကိုလည်း ရှေးဘဝအဆက်ဆက်က ကုသိုလ်ကောင်းမှုကြောင့်ဟု အောက်မေ့ပြီး နောင်သံသရာအတွက်လည်း ဒါန သီလ စသော ကောင်းမှုကုသိုလ်ကံများကို ပြုခြင်း။

ဤတရားငါးပါးနှင့် ပြည့်စုံသော မင်းတရားမှာ သေသည်၏ အခြားမဲ့၌ နတ်ဘုံနတ်ရွာသို့ ကောင်းစွာလားရောက်ရပါသည်” ဟု သံတော်ဦးတင်လေသည်။

၁။ အတွင်းရန်ကို လှုံ့ဆော်ခြင်း

၂။ အချင်းချင်း ရက်စက်ကြမ်းကြုတ်ခြင်း

၃။ စစ်ပွဲများကို အဖန်ဖန်တိုက်ခိုက်ခြင်း

၄။ သစ္စာပျက်ခြင်း

၅။ လောဘကြီးခြင်း

၆။ နတ်ရွာလားပြီးနောက် ပြည်သူလူထုက ရှုတ်ချကဲ့ရဲ့ခြင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤအထက်ပါသဘောရပ်နှင့် ညီနေသော မင်းများမှာ သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ လားရောက်ရပါသည်ဟု သံတော်ဦးတင်လေသည်။

၁။ သူတစ်ပါးအား မကောင်းသည်ကို မပြုလုပ်ဘဲ ကောင်းသည်ကိုသာ ပြုလုပ်ခြင်း

၂။ မိမိအင်အားရှိသမျှ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း

၃။ အသက်ရှင်နေစဉ် လူအများက သနားချစ်ခင်ကြခြင်း

၄။ သေသွားသည်၏ နောက်၌လည်း ကျန်ရှိနေသော လူများက ကောင်းရာသုဂတိ နတ်ရွာရောက်ပါစေကြောင်း ဆုတောင်းကြခြင်း။

ဤအထက်ပါ အင်္ဂါရပ် ၄ ပါးနှင့် ပြည့်စုံသောသူသည် သေသည်၏ အခြားမဲ့၌ နတ်ဘုံနတ်ရွာသို့ ရောက်ရပါသည်။ ဤအထက်ပါ အင်္ဂါ ၄ ပါးနှင့် မပြည့်စုံသော လူများမှာ သေသည့် အခြားမဲ့၌ အပါယ်ငရဲသို့ ရောက်ရပါသည်ဟု သံတော်ဦးတင်လေသည်။

နောက်ဆုံး တစ်နည်းအားဖြင့် သေသောအခါ လူများများလိုက်ပို့ပါလျှင် ထိုသေသူသည် နတ်ပြည်သို့ ရောက်ရပါသည်။

လူနည်းနည်းလိုက်ပို့လျှင် ထိုသေသူမှာ ငရဲပြည်သို့ သွားရောက်ပါသည်ဟု ကာလိဒါသသည် ဘောဇဘုရင်အား တရားပြ၍ လျှောက်တင်လေသည်။

ထိုအခါမှစ၍ ဘောဇဘုရင်သည် ပြည်သူလူထုအား များစွာဂရုစိုက်တော်မူလေသည်။ မင်းတို့၏ ကျင့်ဝတ်ကိုလည်း မချွတ်ယွင်းစေဘဲ အမြဲစောင့်ထိန်းလေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



**မှတ်ချက်** – သေဆုံးသောအခါ လူများများလိုက်ပို့လျှင် ဆိုသည်မှာ အများအကျိုးဆောင်ရွက်သူ၊ မေတ္တာတရားရှေ့ထားသူကို ချစ်ခင်ကြည်ညိုသူပေါ၍ ထိုပုဂ္ဂိုလ်သေဆုံးလျှင် လူအများလိုက်ပို့ကြသည်။ ထိုပုဂ္ဂိုလ်မျိုးသည် သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရသည်ဟု ဆိုလိုခြင်းဖြစ်သည်။

လူနည်းနည်းလိုက်ပို့လျှင် ထိုသေသူမှာ ငရဲပြည်သို့ ရောက်သည် ဆိုသည်မှာလည်း လူအပေါင်းကို နှိပ်စက်သူ၊ အများက မကြည်ညိုသူဖြစ်သောကြောင့် အသုဘလိုက်မပို့ကြ၊ ထိုသူအမျိုးအစားသည် ငရဲသို့ လားရသည်ဟု ဆိုလိုသည်။

သေသူအား ကျန်သူများက ချီးကျူးလျှင်၊ သေသူအား ကျန်သူများက ကဲ့ရဲ့လျှင်ဆိုသည်မှာလည်း အထက်ပါသဘောအတိုင်းပင် ဖြစ်ပေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ဗေဒင်ဉာဏ်

ဓာရာတိုင်း၏ အရှင်ဘောဇဘုရင်သည် တစ်နေ့သော် တောကစားထွက်တော်မူသည်။ ဘုရင်တောကစားထွက်တော်မူသည်ဆိုလျှင် မှူးမတ်ဗိုလ်ပါအလုံးအရင်းနှင့် ထွက်သည်ဖြစ်ရာ ဤအကြိမ်တွင် ကာလိဒါသလည်း ပါသွားသည်။

တောစခန်းသို့ ရောက်သောအခါ လက်နက် လေးမြား ကိုင်ဆောင်လျက် ဘုရင်ရော မှူးမတ်များပါ တောကောင်ကို ပစ်ခတ်ဖမ်းဆီးရန် တောကြီးထဲသို့ ဝင်ကြတော့သည်။ တစ်စုတစ်ပြုံကြီး မသွားဘဲ အမဲတောကောင်ရှိမည့်နေရာကို ကိုယ့်စည်းနှင့်ကိုယ် တာဝန်ယူပြီး လိုက်ကြရ၊ ရှာကြရရာ ဘုရင်လည်း တာဝန်ယူရလေသည်။ ဘုရင်နှင့် မှူးမတ်များသည် မောရပန်းရမှန်းမသိ၊ အမဲသားကောင်များနောက်သို့ တစ်နေကုန် တစ်နေ့ခန်းပင် လိုက်ကြသည်။

နေဝင်သော်လည်း ဘာကောင်မှမရ၊ အမောသာ အဖတ်တင်ကြတော့သည်။ တောကလည်းကြီး၊ သားရဲတိရစ္ဆာန်ကလည်း ပေါလှသည်။ အမဲနောက်သို့လိုက်သောအလုပ်တွင် အစွဲကြီးစွဲမိကြသောကြောင့် ဤတောကြီးအတွင်းတွင် လူစုကွဲသွားကြသည်။ ကာလိဒါသနှင့် မှူးမတ်ဗိုလ်ပါများသည် အချက်ပေးခြင်းအမျိုးမျိုးဖြင့် ပြန်လည်

www.facebook.com/NyisayEbookCreator
www.nyisay.com


တွေ့ဆုံ စုပေါင်းမိကြသော်လည်း ဘုရင်တစ်ပါးတည်းမှာ လောဘတကြီး သားကောင်နောက် အတင်းလိုက်မိသည့်အတွက် ခရီးကျွံပြီး တကွဲဖြစ်နေတော့သည်။

မှောင်ကြီးမည်းမည်းဖြစ်၍ ရှေ့သို့မတိုးနိုင်သောအခါ ဘုရင်သည် လက်လျှော့သည်။ နောက်လိုက်နောက်ပါများနှင့် တစ်ကွဲစီဖြစ်နေပြီကိုလည်းသိသည်။ ထို့ကြောင့် တောကြီးအတွင်းမှ ထွက်နိုင်ရေးကို ရော်ရမ်းမှန်းဆပြီး ထွက်ဖို့အားထုတ်ရသည်။ သားရဲများကလည်းပေါ၊ လမ်းခရီးကလည်း မကျွမ်းကျင်ရှိပေရာ တောလိုက်ကျူးသောဘုရင်သည် ဘေးရန်တွေ များလှတော့သည်။

ကာလိဒါသနှင့် မှူးမတ်ဗိုလ်ပါများလည်း ဘုရင်အတွက် များစွာပူပင်သောကရောက်နေကြသည်။ ထို့ကြောင့် တောနင်းရှာကြသည်။ မတွေ့။ အသံပေးကြသည်။ မရ။ ညကာလဖြစ်သောကြောင့် ပို၍ခက်နေကြသည်။ မကြံတတ် မစည်တတ်အောင် ရှိနေကြတော့သည်။ မကြုံဖူးသော ကိုယ်စိတ်ပင်ပန်းဆင်းရဲနှင့် ကြုံနေကြရသည်။

ဘုရင်ကမူ မည်သူ့ကိုမှမရှာ၊ မည်သူ့အတွက်မှ မပူပန်၊ သူ့ထွက်လမ်းသာသူရှာပြီး အလွတ်ရုန်းဖို့သာကြိုးစားသည်။ ကာလိဒါသနှင့် မှူးမတ်ဗိုလ်ပါတို့ကမူ ဘုရင်၏ သစ္စာတော်ကို စောင့်သိရှိသေကြသည်။ ထို့ကြောင့် ဘုရင့်အတွက် ကြောင့်ကြခြင်းကြီးစွာနှင့် ရှိသေစွာရှာဖွေကြသည်။ စိုးရိမ်ပူဆွေးကာ အပြေးအလွှားဖြစ်နေကြသည်။

ဘုရင်ပြန်သည့်လမ်းကို ကာလိဒါသတို့ကမရောက်၊ ကာလိဒါသရှာသည့် ရောက်သည့်ဘက်က ဘုရင်က မပြန်၊ အလွဲလွဲဖြစ်နေကြသည်။ အချိန်အတန်လင့်သွားသောအခါ ဘုရင်သည် တောပြင်သို့

www.facebook.com/NyisayEbookCreator
www.nyisay.com



ထွက်မိပြီး "ဒီဃဝတီ" ဆိုသော ရွာကလေးသို့ ရောက်သွားလေသည်။

ခရီးဆက်သွားရန် မသင့်တော့သောကြောင့် ဘောဇဘုရင်သည် ဒီဃဝတီရွာမှာပင် ရပ်နားအိပ်စက်ရန် ပြင်ရတော့သည်။ အမှန်အားဖြင့်သော် အမဲတစ်နေကုန်လိုက်ခြင်း၊ ညအချိန် တောတွင်း မျက်စိလည်လမ်းပျောက်နေခြင်းများကြောင့် ဘုရင်သည် နွမ်းနယ်လှချေပြီ။ ရှေ့သို့လည်း ဆက်၍ မလှမ်းလိုတော့ပေ။

အမဲလိုက်ဝါသနာထုံသော်လည်း ဘောဇဘုရင်သည် ဘုရားတရားကို ရိုသေကိုင်းရှိုင်းသူဖြစ်သည်။ ဘုရားမှန်မှန်ရှိခိုးသည်။ အာရုံပြုသည်။ ထို့ကြောင့် ဒီဃဝတီရွာတွင် အကောင်းဆုံးဖြစ်သည့် ဘုရားကျောင်းသို့ အိပ်ရာမဝင်မီသွားသည်။ ရောက်လေလျှင် ပခုံးပေါ်တင်တဘက်ကိုခင်းကာ ရိုသေစွာ ကြုံ့ကြုံ့ထိုင်၍ ဘုရားကို အာရုံပြုနေသည်။

ထိုအချိန်တွင် ချစ်သူရည်းစားနှင့် ချိန်းထားသော အပျိုရွယ် အလှမယ်ကလေးတစ်ဦးသည် ဘုရားကျောင်းအနီးသို့ ရောက်လာပြီး ချစ်သူကိုရှာသည်။ ဘုရားကျောင်းအတွင်းသို့လည်း ဝင်၍ ရှာပြန်သည်။ ဘုရားကျောင်းအတွင်း၌ မည်သူမည်ဝါတွေ ဘုရားရှိခိုးနေ၊ အာရုံပြုနေကြသည်ကို အလှမယ် မိန်းမပျိုသည် မသိ၊ ဂရုမစိုက်နိုင်၊ မမြင်နိုင်၊ ရည်စားပူမိနေသူကလေးဖြစ်သည့်အတိုင်း ရည်းစားနှင့် တွေ့ဖို့သာလျှင် အရေးကြီးနေသည်။

မိမိချစ်သူကို တစ်နေရာရာတွင် တွေ့လိုတွေ့ညား ရှာဖွေရင်း ဘုရားအာရုံပြုနေသော ဘောဇဘုရင်၏အနီးသို့ ရောက်သွားသည်။ သို့ရာတွင် ဘုရင်ကိုမမြင်၊ ချစ်သူရည်းစားကို တွေ့ဖို့သာ အာရုံက

www.facebook.com/NyisayEbookCreator
www.nyisay.com



စောနေသည်။ ဘုရင်ခင်းထိုင်ထားသော အပေါ်ရုံတဘက်အစွန်းပိုင်းကိုပင် တက်နင်းမိသည်။ ဘုရင်ကိုဝင်တိုက်မိမတတ် ဖြစ်သွားသည်။ သို့ရာတွင် မျက်လုံးအစုံသည် ချစ်သူကိုသာ ရှာနေသည်ဖြစ်သောကြောင့် ဘုရင်ကိုမမြင်။

မိမိ၏အခင်းတဘက်ကို တစ်စုံတစ်ယောက်သောသူက တက်နင်းသောအခါ ဘုရားကိုအာရုံပြုနေသော ဘုရင်သည် အာရုံပြောင်းပြီး လှမ်းကြည့်မိရာ အပျိုအရွယ် နုနယ်လှပသော အလှမယ်ကလေးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဘုရင်က–

"အို အလှမယ် သင်၌ ဘာများအရေးကိစ္စ ကြုံနေပါသနည်း၊ ဘာများအရေးကြီးနေပါသနည်း" ဟု မေးလိုက်သည်။

ထိုအခါမှပင် အလှမယ်သည် မိမိသည် ပုဂ္ဂိုလ်တစ်ဦးအနီးသို့ ရောက်နေပြီး ထိုပုဂ္ဂိုလ်၏အခင်းကို နင်းမိနေမှန်း၊ ထိုပုဂ္ဂိုလ်ကို တိုက်မိမတတ်ဖြစ်မှန်း သိတော့သည်။ ထိုသူမှာ ဘုရားအာရုံပြုနေသူဆိုသည်ကိုလည်း သိသည်။ သို့ရာတွင် မိမိအားမေးသည်ကို ပြန်မဖြေ။ ထိုသူသည် ဘုရင်တစ်ပါးဖြစ်သည်ကိုလည်း သူမ မသိ။ ကိုယ်ကလေးကို စောင်းငဲ့ယိမ်းနွဲ့ကာ သူမပြောလိုသည်ကိုသာ ပြန်ပြောသည်။

"အို ဘယ့်နှယ်ပါလိမ့်၊ သဘောလည်းကောင်းဟန်ရှိပါသည်။ ပညာရှိတစ်ဦးနှင့်လည်း တူပါသည်။ ဘုရင်တစ်ပါး၏ အသွင်လက္ခဏာလည်း ရှိပါသည်။ သို့ရာတွင် ဘုရားရှင်အား စူးစူးစိုက်စိုက် အာရုံပြုနေသည်တော့ မဟုတ်ပါဘူး" ဟု ဘုရင်အား ကြည့်ပြီး ဆိုလေသည်။

ဤစကားများကိုကြားရလျှင် ဘုရင်သည် ရာဇမာန်ထွက်၍ မျက်နှာတင်းသွားသည်။ သို့ရာတွင် သတိချွန်းနှင့်အုပ်ပြီး အလှမယ်ကလေးအား မည်သို့မျှ ပြန်မပြော၊ အားနွဲ့သူကို နှိပ်စက်၍ အချည်းနှီး

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖြစ်သည်ကို ဆင်ခြင်သည်။ ဘောဇဘုရင်သည် အားနွဲ့သူများကို ဘယ်အခါမှ မညှာမတာမပြု၊ အမြဲပင် စောင့်ရှောက်ကူညီသည်။ အလှမယ်ကလေးသည် သူမသွားလိုရာသို့ ထွက်သွားသည်။

ဘုရင်လည်း ခဏမျှ ဆက်လက်၍ ဘုရားအာရုံပြုပြီး အိပ်ရာသို့ သွားသည်။ ဒီဃဝတီရွာသူရွာသားများလည်း ဘုရင်မှန်းမသိကြ၊ ထူးခြားသည့် ဧည့်သည်တစ်ဦးအဖြစ်ဖြင့်သာ ပြုစုကြ၊ နေရာပေးကြသည်။

ဘုရင်ကိုလိုက်ရှာနေကြသော ကာလိဒါသနှင့် အဖွဲ့သည် နေပြည်တော်သို့ ဘုရင်ပြန်သွားမည့်လမ်းဟု ခန့်မှန်းမိသည့်အတိုင်း လိုက်သွားကြရာ ရောင်နီပေါ်၍ အရုဏ်တက်ချိန်တွင် ဒီဃဝတီရွာသို့ ရောက်လာကြပြီး ဘုရင်နှင့် ဝမ်းမြောက်စွာ တွေ့ကြရလေသည်။

အားလုံးစုဝေးမိကြသောအခါ နန်းတော်သို့ ဖြောင့်တန်းစွာ ပြန်ခဲ့ကြသည်။ ဘောဇဘုရင်သည် နန်းတော်သို့ ပြန်ရောက်သောအခါ အလှမယ် အပျိုချော ပြောလိုက်သော စကားများကို နားထဲတွင် ကြားလျက်ပင်ရှိနေသည်။ ထို့ကြောင့် နောက်တစ်ရက် ညီလာခံတွင် ဖွင့်ပြောလိုစိတ်များ ပေါ်မိသည်။ သို့ရာတွင် ဖွင့်မပြောဘဲ ပုစ္ဆာတစ်ရပ် လုပ်၍ မေးသည်။

"အို ဘယ့်နှယ်ပါလိမ့်၊ သဘောလည်းကောင်းဟန်ရှိပါသည်။ ပညာရှိတစ်ဦးနှင့်လည်း တူပါသည်။ ဘုရင်တစ်ပါး၏ အသွင်လက္ခဏာလည်း ရှိပါသည်။ သို့ရာတွင် ဘုရင်ရှင်အား စူးစူးစိုက်စိုက် အာရုံပြုနေသည်တော့ မဟုတ်ပါဘူး"

ဤစကားများကို ငါဘုရင်အား မည်သူက မည်သည့်အခါတွင် ပြောသနည်း။ မှန်ကန်စွာ တင်လျှောက်နိုင်သူကို ဆုငွေအသပြာ ၁၀၀၀ ပေးမည်ဟု အမိန့်ရှိလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤစကားကိုပြောသူမှာ ဘုရင်မင်းကြီး မနေ့ညကဝင်တည်းခဲ့သော အိမ်ကဖြစ်မည်။ ဘုရားနှင့်စပ်နေသောကြောင့် ရသေ့ရဟန်းက ပြောဆိုသော စကားဖြစ်လိမ့်မည် စသည်ဖြင့် မှူးမတ်ပညာရှိများက အမျိုးမျိုးဖြေကြားကြသည်။

ကာလိဒါသကမူ "ဘုရင်မင်းမြတ် မနေ့က အပေါ်ရုံတဘက်ကို ခင်းပါသလား" ဟု မေးရာ ဘုရင်က "ခင်းသည်" ဟု ပြန်ဖြေသည်။

ထို့နောက် ကာလိဒါသကဆက်၍ "ဘုရင်မင်းမြတ်သည် ဒီဃဝတီရွာ ဘုရားကျောင်းအတွင်းတွင် မနေ့ညက ပခုံးတင် အပေါ်ရုံတဘက်ကိုခင်းပြီး ဘုရားအာရုံပြုသည် မဟုတ်ပါလား။ ထိုအခါမှာ ရည်းစားပူမိနေသော ပျို့ရွယ်သူအမျိုးသမီးငယ်တစ်ဦးသည် သူ၏ချစ်သူကို ဘုရားကျောင်းအတွင်း၌ အရှူးအမူးရှာနေခဲ့သည်။ လှပသော ထိုလုံမပျိုသည် ဘာကိုမျှမမြင်၊ အရှင်မင်းကြီး ဘုရားအာရုံပြုနေသည်ကိုလည်းမတွေ့၊ အခင်းတဘက်ကို တက်နင်းမိပြီး အရှင်မင်းကြီးကိုပင် ဝင်တိုက်မိမတတ် ဖြစ်ခဲ့သည်။ ထိုအခါ ဘုရားအာရုံပြုနေသော အရှင်မင်းကြီးသည် သမာဓိပျက်ပြီး မိန်းမပျိုကလေးကို မော့ကြည့်ကာ ဘာကြောင့် အခင်းထည်ကို နင်းသလဲဟု မေးသောကြောင့် ထိုအလှမယ် အချစ်ရူးကလေးက အရှင်မင်းကြီးအား သူ့စိတ်ထဲတွင် ပေါ်ပေါက်သည့်အတိုင်း ပြန်ပြောသော စကားများ ဖြစ်ရပါမည်"

"အရှင်မင်းကြီးသည် ဘုရားရှင်ကို စူးစူးစိုက်စိုက် အာရုံပြုနေမည်ဆိုလျှင် အခင်းထည်ကို တစ်စုံတစ်ယောက်သောသူက လာနင်းကာမျှနှင့် သိမည်မဟုတ်၊ ထိုသို့လည်း ကြည့်မိမည်မဟုတ်၊ အရှင်မင်းကြီးကိုယ်တိုင်က သမာဓိပျက်သောကြောင့် ဤသို့ ကြည့်မိ၊ မေးမိ၍သာ ဤသို့ အပြောခံရခြင်း ဖြစ်ပါသည်" ဟု ကာလိဒါသက

www.facebook.com/NyisayEbookCreator
www.nyisay.com



တိတိကျကျ ရဲရဲဝံ့ဝံ့ လျှောက်တင်ရာ ဘောဇဘုရင်လည်း ဟုတ်မှန်ကြောင်း ဝန်ခံပြီးလျှင် ကာလိဒါသအား အသပြာ ၁၀၀၀ ချီးမြှင့်လေသည်။ ညီလာခံတစ်ခုလုံးကလည်း ကာလိဒါသကို ချီးမွမ်းကြလေသည်။

သောကြာ အခါတိုင် ပေါ်နေခြင်းကို အကြောင်းပြု၍ ကညာ၏ ဉာဏ်ဟု ကာလိဒါသပောလိုက်ခြင်း ဖြစ်သောဟူ၏။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ရေ ဘာကြောင့်လှုပ်ရှားသနည်း

နန်းတော်၏ အနောက်တောင်ဘက်တွင် ရေတွင်းတစ်တွင်း ရှိသည်။ နန်းတော်နှင့် များများမဝေး၊ နန်းတော်ကကြည့်လိုက်လျှင်လည်း ရေတွင်းသို့ ထင်ရှားစွာမြင်ရသည်။ လူပုဂ္ဂိုလ်များ သွားလာလှုပ်ရှားနေသည်ဆိုလျှင်လည်း မိန်းမယောကျ်ား၊ နုပျိုသူ အိုမင်းသူဟူ၍ သဲသဲကွဲကွဲ သိနိုင်မြင်နိုင်သည်။

ဤရေတွင်းသို့ အရပ်လေးမျက်နှာမှ လာရောက် ခပ်ကြ ငင်ကြသည်။

အချိန်အပိုင်းအခြားမရှိ နေ့ညမဟူ ခပ်ယူကြသည်။ ယောကျ်ားမိန်းမ၊ ပျိုသူအိုသူ အစုလိုက် အဖွဲ့လိုက်လည်း စကားတွေပြော၊ သီချင်းတွေဆို၍ တပျော်တပါး လာရောက်ခပ်ကြသည်။ ဖော်မဲ့သူတစ်ကိုယ်တည်းလည်း လာတတ်သည်။ ရေခပ်သူများမှာ စဲသည်ဟူ၍မရှိ တသဲသဲမဟုတ်လျှင် တဖွဲဖွဲရှိနေတတ်လေသည်။

ရေခပ်ပြီးနောက် ပြန်ကြသောလမ်းမှာလည်း နန်းတော်နှင့်မဝေး၊ ဘယ်သူဘယ်လမ်းက ဘယ်သို့ပြန်သွားသည်ဆိုသည်ကို ကောင်းစွာမြင်နိုင် သိနိုင်လေသည်။

တစ်နေ့သော် ဘောဇဘုရင်သည် ခရီးသွားရာမှ နန်းတော်သို့ ပြန်ရောက်သည်။ ပူပြင်းကြမ်းတမ်းသော ဥတုကြောင့် များစွာပူအိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



လာသည်။ ထို့ကြောင့် နန်းတော်မိမိအဆောင်သို့ ရောက်လျှင်ရောက်ချင်း အပေါ်မှ အခြုံအရုံများကို ချွတ်ပြီးလျှင် နန်းတော်ပြတင်းဆီသို့ သွားကာ ပြတင်းကို ဖွင့်လိုက်သည်။ ဝင်လာသော လေအေးကို ခံယူရင်း ပြတင်းမှ ပြင်သို့ရှုကြည့်လိုက်ရာ ရေတွင်းတွင် ရေခပ်နေသော အလှမယ်အမျိုးသမီးငယ် တစ်ယောက်တည်းကို တွေ့ရလေသည်။

ကုမ္မာရီကလေးသည် ရေအပြည့်ထည့်ထားသောအိုးကို ခေါင်းပေါ်သို့ ပင့်တင်ပြီး လက်ဝဲလက်ဖြင့် အိုးကိုကိုင်သည်။ လက်ယာလက်ဖြင့်မူ ရေအပြည့်ပါသည့် ရေခပ်ပုံးကိုဆွဲထားသည်။

ဤဝန်ဤပိုးများနှင့် ဤအမျိုးသမီးသည် ဖြည်းဖြည်းအေးအေး မသွား၊ အိမ်ဘက်သို့ မြန်မြန်သွက်သွက် ပြန်သွားနေသည်။ တစ်စုံတစ်ရာ အရေးကိစ္စရှိသောကြောင့် သွက်သွက်လှမ်းနေခြင်း ဖြစ်ဟန်တူသည်။

ခေါင်းပေါ်မှ ရေအိုးတွင်းရှိ ရေများသည် ကုမ္မာရီ၏ သွက်သွက်မြန်မြန် အရေးတကြီးလှမ်းလျှောက်ခြင်းကြောင့် ဘောင်ဘင်ခတ်သည်။ ဖိတ်ကျနေသည်။ သူမ၏ ခပ်ကြမ်းကြမ်းလှမ်းလျှောက်မှုကြောင့် ကန့်ကလျရှိသော ကိုယ်ကလေးပေါ်သို့ ဖျန်းပက်နေသကဲ့သို့ ရှိသည်။ ရေများရွှဲရွှဲစိုနေရာ အဝတ်နှင့် အသားကပ်ထားသကဲ့သို့ ရှိနေတော့သည်။ ကုမ္မာရီ၏ ကိုယ်ကာယ သဘာဝအလှကို လှစ်ပြနေသကဲ့သို့ ဖြစ်နေသည်။

အလှမယ်ကလေးသည် ဘေးပတ်ဝန်းကျင် ဝဲယာသို့ တစ်ချက်မှ လှည့်မကြည့်၊ မျက်လုံးကလေးများကို အောက်စိုက်ပြီး တည့်တည့်ကြီး အိမ်ခြေရှစွာ သွားနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့ရာတွင် ရေအိုးမှ ရေများနှင့် ရေပုံးထဲမှ ရေများကား ဘောင်ဘင်ခတ်လျက်သာ ရှိနေသည်။

ဘောဇဘုရင်သည် ပြတင်းဖွင့်အကြည့်၊ သုတ်ပျာပျာနှင့် ဤအရေးကြီးနေသော မိန်းကလေးကို မြင်လိုက်သည်။ ခဏမျှကြာသော် ထိုအာရုံမှ မျက်နှာကို လွှဲလိုက်သည်။ သို့ရာတွင် "ရေ ဘာ့ကြောင့် လှုပ်ရှားရသနည်း" ဆိုသော အမေးပုစ္ဆာသည် ဘုရင်၏စိတ်တွင် ရုတ်တရက်ပေါ်လာသည်။

နောက်တစ်နေ့တွင် ညီလာခံသဘင်၌ မှူးမတ်ပေါင်းစုံလင်ကြပြီ။ ကာလိဒါသလည်း ညီလာခံအလယ်မှာပင် ရောက်ရှိနေလေပြီ။ ထိုအခါ ဘုရင်သည် မနေ့က မိမိစိတ်ထဲ၌ ပေါ်ခဲ့သည့် ပုစ္ဆာကိုမေးရန် သတိရလာသည်။ မည်သူ့ကိုမှမမေး။ ကာလိဒါသသာ ဖြေဆိုနိုင်မည်ဟု ယုံကြည်ကာ ကာလိဒါသကိုသာ တိုက်ရိုက်မေးလိုက်သည်။

ကာလိဒါသက "အရှင်မင်းကြီး၏ကဗျာမှာ မည်ကဲ့သို့သော ကဗျာပါနည်း၊ အမိန့်ရှိတော်မူပါ၊ မနေ့က ဟိုကဗျာကိုဖြေ၍ ယနေ့ ဒီကဗျာကို စပ်ဆိုဖြေကြားပါမည်" ဟု မေးမြန်လျှောက်တင်လိုက်သည်။

"ဘုရင်လည်း ရေ ဘာ့ကြောင့်လှုပ်ရှားသနည်း" ဟု အဓိပ္ပာယ်ရှိသည့် ကဗျာတစ်ပိုဒ်ကို ကာလိဒါသအား ရွတ်ဆိုပြသည်။

ဘုရင်ရွတ်ပြလိုက်သည့်ကဗျာကို အခြေခံကာ ရေတွင်း ရေခပ်လမ်းနှင့် နန်းတော်အနေအထားကို ကာလိဒါသ စဉ်းစားလိုက်သည်။ အနေအထားနှင့်စပ်၍ သဘောတရားများကို စဉ်းစားမိသည်နှင့်အမျှ ရုတ်တရက် အဖြေကဗျာပေါ်လာသည်။ ကဗျာပိုဒ်၏ ဆိုလိုရင်း၊ ရည်ရွယ်ရင်း အကြောင်းအရာများကို စာဆိုဘုရင် ကာလိဒါသ ချက်ချင်းပင် မြင်လာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


သို့ဖြင့် ကာလိဒါသသည် ဘုရင်အား "နားထောင်တော်မူပါ" ဟု ဆိုကာ

"အလှမယ်ပျိုမကလေးတစ်ဦးသည် နန်းတော်အနီး ရေတွင်းသို့ ရေခပ်လာပါသည်။ ရေခပ်နေစဉ်အခါ ပျိုမေကလေး၏ ကိုယ်အနေကလေးများသည် နတ်ပန်းနွယ်နီ လိမ်၍လိမ်၍ လွန့်၍လွန့်၍ တက်ဘိသကဲ့သို့ လိမ်ကာ လိမ်ကာ၊ လွန့်ကာ လွန့်ကာ နေပါသည်။ ကန့်ကလျ ကြည့်မဝ ရှုမဝ ရှိပါသည်။

"ရေခပ်ရာမှအပြန်တွင် ခေါင်းပေါ်မှာ ဝဲဘက်လက်ဖြင့် ခေါင်းပေါ်က အိုးကလေးကို ကိုင်ထားပြီး ယာဘက်လက်ဖြင့်မူ ရေပုံးကလေးကို ဆွဲလာပါသည်။ ခေါင်းပေါ်မှရေအိုးက ဘောင်ဘင်ခပ်ပြီး ရေများဖိတ်စင်ကျသဖြင့် အလှမယ်၏ ကိုယ်ကလေးပေါ်သို့ ဖျန်းပက်သကဲ့သို့ ကျသောကြောင့် ရွဲရွဲစိုပြီး အဝတ်နှင့် အသား ကပ်ထားသကဲ့သို့ဖြစ်ကာ သူမ၏ ကန့်ကလျ ကိုယ်ကာယကို လှစ်ပြသည့်အလား ရှိပါတော့သည်။ ထိုအခါ သူမ၏ ရုပ်ပါရုံ၌ ဘယ်သူမဆို တပ်နှစ်သက်လောက်ဖွယ် ရှိပါလိမ့်မည်။ အထူးသဖြင့် ရေတွင်းမှာ ချိန်းထားသည့် သူမ၏ရည်းစားနှင့် သည်တစ်ခေါက်မတွေ့ရ၍ နောက်တစ်ခေါက်တွေ့မှ တွေ့နိုင်ပါ့မလား။ လွဲများနေမှာလား စသဖြင့် စိတ်နှလုံးပူပန်လှုပ်ရှားကာ ခပ်သွက်သွက် ခပ်ကြမ်းကြမ်း ပြန်သွားနေသောကြောင့် ခေါင်းပေါ်ရေအိုးထဲမှရေနှင့် လက်ဖြင့်ဆွဲသွားသော ရေပုံးထဲမှ ရေများသည် သူမ၏ နှလုံးပူပန် လှုပ်ရှားသည့်နည်းတူ မငြိမ်ဘဲ လှုပ်ရှားကြပါသည်"

ကာလိဒါသသည် ဤသို့လျှင် အဓိပ္ပာယ်အပြည့်အစုံပါသည့် ကဗျာပိုဒ်များကိုဖြည့်၍ စပ်ဆိုဖြေကြားလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘုရင်မင်းကြီးသည် ဤကဲ့သို့သော စိတ်သောကဖြင့် ရေခပ်ရာမှ ပြန်လာသည့် အလှမယ်ပျိုမေ၏ ရေအိုးနှင့် ရေပုံးတွင်းမှရေများ လှုပ်ရှားဘောင်ဘင်ခတ်သည်ကို လေသာပြတင်းမှ မြင်ရ၍ ကဗျာစပ်ခြင်း ဖြစ်ပါသည်" ဟုလည်း လျှောက်ထားလိုက်သည်။

ထိုအခါ ညီလာခံပရိသတ်အများက ကာလိဒါသအား ချီးကျူးအံ့သြကြသည်။ ဘုရင်ကလည်း များစွာအားရနှစ်သက်တော်မူလေသည်။ ကာလိဒါသ ကဗျာစပ်ဆိုဖြေကြားသည်မှာ မိမိရည်ရွယ်ရင်းအကြောင်းအရာ အမှန်အတိုင်းဖြစ်ကြောင်းကိုလည်း ဘုရင်က ထုတ်ဖော်မိန့်ကြားလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ဆိတ်ဆိတ်နေခြင်းသည် အမြတ်ဆုံး

တစ်နေ့သောအခါ ဟိမဝန္တာတောင်ခြေမှ ရသေ့တစ်ပါးသည် ဘုရားဖူးကြွလာရာမှ ဘောဇဘုရင်၏နန်းတော်သို့ ရောက်လာလေသည်။ ဘုရင်သည် ရသေ့အား ပြုစုလုပ်ကျွေးသည်။ ရသေ့သည် ငြိမ်သက်သောဣန္ဒြေနှင့် ပြည့်စုံသည်။ ရသေ့ရဟန်းတို့၏ ကြည်ညိုဖွယ်သော ဂုဏ်သိက္ခာကိုဆောင်သည်။ ဘုရင်သည် ရသေ့၏ ဂုဏ်သိက္ခာကို ကြည်ညိုလာရာ များစွာသော ရွှေငွေရတနာများ လှူလိုက်လေသည်။

ဘုရင်လှူသော ရွှေငွေများယူကာ ရသေ့လည်း ပြန်ကြွသွားသည်။ ရသေ့သည် ဘုရင့်ထံတွင် များများမကြာ၊ သုံးရက်ခန့်မျှသာ သီတင်းသုံးသွားသည်။ မကြာမကြာ နန်းတော်သို့ ကြွလာပါရန်လည်း ဘုရင်က လျှောက်ထားလိုက်သည်။ မိမိအားလည်း တရားဖြင့် ဆုံးမတော်မူရန် လျှောက်လိုက်သေးသည်။

ရသေ့ပြန်ကြွသွားပြီးနောက်တွင် ဘုရင်သည် ရသေ့၏ သီလသိက္ခာကို အာရုံပြုလျက် ကျန်ရစ်သည်။ ရသေ့၏ တည်ငြိမ်သော ဣန္ဒြေကို ကြည်ညိုလျက်ရှိနေသည်။

နန်းရင်ပြင်ညီလာခံသဘင်၌ မှူးမတ်များ၊ ပညာရှိပုရောဟိတ်များ စုံလင်သောအခါ ဆရာရသေ့၏အကြောင်းကို ဘုရင်က မိန့်ကြား

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်။ အထူးသဖြင့် ကာလိဒါသအား ဆရာရသေ့၏ သီလသိက္ခာကို မိန့်ကြားကာ "အသင်ကာလိဒါသ ငါဘုရင်မင်းကြီးသည် ဆရာရသေ့တစ်ပါးကို ကောင်းစွာဖူးတွေ့ရသည်။ အလွန်ကြည်ညိုသဒ္ဓါဖြစ်သည်နှင့် ရွှေငွေများလည်း လှူလိုက်သည်။ အသင်ကာလိဒါသမှာ ဆရာရှိပါ၏လော" ဟု မေးသည်။

ထိုအခါ ကာလိဒါသသည် ဘုရင်အား မိမိ၌ ခဏချင်းဖြစ်ပေါ်သော အကြံဖြင့် တင်လျှောက်သည်။ "ဆရာရှိပါသည်၊ ကျွန်တော်မျိုးဆရာမှာ ရွှေငွေများကို အလှူမခံ၊ ကိုင်ပင်မကိုင်ပါ။ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားလေးပါးလည်း မရှိပါ။ သီလသိက္ခာ သမာဓိနှင့် အလွန်ပြည့်စုံပါသည်" ဟု တင်လျှောက်သည်။

ကာလိဒါသတင်လျှောက်သည်ကို ကြားလေလျှင် ဘုရင်က "အသင့်ဆရာ ယခုဘယ်မှာနည်း၊ ဖူးမြော်လိုသည်" ဟု မိန့်သည်။ ကာလိဒါသလည်း "ယခု ဆရာကို မဖူးမြင်နိုင်သေးပါ၊ တစ်ခါတစ်ရံမှ ကြွလာပါသည်၊ ကြွရောက်လာသည့်အခါ ဘုရင်မင်းကြီးအား လျှောက်တင်ပါမည်" ဟု ပြန်၍ တင်လျှောက်သည်။

ညီလာခံသဘင်လည်း ပြီးဆုံးသွားသည်။ ပရိသတ်များလည်း အသီးသီးပြန်ကြသည်။ ကာလိဒါသမှာ ဆရာရှိသည်ဟု တင်လျှောက်ထားလေရာ ဆရာရှာရန် တာဝန်ရှိနေသည်။ ဘုရင်က မိမိမှာသာ ဆရာရှိသည်ဟု ငါဟူသောရာဇမာန်ဖြင့် ပြောလိုက်သည်ကို မကြိုက်။ ထို့ပြင် ဘုရင်၏ဆရာရသေ့က ရွှေငွေများကို အလှူခံသွားသည် ဆိုသည်ကိုလည်း မနှစ်သက်။ ဤသည်တို့မှာ အမှားချည်းဖြစ်သည်ဟု ကာလိဒါသမြင်သည်။ သို့ဖြစ်၍ ကာလိဒါသသည် ဘုရင်၏ ထိုအမှားကို တရားဖြင့်ဆုံးမရန် ဆရာမရှိဘဲလျက် ရှိဟန်တင်လျှောက်ခဲ့ခြင်းဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် ဆရာရှာရန် အိမ်သို့ပြန်လာသည်။ မည်ကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ဆရာဟုပြုလျှင် သင့်လျော်မည်ဆိုသည်ကို အဖန်ဖန် စဉ်းစားသည်။ ဤကဲ့သို့ အဖန်ဖန်စဉ်းစားပြီးသောအခါ မိမိအိမ်မှ ထွက်သွားသည်။ မြို့တွင်းတစ်နေရာသို့ ရောက်လေလျှင် သေချာစွာ စုစည်းထားသော ထင်းစည်းကလေးတစ်ခုကို လှည့်ရောင်းနေသည့် အဘိုးကြီးတစ်ဦးကို တွေ့မြင်လိုက်သည်။ ထိုအဘိုးကြီးကို မျက်ခြည် ပြတ်မခံ၊ နောက်ယောင်ခံ၍ လိုက်တော့သည်။ အဘိုးအိုကြီးမှာ အသက်အရွယ်ကြီးလှပြီ၊ ဆံပင်အားလုံးနှင့် မုတ်ဆိတ်မွေးများပင် ဖြူနေပေပြီ။

ထင်းများကိုလည်း မည်သူကမှ ဝယ်သည်ကိုမမြင်ရ၊ ထင်းစည်း ထမ်းရသည်ကလည်း လေး၊ လှည့်လည်ရောင်းရသည့် ခရီးကလည်း ဝေးလှပြီဖြစ်ရာ အဘိုးကြီးသည် တစ်နေရာတွင် ထိုင်တော့သည်။

ကာလိဒါသသည် ထိုင်နေသည့် အဘိုးကြီးအနီးသို့သွားသည်။ နောက်တွင် အဘိုးကြီးအား မိမိအလိုရှိသည်များကို ပြောပြသည်။ “အဘိုးကြီး သင့်မှာ အရွယ်ကလည်း ကြီးလှပါပြီ၊ ပစ္စည်းကလည်း ဆင်းရဲလှဟန်ရှိပါသည်၊ ကျွန်ုပ်ထံသို့ လိုက်ခဲ့ပါ၊ ကျွန်ုပ် မစပါမည်” ဟု ပြောကာ အဘိုးကြီးအား ခေါ်လာသည်။

အိမ်ရောက်လေလျှင် အဘိုးကြီးအားပြောတော့သည် “ကတုံး တုံး၊ မုတ်ဆိတ်မွေးတွေ ရိတ်ရမည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားလေးပါး မရှိသည့်ဟန်ဆောင်နေရမည်။ ပိတ်ဖြူစင်ကြယ် ဝတ်ရမည်။ ပြီးလျှင် ဘုရားကျောင်းမှာ သွားနေရမည်။ သူဌေး သူကြွယ်၊ မှူးမတ်ဗိုလ်ပါများ လာကြမည်။ ဘုရင်ကိုယ်တိုင်ပင် လာချင်လာမည် မပြောနိုင်ပါ။ လာသမျှသောသူများကိုလည်း စကား မပြောပါလေနှင့်၊ ပုတီးသာစိပ်နေပါ။ ကျွန်ုပ်ကိုယ်တိုင်လည်း ရပ်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖျောက်ပြီး အသင်လုပ်ပုံကိုင်ပုံကို လာကြည့်မည်။ အသင်လည်း ကျွန်ုပ်လာကြည့်သည်ကို သိမည်မဟုတ်။ ကျွန်ုပ်သည် ဓာရာတိုင်းက ကာလိဒါသဖြစ်သည်။ လူကိုသတ်စေနိုင်သည့် အာဏာရှိသည်။ ယခုလည်း ငွေတစ်ရာယူနှင့်၊ နောက်ဆုံးအောင်မြင်သည့်အခါ ရွှေငွေများစွာပေးမည်" ဟု ပြောသည်။

ကာလိဒါသပြောသည့်စကားများကို အဘိုးကြီးစဉ်းစားသည်။ ဤသူမှာ ကာလိဒါသဖြစ်သည်။ ဓာရာတိုင်းဘုရင်၏ ပညာရှိအမတ်ဖြစ်သည်။

ဤကာလိဒါသကြံဆောင်လျှင် ဘယ်အရာမဆို အောင်မြင်သည်၊ မမှားနိုင်ပေ။ မိမိမှာ အရွယ်ကလည်းကြီးပြီး ဆင်းရဲလည်း ဆင်းရဲလှသည်။ ကာလိဒါသစကားအတိုင်း လိုက်နာက နောင်အခါ မုချချမ်းသာရမည်ဟု တွေးတောမိသည်။ သို့ဖြစ်၍ ကာလိဒါသစကားများကို ကကြီးမှအစ အအထိ လက်ခံသည်။ "အတွင်းသဘောပါသည့် သင်၏ မာတိကာအတိုင်း လိုက်နာမည်" ဟု ပြန်ပြောသည်။

အဘိုးကြီးလည်း ကာလိဒါသပြောတိုင်းလုပ်ကာ ဘုရားကျောင်းသို့ သွားနေသည်။ အမည်နာမကိုလည်း "ဂရုဒေဝ" ဟု ကာလိဒါသက မှည့်ပေးလိုက်သည်။ သူတော်စင်ဂရုဒေဝမှာ ကြည်ညိုဖွယ်ရာအသွင်ကို များစွာပင်ဆောင်ပေသည်။

ကာလိဒါသသည် မိမိကြံသမျှ အောင်ရမည်ဟု ယုံကြည်သည်။ သူတော်စင်ဂရုဒေဝကလည်း မိမိမှာသည့်အတိုင်း လိုက်နာမည်ဟု တစ်ထစ်ချ တွက်ဆသည်။ သို့ဖြင့် ကာလိဒါသသည် ဘုရင့်ထံ သံတော်ဦးတင်ရန် သွားတော့သည်။ ညီလာခံသဘင်မှာပင် ဘုရင်ကို တွေ့လေရာ "အရှင် ဘုရင်မင်းမြတ်၊ ဆရာသူတော်စင် ရောက်ရှိနေပါသည်။ ကျွန်တော်မျိုး ဆရာမှာ မြန်မြန်ပြန်ကြွရန် အလိုရှိပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ဘုရင်မင်းမြတ် အဖူးအမြော်ခံရန် အတန်တန်လျှောက်ထား၍ လက်ခံပါသည်။ ယခု ဘုရားကျောင်းမှာ သီတင်းသုံးနေပါသည်။ ကျွန်တော်မျိုးမလိုက်လာရဟု သစ္စာကတိပြုခဲ့ရပါသည်။ သို့ဖြစ်၍ ဘုရင်မင်းကြီးသာလျှင် အဖူးမြော်ကြွတော်မူပါ" ဟု တင်လျှောက်သည်။

ဘုရင်လည်း ကာလိဒါသ၏ ဆရာသူတော်စင်အား ဖူးမြော်ရန်ကိုယ်တော်တိုင်သွားတော့သည်။ ရောက်လေလျှင် ကြည်ညိုဖွယ်သူတော်စင်ကို တွေ့ရသဖြင့် "အရှင်သူတော်စင် အဘယ်အရပ်မှာနေထိုင်ပါသနည်း၊ ဘွဲ့တော်ဘယ်လိုခေါ်ပါသနည်း" စသည်ဖြင့်ဂရုဒေဝအား လျှောက်ထားတော့သည်။

ဂရုဒေဝသည် ဘုရင်အား မည်သို့မျှ ပြန်မပြော၊ တုဏှိဘောနေသည်၊ လှုပ်ပင် မလှုပ်ပေ။

ဘုရင်သည် နောက်ထပ် ဘာမှ မမေးမလျှောက်တော့ဘဲ တစ်သောင်းတန်သည့် ပုလဲကုံးကိုလည်းကောင်း၊ ရွှေငွေမြောက်မြားစွာကိုလည်းကောင်း၊ ဂရုဒေဝရှေ့တွင် ပုံ၍လှူတော့သည်။ ဂရုဒေဝသည် တပ်မက်ဖွယ်ကောင်းလှသော ပုလဲကုံးနှင့် ရွှေငွေများကိုမယူ၊ အလှူမခံ၊ မည်သည့်စကားမှလည်း ပြန်မပြော။

ဂရုဒေဝထံမှ ဘာမှအဖြေမရသောအခါ ဘုရင်သည် ရာဇမာန်ပြင်းထန်စွာထွက်လာသည်။ ဤကဲ့သို့ တွေ့ရလိမ့်မည်ဟု မမျှော်လင့်ဟုပြောသည်။ လှူထား၍ မယူသော ပုလဲကုံးနှင့် ရွှေငွေများကိုလည်းသူတော်စင်၏ ဒကာ ကာလိဒါသထံပို့ရန် စေခိုင်းသည်။ မင်းချင်းတို့လည်း ဘုရင့်အမိန့်အတိုင်း ရွှေငွေနှင့် ပုလဲကုံးကို ကာလိဒါသထံပို့လိုက်သည်။

နောက်တစ်နေ့သို့ရောက်သောအခါ ကာလိဒါသသည် ညီလာခံသဘင်သို့ ဝင်ရောက်လာသည်။ ထိုအခါ ဘုရင်က အသင်ကာလိဒါသ

www.facebook.com/NyisayEbookCreator
www.nyisay.com



"သင့်ဆရာသည် အလွန်အသည်၊ အလွန်ညံ့သည်၊ လျှာသည်ကိုလည်း မယူ၊ စကားလည်းမပြော၊ တုဏှိဘောနေသည်" ဟု ပြောသည်။

"တရာတိုင်းအရှင် ဘုရင်မင်းမြတ်၊ လောက၌ အရာဌာနကြည့်၍ တိတ်တဆိတ်မနေတတ်သောသူသည် လူအဖြစ်သည်။ ဆိတ်ဆိတ်နေခြင်းသည် အမြတ်ဆုံးဖြစ်သည်။ သို့ဖြစ်၍ သူတော်စင်က ဘုရင်မင်းကြီးအား စကားမပြောခြင်းဖြစ်သည်" ဟု ကာလိဒါသက လျှောက်တင်သည်။

ဘုရင်လည်း မိမိသည် ဆိတ်ဆိတ်မနေ၊ သူတော်စင်အား စကားပြောမိသည်။ ထို့ကြောင့် အရာဌာနမသိသည့် လူအဖြစ်ရသည်ဟု စဉ်းစားမိသည်။ သို့ရာတွင် ကာလိဒါသအား ဘာမျှပြန်မပြော၊ ဆိတ်ဆိတ်သာနေတော့သည်။


တစ်ဖန် ကာလိဒါသကဆက်၍ "ကျွန်တော်မျိုး၏ ဆရာမှာ လျှာသည်ကိုမယူ၊ စကားလည်းမပြော၊ လောဘ၊ ဒေါသ၊ မောဟ မာနလည်းမရှိ၊ ဘုရင်ဖူးလိုသည်ဆို၍ အဖူးအမြော်ခံခြင်းသာ ဖြစ်သည် ဟု အစကတည်းက လျှောက်တင်ထားပါသည်။ သို့ပါလျက် ဘုရင်သည်သာလျှင် သူတော်စင်ကို လောဘအာရုံတို့ဖြင့် ဖျက်ဆီးသည်။ ဤမင်းသည် ခနမာန် ရာဇမာန်တက်သည်ဟု သိသဖြင့် စကားမပြောလိုက်ခြင်း ဖြစ်ပါသည်။ ငါဟူသောမာနနှင့် လောဘ စသည်တို့လည်း ဘုရင့်ဆရာမှာသာ ရှိပါသည်။ ကျွန်တော်မျိုး၏ ဆရာမှာ ဘာမှမရှိပါ။ ကျွန်တော်မျိုးမှာ ဤသို့သော ပုဂ္ဂိုလ်မျိုးကိုသာ ဆရာအဖြစ် ကိုးကွယ်ဆည်းကပ်ပါသည်" ဟု လျှောက်တင်လေသည်။

"ရသေ့ ရဟန်း စသည်တို့မှာ လောဘတရား စသည်ဘက်သို့ မလိုက်ရ။ သို့ဖြစ်၍ အသင့်ဆရာသာ မှန်ပေသည်။ ငါ၏ဆရာ မမှန်" ဟု သတိကြီးစွာရကာ ဘုရင်က ပြန်ကြားအမိန့်ရှိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် ဂရုဒေဝ (ထင်းသည်အဘိုးကြီးအား) လျှို့ဝှက်စွာခေါ်ယူ၍ ရွှေငွေများစွာကို ပေးလိုက်သည်။ "ဤအမှုကိစ္စကို ဘယ်အခါမှ မပေါ်စေရ" ဟုလည်း ပြောလိုက်သည်။ ထင်းသည်အဘိုးကြီးလည်း "ဘယ်အခါမှ မပေါ်စေရပါ" ဟု တာဝန်ခံကတိပေးပြီး ကာလိဒါသအား အရိုအသေပေးကာ မိမိရပ်ထံသို့ ပြန်သွားလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ဘုရင်က ထုံးစားအပြစ်ပေးသူကို ကယ်ခြင်း

အခါတစ်ပါးဝယ် ဘောဇဘုရင်သည် မိမိ၏ နန်းတော်တွင်းပြင် အချို့နေရာများကို ထုံးဖြူသုတ်၍ ခြယ်သစေသည်။ ထုံးသုတ်သူများ အလုပ်လုပ်ရင်း မတော်တဆဖိတ်စင်ကာ နန်းတော်ကြမ်းပြင် တစ်နေရာ၌ ထုံးစက်အနည်းငယ် ကျနေရစ်သည်။ မည်သည့် အလုပ်သမားကြောင့် ထုံးများကျနေရစ်သည်ကို မသိ၊ အလုပ်သမားများသည် သူတို့၏အလုပ်ပြီးအောင်သာ တွန်း၍လုပ်သွားကြသည်။

နန်းတော်ကို လှည့်လည်ရှုစား၍ ထုံးစက်ကလေးအနည်းငယ် ကြမ်းပေါ်ကျနေသည်ကို မြင်သောအခါ မင်းစေတစ်ဦးကို ခေါ်ပြီးလျှင် ဆေးကြောပွတ်တိုက်ရန် ဘောဇဘုရင်က အမိန့်ရှိလေသည်။

နန်းတွင်းမင်းစေမှာ အလုပ်များသူဖြစ်သည်။ ထို့ကြောင့် လုပ်လက်စအလုပ်များပြီးမှ ဆေးကြောမည်ဟု အောက်မေ့ကာ ချက်ချင်း မလုပ်မိဘဲ အခြားအလုပ်လုပ်စရာ ရှိသည်များကိုသာ ဆက်လုပ်နေမိသည်။ အချိန်အတန်ကြာသွားသော်လည်း မင်းစေသည် ထိုထုံးစက်ကလေးကို မသုတ်သင် မဆေးကြောမိ၊ အလုပ်များပြီး ဘုရင်ခိုင်းထားသည်ကို မေ့နေပေသည်။

ခဏမျှကြာသောအခါ ဘောဇဘုရင်သည် နန်းတော်ကို တစ်ပတ်လှည့်လည်ကြည့်ရှုပြန်သည်။ ထုံးစက်ကလေး မဆေးကြော

www.facebook.com/NyisayEbookCreator
www.nyisay.com



မပွတ်တိုက်ရသေးသည်ကို မြင်လေရာ များစွာ အမျက်ထွက်တော့သည်။ နန်းတွင်းမင်းစေအား ချက်ချင်းခေါ်ပြီးလျှင်

"မောင်မင်းသွားချေ၊ ဈေးသို့သွား၍ ထုံးအစိတ်သား သွားဝယ်ချေ၊ မြန်မြန်ဝယ်၍ ငါ့ထံပြန်လာခဲ့" ဟု အမိန့်ပေး ခိုင်းစေလိုက်သည်။

ဘုရင့်အမိန်ကို နာယူကာ မင်းစေလည်း ဈေးသို့ထုံးဝယ်ရန် ချက်ချင်းသွားသည်။ အပြေးအလွှား ကြောက်အားလန့်အားနှင့် သွားသည်။ ဘုရင်အား ထိတ်လန့်ကြောက်ရွံ့စိတ်များဖြင့် သွားရသည် ဖြစ်ရာ ခြေလှမ်းမမှန်၊ ကိုးရိုးကားယားဖြစ်နေသည်။

ဤကဲ့သို့ ဈေးဘက်သို့ မင်းစေသွားနေသည်ကို ကာလီဒါသ တစ်နေရာမှ မြင်လေရာ၊ ဤသူသွားပုံမှာ တစ်မျိုးဖြစ်နေသည်။ တစ်စုံတစ်ရာ ဘေးဒုက္ခနှင့် ကြုံတွေ့နေရသူ ဖြစ်ရမည်ဟု စဉ်းစားမိပြီးလျှင် ကာလီဒါသသည် ထိုမင်းစေအား ခေါ်ယူမေးမြန်းတော့သည်။

မင်းစေလည်း တစ်ခွန်းတစ်ပါဒမကျန် အားလုံးပြောပြသည်။ အစမှ အဆုံးတိုင် ပြောပြသည်။ ဘုရင်က သတ်ပစ်မည်လားဟု ကြောက်အားလန့်အားနှင့် သွားနေရကြောင်းလည်းပြောသည်။

မင်းစေပြောပြသည်များကို ကြားသောအခါ ကာလီဒါသလည်း "ထုံးကို ဘာလုပ်ဖို့ အဝယ်ခိုင်းရသလဲ" ဟု အစတွင် တွေးသည်။ ထုံးစက်ကလေး ကြမ်းပေါ်ကျနေသည်ကို မဆေးကြော၍ သူ့အား ထုံးအဝယ်ခိုင်းလိုက်သည်။ မိမိအတွေး လွဲမှလွဲရော၊ သတ်ပစ်မည်တော့ မထင်၊ ထုံးမဆေးကြောသူအား ထုံးကျွေးအပြစ်ပေးဖို့ အဝယ်ခိုင်းခြင်းဖြစ်မည်" ဟု ဆင်ခြင်မိတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘယ့်နှယ်ဘုရင်ပါလိမ့်၊ ကျွေးဖို့လည်း အမှန်ဖြစ်မည်။ အစားခိုင်းဖို့ပဲ အမှန်ဖြစ်မည်" ဟု ကာလိဒါသလည်း ထပ်မံစဉ်းစားတွေးဆမိပြန်သည်။ ဘုရင်၏ပြုမူပုံကိုလည်း မနှစ်သက်၊ ဤသို့မှားယွင်းစွာ အပြစ်ပေးမည့်အချက်ကိုလည်း မလိုလား၊ သို့ဖြစ်၍ မင်းစေအား ဘုရင်မိန့်ကြားတိုင်းမလုပ်ရန် ပြောကြားတော့သည်။

ထုံးအစိတ်သားလုံး ဝယ်မသွားနဲ့။ ထုံးကို ငါးကျပ်သားဝယ်ပြီး မခမ်းကို နှစ်ဆယ်သားဝယ်။ ထုံးကို အောက်ကထား၊ မခမ်းကို အပေါ်ကထား။ ပြီးမှ ဘုရင်ထံယူသွားပါ။ မခမ်းအရောင်နဲ့ ထုံးအရောင်မှာတူသည်။ ဖြူဖြူချည်းဖြစ်သည်။ ဘုရင်သိမည်မဟုတ်။ ဘုရင်က အစားခိုင်းခဲ့လျှင် ဒါမှ စားနိုင်မည်။ တကယ်စားရသောအခါ လွယ်လွယ်ကူကူ စားရပုံမျိုးနှင့် မစားနဲ့၊ လိမ်တွန့်ကွေ့ကောက်ပြီးစား၊ ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ စားရဟန်မျိုးနှင့်စား" ဟု ကာလိဒါသက အသေးစိတ်မှာကြားပြီး လွှတ်လိုက်သည်။

ကာလိဒါသမှာကြားလိုက်သည့်အတိုင်း မင်းစေလည်း ဈေးမှ ထုံးနှင့် မခမ်းများကို အမြန်ဝယ်ယူပြန်သွားသည်။ ရောက်သည်ဆိုလျှင်ပင် ဘုရင်သည် ကာလိဒါသ စောစောက တွေးတောပြောလိုက်သည့်အတိုင်း မမှားဘဲ မင်းစေအား ထုံးများကို အစားခိုင်းတော့သည်။ ထုံးဟုတ်သည် မဟုတ်သည်ကို မကြည့်ရှု မစစ်ဆေး၊ အမျက်ဒေါသဖြင့် ချက်ချင်းအစားခိုင်းတော့သည်။

မင်းစေလည်း ဘုရင့်ရှေ့မှာပင်စားသည်။ ကာလိဒါသ သင်ပြလိုက်သည့်အတိုင်း စားသည်။ လိမ်လိမ်တွန့်တွန့် ပင်ပင်ပန်းပန်း စားသည်။ တစ်ကိုယ်လုံး ငြိမ်ငြိမ်ထား၍မစား၊ များစွာ စပ်ခါးပူလောင်စွာ စားရဟန်ဖြင့် စားသည်။ မျက်လုံးများ ပြူးတူးပြဲတဲနှင့် ရှုံ့ရှုံ့မဲ့မဲ့ လုပ်၍စားသည်။ ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ စားရပုံမျိုးနှင့်စားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



စား၍ ဆယ့်ငါးကျပ်သားခန့် ကုန်သွားသောအခါ ဘုရင်လည်း မင်းစေ ပင်ပန်းစွာစားရပုံကိုမြင်ပြီး သနားကြင်နာစိတ် ဝင်လာသည်။ သို့ဖြင့် ဆက်မစားတော့ဖို့ အမိန့်ပေးလိုက်တော့သည်။ ထုံးများကို လည်း အခြားသို့ စွန့်ပစ်ရန် ခိုင်းလိုက်တော့သည်။

ဝမ်းသာလှသော မင်းစေသည် ထုံးများကို လူမမြင်အောင် သစ်ပင်များအကြားတွင် သွားရောက်သွန်လိုက်သည်။ ထို့နောက် အိမ်သို့ပြန်ရန် အမိန့်ရှိ၍ ပြန်သွားသည်။

နောက်တစ်နေ့တွင် မင်းစေသည် နန်းတော်သို့ ခါတိုင်းကဲ့သို့ပင် လာသည်။ မိမိအလုပ်များကို လုပ်မြဲလုပ်နေသည်။

ထိုအခါ ဘုရင်က အကဲခပ်သည်။ ဘယ်လိုပါလိမ့်။ ဤမင်းစေ သည် ဘာမှမဖြစ်၊ ထုံးများသည် အတွင်းအူများကိုစားပြီး ပေါက်ကွဲ ထွက်ကုန်လိမ့်မည်ဟု မိမိအောက်မေ့မိသည်။ ယခုသော် အလုပ်မပျက်၊ အကိုင်မပျက် ရှိနေသည်။ ဤမင်းစေသည် ထုံးများပီးနေလေသလား ဟု တွေးတောသည်။

"မောင်မင်း ထုံးများကို မနေ့ကစားသည်မှာ ဘာမှမဖြစ်ဘူး လား" ဟု ဘုရင်က မင်းစေအား ခေါ်၍မေးသည်။ မလိမ်ဝံ့သော မင်းစေသည် "ဘာမှမဖြစ်ပါ" ဟု အမှန်အတိုင်း လျှောက်ထားလိုက် သည်။

"ဒါဖြင့် သွားချေ၊ မနေ့ကထက် ထုံးတစ်ဆတိုးပြီး ငါးဆယ် သား သွားဝယ်ချေ၊-အမြန်ဝယ်ပြီး ငါ့ထံပြန်ခဲ့" ဟု ခိုင်းပြန်သည်။ အမျက်လည်း လွန်စွာထွက်နေသည်။

သည်တစ်ခါမှ အခက်ကြုံတော့သည်၊ မသွားဘဲလည်း မနေဝံ့၊ ထို့ကြောင့် ဈေးသို့အသွား ကာလိဒါသထံဝင်ကာ အကျိုးအကြောင်း ပြောရပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မနေ့က နည်းနည်းအစားခိုင်းသည်၊ ကုန်အောင်အစားမခိုင်း၊ ယနေ့တော့ ကုန်အောင်အစားခိုင်းလိမ့်မည်၊ အဲဒီတော့ ယနေ့အဖို့ မခမ်းထောပတ်ချည့်ဝယ်သွား၊ အစားခိုင်းလို့ စားတဲ့အခါ မနေ့ကလို ဟန်မျိုးနဲ့ပဲစား၊ စားပြီးတဲ့အခါမှာ မူးချင်ယောင်ဆောင်၊ အော့ချင်၊ အန်ချင်ယောင်ဆောင်၊ ဒီတစ်ခါမှ သေမှာပဲဟု ဘုရင်ယုံသွားလောက်အောင် လုပ်" ဟု ကာလိဒါသက မင်းစေအား သင်ပေးလိုက်သည်။

မင်းစေလည်း ဈေးသို့သွားကာ မခမ်းထောပတ်ချည်း ငါးဆယ်သား အမြန်ဝယ်ပြီးလျှင် ဘုရင့်ထံပြန်သွားသည်။

နန်းတော်သို့ ပြန်ရောက်သွားသောအခါ ဒုတိယအကြိမ် အစားခိုင်းပြန်သည်။ ချက်ချင်းစားရန် အမျက်ဒေါသဖြင့် အမိန့်ချသည်။ ဤဒုတိယအကြိမ်တွင်လည်း ထုံးဟုတ်သည် မဟုတ်သည် မကြည့်၊ မမေး၊ မစစ်။ ဒေါသတကြီးနှင့်သာ အစားခိုင်းပြန်သည်။

မင်းစေလည်း ဘုရင်ရှေ့မှာပင်စားသည်။ ပထမအကြိမ်ကကဲ့သို့ပင် စားသည်။ သို့ရာတွင် ဘုရင်က မသနား၊ အမိန့်ကိုပြန်မနုတ်၊ ကုန်အောင်စားသည်အထိ ကြည့်နေသည်။

စားပြီးသည်ဆိုလျှင်လည်း မင်းစေသည် ဒါရိုက်တာကာလိဒါသ ညွှန်ကြားထားသည့်အတိုင်း ဒုက္ခဖြစ်ဟန်ဆောင်သည်။ မူးဝေအော့အန်ပျို့ဟန်ဆောင်သည်။ တစ်ကိုယ်လုံး ထွန့်ထွန့်လူး တွန့်တွန့်လိမ်နေသည်။ မင်းစေသည် သက်သာပုံတစ်ချက်မှ မပြ၊ ကြာလေ ကြာလေ ပို၍ပို၍ ဆိုးလေ အသွင်မျိုး အယောင်ဆောင်သည်။

ထိုအခါ ဘုရင်သည် မင်းစေအား အိမ်ပြန်ပို့ကြရန် မင်းချင်းများအား မိန့်ကြားလိုက်သောကြောင့် မင်းချင်းများလည်း ပို့လိုက်ကြသည်။

တာဝန်ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်သော မင်းစေသည် နောက်ရက်တွင်လည်း အလုပ်သို့ လာမြဲလာသည်။ မင်းစေမှာ ဘာမှ ထူးထူးခြားခြားမဖြစ်၊ ပကတိအတိုင်း သန်သန်မာမာပင်ရှိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒီမင်းစေသည် အမည်းပေါ် အဖြူစက်ကျသလို ထူးခြားလှသည်။ ထုံးများကို နှစ်ရက်တိုင်တိုင် ဆက်စားသော်လည်း ဘာမှ မထူးခြား၊ ဘာမှမဖြစ် စသဖြင့် ဘုရင်အမျိုးမျိုးတွေးသည်။ ထို့ကြောင့် မင်းစေအား အမြန်ခေါ်ယူသည်။ ဒီတစ်ကြိမ်တော့ ငါးဆယ်သားမက တစ်အိုးလုံး အစားခိုင်းတော့မည် ထင်သည်ဟု တွေးကာ မင်းစေသည် များစွာထိတ်လန့်တုန်လှုပ်စွာဖြင့် ဘုရင့်ထံသို့သွားလေသည်။

ရောက်သောအခါ "ငါသည် ဓာရာတိုင်းရှင်ဘုရင်တစ်ပါး ဖြစ်သည်။ မင်းစေတို့မည်သည် ဘုရင်မင်းအပေါ် မလိမ်ရ၊ သစ္စာတရားကို စောင့်သိရမည်။ လိမ်ရင် ကြီးလေးသော အပြစ်ဒဏ်ပေးရမည်။ ထုံးစားသည့်ကိစ္စကို မှန်မှန်တင်လျှောက်လော" ဟု ဘုရင်က မိန့်ဆိုပြောကြားသည်။

"ဘုရင်အား ခစားသူတို့မည်သည် ဘုရင့်အပေါ် သစ္စာရှိမှ တော်မည်။ ဘုရင်အား အမှန်အတိုင်းလျှောက်တင်မှသင့်မည်။ လိမ်နေလျှင် အသတ်ခံချင် ခံရမည်" ဟု စဉ်းစားကာ တစ်လုံးတစ်ပါဒမျှ မချန် အားလုံးဖွင့်ဟ တင်လျှောက်လိုက်သည်။ ပထမအကြိမ်ကတည်းက ကာလိဒါသ သင်ပြသည့်အတိုင်း မခမ်းများကိုစား၍ ထုံးများ ကျန်နေပုံ၊ ဒုတိယအကြိမ်တွင်လည်း ကာလိဒါသ နည်းပေးညွှန်ကြားသည့်အတိုင်း မခမ်းကိုချည်း စားပုံ၊ ထို့ကြောင့် ဘာမှမဖြစ်ပုံများကို အလုံးစုံကို ဖွင့်ဟတင်လျှောက်လိုက်သည်။ မိမိတွင် နန်းကြမ်းပြင်၌ ထုံးပေသည်ကို မဆေးမိ၊ ပေါ့လျော့သော အပြစ်ရှိသည်ကို သနားတော်မူရန်လည်း တောင်းပန်လျှောက်တင်သည်။

ထုံးနှင့်မခမ်း အရောင်အသွေးတူသည်ကို ချက်ချင်းမရွေးနိုင်သော ဉာဏ်စွမ်းနှင့် သစ္စာရှိ မင်းစေမသေရအောင် စောင့်ရှောက်ကယ်တင်မှု ရှိသည်များအတွက် ကာလိဒါသကို ချီးမွမ်း၍ မိမိလည်း ထုံးဟုတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



သည် မဟုတ်သည် မကြည့်ရှု၊ မစစ်ဆေးဘဲ ဒေါသဖြင့် ချက်ချင်း အစားခိုင်းသည့် အပြစ်များကို ဘုရင်က ဆင်ခြင်တွေးတောမိသည်။ ထို့နောက် ဘုရင်သည် မင်းစေအား အပြစ်မထားဘဲ၊ သစ္စာတော် ခံယူသူ မှန်သည့်အတိုင်း လျှောက်တင်သည်ကို အားရကာ ဆုများပင် ပေးသနားလိုက်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



## ငွေတိုက်စိုးရာထူး ပြန်ရအောင် အကြံပေးခြင်း

ဘောဇဘုရင်၏ ညီလာခံသဘင်သို့ ဓနဆိုသော ငွေတိုက်စိုးလည်း တက်ရသည်။ ဓနသည် ညီလာခံသဘင်သို့ မှန်မှန် တက်ရောက်သည်။ ဘုရင့်အကျိုး၊ တိုင်းပြည်အကျိုးကို အမြဲရွက်ဆောင်သည်။ တစ်နေ့သောအခါ ဓနမှာ အပြစ်တစ်ခုရှိလာသည်။ ထိုအပြစ်အတွက် ဘုရင်က ဓနအား ရာထူးမှ ချထားလိုက်သည်။ ညီလာခံသို့လည်း မဝင်ရ၊ မတက်ရောက်ရတော့ပေ။

ဓနသည် မိမိမှားယွင်းသောအပြစ်အတွက် သည်းခံရန် ဘုရင်အား လျှောက်တင်သည်။ ရာထူးမှ မချရန်လည်း အသနားခံသည်။ ညီလာခံသဘင်သို့ ဝင်ရောက်ခွင့်ရရှိရေးကို လျှောက်ထားတောင်းဆိုသည်။

အမျက်တော်မပြေသေးသော ဘုရင်သည် မည်သို့ပင် မြော်မြင်သည်းခံရန် လျှောက်တင်သော်လည်း မရ၊ ရာထူးမှ ချထိုက် မချထိုက်ကိုလည်း မစဉ်းစား မဝေဖန် ညီလာခံဝင်ရေး မဝင်ရေးများကိုလည်း မတွေးတော၊ ဒေါသဂတိဘက်သို့ လိုက်ပါလျက်ရှိသည်။

နောက်ဆုံးတွင် ဓနမှာ ညီလာခံသဘင်မှဆင်းသွားရတော့သည်။ အိမ်မရောက်မီအကြား သွားရင်းလည်း ငိုယို၍သွားသည်။ အိမ်ရောက်သောအခါမှ ပြန်ပြောင်း၍ အကြောင်းအားလုံးကို စဉ်းစားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရာဇာ၊ ယောဂီ၊ အဂ္ဂိနိ၊ ဇလ (မင်း၊ ယောဂီ၊ မီး၊ ရေ) ဤလေးဝသည် မမှန်ကန်၊ မဖြောင့်စင်းကြ၊ ကပြောင်းကပြန် များလှသည်။ ကွေ့ကွေ့ကောက်ကောက် ဖောက်ဖောက်ပြန်ပြန် ရှိလှသည်။ ရွေ့ရွေ့ရှားရှား ဆိုးဆိုးရွားရွားရှိလှသည်။

မင်းတို့မည်သည် မျက်နှာချိုနေရာမှ ညှိုးချင်ညှိုးသွားသည်။ တိမ်တောင်သဖွယ် မင်းရေးကြွယ်တတ်လှသည်။ ရန်သူများတွင် တစ်ပါးအပါအဝင်ဖြစ်နေရာ၊ မင်းခစား အန္တရာယ်များလှသည်။ သစ္စာတော်ရှိရှိ ခစားနေလျှင် မိတ်ဆွေပမာဖြစ်သည်။ ချွတ်ယွင်းသည့်အပြင် တစ်စုံတစ်ရာ တွေ့ကြုံလာက ရန်သူပမာ ဖြစ်ရတော့သည်။

ယောဂီရသေ့တို့မည်သည်လည်း ရွေ့ရှားပြောင်းလဲမှုများသည်။ ဤနေရာ ဤသစ်ပင်ရင်းတွင် တရားအားထုတ်နေရာမှ ထိုနေရာ ထိုသစ်ပင်ရင်းသို့ ပြောင်းရွှေ့အားထုတ်သည်။ ယနေ့ ဤနေရာတွင် ဖူးမြင်တွေ့ရှိရသော်လည်း နက်ဖြန် ဤနေရာ၌ ဖူးမြော်ရဖို့ခက်သည်။ သစ်တစ်ပင်, ဝါးတစ်ချုံလျှင် နေရာကျောင်းသခ်မ်းထားရှိတတ်ရာ အပြောင်းအရွှေ့များပေသည်။ တရားမွေ့လျော်ရာဌာန ကျယ်ပြန့်ပေသည်။

မီးဆိုသည်မှာ ထိန်းသိမ်းရအလွန်ခက်သည်။ သုံးစွဲရများစွာကြပ်သည်။ ကြီးမားသော အန္တရာယ်ရှိသည်။ ကောင်းသည် ဆိုးသည် မခွဲခြားဘဲ အားလုံးကို လောင်မြိုက်တတ်သည်။ ကောင်းကျိုးပြုသည်၊ ဆိုးကျိုးရောက်သည်မသိ၊ လောင်စာတွေ့လျှင် မိမိသဘာဝအတိုင်း လောင်သည်။ ရန်သူငါးယောက် တစ်ယောက်အပါအဝင်ဖြစ်ရာ နိုင်နင်းစွာ ထိန်းသိမ်းသုံးစွဲနိုင်လျှင်သာ မိတ်ဆွေဖြစ်သည်။ မထိန်းသိမ်း မသုံးစွဲနိုင်သည်နှင့်အမျှ ရန်သူဖြစ်လေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရေဆိုသည်မှာလည်း ထိုနည်းတူပင်ဖြစ်၏။ မီးကဲ့သို့ပင် ကြောက်ရွံ့ဖွယ်ရှိသည်။ ကွေ့ကွေ့ကောက်ကောက် စီးချင်ရာစီးသည်။ သွားချင်ရာသွားသည်။ ညစ်ပတ်သည်၊ စင်ကြယ်သည်မသိ။ မိမိ သဘာ၀အတိုင်းဆောင်သည်။ ရန်သူငါးဦးတွင် တစ်ဦးအပါအဝင် ဖြစ်ရာ လိမ်လိမ်မာမာ သုံးစွဲသူကိုသာ မိတ်ဆွေပမာ ကောင်းကျိုးပေး သည်။ မလိမ်မမာ သုံးစွဲသူများအဖို့မှာ ရန်သူပမာ ဆိုးကျိုးရောက်ရပေ သည်။

ယခု မိမိမှာ တော်ပါသေးသည်။ ရာထူးမှချရုံနှင့် ညီလာခံသဘင် မှ ထုတ်ပစ်ရုံသာ ရှိပါသေးသည်။ သတ်ပစ်လျှင်ပင် ခံရမည်ဖြစ်ရာ ဘောဇဘုရင်မှာ သနားကရုဏာ ရှိပါသေးသည်။ မြော်မြင်ဆင်ခြင် မဲ့တော်မမူ၊ ရာဇဓမ္မ ရာဇနီတိကို ကြည့်ရှုပေသည်။ ဤသို့လျှင် ဓနသည် လောကဓမ္မနှစ်၀အရေးကို တွေးတောစဉ်းစားသည်။

ဓနသည် မိမိ၏ရာထူးဟောင်းကို ပြန်ပြောင်းသတိရနေသည်။ တွယ်တာတပ်မက်နေသည်။ ရာထူးမှ ထွက်လိုက်ရခြင်းအတွက် စိတ်အတော်ထိခိုက်သည်။ သို့ဖြစ်လေရာ ရာထူးပြန်ရရေးကို တွေးတောစဉ်းစားပြန်သည်။

မိမိမှာ သစ္စာရှိရှိဖြင့် နှစ်ရှည်လများ ဘုရင်အား ခစားအမှု ထမ်းရွက်လာခဲ့သည်။ သစ္စာမပျက် ဆောင်ရွက်လာခဲ့သည်။ အမည်း စက်ဟူ၍ မရှိခဲ့။ ယခုလည်း ကြီးမားသော အမည်းကွက်မဟုတ်၊ ဆိုးဝါးသော အပြစ်မဟုတ်၊ ရာထူးမှနှုတ်၍သာ နှုတ်သည်၊ ဘုရင် စိတ်တော်ကြည်က ရာထူးကို ပြန်ထမ်းရွက်နိုင်သေးသည်။

ညီလာခံမှနှင် ရာထူးမှချလိုက်စဉ်က ကာလိဒါသရှိသည်။ ကာလိဒါသမြင်သဖြင့် ကျိုးကြောင်းလုံးစုံကိုလည်းသိသည်။ ပညာရှင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသထံ သွားရောက်ဆွေးနွေး တောင်းပန်က ရာထူးပြန်ရနိုင်သည်။ ဘုရင်လည်း ကာလိဒါတင်လျှောက်ချက်ကို ငြင်းဆန်မည်မဟုတ်၊ မတင်လျှောက်သည်တိုင် အကြံပေးချက်ကို ကန့်ကွက်မြစ်တားမည်မထင်၊ လက်ခံအောင်မြင်ဖို့သာ များသည်။ ဤသို့လျှင် ရာထူးချထားခြင်းခံနေရသော ငွေတိုက်စိုးဓနသည် ရာထူးပြန်ရရေးကို တွေးတောဆင်ခြင် မြော်မြင်သည်။

သို့နှင့် ဓနသည် ကာလိဒါသထံသွားသည်။ အကျိုးအကြောင်းစုံကို ပြောပြသည်။ ထိုအခါ ကာလိဒါသက "အမောင်ဓန၊ နက်ဖြန်ညီလာခံသဘင်သို့ ဝင်ခဲ့ပါ၊ ဘုရင့်ရှေ့သို့ရောက်သောအခါ ဓနသွားရမလား၊ နေရမလားဟူသော စကားနှစ်ခွန်းကိုသာ ဘုရင်အား တင်လျှောက်လေ" ဟု မှာကြားပြောဆိုသည်။

ဓနသည် ပညာရှိကာလိဒါသ အကြံပေးသည်ကို နှစ်သက်လက်ခံလိုက်သည်။ သို့သော်လည်း ဘုရင်အား ထိုစကားနှစ်ခွန်းကို မတင်လျှောက်ဝံ့။ ကြောက်ရွံ့စိုးရိမ်လျက်ရှိသည်။ အသက်အန္တရာယ်ပြုမည်ပင်စိုးသည်။ ထို့ကြောင့် အရှင်ကာလိဒါသ အကြံပေး မစသည်ကို နှစ်သက်လက်ခံလိုပါသည်။ သို့ရာတွင် ဘုရင်အား မတင်လျှောက်ဝံ့ပါ။ ကြောက်ရွံ့ပါသည်ဟု ပြန်ပြောသည်။

ကာလိဒါသလည်း တင်လျှောက်သာ တင်လျှောက်ပါ။ ကျုပ်ရှိပါသေးသည်ဟု ထပ်မံအားပေးပြောဆိုသည်။

ဓနသည် နောက်တစ်နေ့တွင် ညီလာခံသဘင်သို့ တက်ရောက်လာသည်။ ကာလိဒါသလည်း ညီလာခံမှာပင်ရှိသည်။ သို့ဖြစ်လေရာ ကာလိဒါသအားကိုးဖြင့် ကာလိဒါသ အကြံပေးစကားနှစ်ခွန်းကို ဘုရင်အား လျှောက်တင်လေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခနတင်လျှောက်သော စကားကိုကြားလျှင် ဘုရင်သည် ဤအကြံသည် ကာလိဒါသပေးသောအကြံသာဖြစ်ကြောင်း သိသည်။ သိသည့်အတိုင်း ခနအား "ဤစကားကို မည်သူ့ထံမှ ရသနည်း" ဟု ဘုရင်က မေးသည်။

ထိုအခါ ခနသည် ဘုရင်အား ဟုတ်တိုင်းမှန်ရာသာ လျှောက်တင်ရသည်။ ကာလိဒါသထံမှ ရကြောင်း၊ ကာလိဒါသ အကြံပေးကြောင်း ဖွင့်၍ဝန်ခံ လျှောက်ထားရသည်။

"ခနဆိုသည်မှာ ငွေကိုဆိုသည်။ ခနသွားဆိုက မလျော်၊ ခနနေစေဆိုမှ လျော်မည်" ဟု ဘုရင်လည်း စဉ်းစားမိသည်။ ထို့နောက် ခနကိုခေါ်၍ မူလငွေတိုက်စိုးရာထူးကို ပြန်ခန့်လိုက်သည်။ ညီလာခံသဘင်သို့ ယခင်ကအတိုင်းဝင်ရန်လည်း မိန့်တော်မူသည်။ ဒေါသအလျောက် ရာထူးမှချ၊ ညီလာခံသဘင်မှ နှင်လိုက်မိသည်များကို များစွာစိတ်မကောင်းဟုလည်း မိန့်တော်မူလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# အာသောက သက်သေခံ

ဓာရာတိုင်း မခုဝတီရွာတွင် လူအိုကြီးတစ်ယောက်သည် မိမိ အိမ်၌ ကိုယ်ချမ်းသာ စိတ်ချမ်းသာတစ်ဦးတည်းနေ၏။ ထိုအဘိုးကြီး တွင် ရွှေဒင်္ဂါး ၁၀၀၀ ရှိလေသည်။

တစ်နေ့သောအခါ ထိုလူအိုကြီးသည် မခုဝတီရွာမှ အခြားရွာ၌ ရှိသော ဆွေမျိုးဉာတိများထံ သွားလာလည်ပတ်လိုသောစိတ် ဖြစ်လာ ၏ ။

သို့ရာတွင် မိမိအိုမင်းသည့်အခါ သုံးစွဲရန် ငယ်စဉ်ကစ၍ ဆင်းရဲ ပင်ပန်းခံကာ အလုပ်လုပ်ပြီး စုဆောင်းထားသော ရွှေဒင်္ဂါးတစ်ထောင် အတွက် အခက်တွေ့နေ၏။ အိမ်စောင့်မရှိသော အိမ်မှာပင် ထိုရွှေများ ကို ထားခဲ့ရမည်ဆိုက သူခိုးများကို စိတ်မချ၊ လမ်းခရီး ယူသွားရမည် မှာ ဓားပြလူဆိုးများက တိုက်ခိုက်မည်ကို စိုးရိမ်ရ။ ဤသို့နှင့် ဆွေမျိုးများထံ အလည်သွားရောက်ဖို့ အထမြောက်ရေးအတွက် ချီတုံ ချတုံဖြစ်နေ၏။ သွားလိုစိတ်ကလည်း ဖျောက်မရ ဖျက်မရနိုင်ပေ။ ခရီးသွားလိုသည်ဆိုသည်မှာ ချင်ခြင်းတပ်ခြင်းတစ်မျိုးကဲ့သို့ဖြစ်၍ အလွန်အဖြေခက်သော စိတ်တစ်မျိုးပင် ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အဘိုးကြီးသည် တဖြည်းဖြည်းတွေးမိလာသည်။ မိမိမှာ အလွန်ယုံကြည်ရသော မိတ်ဆွေလုလင်တစ်ယောက်ရှိသည်။ လုလင်ထံတွင် သွားရောက်အပ်နှံထားခဲ့ရလျှင် စိတ်ချရ လုံခြုံလောက်သည်ဟု အကြံဖြစ်ပေါ်လာသည်။ ထို့ကြောင့် အဘိုးအိုကြီးသည် မိမိမိတ်ဆွေလုလင်ထံ သွားပြီး မိမိမှာ ရွှေဒင်္ဂါး ၁၀၀၀ ရှိကြောင်း၊ ဆွေမျိုးဉာတိများဆီသို့ ခေတ္တအလည်သွားစဉ် မိတ်ဆွေလုလင်ထံ အပ်ထားလိုကြောင်း ပြောပြ၏။ ထိုအခါ မိတ်ဆွေလုလင်က "စိတ်ချပါ၊ လုံခြုံအောင် သိမ်းဆည်းထားပါမည်" ဟု ပြောလေရာ အဘိုးအိုကြီးလည်း ယုံကြည်ပြီးလျှင် အိမ်ပြန်၍ယူကာ အပ်ခဲ့လေသည်။

ထိုသို့ ရွှေဒင်္ဂါးများကို အပ်ကြ လက်ခံကြသည်မှာ လုလင်နှင့် အဘိုးကြီးနှစ်ဦး၏ အိမ်များ၌မဟုတ် မိမိတို့နှစ်ဦးမှအပ ဘယ်သူမှ မရှိသည့် တောတောင်လျှိုမြောင်တစ်ခုအတွင်းရှိ "အာသောက" ပင် တစ်ပင်အောက်တွင် အားလုံးလုံခြုံမှုအတွက် ပေးအပ်လိုက်ခြင်း ဖြစ်၏။

လုလင်လည်း စိတ်ကောင်းနှင့်လက်ခံပြီး သိမ်းဆည်းထားလေသည်။ တစ်ရက် နှစ်ရက်မျှကြာသော် ဖောက်ပြန်သောစိတ် ဝင်လာသည်။ ငါ့အိမ်မှာ ငါနေပါလျက် အဘိုးအိုကြီးသည် ငါ့အား သက်သက်လာပေးသည်။ ငါပြန်မပေးဘဲ ထားတော့မည်။ ဘယ်သူမှ လည်းမသိ၊ ဘာသက်သေမှလည်းမရှိ၊ အဘိုးကြီးကပြန်တောင်းလျှင် "ဘယ်တုံးကအပ်လို့လဲ" ဟု မေးလိုက်မည်ဟု ဆုံးဖြတ်ထားလိုက်လေသည်။

(၁၅) ရက်မျှကြာသော် အဘိုးကြီးသည် အိမ်သို့ပြန်ရောက်လာသည်။ ထို့ကြောင့် မိတ်ဆွေလုလင်ထံသွားပြီး မိမိအပ်နှံထားသော ပစ္စည်းများကိုတောင်းသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ လုလင်ပျိုက လူအိုကြီးအား "ဘယ်တုံးကအပ်လို့လဲ၊ အပ်မှမအပ်ဘဲ မရှိပါဘူး" ဟု ငြင်းဆိုပြန်ပြောလိုက်သည်။

အစသော် မိမိအား ကျီစားသည်ဟု ထင်၏။ ထပ်တောင်းသော အခါ "ခင်ဗျားလို လူအိုလူမွဲရဲ့ ရွှေဒင်္ဂါးဆိုတာတွေက ကျုပ်ဆီ ဘယ်လိုကြောင့် ရောက်လာရမှာလဲ၊ ယုတ္တိမရှိတဲ့စကား လာမပြော ပါနဲ့၊ ဘယ်သူ့ရှေ့မှာ အပ်ထားတာလဲ" ဟု မေးကာ လုလင်သည် ရွှေများကို မပေးဘဲနေလေသည်။

ပြန်ရမည်မဟုတ်သည့် အသွင်အပြင်ကို မြင်သောအခါ "ချစ် မိတ်ဆွေလုလင် သင်ကမှ ပြန်မပေးလျှင် ကျွန်ုပ် သူတောင်းစားဘဝ ရောက်ရပါတော့မည်၊ ချစ်မိတ်ဆွေမှာ ငယ်ငယ်ရွယ်ရွယ်သာ ရှိပါသေး သည်။ အသင့်ဘဝအတွက် ကောင်းကျိုးများကို ဖန်တီးနိုင်ရန် အချိန်များစွာ ရှိပါသေးသည်" ဟု တောင်းပန်ပြောဆိုရှာလေသည်။

ဤကဲ့သို့ သနားစဖွယ်တောင်းပန်ရှာသော်လည်း လောဘ တပ်မက်အားကြီးနေသည့် လုလင်သည် အဘိုးအိုကြီးအား ဘာမျှ ပြန်မပြောတော့ဘဲ ဆွဲငင်ပြီး မိမိအိမ်မှ နှင်ထုတ်လိုက်လေတော့သည်။

ယုံကြည်စိတ်ချသောကြောင့် အပ်နှံစဉ်က မည်သူမှ မသိမမြင်၊ ထို့ကြောင့် ဘယ်သူကမှလည်း ကူညီ၍ ပြောမပေးနိုင်။ သို့ဖြစ်ရာ အဘိုးအိုသည် ခေါင်းငိုက်စိုက်ချကာ မိမိအိမ်သို့သာ ပြန်သွားရလေ သည်။

သုဝဏ္ဏဝတီခေါ် အမယ်အိုကြီးတစ်ဦးသည် အဘိုးအိုနှင့် အိမ်နီး ချင်းဖြစ်၏။ အမယ်အိုသည် အဘိုးကြီး၏အကြောင်းကိစ္စကို ကြား သောအခါ လာရောက်၍ "ဓာရာတိုင်းကြီးတွင် ဘောဇဘုရင်နှင့် ကာလိဒါသတို့ နှစ်ဦး ရှိပါသည်၊ အမှုအခင်းများကို တရားနှင့်အညီ

www.facebook.com/NyisayEbookCreator
www.nyisay.com



စစ်ဆေးစီရင်ပါသည်။ တရားစောင့်သောမင်းများ ထင်ရှားရှိပါလျက် အဘယ့်ကြောင့် မိမိ၏ပစ္စည်းများ လက်လွတ်ဆုံးရှုံးခံရပါမည်နည်း။ ဘောဇဘုရင်ထံ အမြန်သွား၍ အကျိုးအကြောင်း သံတော်ဦးတင်ချေ" ဟု အဘိုးအိုကြီးအား ပြောပြတိုက်တွန်းသည်။

အစသော် ဘုရင့်ထံ သံတော်ဦးတင်သော်လည်း သက်သေမရှိ၍ ရနိုင်မည်မထင်ဟု အောက်မေ့မိ၏။ ထို့နောက် မင်းကျင့်တရားနှင့် အညီကျင့်သော မင်းတို့မည်သည် အမှန်တရားဖြင့် စီရင်ဆုံးဖြတ်ရာ သည်။ သစ္စာတရားဆိုသည်ကား ရှိသေးသည်ဟု ထင်မြင်သဘော ပေါက်သောကြောင့် မိမိ၏အဖြစ်အပျက်များကို ဘုရင်မင်းကြီးအား ဦးတိုက်သံတော်ဦးတင်လေသည်။

ဘောဇဘုရင်မင်းမြတ်မှာ မင်းတို့ကိစ္စအဝဝဖြင့် မအားမလပ်ရှိနေ ပေရာ ဤအမှုကို ကာလိဒါသအား လွှဲအပ်လိုက်၏။

ကာလိဒါသသည် အဘိုးကြီးကိုခေါ်သည်။ လုလင်ပျိုကို လာရန် ဆင့်ဆိုသည်။ ရောက်လာကြပြီးသောအခါ "ရွှေဒင်္ဂါးများကို ပေးစဉ် အခါ မိမိတို့အနီးတွင် ဘယ်သူရှိသနည်း" ဟု အဘိုးကြီးအား ကာလိဒါသက မေး၏။

"ဘယ်သူမှမရှိပါ၊ ကျွန်ုပ်တို့နှစ်ယောက်တည်းသာရှိပြီး အာသောကသစ်ပင်ရင်းအမြစ်ပေါ်ထိုင်လျက် ကျွန်ုပ်၏လက်မှ လုလင် ပျိုလက်သို့ ပေးလိုက်ပါသည်" ဟု အဘိုးအိုကြီးက အစစ်ခံသည်။

"ဤသို့ဆိုက ကောင်းပြီ၊ ထိုအာသောကသစ်ပင်ကို သွားခေါ် ချေ၊ အကျိုးအကြောင်းကိုပြောပြလေ၊ မလိုက်လိုဘူးဆိုက ကာလိဒါသ အာဏာ၊ ဘောဇဘုရင်၏အာဏာဟုပြောပြီး ခေါ်ချေ၊ ထိုအခါ မလိုက်မရှိ၊ လိုက်လာလိမ့်မည်" ဟု ပြောကာ အာသောကသစ်ပင် ရှိရာသို့ အဘိုးကြီးအား အခေါ်လွှတ်လိုက်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



အဘိုးကြီးသည် အာသောကပင်ဆိုသည်မှာ သစ်ပင်ဖြစ်နေ၍ လိုက်လာမည်မထင်၊ သို့ပင်ဖြစ်လင့်ကစား မှာကြားသည့် ကာလိဒါသ ၏ အာဏာဖြင့် သွား၍ခေါ်၏။ အကျိုးအကြောင်းပြော၍ ခေါ်၏။ ကာလိဒါသ၏အမိန့်၊ ဘုရင်ဘောဇ၏အမိန့်များ ပြန်၍ခေါ်၏။ မရွေ့မရှားနေသောကြောင့် နောက်ဆုံးတွင် အဘိုးအိုသည် ရလိုရငြား အာသောကပင်ကိုဖက်ပြီး ငိုယိုကာ ခေါ်၏။ သက်သေအဖြစ် ကူညီ ရန် တောင်းပန်၏။

ဤကဲ့သို့ အာသောကပင်ရှိရာသို့ အဘိုးကြီးသွားနေစဉ် ကာလိဒါသ၏အနီးတွင် ကျန်ရစ်သော လုလင်ပျိုအား "အဘိုးကြီး ရောက်လောက်ပလား" ဟု ကာလိဒါသက အမှုမဲ့မေး၏။ ထိုအခါ လုလင်ပျိုက "ရောက်မည်မဟုတ်သေးပါ၊ ဆူးငြောင့်ခလုတ်တို့ဖြင့် ရှုပ်ထွေးလှသော တောမြိုင်ကြီးအလယ်မှာ ရှိပါသည်။ တော်တော် ခရီးဝေးပါသည်။ အတန်ကြာသွားမှ ရောက်ပါလိမ့်မည်" ဟု ပြန်ပြော ၏။

ထိုသို့ လုလင်ပျို ပြောလိုက်စဉ်မှာပင် ဤလုလင်သည် ကောက်ကျစ်စဉ်းလဲသူဖြစ်သည်။ အဘိုးကြီး၏ရွှေများကို အမှန်ပင် သူယူထားသည်ဟု ကာလိဒါသ၏ စိတ်ထဲတွင် ဆုံးဖြတ်လိုက်လေ သည်။ အတန်ကြာသော် အဘိုးကြီးသည် မကြည်လင် မရွှင်ပျသော မျက်နှာဖြင့် ခေါင်းငိုက်စိုက်ကျကာ ပြန်လာလေသည်။

ကာလိဒါသထံ ရောက်သောအခါ "အာသောကပင် မလိုက်လာ ပါ၊ ကာလိဒါသအာဏာ၊ ဘုရင့်အာဏာဟုပြော၍ ခေါ်ပါသည်၊ အကျိုးအကြောင်းပြော၍လည်း ခေါ်ပါသည်။ သို့ရာတွင် အာသောက ပင်မှာ မလှုပ်ပါ။ အဖြေစကားတစ်လုံးမှလည်း မပေးပါ" ဟု အဘိုးကြီးက ပြော၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သင် အာသောကပင်သို့ ရောက်လောက်သည့်အချိန်မှာ အပင်ကြီးက ဒီကိုလာပြောသွားပါပြီ။ ယခု ပြန်သွားပါပြီ" ဟု အဘိုးကြီးအား ကာလိဒါသက ပြန်ပြောသောအခါ "အပင်ကြီး ဒီမလာပါဘူး၊ မမြင်လိုက်ပါဘူး" ဟု လုလင်ကဝင်၍ ပြောလိုက်သည်။

ဤကဲ့သို့ဆိုလျှင် "မောင်မင်း ဒီအပင်ကြီးကို သိသလား" ဟု ကာလိဒါသက မေး၏ "သိပါတယ်၊ မှတ်မိပါတယ်" ဟု လုလင်က ဖြေ၏။

ဤမျှသောစကားကိုစစ်မေးပြီးလျှင် "အမောင်လုလင် သင်သည် မယူရဘူးဟုသာပြောသည်၊ သင့်ကိုယ်တိုင်က ထိုအပင်ကြီးမှာ ဝေးသော တောမြိုင်ကြီးထဲမှာရှိသည်ဟု ပြောသည်ကတစ်ချက်၊ အပင်ကြီးကို မှတ်မိပါသည်၊ သိပါသည်ဟု ပြောသည်က တစ်ချက် ဤနှစ်ချက်ကိုထောက်ပြီး အဘိုးကြီး၏ ရွှေများကို သင်ယူထားသည်ဆိုသည်မှာ ပေါ်ပြီးဖြစ်နေသည်" ဟု ကာလိဒါသက လုလင်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ပြောလိုက်၏။

လုလင်သည် မတုန်မလှုပ် ဆိတ်ဆိတ်ပင်နေတော့သည်။

"ပြန်ပေးပါ၊ ခိုးမှုလိမ်မှုသည် အပြစ်ကြီးသည်။ မပေးက ဘုရင့်ထံ ပြန်ပြီးပို့လိုက်မည်၊ ပြန်ပေးရသည့်တိုင်အောင် မောင်မင်းကို ကွင်းလုံးကျွတ်မလွှတ်နိုင်၊ လက်နှစ်ဖက်ဖြတ်ပြီးမှ လွှတ်မည်" ဟု ကာလိဒါသက ပြောလိုက်သည်။

"ငါကား လိမ်လည်လိုစိတ်ဖြင့် ယူထားသည်မှာ မှန်သည်၊ ကာလိဒါသထံ မှန်သည့်အတိုင်း ဝန်ခံချေက လက်နှစ်ဖက်သာ အဖြတ်ခံရမည်၊ ဘုရင့်ထံ၌ဆိုက ဦးခေါင်းအဖြတ်ခံရမည်" စသည် ဖြင့်တွေးကာ လုလင်သည် ကာလိဒါသအား အမှန်အတိုင်းဝန်ခံသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် လက်နှစ်ဖက်မဖြတ်သေးဘဲ ဘုရင့်ထံသို့ လုလင်ကို ခေါ်ဆောင်သွားပြီး စီရင်ချက်ကိုပါ တင်ပြလေသည်။ ဘုရင်သည် အမှုပေါ်အောင် ကာလိဒါသစစ်ပုံကိုကြည့်ကာ များစွာ ချီးကျူးလေသည်။

"လုလင်မှာ ငယ်လည်းငယ်သေးသည်။ ရွှေများ မိမိထံရောက် လာသောကြောင့် စိတ်ဖောက်ပြားသွားခြင်းဖြစ်သည်။ ထို့ကြောင့် ညှာတာသောအားဖြင့် အပြစ်ဒဏ်ကိုလျှော့မည်" ဟု အမိန့်ရှိတော်မူပြီး လျှင် လုလင်၏ကျောခွဲ "သူခိုး" ဟူသော စာလုံးထိုးကာ မြို့ခုနစ် ပတ် လှည့်ရမည့်အပြစ်ကိုသာ ဘုရင်က ပေးလိုက်သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# မီးခွက်အောက်မှ အရိပ်

ဓာရာတိုင်းအရှင် ဘောဇဘုရင်သည် နေ့စဉ် နေမင်း၏ အရုဏ်နီမြန်းသော ရောင်ခြည်လာသည်မှ နေဝန်းကြီးထွက်ပေါ်ပြီးသည်အထိ နံနက်တိုင်း အရှေ့စူးစူးသို့ အာရုံပြုလေ့ရှိသည်။ နံနက်အရုဏ်အခါ ယှက်ဖြာထိန်လင်းလျက် ထွန်းသစ်ထွက်ပေါ်လာသည့် ရောင်ခြည်နုကိုလည်း အလွန်နှစ်သက်တော်မူသည်။

ဘုရင်သည် နေမင်းကို လောကဓာတ်တစ်ခုလုံး၏ တစ်ဆူသောမင်းဖြစ်သည်ဟု စွဲမြဲသောအယူရှိသည်။ မင်္ဂလာနံနက်အခါ ထွက်ပေါ်လာသည့် ထိုနေမင်းကို ညွှတ်ကိုင်းအာရုံပြုလေ့ရှိသောသူအား ထိုနေ့ပတ်လုံး နေမင်းက လုံခြုံစွာစောင့်ရှောက်သည်ဟု အယူရှိသည့်အတိုင်း ဤသို့ပြုခြင်းဖြစ်သည်။ ဘုရင်သည် မိမိ၏ ဤဝတ်ကို နေ့စဉ် မချွတ်မယွင်း မပြုမိ မရှိရအောင်လည်း အထူးဂရုပြုလေသည်။

တစ်နေ့သောနံနက်စောစောတွင် ထိုကဲ့သို့ အာရုံပြုနေစဉ် နန်းတော်အနီး တစ်ခုသောလမ်းမမှ အော်သံကို ကြားလိုက်သည်။ ကြားရသောအသံမှာ ကြီးမားသောဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသဖြင့် ထိတ်လန့်ပြီး အော်သောအသံမျိုးဖြစ်သည်။ သို့ဖြစ်၍ အာရုံပြုပြီး လျှင်ပြီးချင်း အသံကြားရာသို့ စူးစမ်းကြစေသည်။

ထိုသို့ စူးစမ်းစေခိုင်းစဉ်အခါ နန်းတော်တွင်း၌ ကာလိဒါသ ရောက်နေသည်။ သို့ဖြစ်၍ ထိုကိစ္စကို ကာလိဒါသပင် စုံစမ်းရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မင်းချင်းယောက်ျားတို့သည် ကာလိဒါသည္သန်ရာသို့ သွားကြသည်။ တိုင်းတစ်ပါးမှ အရောင်းအဝယ်ကိစ္စဖြင့်လာသော ကုန်သည်တစ်ဦး လမ်းမအလယ်၌ ဓားပြတိုက်ခံရသည်။ အရိုက်အနှက်ခံရသည်။ ထို့ကြောင့် ထိတ်လန့်တကြား စူးစူးဝါးဝါးအော်သော အသံဖြစ် ကြောင်း သိရသည်။ သို့သော် ဓားပြများကိုမူ မမိလိုက်တော့၊ ပြေးနှင့် ကြလေပြီ။

မင်းချင်းယောက်ျားတို့သည် အကြောင်းကို ဆက်လက်၍ စုံစမ်း ကြသည်။ ဘုရင့်နန်းတော်အနီး ဖြစ်ပွားသော ကိစ္စဖြစ်၍ ကြိုးစား၍ လိုက်ကြသည်။ မနားမနေ ရှာဖွေကြသည်။

ဓားပြများသည် အလွန်လျင်ကြသည်။ ဓာရာတိုင်းမှ ချက်ချင်း ပင် ထွက်ခွာသွားကြသည်။ မိမိတို့တိုင်းပြည်ဘက်သို့ အေးရန်ကင်းစွာ ဆုတ်ခွာသွားကြသည်။ မိမိတို့ပြည်သား ဓားပြများမဟုတ်ဟု မြင် လိုက်ကြသူများက ပြောကြသည်။ ထိုသူများအား မကြာမီရက်အတွင်း ကမှ မြင်ဖူးကြောင်း။ ယခု ၎င်းတို့မရှိတော့ကြောင့်လည်း ပြောကြ သည်။ ဤသို့ဖြင့် မင်းချင်းတို့သည် ထိုမှုခင်းကို သတင်းမျှသာ ကြားသိရတော့သည်။

ဓားပြအတိုက်ခံလိုက်ရသော ကုန်သည်သည်၊ မင်းချင်းများနှင့် အတူ လိုက်ပါလာသည်။ ရောင်းထားသော ငွေများကိုလည်း အကုန် ပေးလိုက်ရသည်။ သို့ဖြစ်လေရာ ဓားပြများကိုမမိဘဲ သတင်းလောက် သာ ရကြသော မင်းချင်းတို့သည် ထိုသူ့ကိုပါခေါ်၍ နန်းတော်ကို ပြန်ကြသည်။

ဘုရင့်ရှေ့တော်မှောက်သို့ ရောက်လေလျှင် ကုန်သည်က မိမိမှာ အခြားတိုင်းပြည်ကဖြစ်ကြောင်း၊ ရောင်းရသမျှငွေများကို အကုန်ပေး

www.facebook.com/NyisayEbookCreator
www.nyisay.com



လိုက်ရကြောင်း စသည်ဖြင့် သံတော်ဦးတင်သည်။ အကြောင်းအစုံကို သိရသော ဘုရင်မင်းကြီးသည် ဝမ်းနည်းစိတ်မကောင်း များစွာဖြစ်သည်။ မိမိနန်းတော်အနီး၌ ဖြစ်ပွားသော ကိစ္စဖြစ်၍ ပို၍ရှက်စဖွယ်ဖြစ်သည်ဟု မိန့်တော်မူသည်။ နန်းတော်နှင့်ဝေးသော အရပ်များ၌ဆိုက တိုင်းသူပြည်သားများ ပို၍ ဆင်းရဲဒုက္ခဖြစ်ကြလိမ့်မည်ဟုလည်း မိန့်တော်မူသည်။

ဘုရင်မင်းကြီး မိန့်တော်မူသည်ကိုကြားသော ကာလိဒါသသည် ဓားပြများ တိုင်းပြည်တွင်း၌ မရှိတော့သည်ကို လျှောက်တင်သည်။ မင်းချင်းများကလည်း မိမိတို့ထောက်လှမ်းချက်အရ ဤတိုင်းပြည်မှ ဓားပြများမဟုတ်ကြသည်ကို တင်လျှောက်ကြသည်။

ဤသို့ နန်းတော်အနီးဖြစ်ပွားသော ကိစ္စအတွက် "တိုင်းတစ်ပါးက ကြား၍မှမလျော်၊ ရှက်ဖွယ်အလွန်ကောင်းသည်။ တိုင်းပြည်အတွက် စိုးရိမ်တော်မူသည်" ဟု စိတ်မချမ်းမသာနှင့် ဘုရင်မင်းကြီးက ကာလိဒါသအား ဆက်လက်မိန့်တော်မူသည်။

ထိုအခါ ကာလိဒါသက "ပတ်ဝန်းကျင်သို့ အလွန်ထွန်းပြောင်သည့် အရောင်ကို ရစေသော မီးခွက်သည်ပင် မိမိ၏အောက်၌ အမှောင်ရောက်ရပါသေးသည်။ ထိုနည်းအတူ ဘုရင့်အာဏာ၊ ဘုရင့်ဘုန်းရောင်အောက်တွင်ရှိသော နိုင်ငံတော်တွင်လည်း အနည်းငယ်သော အမှုကိစ္စကလေးများ ရှိနိုင်ပါသည်" ဟု စိုးရိမ်ကြောင့်ကြမှုမရှိရန် သံတော်ဦးတင်သည်။

ကာလိဒါသလျှောက်တင်သည်ကို ကြားလတ်သော် မင်းကြီးသည် များစွာစိတ်သက်သာရာရတော်မူသည်။ တိုင်းပြည်ကိုလည်း အထူးဂရုပြု၍ အုပ်စိုးတော်မူသည်။



# ဘာမလုပ်နိုင်သလဲ ပုစ္ဆာ (၄) ရပ်

ဘောဇဘုရင်၏နန်းတော်အတွင်း တစ်နေ့ သောညီလာခံသဘင်သို့ ပညာရှိသုခမိန်တစ်ဦး သည် ခွင့်တောင်းပြီးတက်လာ၏။ ထိုပညာရှိ သည် ဘုရင်မင်းကြီး၏နန်းတော်တွင်း၌ ပညာရှိသုခမိန် မြောက်မြားစွာရှိသည်ဟု ကြား သိရ၍ ပညာစမ်းလိုသဖြင့် လာရောက်ခြင်း ဖြစ်လေရာ ထိုညီလာခံသဘင်အလယ်တွင် ကြုံစည်လာသော အမေးပုစ္ဆာ (၄) ရပ်ကို မေးလေသည်။

ထိုသို့ အမေးပုစ္ဆာကြီး (၄) ရပ်ကို မေးစဉ် အခါ ညီလာခံသဘင်သို့ ကာလိဒါသ မရောက် လာသေးပေ။ မေးနှင့်သော အမေးပုစ္ဆာတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ မိန်းမတို့မှာ မိန်းမတို့ ဣတ္ထိမာယာဖြင့် ဘယ်သူ့ကို ဘာမလုပ်နိုင်သလဲ။

၂။ သမုဒ္ဒရာတို့မည်သည်မှာ ဘာကို မမျိုဝါးမစားနိုင်သလဲ။

၃။ မီးတို့မည်သည်မှာ ဘာကိုမလောင်နိုင်သလဲ။

၄။ သေမင်းမည်သည်မှာ ဘယ်သူ့ကို မသတ်နိုင်သလဲ။

ညီလာခံသဘင်တွင် ရှိနေကြသော မှူးမတ်ပညာရှိများသည် ဘာဖြေရမှန်းမသိ၊ သူဖြေနိုး၊ ကိုယ်ဖြေရနိုးနှင့် တစ်ဦးကိုတစ်ဦး လှမ်းကြည့်နေကြ၏။ ဘယ်သူမှလည်း မဖြေဝံ့။ ဤပွဲမျိုး၌ အဖြေလွဲ

www.facebook.com/NyisayEbookCreator
www.nyisay.com



သွားပါက ဘုရင်နှင့် တိုင်းပြည်ပါ အရှက်ရမည်ဖြစ်သောကြောင့် အပြစ်ဒဏ်ကြီးကြီးရနိုင်သည်။ ထို့ကြောင့် အမှားမခံဝံ့။ ဘယ်သူမှ လည်း ပိုင်သည့်အဖြေကို ပေးနိုင်ဖို့ ဉာဏ်မထွက်။

ဤသို့နှင့် တစ်ဦးကိုတစ်ဦး အားကိုးပြီး မျှော်လင့်အားထားနေကြရာ အတန်ကြာ၍ တစ်ဦးတစ်ယောက်ကမှ အမေးတစ်ခုခုကိုမျှ မဖြေဆိုနိုင် ဖြစ်လာသောအခါ ဤပုဂ္ဂိုလ်မှာ အစကတည်းကမှ ငါတို့နန်းတော်ညီလာခံအလယ်မှာ ပညာစမ်းလို၍ လာခဲ့သူဖြစ်၏။ ပုစ္ဆာတစ်ခုကိုမှ မဖြေဆိုနိုင်ကြလျှင် ငါတို့ညီလာခံကြီးတစ်ခုလုံး အရှက်ကွဲကြရတော့မည်။ ဤပုဂ္ဂိုလ်ကသာ ပညာရှိဆိုပြီး အနိုင်ယူသွားချေတော့မည်။ မင်းကြီးလည်း ဤကိစ္စအတွက် ရှက်ဖွယ်လိလိ ဖြစ်ရတော့မည်ဟု အချို့မှူးမတ်ကြီးတို့လည်း ခေါ်ချွေးများကျသည် အထိ စိတ်ပူလာကြတော့သည်။ အချို့သော ပုရောဟိတ်ကြီးများက လည်း သက်ပြင်းကြီးများချကာ ငိုင်နေကြတော့သည်။

ထိုပညာရှိအား အနိုင်ပေးလိုက်ကြရပြီး ထပြန်ကြရတော့မည့် အခြေသို့ ဆိုက်ရောက်နေသောအခါ ကာလိဒါသလည်း ဆိုက်ရောက်လာသည်။ ထိုအခါ ကာလိဒါသသည် မှူးမတ်ကြီးများ၊ ပုရောဟိတ်များ ဣန္ဒြေမရ လှုပ်လှုပ်ရွရွ မငြိမ်မသက်ဖြစ်နေကြသည်ကို တွေ့ရသဖြင့် အကြောင်းချင်းရာကို မေးလေ၏။

"ပညာစမ်းလိုသော ပညာရှိတစ်ယောက် ဤညီလာခံအလယ်မှာ ရောက်ရှိနေပါသည်။ ဤဘောဇဘုရင်ကြီး၏ ညီလာခံသဘင်တွင် ပညာရှိသုခမိန်များ မြောက်မြားစွာရှိသည်ဆိုသော သတင်းအရ ပညာစမ်းလိုခြင်း အရင်းခံကာ ထိုပုဂ္ဂိုလ်လာရောက်ခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်က ဤမည် ဤမည်သော အမေးပုစ္ဆာ (၄) ရပ်ကိုလည်း ဤညီလာခံသဘင် ပညာရှင်အပေါင်းအား မေးမြန်းထားပါပြီ။ မည်သူတစ်ဦးကမှ

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုပုစ္ဆာများကို မဖြေဆို မပြန်ကြားနိုင်ကြသဖြင့် အားလုံးအကျပ်တွေ့နေပါပြီ။ အသင်ကာလိဒါသမှတစ်ပါး အခြားအားကိုးရာလည်း ကျွန်ုပ်တို့မမြင်ကြပါပြီ။ ပညာရှင် အသင်ကာလိဒါသကိုသာ အားကိုးရာ ရှိပါတော့သည်။ ဖြေဆိုတော်မူပါ” စသည်ဖြင့် ဝိုင်းဝန်းပြောဆိုကြလေလျှင် ကာလိဒါသလည်း ချက်ချင်းပင်–

၁။ သားရတနာတစ်ဦး ဖွားမြင်ပြီးသော မိန်းမသည် ထိုသားကြီးပြင်းလာသောအခါ ထိုသားအား ဣတ္ထိ (မိန်းမတို့) မာယာဖြင့် မလှည့်စား မဖြားယောင်း မသွေးဆောင်နိုင်။

ဤသို့ စဖြေလိုက်လျှင် ညီလာခံသဘင်တွင် ရှိနေကြသော ပညာရှင်အများသည် တော်တော်စိတ်အေးလက်အေး ဖြစ်သွားကြသည်။

ပုစ္ဆာရှင်ပညာရှိကလည်း အဖြေမှန်ကန်ကြောင်း ဝန်ခံလေသည်။

၂။ သမုဒ္ဒရာတို့မည်သည် သစ္စာတရားကို မမျိုဝါးနိုင်။ မစားနိုင်။

ဒုတိယအကြိမ်တွင် မှူးမတ်ဗိုလ်ပါများ ပြုံးရွှင်သည့် အရိပ်အရောင် ပေါ်လာကြလေသည်။

ပုစ္ဆာရှင်ပညာရှိကလည်း အဖြေမှန်ကန်ကြောင်း ဝန်ခံရပြန်သည်။

၃။ မီးတို့မည်သည် ကံတရားတို့၏ အကျိုးဆက်အာနိသင်ကို မလောင်နိုင်။

တတိယအကြိမ်တွင် ပညာရှိများ၊ မှူးမတ်၊ ဗိုလ်ပါများပါ အလွန်အားရနှစ်သက်သော လက္ခဏာများ ပေါ်လာကြသည်။

ပုစ္ဆာရှင်ကလည်း ဟုတ်မှန်ပါသည်ဟု ဝန်ခံလေသည်။

၄။ သေမင်းမည်သည် အမည်နာမကို သေအောင်မသတ်နိုင်။

ဤစတုတ္ထအကြိမ်မှာ အားလုံးအောင်မြင်သော လက္ခဏာဖြစ်သောကြောင့် ညီလာခံသဘင်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပုစ္ဆာရှင်ပညာရှိသည်လည်း အဖြေမလွဲကြောင်း ဝန်ခံရလေတော့သည်။

အမေးပုစ္ဆာ (၄) ပါးလုံးကို မှန်ကန်တိကျစွာ ဖြေဆိုလိုက်သောအခါ ကာလိဒါသအား ညီလာခံသဘင်အလယ်မှာပင် ဘုရင်ဘောဇက ဆုတော်များ ချီးမြှင့်ပေးသနားတော်မူလေသည်။ ပညာရှိအများ၊ မှူးမတ်ဗိုလ်ပါအများတို့ကလည်း ဝိုင်းဝန်းချီးကျူးကြလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# မိုးခေါင်ခြင်း

ဓာရာတိုင်းကြီးတွင် ကြာမြင့်စွာ မိုးခေါင်နေသောကြောင့် တိုင်းသူပြည်သားများနှင့်တကွ မင်း မိဖုရား မှူးမတ်များသည် ချောက်ချားလျက်ရှိကြ၏။

ထိုသို့ မိုးမရွာသောအခါ တိုင်းပြည်အတွင်းမှ ဗေဒင်ပညာရှိ ကဝိသုခမိန်များ၊ ပုရောဟိတ်ပုဏ္ဏားကြီးများနှင့် ပညာရှိ မှူးမတ်များအား ဘောဇဘုရင်၏ အထံတော်သို့ လာရောက်စည်းဝေးစေပြီး အဘယ်ကြောင့် မိုးမရွာသည်၊ အဘယ်သို့ ပြုလုပ်မှ မိုးရွာမည်၊ အဘယ်အချိန်ကာလမှာ မိုးရွာမည်ဆိုသည်ကို တွက်ချက်ကြစေ၏။

ဗေဒင်ပညာရှိ ကဝိသုခမိန်များသည် ဘုရင်မင်းကြီး၏ အမိန့်တော်အတိုင်း စေ့စေ့စပ်စပ် မလစ်လပ် မချွတ်ချော်၊ မမှားယွင်းရအောင် တွက်ချက်ကြ၏။ ၎င်းတို့ရရှိသောအဖြေမှာ ပညာရှင် ကာလိဒါသ မရယ်သောကြောင့် မိုးမရွာသေးခြင်းဖြစ်ကြောင်း၊ ကာလိဒါသ ရယ်သောအခါမှ မိုးရွာမည်ဖြစ်ကြောင်းဟူ၍ ဖြစ်၏။

တွက်ချက်တွေ့ရှိကြသည့်အတိုင်း ကာလိဒါသရယ်သောအခါမှ မိုးရွာမည်ဖြစ်ကြောင်း၊ ကာလိဒါသကို ရယ်အောင် ကြံစည်ပြောဆို ပြုလုပ်ရမည်ဖြစ်ကြောင်းများကို ဗေဒင်ပညာရှိ ကဝိသုခမိန်များက ဘောဇဘုရင်မင်းကြီးအား အားလုံး တစ်သံတည်း သံတော်ဦးတင်ကြလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်မင်းကြီးလည်း ပုရောဟိတ်ကြီးများ၊ မှူးမတ်ကြီးများ၊ တိုင်းပြည်တွင်းရှိ ပညာရှိသုခမိန်ကြီးများအား ကာလိဒါသရယ်စေရန် ကြံဖန်ပြောဆို ပြုလုပ်စေ၏။ မည်သို့ပင် ပြောဆိုပြုလုပ်ကြသော်လည်း ကာလိဒါသသည် ပြုံးပင် မပြုံးပေ။ အတန်တန် ကြံဆပြုလုပ်ပြောဆိုကြလေ၏။ သို့သော်လည်း ကာလိဒါသသည် အနည်းငယ်ပင် မရယ်ပေ။

ထိုအခါ ရွှေနန်းရှင် ဘောဇဘုရင်က "ရယ်လျှင် မိုးရွာနိုင်လျက် မရယ်" ဟု ကာလိဒါသအပေါ် အမျက်တော်မြင်လာ၏။ တိုင်းသူပြည်သားတို့ကလည်း တိုင်းပြည်ရှိ ရဟန်းရှင်လူ ပြည်သူအများအား ထောက်ထားငဲ့ညှာ၍မှ မရယ်ရကောင်းလားဟု ကာလိဒါသအား အပြစ်တင်ကြ၊ မုန်းလာကြကုန်၏။

ဤအခြေအနေအထိ ဆိုက်ရောက်လာသောအခါ ဘုရင်မင်းကြီးသည် ကာလိဒါသအား တိုင်းပြည်မှ နှင်ထုတ်လိုက်၏။

ဘုရင့်အမိန့်တော်အတိုင်း ကာလိဒါသလည်း တိုင်းပြည်မှ ထွက်သွားရာ လမ်းခရီးတစ်ခုအကြားရှိ ဇရပ်တစ်ခု၌ဝင်၍ စခန်းချရပ်နား၏။ ထိုအတွင်း အပန်းဖြေရပ်နားရန် ကာလိဒါသ နေရာယူပြီးသည့်နောက် မကြာမီမှာပင် မျက်စိအလင်းကွယ်နေသော မျက်မမြင်လင်မယားနှစ်ယောက် ထိုဇရပ်အတွင်းသို့ ရောက်လာကြပြီး တည်းခိုရန် နေရာယူကြလေသည်။

မျက်မမြင်လင်မယားရောက်ပြီးနောက် မကြာမီမှာပင် သားပျောက်သဖြင့် သားပျောက်လိုက်ရှာနေသော ဖခင်တစ်ဦးသည်လည်း ထိုဇရပ်သို့ပင် ဝင်ခိုလာပြန်လေ၏။

သားပျောက်ဖခင် ရောက်လာပြီးသည်နှင့် မရှေးမနှောင်းမှာပင် ကြံကုန်သည်တစ်ယောက်သည်လည်း ကြံများကို လှည်းဖြင့် တင်

www.facebook.com/NyisayEbookCreator
www.nyisay.com


ဆောင်လာကာ ထိုဇရပ်တွင် စတည်းချပြန်၏။ တစ်ချိန်တည်းတွင် ထိုဇရပ်၌ ဧည့်သည်လေးယောက် ဆိုက်ရောက်ဆုံမိကြလေသည်။

နေရောင်ခြည်ပျောက်စ မှုန်မွှားမွှားအချိန်သို့ ရောက်လာချေပြီ။ ဧည့်သည့်လေးယောက် ဇရပ်တစ်ခုတည်းတွင် စုမိနေကြသော်လည်း ဘာသာနေကြသဖြင့် မျက်မမြင်လင်မယားသည် သူတို့နှစ်ယောက်တည်းသာ ရှိသည်ဟု ထင်သောကြောင့် မေထုန်သံဝါသအမှုကို ပြုကြလေသည်။ လင်သည်က "ဘယ့်နှယ်လဲရှင်မ" ဟု မေးရာ "မပြောပါနှင့်တော့ မောင်ရယ်၊ ယနေ့ဖြင့် လောကသုံးပါးကိုပင် မြင်ရပါတယ်" ဟု မိန်းမက ပြန်ပြောလေ၏။

သားပျောက်သည့်သောကနှင့် ပူဆွေးဒုက္ခရောက်နေသော ဖခင်သည် လင်ယောကျ်ားကမေးသည်ကို မကြားလိုက်၊ မယားသည်က ပြန်ပြောသော "မပြောပါနှင့်မောင်၊ ယနေ့တော့ လောကသုံးပါးကိုပင် မြင်ရပါတယ်" ဆိုသည့်စကားကိုသာ ကွက်၍ သူ၏ သောကပရိဒေဝ အကြားမှာ ကြားလိုက်လေရာ ဤသို့ဆိုက ပျောက်နေသော သူ့သားကိုလည်း မြင်နိုင်မည်ဟု အထင်ရှိပြီး "ကျွန်တော့်သား ပျောက်နေပါတယ်။ လောကသုံးပါးကိုမြင်ရင် ကျွန်တော့်သား ဘယ်မှာရှိပါသလဲ၊ ကြည့်ပေးစမ်းပါ" ဟု ဘုမသိ ဘမသိ လှမ်းပြောလိုက်၏။

ဒီစကားကို ကြားလိုက်ရသော မျက်မမြင်လင်မယားသည် အလန့်တကြားဖြစ်သွားကြကာ မယားဖြစ်သူက "လူရှိတယ်" ဟု ပြောလိုက်လေသည်။

ထောင့်တစ်ထောင့်တွင် ပင်ပန်းလာ၍ အိပ်ပျော်နေသော ကြံကုန်သည်သည် "လူရှိတယ်" ဆိုသော စကားကိုသာ အိပ်ရင်းက ကြားလိုက်ရလေရာ "ငါ့ကြံ အချောင်းတစ်ရာတိတိ ပါလာတာ

www.facebook.com/NyisayEbookCreator
www.nyisay.com



မယူကြနဲ့နော်” ဟု သူ့ကြောင့်ကြမှုနှင့်သူ မဆီမဆိုင်ပင် ဝင်ပြောပြန်လေသည်။

ထောင့်တစ်ထောင့်တွင် နေရာယူလျက်ရှိသော ကာလိဒါသသည် အိပ်စက်၍မပျော်သေး။ ထို့ကြောင့် မျက်မမြင်လင်မယား နေပုံထိုင်ပုံများကိုလည်းကောင်း၊ နားထိုင်းကြီးသဖွယ် အခြားသူများက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ဝင်ပြောကြသည်များကိုလည်းကောင်း တွေ့မြင်ကြားသိရသောအခါ ပြုံးရယ်မိလေတော့သည်။

ထိုအခါ မိုးကြီး သည်းထန်စွာရွာသွန်းတော့သဖြင့် ဘုရင်နှင့်တကွ ပြည်သူလူထုက ကာလိဒါသရယ်၍ မိုးရွာကြောင်း သိကြလေသည်။ ဘုရင်လည်း မိမိ၏ပညာရှိ ကာလိဒါသကို လိုက်ရှာခေါ်ခိုင်းလေတော့သည်။

နန်းတော်သို့ ရောက်သောအခါ ဘောဇဘုရင်က “ဘယ်အတွက်ကြောင့် ရယ်သနည်း” ဟု မေးရာ “ရယ်လောက်အောင် အကြောင်းပြည့်စုံသည်အတွက် ရယ်ပါသည်” ဟု လျှောက်ထားပြီး မျက်မမြင်လင်မယား၊ သားပျောက်ဖခင်၊ ကြံကုန်သည်တို့နှင့်အတူ ဇရပ်တစ်ခုတွင် တည်းခိုနေရင်း တွေ့မြင်ကြားသိရသည့်အကြောင်းအရာ အလုံးစုံကို လျှောက်ထားသံတော်ဦးတင်လေသည်။

ဘုရင်မင်းကြီးလည်း ပြုံးရယ်ရင်း ကာလိဒါသအား များစွာချီးမွမ်းတော်မူလေသည်။

**မှတ်ချက်** – “ကာလိဒါသရယ်၍ မိုးရွာသည်” ဆိုသော စကားမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကာလက စကားဖြစ်ပါသည်။

ကျွန်တော်တို့မြန်မာပရိသတ်က သျှတ္တရဆရာကြီး ကာလိဒါသဟု ခေါ်ကြသော ပညာရှိကြီးကာလိဒါသသည် စင်စစ်အားဖြင့် အဘက်ဘက်မှ ပညာထူးချွန် ပြိုင်ဘက်ရှားသည့် ပုဂ္ဂိုလ်ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤပုဂ္ဂိုလ်ပညာရှိကြီးရယ်လျှင် မိုးရွာမည်ဆိုသည်မှာ ဘာ အဓိပ္ပာယ်ရှိသလဲ၊ ယုံတမ်းစကား ဒဏ္ဍာရီလားဟု မေးဖွယ်ရာရှိသည်။ လူတစ်ယောက်ရယ်ကာမျှနှင့် မိုးရွာနိုင်သလားဟု မေးဖွယ်ရှိသည်။

ယနေ့ လောကဓာတ်ပညာအမြင်နှင့်ကြည့်လျှင် ဤအယူအဆ များကို လက်ခံကြမည်မဟုတ်ပေ။ သို့ရာတွင် သူ့ခေတ်နှင့်သူ ပညာရှိ တို့ ယူဆကြ၊ မှတ်သားထားကြသည်မှာ စိတ်ဝင်စားဖွယ် ကောင်းပေ သည်။ ကျွန်တော်လည်း စိတ်ဝင်စားမိသောကြောင့် ပညာရှိများထံ မေးမြန်းမိပါသည်။

ဗေဒင်ပညာရှိတစ်ဦးကမူ ဖြစ်နိုင်သည်၊ ခိုင်မာသည်ဟုဆိုသည်။

ကာလိဒါသပညာရှိ ပုဂ္ဂိုလ်ထူးမှာ မွေးဖွားလာသောအခါ၌ လည်းကောင်း၊ အနိစ္စရောက်သောအခါ၌လည်းကောင်း၊ ဝါခေါင် လပြည့်ကျော် (၈) ရက် ညသန်းခေါင် ရောဟနီနက္ခတ်နှင့် ယှဉ်သည် ချည်းဖြစ်သည်။

ဓာရာတိုင်းကြီးသည် ကာလိဒါသပညာရှိကြီး မမွေးဖွားမီတစ်နှစ် က မိုးအကြီးအကျယ်ခေါင်နေသည်။ ရေရှားငတ်မွတ်ခေါင်းပါးသော ဘေးဆိုးကြီးနှင့် ကြုံနေသည်။ ရောဟနီနက္ခတ်နှင့်ယှဉ်၍ ကာလိဒါသ မွေးဖွားလာသောအခါ မိုးကြီး အကြီးအကျယ်ရွာသွန်းသည်။ မိုးမှန် လေမှန် ဖြစ်လာသည်။ ဓာရာတိုင်းကြီးမှာ စည်ပင်ဝပြော သာယာ လာသည်။

ကာလိဒါသ မကွယ်လွန်မီ တစ်နှစ်တွင်လည်း ဓာရာတိုင်းကြီးမှာ မိုးခေါင်ရေရှား ငတ်မွတ်သော ဘေးကြီးနှင့် ကြုံရပြန်သည်။ ဝါခေါင် လပြည့်ကျော် (၈) ရက်နေ့ည သန်းခေါင်အချိန်တွင် ရောဟနီနက္ခတ် နှင့်ယှဉ်၍ ကွယ်လွန်အနိစ္စရောက်သောအခါ မိုးကြီးသည်းထန်စွာ ရွာလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသရယ်၍ မိုးရွာသည့်အကြောင်း ဖော်ပြခဲ့ရာ ရယ်စရာအကြောင်း ပေါ်ပေါက်၍ ရယ်သော ထိုနေ့ ထိုအချိန်မှာလည်း ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့ည သန်းခေါင်ကျော် ရောဟနီနက္ခတ်နှင့် ကြုံကြိုက်သောအခါ ဖြစ်နေသည်။ ထို့ကြောင့်ပင် မိုးရွာခြင်း ဖြစ်သည်ဟု ဗေဒင်ပညာရှိများက ဆိုလေသည်။

ကာလိဒါသ ပြုံးကာမျှနှင့်ပင် မိုးအုံ့ဆိုင်းလာတတ်သည်။ အကြောင်းမရှိဘဲနှင့်လည်း မပြုံးပေ။ ကာလိဒါသ၌ တစ်စုံတစ်ရာ ဘေးအန္တရာယ်ရှိလာလျှင် လေကြီးကျတတ်သည်။

အိန္ဒိယပြည်တွင် ယခုတိုင် ဝါခေါင်လပြည့်ကျော် (၈) ရက်ညသန်းခေါင်အခါ ခရစ်ရှနာမွေးနေ့အထိမ်းအမှတ် နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကြသည်။ နေ့ထူးနေ့မြတ်ဟူ၍လည်း ယုံကြည်ယူဆကြသည်။

ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့ ညသန်းခေါင်ကျော်အချိန်မှာ ရောဟနီနက္ခတ်နှင့် ကြုံကြိုက်သည့်နှစ်က များသည်။ လွဲလျှင် တစ်ရက်၊ နှစ်ရက်သာဖြစ်သည်။

ပညာရှင်ကာလိဒါသဆရာကြီးရယ်လျှင် မိုးရွာသည်ဆိုသည်မှာ ဤသို့လျှင်အဖြေရှိသည်ဟု ဗေဒင်ပညာရှင်ကြီးတစ်ဦးက ပြောပြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# သရက်ပင်အမှု

ဓာရာတိုင်းတွင် "ကေဝလ" နှင့် "ပေမလ" ဟူသော တောင်သူနှစ်ယောက်ရှိကြ၏။ တစ်ဦးနှင့်တစ်ဦး ယာနီးချင်းဖြစ်ကြရာ များစွာချစ်ခင်ရင်းနှီးကြသည်။ ယာခင်းချင်းမှာလည်း စပ်နေ ကပ်နေသည်။

သူတို့သည် မိရိုးဖလာအလုပ်ကို လုပ်ကြခြင်းဖြစ်သည်။ ကေဝလသည် ပေမလကဲ့သို့ ယာခင်းမှ အသီးအနှံများများမရ၊ လေးငါးခြောက်နှစ်ခန့် အတူယှဉ်၍ ယာလုပ်ကြသည်။ ပေမလကသာ တောင်သူစာပို၍ရသည်။ ပေမလ၏ ယာခင်းကသာ တောင်သူစာ ပို၍ထွက်သည်။ ဘယ်နှစ်မှ "ကေဝလ" က "ပေမလ" ကို သီးနှံထွက်မမှီပေ။

ကေဝလသည် ဉာဏ်ထုတ်၍ ပေမလ၏ယာခင်းမှ သီးနှံထွက်ကိုမှီရန် ကြိုးစားသည်။ တစ်ခါတစ်ရံ ပေမလထက် သီးနှံထွက် သာရမည်ဟု အားခဲပြီးလုပ်သည်။ လေးငါးခြောက်နှစ်တိုင် အတူယှဉ်ပြိုင်၍ လုပ်ခဲ့သမျှ ကေဝလကချည်း သီးနှံထွက်နိမ့်ကျခဲ့ရာ ခုနစ်နှစ်မြောက်တွင် ပို၍ပင်အခြေအနေဆိုးတော့သည်။

ကေဝလသည် ပေမလအား မနာလို ဝန်တိုစိတ် ဝင်လာသည်။ ထို့ကြောင့် ပေမလအား အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြုလုပ်ရန် ကြံစည်တော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သူတို့၏ ယာခင်းများကို ခြားထားသော ဘောင်ရိုး (လယ်ကန်သင်းသဖွယ်) ပေါ်တွင် သရက်ပင်တစ်ပင်ရှိသည်။ ထိုသရက်ပင်သည် အလွန်စည်ကားထွားကြိုင်းသည်။ နှစ်ဦးစလုံးက သူ့အပင်ကိုယ့်အပင် သဘောမကွဲလွဲဘဲ ပြုစုပျိုးထောင်ခဲ့ကြသည်။ သို့ဖြစ်၍ ထိုသရက်ပင်မှာ အလွန်ဝေဝေဆာဆာရှိသည်။

လွန်ခဲ့သော ခြောက်နှစ်တိုင်တိုင်က မသီးခဲ့ဖူးသော ထိုသရက်ပင်သည် ထိုနှစ်တွင် ဖူးပွင့်ငုံတို့ဖြင့် စုံလင်၍နေသည်။ အချို့သော ဖူးပွင့်များကြွေပြီး၊ သီးတံညှာတို့ဖြင့် ဖြာဖြာဝေနေသည်။ သို့ဖြစ်လေရာ ထိုသရက်ပင်သည် မိဘစုံနှစ်ဦး၏ အပြုအစု အယုအယ အစောင့်အရှောက်ကြောင့် ချမ်းသာစွာကြီးပြင်းလာရသည့် ပျိုရွယ်သူအမျိုးသမီးတစ်ဦးပမာ အလွန်နှစ်သက်စရာ ဖြစ်နေပေသည်။

ပေမလအပေါ် မနာလို ဝန်တိုရင်းရှိသော ကေဝလသည် ထိုသရက်ပင်ကို အပိုင်စီးရန် ပြင်လာသည်။ သူမျိုးစေ့ချ၍ စိုက်ပျိုးထားသော သရက်ပင်ဖြစ်သည်ဟု ဆိုချင်လာသည်။

ကေဝလသည် သူ့အိမ်နှင့် မနီးမဝေးလှသော ပေမလထံ သွားသည်။ ပေမလကို အိမ်မှာပင် အဆင်သင့်တွေ့သည်။ ပေမလသည် ကေဝလလာသည်ထင်၍ ခါတိုင်းကဲ့သို့ပင် ဆီးကြိုနှုတ်ဆက်သည်။ ကေဝလကား ထိုကဲ့သို့မဟုတ်၊ စိတ်ဆိုးစိတ်ညစ် ဝင်နေသည်။ "အမောင်ပေမလ ငါတို့ယာဘောင်ရိုးမှာရှိသော သရက်ပင်သည် အသင်၏အပင်မဟုတ်၊ ကျွန်ုပ်တစ်ဦးတည်းပိုင်သော သရက်ပင်ဖြစ်သည်" ဟု ပြောတော့သည်။

ဤသို့ ရုတ်တရက် ပြောသံကို ကြားလိုက်ရသော ပေမလသည် အံ့အားသင့်သွားသည်။ သို့နှင့် "ဘယ်ဟုတ်ပမလဲ၊ ဤအပင်သည် အသင်ပိုင်သော အပင်မဟုတ်၊ ကျွန်ုပ်တစ်ဦးတည်းပိုင်သော အပင်သာဖြစ်သည်" ဟု ပြန်ပြောလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုနှစ်မှ စသီးသော သရက်ပင်အတွက် စိတ်မချသောကြောင့် ပေမလသည် အစောင့်တစ်ယောက်ငှား၍ ထားသည်။ အစောင့်လည်း ထိုသရက်ပင်ကို မပြတ်စောင့်နေသည်။

သို့သော် ကေဝလသည် မလျှော့။ ထိုသရက်ပင်ကို သူတစ်ဦး တည်းပိုင် ဖြစ်ရမည်ဟု အရေးဆိုသည်။ ပေမလကလည်း အလျှော့ မပေး၊ သူသာအမှန်ပိုင်ဆိုင်သည်ဟု ပြန်ပြောလေသည်။ သရက်ပင် ကြောင့် ဘယ်အခါကမှ သဘောကွဲလွဲမှုမရှိခဲ့ဘဲ ညီရင်းအစ်ကိုပမာ ချစ်ခင်လာကြသူနှစ်ဦးသည် ကေဝလ၏ ရမယ်ရှာမှုကြောင့် ချစ်ခင်မှု ပျက်ပြယ်လာသည်။

ကိစ္စသည် လွယ်လွယ်နှင့်မပြီးမှန်း သိသောအခါ ကေဝလက "ဒီလိုဆိုရင် ဘုရင့်ထံ တိုင်ရလိမ့်မည်" ဟု ပြောကာ ပြန်သွားသည်။ ပေမလကလည်း "တိုင်ပါ၊ တရားက အဆုံးအဖြတ်ပေးပါလိမ့်မည်" ဟုပင် ဆိုလိုက်သည်။

ကေဝလသည် ဘုရင့်ထံသံတော်ဦးတင်ရန်သွားသည်။ နန်းတော် သို့ ရောက်လေလျှင် ဘုရင်အား အကျိုးအကြောင်းစုံလင်အောင် သံတော်ဦးတင်သည်။ ဘုရင်လည်း ထိုအမှုကို လက်ခံထားတော်မူ လိုက်ပြီးလျှင် ကေဝလကို ပြန်လွှတ်လိုက်သည်။

ထိုအမှုကို မိမိကိုယ်တိုင် စီရင်တော်မမူ၊ ကာလိဒါသအား နန်းတော်သို့ခေါ်ယူကာ ထိုအမှုကိုစစ်ဆေးဖို့ ဘုရင်က လွှဲအပ်လိုက် သည်။ ဌာနာဌာန ကောသလ္လဉာဏ် ရင့်သန်လှသော ကာလိဒါသ သည် ဘုရင့်အမိန့်ကို နာခံပြီး မိမိအိမ်သို့ ပြန်လာသည်။

အမှုစစ်ဆေးရန်ရှိသော ကာလိဒါသသည် တရားခံ တရားလို နှစ်ဦးကို ဆင့်ခေါ်သည်။ တရားခံ တရားလိုနှစ်ဦးလည်း တရားခွင် တွင် ဆုံကြသည်။ ထိုအခါ ကာလိဒါသက ကေဝလအား "အမောင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကေဝလ၊ သင်၏ သရက်ပင်ဆိုသည်မှာ မှန်ပါသလား” စသည်ဖြင့် မေးသင့်မေးဖွယ်များကို မေးသည်။ ကေဝလလည်း သူတစ်ဦးတည်း ပိုင်ဖြစ်ကြောင်း ရဲရဲကြီးအစစ်ခံသည်။

ကေဝလအား စစ်မေးပြီးသောအခါ ကာလိဒါသသည် ပေမလ အား တစ်လှည့်စစ်ဆေးသည်။ ပေမလကလည်း သူတစ်ဦးတည်း ပိုင်သည်သာ အမှန်ဖြစ်ကြောင်း ထွက်ဆိုသည်။ အထူးအားဖြင့် ပေမလက ထိုသရက်ပင်ကို သူစောင့်ရှောက်လာသည်မှာ ခုနစ်နှစ် တိုင်တိုင်ရှိပြီဖြစ်ကြောင်း ထည့်၍ ထွက်ဆိုသည်။

ပေမလအား စေ့စုံအောင် မေးစစ်ပြီးသောအခါ ကာလိဒါသက “အမောင်ပေမလ၊ သရက်ပင်အား အခြားအစောင့်အရှောက်များ ထားပါသေးသလား” ဟု ဆက်၍ မေးသည်။ ထားပါသေးသည်။ “အစောင့်တစ်ယောက်သည် ထိုသရက်ပင်ကို စောင့်ရှောက်လျက်ပင် ရှိပါသည်” ဟု ပေမလက ထွက်ဆိုသည်။

ဤသို့ တရားခံ တရားလို နှစ်ဦးအား မေးစစ်ပြီးသောအခါ ကာလိဒါသသည် သူတို့အား ပြန်လွှတ်လိုက်သည်။ နှစ်ရက်နေ့မှ အဆုံးအဖြတ်ပေးမည်ဟု ပြောလိုက်သည်။

နောက်တစ်နေ့တွင် သရက်ပင်စောင့်ကို ဆင့်ခေါ်သည်။

“အမောင်သရက်ပင်စောင့်၊ အသင်စောင့်ရှောက်နေသည်မှာ မှန်ပါသလား၊ ဘယ်သူ့အတွက် စောင့်ပါသနည်း” ဟု ကာလိဒါသ က မေးသည်။

“ကျွန်ုပ်စောင့်ရှောက်နေသည်မှာ မှန်ပါသည်။ နှစ်ဦးစလုံး အတွက် စောင့်ရှောက်ပါသည်။ ကျွန်ုပ်စောင့်ရှောက်ရသည်မှာလည်း နှစ်လမျှသာ ရှိပါသေးသည်။ မည်သူ့အပင်ဆိုသည်ကိုတော့ မသိပါ” ဟု သရက်ပင်စောင့်က အစစ်ခံသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤသို့မေးစစ်ပြီးသောအခါ "သရက်ပင်ကို ဖျက်ဆီးရန် လူဆိုးများ ရောက်နေကြပါပြီ" ဟု ကေဝလနှင့် ပေမလ နှစ်ဦးတို့ထံ ပြောချေပါဟု ခိုင်းသည်။

သွားပြောရမည့်အချိန်မှာ နေဝင်၍ မှောင်စပြုနေသော အချိန်ဖြစ်သည်။ သရက်ပင်စောင့်သည် ကာလိဒါသခိုင်းစေသည့်အတိုင်း ချက်ချင်းပင်သွားသည်။ ပထမ ကေဝလထံသို့ သွားလေရာ ကေဝလကို အိမ်တွင်မတွေ့၊ သို့ဖြစ်၍ အိမ်တွင်ကျန်ရှိနေသော ကေဝလ၏ မယားအား ကာလိဒါသမှာသည့်အတိုင်း ပြောထားခဲ့သည်။

သရက်ပင်စောင့်သည် ဆက်လက်၍ ပေမလ၏အိမ်သို့ သွားသည်။ ပေမလလည်း ထိုစဉ်အခါ အိမ်တွင်မတွေ့ဖြစ်နေရာ အိမ်တွင်ရှိနေသော ပေမလ၏မယားအား ထိုနည်းအတိုင်းပင် ပြောထားခဲ့သည်။

ကာလိဒါသခိုင်းစေသည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြီးသော သရက်ပင်စောင့်သည် ဆက်လက်လုပ်ဆောင်ရန် တာဝန်မရှိတော့သောကြောင့် အိမ်သို့ပြန်သွားသည်။ ကာလိဒါသသည် သရက်ပင့်စောင့်ကို တရားခံ တရားလို နှစ်ဦးစလုံး၏အိမ်သို့ သွားပြောရန် စေလွှတ်ပြီးသောအခါ မိမိ၏လူယုံတော်နှစ်ယောက်ကိုခေါ်ပြီး တစ်ဦးကို ကေဝလအိမ်အနီးအနားသို့သွား၍ ကေဝလဘာပြောသည်ဆိုသည်ကို မှတ်သားခဲ့ရန် လွှတ်လိုက်သည်။

ကျန်တစ်ဦးကိုလည်း ထိုနည်းအတူပင် ပေမလ၏ အိမ်အနီးအနားသို့ ပေမလ မည်သို့ပြောသည်ဆိုသည်ကို မှတ်သားရေးယူရန် လွှတ်လိုက်သည်။

လူယုံနှစ်ဦးသည် မိမိတို့တာဝန်ကျရာအတိုင်း တခြားစီ တစ်အိမ်စီ သွားကြသည်။ ရောက်ကြလေလျှင် မည်သူမျှမသိရအောင် လျှို့ဝှက်စွာ နားထောင် (သတင်းယူ) နေကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ညသန်းခေါင်ယံအချိန်ခန့် ရောက်သောအခါ ကေဝလသည် အိမ်သို့ပြန်ရောက်လာသည်။ ထိုအခါ သူ့မယားက "မောင့်သရက်ပင်အောက် သူခိုးတွေဆိုလား လူဆိုးတွေဆိုလား ဖျက်ဆီးရအောင် စုရောက်နေတယ်လို့ သရက်ပင်စောင့်က သိရအောင်ဆိုပြီး လာပြောသွားတယ်" ဟု ခရီးရောက်မဆိုက် ဆီးပြောလိုက်သည်။

မယားစကားကိုကြားသော ကေဝလသည် "ညကြီးမင်းကြီး မသွားနိုင်ဘူး။ ထမင်းလည်း မစားရသေး။ ပြီးတော့ ရန်သူတွေနဲ့ ရင်ဆိုင်ရမယ်။ သရက်ပင်ကြီး သေသေရှင်ရှင် ဘုရင့်ဆီတိုင်ထားပြီးပြီ၊ မရရင် နေပါစေ၊ ကိုယ့်အပင်မှ မဟုတ်ဘဲ" ဟု မယားအား အမှန်အတိုင်းပြောဆိုလိုက်သည်။

လင်က မချေမငံပြောသံကိုကြားသော ကေဝလ၏ မယားသည် "ဒါဖြင့် ဘာကြောင့် ပေမလကို ဒုက္ခပေးနေသလဲ" ဟု လိမ္မာသော မယားပီပီ ပြန်ပြောလိုက်ရာ "ယာချင်းအတူတူလုပ်ကြတာ၊ သူက ငါ့ထက် တောင်သူစာပိုပြီးရတယ်။ အဲဒါကို ငါမခံချင်လို့ကွ" ဟု ကေဝလက မယားကို လင်က အချို့ကိစ္စအတွက် မလျှို့မဝှက်ဘဲ ပြောဆိုကြသည့် ဓမ္မတာအတိုင်း ဟုတ်တိုင်းမှန်ရာကို ဖွင့်အန်ပြောလိုက်သည်။

ကေဝလတို့ဇနီးမောင်နှံ ဟုတ်တိုင်းမှန်ရာ မခြွင်းမချန် ပြောကြသည့်အတိုင်း သေချာစွာမှတ်သားပြီး လူယုံသည် ကာလိဒါသထံ ပြန်ပြီးအစီရင်ခံသည်။

ပေမလလည်း ညသန်းခေါင်အချိန်ခန့်မှာပင် အိမ်ပြန်ရောက်လာသည်။ ရောက်လျှင်ရောက်ချင်း မယားဖြစ်သူက ကေဝလ၏မယား ပြောသကဲ့သို့ပင် အူယားဖားယား ပြောကြားလိုက်သည်။ မယား ပြောစကားကို ရုတ်တရက်ကြားလိုက်ရသော ပေမလသည် "ဟာ

www.facebook.com/NyisayEbookCreator
www.nyisay.com


ဒီလိုဆို ဘယ်ဖြစ်မလဲ၊ လုံဖြစ်ဖြစ် ဓားဖြစ်ဖြစ် တစ်ခုခုပေးစမ်း” ဟု သူ့မယားအား စိတ်လိုက်မာန်ပါ ပြန်ပြောလိုက်သည်။

ထိုအခါ ပေမလ၏ဇနီးက “ထမင်းစားပြီးမှသွားပါ” ဟုပြောရာ “ပြန်မှစားမယ်၊ ငါခုနစ်နှစ်တိုင်တိုင် စောင့်ရှောက်ပြုစု ပျိုးထောင်လာခဲ့ရတာ၊ ဒီတစ်ခါတည်းနဲ့ အလကားအဖြစ်မခံနိုင်ဘူး။ နောက်ကျနေလို့ မဖြစ်ဘူး” ဟု ဆိုပြီး ချက်ချင်းပင် ထွက်သွားသည်။

သူ၏အိမ်၌ တာဝန်ကျသော ကာလိဒါသ၏ လူယုံတော်သည် ပေမလတို့ဇနီးမောင်နှံ ပြောဆိုကြသည်များနှင့် ပေမလ ယာတောသို့ သွားသည်ကို အားလုံးမှတ်သားပြီး ကာလိဒါသအား ပြန်လည်ပြောပြသည်။ ပေမလသရက်ပင်ရောက်လျှင် သရက်ပင်လည်း မပျက်မစီး၊ သူခိုးလူဆိုးများလည်း မတွေ့ရ၍ ပြန်လာသည်။

နောက်တစ်နေ့တွင် တရားလို တရားခံ နှစ်ဦးသည် ချိန်းဆိုထားသည့်အတိုင်း ရောက်လာကြသည်။

ကာလိဒါသက “သရက်ပင်ကို အသင်တို့နှစ်ဦးလုံး ညီတူညီမျှ ပိုင်ကြသည်၊ အသီးကိုလည်း တစ်ဝက်စီပေးမည်၊ အပင်ကြီးကိုလည်း ခွဲစိတ်ယူကြရမည်၊ သဘောတူကြပါသလား” ဟု မေးလိုက်သည်။

ကေဝလက “ဆုံးဖြတ်စီရင်သည့်အတိုင်း နာခံပါမည်” ဟု ပြန်ပြောသည်။ ပေမလကမူ မမှန်ကန်၍ သဘောမကျသဖြင့် များစွာ စိတ်ထိခိုက်သွားသည်။ ထို့ကြောင့် “ကေဝလကိုချည်း ပေးချင်ပေးပါ၊ အကယ်၍ ခွဲစိတ်ပေးပါက နောက်သား နောက်လာအတွက် အကျိုးမဲ့ ဖြစ်ပါမည်။ အပင်ကိုမူ အတင်းမခွဲသင့်ပါ။ ယခုနှစ်မှ သီးစရှိပါသေးသည်” ဟု ကာလိဒါသအား ပြန်ကြားပြောဆိုသည်။ ပြောရင်း ပြောရင်းလည်း မျက်ရည်တွေလည်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လျှို့ဝှက်စုံထောက်ချက် သတင်းအရ ပေမလသည်သာ သရက်ပင်၏အရှင် အမှန်ဖြစ်ကြောင်း သိထားသော ကာလိဒါသသည် တရားခွင်အလယ်တွင် ထွက်ဆိုပြုမူကြသည့် အမူအရာအားလုံးကို မြင်ရသောအခါ ပို၍ထင်ရှားစွာ သိလာသည်။ ပိုင်နိုင်စွာသိရန်လည်း တရားခွင်တွင် ဤကဲ့သို့ မသိဟန်ဖြင့် ထပ်မံစစ်ဆေးယောင် ဆောင်ခြင်းဖြစ်သည်။ ထိုအခါတွင် ကေဝလသည် သစ္စာတရားကို နတ်စောင့်သည်ဟု ဆိုချင်လာသည်။ သို့သော် ဖွင့်၍မပြောပေ။ ဆိတ်ဆိတ်သာနေလေသည်။

ကာလိဒါသသည် ဆိတ်ဆိတ်နေသော ကေဝလအား “အမောင်ကေဝလ သရက်ပင်သည် သင်၏အပင်မဟုတ်၊ ပေမလ၏ အပင်အမှန်ဖြစ်သည်၊ ဟုတ်ရာကို အစစ်ခံလော့” ဟု ပြောလေရာ ကေဝလလည်း ပေမလ၏အပင်မှန်ကြောင်း ဝန်ခံတော့သည်။

ထိုအခါ ကာလိဒါသသည် ကေဝလအား သင်သည် အိမ်နားနီးချင်းကဲ့သို့သော ယာနီးချင်းအား ပြစ်မှားသည်။ သင်ကဲ့သို့သောသူကို တိုင်းပြည်တွင်းမှာထားလျှင် တောင်သူလယ်ယာ လုပ်စားသူတို့ ဒုက္ခများမည်ဟု ဆုံးမကာ ပြည်နှင်ဒဏ်ပေးလိုက်သည်။ ပေမလအား ကေဝလ၏ ယာခင်းအားလုံးကိုယူ၍ လုပ်စားရန်လည်း ပေးအပ်လိုက်သည်။

ဘောဇဘုရင်သည် ဤတရားစီရင်ဆုံးဖြတ်မှုအတွက် အားရနှစ်သက်တော်မူသဖြင့် ကာလိဒါသအား များစွာချီးကျူးတော်မူသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# မည်သူများသည် လူမှုရေးပရိယာယ် အများဆုံးနည်း

ဂိမ္ဘန္တရတု၏ နောက်ပိုင်းအချိန်ကာလဖြစ်သည်။ ဘောဇဘုရင်နှင့် ကာလိဒါသတို့သည် နန်းတော် လေသာပြတင်းတစ်ခုမှ ရှုမျှော်ကြည့်နေကြသည်။ နန်းတော်တွင်းရှုခင်းများကို ကြည့်ရှုနေကြသည်မဟုတ်၊ ခပ်လှမ်းလှမ်းမှ ရှုခင်းများကို မှန်းမျှော်ကြည့်နေကြခြင်းဖြစ်သည်။ မြို့တော်အပြင်ဘက်မှ တောင်တန်းကြီးများ၏ ရှုခင်းသာကို ရှုမျှော်နေကြခြင်းဖြစ်သည်။

ကြည့်ရင်း ကြည့်ရင်းလည်း တောင်တန်းကြီးများ၏ ရှုခင်းသာပုံ၊ ယမုနာမြစ်နှင့် မြို့တော် ပဏ္ဏာရလှပုံမှအစ စပ်မိစပ်ရာ ပြောဆိုနေကြသည်။

ဤကဲ့သို့ပြောနေကြရာမှ လူအများ၏ နေထိုင်ဝတ်စားသွားလာပုံ၊ ဆက်ဆံလုပ်ကိုင်ပုံ အကြောင်းအရာများကို ရောက်သွားကြသည်။ စားဝတ်နေရေးအတွက် ပြည်သူများသည် ထာဝစဉ်လှုပ်ရှားနေကြပုံများပါ ပြောဆိုနေကြ၊ အချင်းချင်း နှီးနှောဝေဖန်နေကြသည်။ အတန်ငယ်ပြောမိကြလေလျှင် ဘုရင်သည် ပြောလက်စ စကားကို မပြောတော့၊ အမှတ်တမဲ့ ရပ်သွားသည်။ စကားဖြတ်ထားလိုက်သည်။ တစ်စုံတစ်ခုသောအကြောင်းကို စဉ်းစားနေဟန်တူသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသလည်း ဘုရင့်အနားမှ ခွာမသွား၊ လေသာပြတင်းမှ ရှုခင်းသာများကို ရှုမျှော်ရင်း ဘုရင့်ဣန္ဒြေကို အကဲခတ်နေသည်။ ဘုရင်သည် ခဏရပ်သွား၊ ဖြတ်ထားရာမှ ပြန်၍ စကားဆက်လာပြန်သည်။ အနည်းငယ် တစ်ဖန် နိဒါန်းပျိုးကာ စကားများပြောပြီးသော အခါ "ကာလိဒါသ လောက၌ မည်သူများသည် လူမှုရေးပရိယာယ် အများဆုံးနည်း" ဟူသော ပုစ္ဆာကို မေးလေတော့သည်။

ဘုရင်မေးလိုသည့်ဆန္ဒမှာ အခြားမဖြစ်တန်ရာ၊ ကျယ်ပြန့်လှသည့် လူမှုရေး၌ ပါးနပ်လိမ္မာကြသူတို့ကို သိလိုခြင်းဖြစ်လိမ့်မည်။ လူတန်းစားအမျိုးမျိုး၊ လူ့အလွှာအသီးသီး၌ လူမှုရေးရာ ပါးနပ်လိမ္မာမှုတွင် မည်သူများက ပိုသည်ကို လေ့လာလိုဟန်ဖြင့် မေးခြင်းဖြစ်တန်ရာသည်ဟု ခဏချင်းစဉ်းစားမိသည်။

စဉ်းစားမိသည့်အတိုင်းလည်း ချက်ချင်းဆုံးဖြတ် အဖြေတတ်အပ်သိကာ "ကုန်သည်များသည် လူမှုရေးရာ၌ ပါးနပ်လိမ္မာဆုံး ဖြစ်ကြပါသည်" ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်အဖြေပေးလိုက်သည်။

"ဤမျှဖြင့် မရှင်းလင်းသေး၊ လက်တွေ့ဒိဋ္ဌ ဖြေဆိုပြပါ" ဟု ဘုရင်က ထပ်မံမိန့်ကြားပြန်သည်။

"မျက်မှောက်ဒိဋ္ဌ ရှင်းပြပါမည်" ဟု လျှောက်တင်ကာ နန်းတွင်းမင်းချင်းတစ်ယောက်ကို ခေါ်ယူသည်။ "သွားချေ၊ မတ်ပဲ လက်တွင်းခုနစ်ဆုပ်ကို ဈေးမှာဝယ်ချေ၊ ရလျှင် အမြန်ယူ၍ပြန်ခဲ့" ဟု ကာလိဒါသက ထိုမင်းချင်းအား ပြော၍ လွှတ်လိုက်သည်။

မင်းချင်းတစ်ယောက်ကို မတ်ပဲဝယ်ခိုင်းပြီးသည့်နောက် မကြာမီပင် အခြားမင်းချင်းတစ်ဦးအား ထပ်ခေါ်ပြန်ကာ မြို့တွင်းသို့ ခိုင်းပြန်သည်။ "မောင်မင်းသွားပါ၊ မြို့တွင်းမှ ကုန်သည်ခုနစ်ယောက်ကို

www.facebook.com/NyisayEbookCreator
www.nyisay.com



နန်းတော်သို့ အမြန်လာရမည် ခေါ်ယူချေ၊ ကာလိဒါသအမိန့်” ဟု လွှတ်လိုက်ပြန်သည်။ မင်းချင်းလည်း ကုန်သည်ခုနစ်ယောက်ကို ရွေး၍ခေါ်သည်။ အချို့ကုန်သည်များက မလိုက်လိုကြ၊ ကာလိဒါသ ၏ အမိန့်ဆိုသဖြင့် ပို၍တုန်လှုပ်ကြသည်။ သို့သော် မလိုက်ဘဲ မနေဝံ့ကြသဖြင့် မင်းချင်းနှင့်အတူ လိုက်သွားကြရသည်။

မတ်ပဲဝယ်ခိုင်းလိုက်သော မင်းချင်းလည်း မတ်ပဲများယူဆောင် ကာ ပြန်ရောက်လာချေပြီ။ ကုန်သည်ခုနစ်ယောက် အခေါ်လွှတ်လိုက် သော မင်းချင်းလည်း ကုန်သည်ခုနစ်ယောက်နှင့်အတူ ရောက်လာကြ သည်။

အားလုံးရောက်ရှိပြည့်စုံကြပြီဆိုလျှင် ကာလိဒါသက ကုန်သည် ခုနစ်ယောက်အား တစ်ယောက်လျှင် မတ်ပဲတစ်ဆုပ်စီ အသီးသီးပေး သည်။ “ထိုပဲ၏အမည်နာမကို ဖော်ကြရမည်” ဟုလည်း ပြောကြား သည်။

ထိုအခါ ကုန်သည်များက စဉ်းစားကြသည်။ မတ်ပဲကို ငါတို့ အား အသီးသီး နည်းနည်းစီပေးသည်။ မတ်ပဲ၏ အမည်နာမကိုလည်း ဖော်ကြရ၊ ပြောကြရမည်ဟု ကာလိဒါသဆိုသည်။ ဤသည်မှာ ရိုးရိုးသားသားမဟုတ်၊ ဆန်းပြားထူးခြားလှသည်။ အမည်းပေါ်တွင် အဖြူစက်ကျသကဲ့သို့ ထင်ရှားလှသည်ဟု မြင်ကြသည်။

ကုန်သည်များသည် တစ်ဦးကိုတစ်ဦး မည်သူမှ ထုတ်ဖော်၍ မပြောကြ၊ တစ်ယောက်မျက်နှာတစ်ယောက် အကဲခပ်နေကြသည်။ သူလည်း ငါကဲ့သို့ စဉ်းစားနေဟန်ရှိသည်ဟု အားလုံးတွေးတောနေကြ သည်။ တစ်ယောက်အကြောင်းကို တစ်ယောက်က ရိပ်စားမိနေ ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အားလုံး၏အကြောင်းကို နားလည်သော ကုန်သည်ကြီးတစ်ဦးက မည်သူမှ မတ်ပဲ၏ အမည်နာမကို ထုတ်ဖော်မပြောမီ ကာလိဒါသအား "ကျွန်ုပ်တို့အားလုံး ၎င်းအစေ့၏ အမည်နာမကို မဖော်ပြောကြရမီ မလှမ်းမကမ်းသို့ သွားပါရစေ" ဟု ခွင့်တောင်းသည်။

"ကောင်းပါပြီ၊ အားလုံး ခဏတော့ သွားနိုင်ကြပါသည်" ဟု ကာလိဒါသက ခွင့်ပေးလိုက်သည်။

ကုန်သည်များ ကာလိဒါသရှေ့ ဘုရင်ရှေ့မှ မလှမ်းမကမ်းသို့ ထသွားကြပြီးသည့်နောက် သူတို့ထဲမှ အကြီးဆုံးကုန်သည်တစ်ဦးကို ဥက္ကဋ္ဌတင်ကာ အစည်းအဝေးလေးသဘော လုပ်ကြသည်။

တစ်ယောက်က "ဤမတ်ပဲကို လူတိုင်းသိသည်၊ လူတိုင်းစားဖူးကြသည်။ ဘုရင်လည်း မသိဘဲ၊ မစားဖူးဘဲ နေမည်မဟုတ်။ ကာလိဒါသလည်း ထိုနည်းတူစွာ သိမည်၊ ပို၍ပင် သိပေလိမ့်မည်" ဟု စတင်ပြောကြသည်။ ကျန်ကုန်သည်အားလုံးကလည်း ဟုတ်သည်ဟု ဆိုကြသည်။

အခြားတစ်ယောက်က "မတ်ပဲရိုးရိုးပဲဟု တင်လျှောက်က ယုံမည်မဟုတ်၊ တစ်မျိုးတစ်ဖုံ ဖြေဆိုဖော်ပြကြရမည်" ဟု တင်ပြပြောဆိုရာ အားလုံးက လက်ခံကြသည်။

ထို့ကြောင့် မတ်ပဲ၏ အမည်နာမကို မတ်ပဲပဲဟု တိုက်ရိုက်မဖော်ပြောရ၊ ပရိယာယ်အားဖြင့် အမည်နာမတစ်မျိုး ဖော်ကြ၊ ပြောကြရန် ဆက်လက်ဆွေးနွေး တိုင်ပင်ကြပြန်သည်။ ခင်ဗျားက ဘာပြော၊ ကျုပ်က ဘာပြောမည်ဟု ညီတူညီမျှ သဘောပေါက်သည့်အတိုင်း ဆွေးနွေးကြသည်။

နောက်ဆုံးတွင် ဥက္ကဋ္ဌလုပ်သူ အကြီးအကဲအား "မတ်ပဲကို မတ်ပဲပဲဟုပြောက လေးနက်မည်မဟုတ်၊ ပရိယာယ်တစ်မျိုးစီ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြောကြမှ၊ ဖော်ကြမှ သင့်မည်၊ လေးနက်မည်” ဟု ပြောကြားကြသည်။ အားလုံးကပင် “ဤသို့သာ သဘောပေါက်ကြသည်” ဟု တင်ပြကြသည်။ ဥက္ကဋ္ဌလုပ်သူက “ငါလည်း ဤကဲ့သို့ပင် သဘောရသည်” ဟု ပြောဆိုလက်ခံသည်။

သို့ဖြင့် ကုန်သည်အားလုံးသည် ကာလိဒါသနှင့် ဘုရင့်ရှေ့သို့ ပြန်သွားကြသည်။ ရောက်လေလျှင် ဘုရင်ကမမေး၊ ကာလိဒါသက “၎င်းအစေ့များသည် ဘာစေ့များလဲ” ဟု မေးသည်။ “ထိုအစေ့များ၏ အမည်ကို ပြောကြပါ” ဟု ဆိုသည်။

ကုန်သည်တစ်ယောက်က “၎င်းအစေ့များသည် ပဲစိမ်းငုံစေ့များဖြစ်သည်” ဟု ဖော်သည်။ ဒုတိယတစ်ယောက်ကမူ “ပဲစိမ်းငုံစေ့များမဟုတ်၊ စားတော်ပဲစေ့များသာ ဖြစ်ရမည်” ဟု ဖော်ပြန်သည်။

အခြားတတိယလူကမူ “စားတော်ပဲလည်း မှုချမဖြစ်နိုင်၊ သိတော့သိသည်၊ နာမည်တော့ မမှတ်မိ” ဟု မရေမရာဖြေသည်။

“နက်သည့် ငရုပ်ကောင်းစေ့သာ ဖြစ်သည်။ ငရုပ်ကောင်းနက်စေ့ ဧကန္တပဲ” ဟု စတုတ္ထကုန်သည်က ပရိယာယ်တစ်မျိုးဖြင့် ပြောသည်။

ကျန်ကုန်သည်များကလည်း မျက်စိမှုန်၍ မိမိတို့ သဲကွဲအောင် မသိသလိုလို၊ သိသလိုလို ပြောဆိုကြသည်။ မရေမရာ မသေမချာပင် အဖြေပေးကြသည်။

ကုန်သည်များသည် အကယ်ပင် မသိကြ၍မဟုတ်၊ အစကပင် မတ်ပဲဆိုသည်ကို သိသည်။ သို့ရာတွင် ကုန်သည်တို့၏ ပရိယာယ်ဖြင့် ဟန်ဆောင်နေကြခြင်းဖြစ်သည်။ ကုန်သည်များမှာ မည်သည့်လူစားမျိုးနှင့်မှမတူ အလွန်စကားပရိယာယ်ကြွယ်သည်။ စကားပရိယာယ်အားလုံးကို သုံးစွဲပြောဆိုတတ်သည်။ မည်သူ့ကို မည်သို့ပြောရမည်၊

www.facebook.com/NyisayEbookCreator
www.nyisay.com



မည်သည့်ကိစ္စကို မည်သို့သုံးရမည်၊ ဟန်အမူအရာနှင့်တကွ လူမှုရေးဝေါဟာရစကား ပရိယာယ်များ၌ အလွန်ကြွယ်ဝသည်။

ယခုလည်း ရှောမွေးကို ဗာရာဏသီချဲ့နေကြသည်။ ကာလီဒါသနှင့် ဘုရင်ကိုပင် ကုန်သည်တို့သဘာဝအတိုင်း ပြောဆိုလျှောက်တင်နေကြသည်။ အံ့ဩဖွယ်ပင်။

ဘုရင်သည် ကုန်သည်တို့၏ ပရိယာယ်စကားလုံးများကို နားကြားပြင်းကပ်လာသည်။ အလိုမရှိတော့။ သို့ဖြစ်၍ "အသင်ကုန်သည်များ အဲဒါမတ်ပဲပဲ" ဟု မိန့်ကြားလိုက်သည်။

"မှန်ပါသည်ဘုရား၊ အဲဒါ ဟိုဒင်း ဟိုဟာပါဘုရား၊ ဘုရင်မင်းမြတ် မိန့်တော်မူသည့် ဟို အဲဒီပဲပါဘုရား" ဟု အမည်မဖော်ဘဲ အားလုံးက ဟိုဒင်း ဟိုဟာဟု ပြန်၍ လျှောက်တင်ပြကြသည်။

ဟိုဒင်းဟိုဟာဟုသာ မရေမရာ ပြောဆိုလျှောက်တင်ကြသည်ကို ဘုရင်ကြားလေသည်။ သို့ဖြစ်လေရာ ဘုရင်မှာ တော်တော်အံ့ဩမိသည်။

"အသင်ကုန်သည်များသည် ခေါင်းမရှိ၊ ခြေမရှိ စကားများကို ပြောနေကြသည်။ အသင်တို့ဦးနှောက်များကို အဘယ်မှာ ပေါင်ထားခဲ့ကြသနည်း၊ ရောင်းပဲထားခဲ့ကြသလား။ ထိုအစေ့များသည် မတ်ပဲပဲ" ဟု ဘုရင်က ဒုတိယတစ်ဖန် မိန့်ကြားလိုက်ပြန်သည်။

ထိုအခါ၌လည်း မလျှော့၊ တော်တော့်ကို စည်းဝါးကိုက်ကြသည်။ "ဟုတ်ပါသည်၊ ဘုရင်အမိန့်ရှိသည့် ဟိုဒင်း ဟိုဟာစေ့များ ဖြစ်ကြပါသည်" ဟု လျှောက်တင်ကြပြန်သည်။

"ဟိုဒင်း ဟိုဟာ လုပ်မနေကြနဲ့၊ ဤအစေ့များသည် ဘုရင်ပြောသည့် နာမည်ပဲမဟုတ်လား၊ အမည်ဖော်ထုတ်ပြောဆိုကြ၊ ငါက အစိမ်းမှည့်မဟုတ်၊ ပင်မှည့်" ဟု ကာလီဒါသက ကုန်သည်များအား ဝင်စွက်ပြောကြားလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့ရာတွင် ချက်ချင်းဖွဲ့စည်းလိုက်သော ကုန်သည်အဖွဲ့တွင် အတွင်းရေးမှူးမပါ၊ မထည့်၊ ဥက္ကဋ္ဌဖြင့်ပင် စည်းစည်းရုံးရုံး ရှိကြသည်။ လျင်လည်း လျင်ကြ၍ တစ်ဈေးတည်းလည်း ညီကြပါပေသည်။ ဘုရင် နှစ်ကြိမ်မျှ မိန့်ကြားသော်လည်း ထိုအစေ့များ၏ အမည်မှန်ကို လေသံမျှပင် မသန်းကြ၊ ဝေါဟာရကြွယ်ကြပါပေသည်။


ကာလိဒါသက "ဘုရင်ပြောသည့် အမည်လေ" ဟု ပြောသည်တိုင် သူတို့မေ့သည်ဆိုကာ ဟိုဒင်းဟိုဟာက မတက်၊ ဟိုဒင်းဟိုဟာက ဘက် မလွန်ကြပေ။

ရာဇမောန်တက်လာသော ဘုရင်သည် ကုန်သည်များအား ချက်ချင်းပြန်ကြရန် အမိန့်ပေးလိုက်တော့သည်။ ကုန်သည်များ၏ ပရိယာယ်သံများကို ဆက်လက်၍ မကြားလိုတော့။ ဟိုဒင်းဟိုဟာဖြင့်ပင် အဆုံးသတ်လိုက်တော့သည်။

ထိုအခါ ကာလိဒါသသည် "ကြည့်ပါဘုရင်မင်းမြတ်၊ ကုန်သည်များမှာ မတ်ပဲမှန်းသိလျက် အမွက်မျှမဖော်၊ ပရိယာယ်စကားလုံးများဖြင့် ဖုံးကွယ်ထားကြသည်။ တောင်သူလယ်သမား ဆင်းရဲသားလူတန်းစားများကို မဆိုထားနှင့် ဘုရင်တစ်ပါးကိုပင် လှည့်စားကြပေသည်။ လိုရင်းသို့မရောက်အောင် ဝေါဟာရကြွယ်ကြွယ်နှင့် လုပ်တတ်ကြပါသည်။ ထို့ကြောင့် လူမှုရေးရာမှန်သမျှ၌ လိမ္မာပါးနပ်ကြဆုံးသောသူများမှာ ကုန်သည်များသာ ဖြစ်ကြပါသည်" ဟု ဘုရင်အား လျှောက်တင်လိုက်သည်။

"မှန်ပေသည်၊ အကြားမျှမဟုတ်၊ ကုန်သည်များသည် လူမှုရေးပရိယာယ်အများဆုံး ဖြစ်ပုံကို မျက်မှောက်တွေ့ရပေပြီ" ဟု ဆိုကာ ကာလိဒါသ၏အဖြေကို နှစ်သက်တော်မူသည်။ ကာလိဒါသကိုလည်း ဉာဏ်ပညာပူဇော်သောအားဖြင့် ဆုတော်လာဘ်တော်များကို ပေးသနားတော်မူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# တရုတ်ပြည်က သဲပေါ်မှာပါ

ဘောဇဘုရင်သည် ညီလာခံသဘင်အလယ်၌ ရောက်ရှိနေကာ မှူးမတ်များနှင့် အလာပ သလ္လာပ ပြောဆိုနေကြသည်။ တိုင်းရေးပြည်ရာများ ဆွေးနွေးနေကြသည်။

ဘုရင်မင်းမြတ် ညီလာခံတက်နေစဉ် ဘုရင်အမြန်ပြန်ကြွလာရန် မင်းချင်းယောကျ်ားတစ်ဦးအား မိဖုရားက စေလွှတ်ပင့်ခေါ်ခိုင်းလိုက်သည်။ ဘုရင်လည်း ညီလာခံမှပြန်ကြွရန် ဟန်ပြင်တော့သည်။ ဣန္ဒြေ အနည်းငယ်ဆောင်ကာ နေသော်လည်း ဘုရင်မှာ ပြန်ကြွလိုစိတ် ပြင်းထန်နေသည်ကို သိကြသည်။ ထိုအခိုက်တွင် ညီလာခံမှ အားလုံးသော မှူးမတ်ဗိုလ်ပါတို့က အရေးကြီးသောကိစ္စများပြီးမှပင် ကြွဖို့ တောင်းပန်ပြောဆိုကြသည်။

ဘုရင်သည် ထသွားလိုသော်လည်း မသွားပေ၊ ရာဇဣန္ဒြေကို စောင့်ထိန်းကာနေလေသည်။ သို့ရာတွင် စိတ်ထဲ၌မူ "မိဖုရားကြီး အရေးတကြီး အဘယ်ကြောင့်ခေါ်ပါလိမ့်" ဟု ပူနေသည်။ ရင်ထဲတွင် တထင့်ထင့်ဖြစ်ကာ စိတ်မချပေ။ စိုးရိမ်၍သာနေသည်။

မိဖုရားစေလွှတ်လိုက်သော မင်းချင်းလည်း စံနန်းတော်သို့ ပြန်မသွားပေ။ ဘုရင်ပြန်ကြွတော်မူမည်လားဟု စောင့်နေသည်။ တစ်စုံတစ်ရာ ပြောကြားတော်မူမည်လားဟု အမိန့်ကို ငံ့မျှော်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်လည်း ကရုမထားသည့်ပမာ ညီလာခံကိစ္စများကိုသာ ဟန်ကောင်းကောင်းနှင့် ဆောင်ရွက်စီမံနေသည်။ ဝေဖန်မိန့်ကြားနေသည်။

ခဏမျှကြာသော် မင်းချင်းရော ဘုရင်ပါ မပြန်လာ မကြွလာသည်နှင့် မိဖုရားကြီးသည် မင်းချင်းတစ်ဦးကို ထပ်မံ၍လွှတ်လိုက်ပြန်သည်။ "ဘုရင် အမြန်ပြန်မကြွတော်မူလျှင် မဖြစ်ပါ၊ ပြန်ကြွတော်မူခဲ့ပါ" ဟု လျှောက်ထားဖို့ မင်းချင်းကို မှာကြားလိုက်ပြန်သည်။

မိဖုရား ၎င်းဒုတိယအကြိမ်စေလွှတ်ပင့်ခေါ်ချိန်တွင်မူ ဣန္ဒြေကို အများကြီးစောင့်စည်းထားလိုက်ရသည်။ ဘုရင်တန်မဲ့ အရုပ်ဆိုးမသွားရန် မနည်းသတိထားလိုက်ရသည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ မိဖုရား၏ဆန္ဒကို လျစ်လျူရှုမထားနိုင်တော့၊ မိဖုရားထံပြန်ကြွဖို့ရန် ဟန်ပြင်လိုက်တော့သည်။ ဟန်ပြင်ရာမှ ညီလာခံမှ စီမံဆဲ ကိစ္စများကို တန်းလန်းထားကာ လိုက်သွားဖို့ ထတော့သည်။

ထိုအခါ ဘုရင်၏ အမူအရာ အရိပ်အကဲကို စောင့်ကြည့်နေသော ကာလိဒါသသည် "သည်းခံတော်မူပါ၊ သည်းခံတော်မူပါ" ဟု ဘုရင်အား ထပ်မံလျှောက်ထားသည်။ ညီလာခံတစ်ခုလုံးလည်း ကာလိဒါသ၏ "သည်းခံတော်မူပါ" လျှောက်သံကြောင့် လှုပ်ရှားသွားသည်။

ဘုရင်လည်း ရာဇမာန် ဖြုန်းခနဲထသွားသည်။ ဒေါသမီးဟုန်းခနဲတောက်သွားသည်။ တုတ်ချက် ခပ်နာနာအထိခံလိုက်ရသည့်မြွေသဖွယ် တော်တော်နာကြည်းသွားသည်။ ထို့ကြောင့် ဘုရင်သည် "သည်းခံတော်မူပါ" လျှောက်တင်သည့် အသံရှင်ကာလိဒါသ၏ မျက်နှာကို လှမ်း၍ စေ့စေ့ကြည့်လိုက်ပြီး စူးစူးစိုက်စိုက် ရှုလိုက်သည်။

ဘုရင်ရှုကြည့်လိုက်သည့် အခိုက်အတန့်တွင် ပြက်ရယ်ပြုသည့်အသွင် ကာလိဒါသ၏ မျက်နှာကို မြင်လိုက်ရသည်။ ပြောင်လှောင်

www.facebook.com/NyisayEbookCreator
www.nyisay.com



သည့် အရိပ်အရောင်ကို တွေ့လိုက်ရသည်။ ဟာသလက္ခဏာများ ပါနေသည်ကို သိလိုက်ရသည်။

ကာလိဒါသ၏ ဤသို့သော အမူအရာများကြောင့် ဘုရင်သည် ပို၍ ရာဇမာန်ပွားလာသည်။ ပို၍ အမျက်ကြီးလာသည်။ ပိုမို၍ ရှက်လာသည်။ ကဲ့ရဲ့ပြက်ရယ်ပြုသည့် လောကဓံကို သည်းမခံနိုင် ဖြစ်လာသည်။ ရာဇဓမ္မကို မထိန်းချုပ်နိုင် ဖြစ်သွားသည်။ ထို့ကြောင့် ဘုရင်သည် "ကာလိဒါသ ယခုအချိန်ကစ၍ အသင် ငါ့မြေပေါ် ခြေမချနဲ့၊ ခြေချရင် ခြေကဖြတ်၍ သတ်ပစ်မယ်" ဟု ကာလိဒါသ အပေါ် ပြင်းထန်စွာအမိန့်ချလိုက်သည်။

ကာလိဒါသသည် ဘုရင်ကို အရိုအသေပေးကာ မိမိအပေါ် ဘုရင်အမိန့်ချပြီးသည့်နောက် မကြာမီမှာပင် ညီလာခံရာမှ ထွက်သွားသည်။ ထိုသို့ ကာလိဒါသထွက်သွားသည်ကို ချစ်ခင်ကြင်နာ ကိုယ်ချင်းစာသူ အချို့သောမှူးမတ်ဗိုလ်ပါများက ဝမ်းနည်းကြသည်။ နှမြောကြသည်။ သနားကြသည်။ ကာလိဒါသ ဘေးတွေ့မည်ကို မရှုလို မမြင်လိုကြပေ။ ဘုရင်၏ ပြင်းထန်သောအမိန့်ကို မလွန်ဆန်ဝံ့၍သာ ဘာမှမလျှောက်ထားဝံ့ဘဲ နေလိုက်ကြရပေသည်။

အချို့သော မှူးမတ်ဗိုလ်ပါများကမူ ကာလိဒါသ အပြစ်ရသည်ကို ဝမ်းမနည်းကြသည့်အပြင် ဆဲပင်ဆဲလိုက်ကြသေးသည်။ နှုတ်မှ အသံထွက်အောင် ကြိမ်းပင် ကြိမ်းဝါးလိုက်ကြသေးသည်။ သည်ကဲ့သို့ ဆဲဆိုကြိမ်းဝါး ဒေါသပွားသူများသည် ကာလိဒါသအပေါ် အစ ကတည်းက မလိုမုန်းထား ရန်ငြိုးပွားနေကြသော မှူးမတ်ဗိုလ်ပါများ ဖြစ်ကြသည်။

ရက်သတ္တ တစ်ပတ်နှစ်ပတ်မျှ ကြာသွားသောအခါ ဘုရင်လည်း အမျက်ပြေလာသည်။ ရာဇမာန်ပျောက်သွားသည်။ တိုင်းပြည်ရေးရာ

www.facebook.com/NyisayEbookCreator
www.nyisay.com



တွင်လည်း ကာလိဒါသမရှိ၍ ကသိကအောင့် ကြုံလာသည်။ ကာလိဒါသကို မမြင်မတွေ့ရလျှင် မနေနိုင်အောင် ဘုရင်မှာ စိတ်နှလုံး ပူပင်လာသည်။

ဘုရင်သည် ကာလိဒါသအား အလွန်အားထားသည်။ ချစ်ခင်သည်။ ကျွမ်းဝင်ယုံကြည်သည်။ နန်းတွင်းသို့ ဘယ်အခါမဆို သွားစေ လာစေ ဝင်စေ ထွက်စေ ခွင့်ပြုထားသည်။ ဘုရင့်အား ဘယ်အရာမဆို တင်စေ လျှောက်စေ အမိန့်ပေးထားသည်။ အမျက်တော်ရှလျှင်လည်း ခဏဖြင့်ခွင့်လွှတ်တတ်သည်။ အပြစ်ရှိလျှင်လည်း ထိထိရောက်ရောက် (အဆုံးစီရင်သည်တိုင်) နှိပ်ကွပ်ခြင်းမပြု၊ ဘုရင် ပြင်းပြင်းထန်ထန် အမျက်တော်ရှိလှသည်တိုင် တော်သင့်ရုံသာ အပြစ်ပေးလေသည်။ ဤမျှမက ဘုရင့်စည်းစိမ်တမျှ ကာလိဒါသအား ချီးမြှောက်ထားသည်။ ယခုလည်း ဘုရင်သည် ကာလိဒါသကို တောင့်တလာချေပြီ။

သို့ရှိသည့်နှင့်အမျှ ဘုရင်သည် ကာလိဒါသအား ပြန်ခေါ်ရန် ကြံစည်တော့သည်။ စုံစမ်းရန် စီမံတော့သည်။ ရှာဖွေရန် လူလွှတ်တော့သည်။ ဤသည်တို့ဖြင့် ရက်ပေါင်းလည်း အတန်ကြာသွားခဲ့ပေပြီ။ ကာလိဒါသလည်း ဘုရင်အမျက်တော်ပြေရန်ဟု ဆိုကာ အဝေးဒေသသို့ ထွက်ခွာနေသည်။

တစ်နေ့သောအခါ ဘုရင်သည် နန်းတော်ပြတင်းမှ ရှုမျှော်ခင်း တစ်ခုကို ကြည့်ရှုနေစဉ် နန်းတော်အနီး လမ်းမကြီးတစ်ခုပေါ်တွင် တစ်စုံတစ်ယောက်သည် အမိုးနှင့် ရထားစီးသွားသည်ကို မြင်လိုက်သည်။ ထိုရထားကို မြင်လိုက်သည်နှင့် တစ်ပြိုင်တည်း ဘုရင်၏ စိတ်နှလုံးမှာ တစ်မျိုးတစ်မည် ဖြစ်သွားသည်။ ထို့ကြောင့် ထိုရထားကို ရပ်စေဖို့ အမိန့်ပေးလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့နောက် နန်းတော်ပေါ်က ဆင်းသွားကာ ဘုရင်ကိုယ်တော်တိုင် ရထားကိုသွားကြည့်သည်။ ရထားပေါ်တွင် ကာလိဒါသကို ပက်ပင်းပါတွေ့လေတော့ရာ ဘုရင်သည် အံ့သြသွားသည်။ "ကာလိဒါသ အသင် ငါ့မြေပေါ်မနေရ၊ ငါ့မြေပေါ်နေက ခြေကို ဖြတ်၍ သတ်မယ်ဟု အမိန့်ချထားလျက် အဘယ်အတွက် သင်ယခုတိုင် ငါ့မြေပေါ်မှာနေသနည်း" ဟု ရာဇမာန်ပွားဟန်ဖြင့် မေးလိုက်သည်။ ဒေါသအမျက်မပြေသေးဟန်ဖြင့် မိန့်ဆိုသည်။

ထိုအခါ ကာလိဒါသက "ကျွန်တော်မျိုးအပေါ် ဘုရင်မင်းမြတ် ပြင်းထန်စွာ အမိန့်ချလိုက်ကတည်းက ကျွန်တော်မျိုးသည် တရုတ်ပြည် ဂန္ဓာရတိုင်းသို့ သွားနေပါသည်။ တရုတ်ပြည်မှ သဲများကိုယူကာ ရထားပေါ်မှာခင်းပြီး ယခုမှ ပြန်လာပါသည်။ ဘုရင့်မြေပေါ်မှာ မနေပါ၊ တရုတ်ပြည်က သဲပေါ်မှာသာ နေပါသည်။ ဤသို့နေခြင်းဖြင့် ဘုရင့်အမိန့်ကို လိုက်နာလျက်ရှိပါသည်။ ဘုရင့်သစ္စာတော်ကို ခံယူလျက် ရှိပါသည်။ သို့ရာတွင် ကိစ္စမရှိပါ။ သဘောတော်အတိုင်း စီရင်တော်မူပါ။ ယခုလည်း ပြေးရင်း လွှားရင်းဖြင့် ရက်တော်တော်များများ ကုန်သွားပါပြီ။ နောင်ကိုလည်း ဤသို့ပင် ကုန်သွားဖို့သာ ရှိပါသည်" ဟု ကာလိဒါသက ဘုရင်အား ရထားတွင်း သဲပေါ်မှသာ နေကာ ပြန်၍တင်လျှောက်သည်။

ထိုအခါ ဘုရင်က အချစ်တဏှာနှင့်ပတ်သက်၍ အမှောင်ကျမိပုံ၊ မှောင်တကာ့မှောင်တွင် ဤမှောင်အမိုက်ဆုံးဖြစ်ပုံ၊ အချစ်တဏှာနှင့် ပတ်သက်လာလျှင် သတ္တဝါများသည် ကောင်းသည့်ဝသီ မရှိပုံများကို ကာလိဒါသအား အူတွင်း အသည်းတွင်းမှ လှိုက်လှဲစွာပြောပြသည်။

ထို့နောက် တစ်ဆက်တည်းပင် ၎င်းအချစ်မှောင်ထဲ ရောက်သွားသူများသည် အနန္တောအနန္တငါးပါးကိုပင် မေ့တတ်ကြကြောင်း၊ မိမိ

www.facebook.com/NyisayEbookCreator
www.nyisay.com



လည်း ရုတ်တရက် ဤအမှောင်အတွင်း ရောက်သွား၍ ကာလိဒါသအား ဤကဲ့သို့ ပြောဆိုပြုမှားမိကြောင်း၊ အာဃာတမထား၊ ဖွေမယူစေလိုကြောင်းနှင့် ရာထူးကို ဆက်လက်လက်ခံပြီး ညီလာခံသို့ တက်ရောက်ရန် ဘုရင်က ကာလိဒါသအား တောင်းပန်စကား ပြောကြားသည်။

ကာလိဒါသလည်း ပညာရှိပီပီ ဘုရင့်စကားကို ကြည်ဖြူစွာ နာယူသည်။ ဘုရင်လည်း မိမိပြောဆိုပြုမှားမိသည့် ဒုက္ခမှ ငြိမ်းသွားသည်။ နှစ်ဦးသော ပုဂ္ဂိုလ်တို့သည် တိုင်းပြည်ကို ရှေးကကဲ့သို့ပင် တရားသဖြင့် အုပ်ချုပ်ကြလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ကြက်တူရွေး

လူတို့တွင် ဝါသနာအမျိုးမျိုး ရှိကြသည်။ ဘောဇဘုရင်၏ နန်းတော်နှင့် မလှမ်းမကမ်းတွင်နေသော သေနာကရဏ်ဆိုသည့် လုလင်ပျိုသည် ကြက်တူရွေးမျိုးစုံမွေးသော ဝါသနာ ထုံလေသည်။ ကြက်တူရွေးများ နေ့စဉ်ပင် ရှာပြီး မွေးလေသည်။

တမာဆိုသော ကြက်တူရွေး၊ လည်ပင်းတွင် အနီရစ်ပါသော ကြက်တောဆိုသည့် ကြက်တူရွေးမျိုး၊ ကြေးကုလား၊ ကြေးကြုတ်မှစ၍ မျိုးစုံအောင်ပင် သူရအောင်ရှာသည်။ ဘယ်နေရာ၊ ဘယ်တောခွင် ဘယ်ကြက်တူရွေးမျိုးရှိသည်ဆိုလျှင် သေနာကရဏ်သည် ရအောင် ဖမ်းသည်။

မွေးကင်းစ အတောင်ပေါက်စ၊ အမွေးနုများ ပေါ်စများကို ရလျှင်လည်း မွေးသည်။ ခပ်ကြီးကြီးများရလျှင်လည်း ယူသည်။ အရွယ်မရွေး၊ အကောင်မရွေး မွေးသည်။ ကြက်တူရွေးဖမ်းပုံ နည်း မျိုးစုံလည်း တတ်သူဖြစ်ရာ မိမိတွင်လိုနေသော ကြက်တူရွေးမျိုးကို အခက်အခဲမရှိပေ။

သေနာကရဏ်သည် ကြက်တူရွေးမျိုးစုံကို လှောင်ချိုင့်ကြီး လှောင်ချိုင့်ငယ်များဖြင့် လှောင်ထားပြီး ကြက်တူရွေးမျိုးစုံတို့ ကြိုက် တတ်သော အစာမျိုးစုံကိုလည်း သူ့အစာနှင့်သူ ရအောင် ရှာကာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဂရုတစိုက် ကျွေးမွေးထားသည်။ နေထိုင်မကောင်းသော ကြက်တူရွေး ကိုလည်း သမားတော်တစ်ဦးကဲ့သို့ ကုသပေးသည်။ လှောင်ချိုင့်တွင်း နေရသော ကြက်တူရွေးများအနက် သေနကရဏ်၏ စံပြထောင်တွင် နေကြရသော ကြက်တူရွေးများသည် အပျော်ဆုံးဖြစ်လိမ့်မည်ဟု ယူဆနိုင်စရာရှိပေသည်။

လှောင့်ချိုင့်ကြီးငယ်များနှင့် လှောင်ထားပြီး သီးနှံများကိုလည်း အမြဲတစေ ရှာဖွေကျွေးထားသည်။ စကားပြောပုံဆိုပုံများကိုလည်း ကြိုးစား၍သင်ထားရာ တချို့မှာ စကားတော်တော်ပင်တတ်နေကြပြီ။ စကားစသင်ခါစများလည်းရှိ၍ လုံးလုံးစကားမသင်ရ၊ သင်တန်းမပေး ရသေးသော ကြက်တူရွေးများလည်းရှိသည်။

စကားတတ်ပြီး ကြက်တူရွေးများက စကားပြောကြ၊ ပလီပလာ တီတီတာတာ လုပ်နေကြသည်။ လူပြောသံနှင့် အလွန်တူအောင် ပြောနိုင်ကြသည်။ စကားတတ်စ လူကလေးများပမာ၊ တီတီတာတာ ပြောဆိုကြသည်။ လူ့အသိကဲ့သို့ သိကြလေသလော မပြောတတ်။ လူ့ဦးနှောက်သဘောနှင့်တူသော ဦးနှောက်များ ရှိလေသလား မပြော နိုင်။ လူတွေပြောသည့် စကားလုံးအားလုံးလိုလိုပင် ပြောနိုင်ကြ၊ တတ်ကြသည်။ အချို့ရွှေခဲများသည် လူများ စကားပရိယာယ်ကွယ် သကဲ့သို့ပင် ကွယ်ကြ လည်ကြပေသည်။

ကြက်တောခေါ်သောကြက်တူရွေးကြီးများမှာ အကောင်အထည် ကြီးကြသည်နှင့်အမျှ အသံလည်းကျယ်ကြသည်။ သေနာကရဏ် ကလည်း ရှားပါးစေတတ်သည့် အစာအာဟာရများ၊ လျှာသွက်လက် စေတတ်သည်ဆိုသည့် ဧရာတ်သီး စသည်များကို ကျွေးထား၊ လျှာကို ပြုပြင်ပေးထားရာ သွက်သွက်လက်လက် ရှိလှသည်။ စကားလုံးတွေ ပီပီသသရှိလှသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



စကားတတ်ပြီး စကားပရိယာယ်ကြွယ်ပြီး ကြက်တူရွေးကြီးများမှ ဘာသာဘာဝ အသံများကိုပင် မပြည်ကြ၊ မအော်ကြတော့ လူပါးဝနေကြပေပြီ။ တော်တော့ကို လူစိတ်ဝင်နေကြပြီ။ စကားသင်စ ကြက်တူရွေးကလေးများကသာ ဘာသာဘာဝ မြည်ကြ အော်ကြသည်။

သေနာကရဏ်၏အိမ်သည် ကြက်တူရွေးသံ တညံညံနှင့် ဖြစ်နေသည်။ ဘာသာဘာဝ ကြိုးကြိမ် ကြိုးကြိမ်ဖြင့် အစာရေစာ မြည်အော်တောင်းကြသံ၊ အချင်းချင်းပြောကြ၊ လူများပြောရာဆိုရာကို လိုက်၍ပြောဆိုကြသံတို့ဖြင့် ဆူဆူညံနေသည်။ မပီကလာ ပီကလာ အသံမျိုးလည်းပါ၍ နွဲ့လှခရာလှသော အသံမျိုးကိုလည်း ကြားရပေရာ ချစ်စရာကောင်းလှပေသည်။

ဝါသနာရှင် သေနာကရဏ်သည် ကြက်တူရွေးမွေးမြူခြင်းဖြင့်သာ အသက်မွေးသည်။ စကားတတ်ပြီး စကားပရိယာယ်ကြွယ်ဝပြီး ကြက်တူရွေးကြီးများကို လက်ရွေးစင်လျှောက်ပေးသည်။ လူမွဲများ ဆင်းရဲသားများကို မပေးမအပ်၊ လက်ဆောင်များများရသည့် လူရည်တတ်များ၊ သူဌေးများကိုသာ ပေးသည်။

လူရည်တတ်များ၊ သူဌေးများကလည်း သေနာကရဏ်အား လက်ဆောင်များ ဝမ်းမြောက်ဝမ်းသာ ပြန်ပေးကြသည်။ ဂျုံ၊ ဆန်၊ ဆီ၊ ဆား၊ ထောပတ် စသည်များကို ပေးကြသည်။ ဤကဲ့သို့ ကြက်တူရွေးများ လှည့်လည်လက်ဆောင်ပေးရာမှ လက်ဆောင်များရခြင်းဖြင့် သေနာကရဏ်မှာ ဝမ်းစာဖူလုံနေသည်။ စားဝတ်နေရေး အေးအေးလူလူဖြစ်သည်။

တမာ ကြက်တော၊ ကြေးကုလား၊ ကြေးကြုတ် စသည့် ကြက်တူရွေးအမျိုးမျိုးကို မွေးထားရာ တမာလိုချင်သူကို တမာပေးနိုင်

www.facebook.com/NyisayEbookCreator
www.nyisay.com


သည်။ ကြက်တော စသည်များကို လိုချင်သူများအား ကြက်တော စသည်များကို ပေးနိုင်သည်။

တစ်နေ့သောအခါ သေနာကရဏ်မှာ ကြက်တူရွေးကောင်း တစ်ကောင်ကို ရသည်။ ထိုကြက်တူရွေးကို အထူးကြိုးစား၍ သင်ပေး ထားရာ ရိုးရိုးစကားလုံးများတွင် ဆိုစရာမရှိ၊ အလွန်ပင် ပေါ်များ ကြွယ်ဝသည်။ ကလေးချော့သီချင်းများ အခြားတေးကဗျာများကိုပင် သူတတ်နေသည်။

အထူးအားဖြင့်လည်း ထိုကြက်တူရွေးမှာ အခြားကြက်တူရွေးများ ထက် အဘက်ဘက်ကသာသည်။ ပို၍သွက်သွက်လက်လက်ရှိလှပြီး ပို၍ပီသသည်။ လည်ရစ်နီကြီးနှင့် ကြက်တောကြီးဖြစ်၍ အသွေး အရောင် အကောင်အထည်ကလည်းကြီး လှလည်းလှ၊ အသံကလည်း ပို၍ကျယ်ပေသည်။

သို့ဖြင့် သေနာကရဏ်သည် ထိုကြက်တူရွေးကို ဘောဇဘုရင် အား သွားဆက်တော့သည်။ ဘုရင်လည်း ကြက်တူရွေးကို မြင်ကာမျှ ဖြင့် ဝမ်းသာလှပေရာ၊ နှစ်သက်စွာပင် လက်ခံယူထားလိုက်သည်။ သေနာကရဏ်အားလည်း အသပြာများစွာ ပေးသနားလိုက်သည်။ ရက်အနည်းငယ်အတွင်း၌ပင် ကြက်တူရွေးသည် ထီးသံ နန်းသံ ကြငှန်းသံများဖြင့် ပြောလာသည်။ ထီးသွေး၊ နန်းသွေး၊ ကြငှန်းသွေး ပေါက်နေသည်။ သေနာကရဏ်၏ လက်ထဲမှာကဲ့သို့ မဟုတ်တော့။ တော်တော့်ကို အသွင်လက္ခဏာ ပြောင်းလဲတိုးတက်နေသည်။

ဘုရင်လည်း ချစ်မြတ်နိုးလှသည်နှင့် ကြက်တူရွေး အထိန်း အစောင့် တစ်ယောက်ကိုပင် ခန့်ထားလိုက်သည်။

"ကြက်တူရွေးကို ကောင်းစွာထိန်းစောင့် အစာကျွေးမွေးထား၊ စကားများ သီချင်းများကိုလည်း သင်ပေး၊ ကြက်တူရွေးသေပါက

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြက်တူရွေးနဲ့အတူ မင်းလိုက်ရမည်၊ မင်းသတိပြု” ဟုလည်း ကြက်တူရွေးအထိန်းအား မိန့်ကြားထားသည်။

အထိန်းအစောင့်လည်း ကြက်တူရွေးကို ကောင်းကောင်း မွေးကျွေးသည်။ အထူးတလည်ဂရုစိုက်ယုယမွေးမြူသည်။ တခဏမျှပင် ပစ်၍မထား၊ ကြိုးစားစောင့်ရှောက်သည်။ ဘုရင်လည်း တစ်ခါတစ်ခါ လာ၍ ကြက်တူရွေးအား ကျီစယ်သည်။ ပြောင်လှောင်ပြောဆိုတို့ဆိတ်သည်။

သို့သော် ကြက်တူရွေးမှာ ကြာကြာအသက်မရှည်၊ လ အနည်းငယ် အတွင်းမှာပင် သေသွားသည်။ ကြက်တူရွေးသေသည်ကို ဘုရင် မသိသေး။ ဘုရင်မကြားသေး။ သေသည်မှာလည်း ပူပူနွေးနွေးသာ ရှိသေးသည်။ ကြက်တူရွေးအထိန်းမှာ မကြံတတ်၊ မစည်တတ်၊ အသတ်ခံရမည်ကို ကြောက်ရွံ့နေသည်။ “ကြက်တူရွေးသေက ကြက်တူရွေးနှင့် အတူလိုက်ရမည်” ဆိုသည့် ဘုရင့်အမိန့်မှာ နားထဲက မထွက်။ ထို့ကြောင့် အားကိုးရာမဲ့ဖြစ်နေရာ ကာလိဒါသထံသို့ သွားရတော့သည်။

“ကြက်တူရွေးသေသွား၍ ကြောက်ရွံ့ပြီး အရှင်ကာလိဒါသထံ လာရပါသည်။ စောင့်ရှောက်ကြည့်ရှုပါ။ ဘုရင်၏ ပြင်းထန်သည့် အမိန့်ဒဏ်မှလွတ်အောင် ကယ်မပါ” စသည်ဖြင့် တောင်းပန်သည်။

ထိုအခါ ကာလိဒါသက “မပူနဲ့၊ မသတ်စေရ၊ ငါ့တာဝန်ရှိပစေ၊ သတ္တဝါတို့မွေတာ မလွန်ဆန်နိုင်၍ သေသည်၊ သေခြင်းတရားကို မည်သူတားနိုင်မည်နည်း၊ ပြန်သွားလော့” ဟု ဆိုကာ အထိန်းအား ပြန်လွှတ်လိုက်သည်။

ကာလိဒါသလည်း ဘုရင့်ထံသို့ အမြန်သွားသည်။ ဘုရင်လည်း ကြက်တူရွေး သေမှန်းမသိသေး၊ ကြက်တူရွေးဆီ မသွားရသေးပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရွှေခဲ ရွှေခဲ အရှင့်ရွှေခဲလေး" ဟု ဘုရင်အား ကာလိဒါသက မဆီမဆိုင်လျှောက်တင်သည်။ ထိုအခါ ဘုရင်က "အသို့နည်း ကာလိဒါသ၊ ငါ့ကြက်တူရွေးများ သေပြီလား" ဟု အထိတ်တလန့် မေးမြန်းလေသည်။


"သေတော့ မသေပါ၊ အိပ်ပျော်တော့နေပါပြီ၊ ခေါင်းလည်း မထောင်၊ အတောင်လည်းမလှုပ်၊ အစာလည်းမစား၊ စကားတွေ ဘာတွေလည်း မပြောတော့ပါ" ဟု ကာလိဒါသက လျှောက်တင်လိုက်ပြန်သည်။ သို့ဖြင့် ဘုရင်သည် ကြက်တူရွေးရှိရာသို့ ထသွားလေရာ ကြက်တူရွေးမှာ သေနေသည်ကို တွေ့ရလေသည်။

"ကာလိဒါသ ငါ့ကို ဒုက္ခပေးသည်။ သေတာကို သေပြီ လျှောက်တင်က အေးမည်၊ ယခုတော့ ငါ့ကို ဟိုလိုလို ဒီလိုလို လျှောက်တင်သည်" ဟု ဘုရင်က အပြစ်တင်လေသည်။

"ကြက်တူရွေးသေပြီဟု တစ်ခါတည်းလျှောက်တင်က အထိန်းကို ဘုရင်မင်းမြတ် သတ်ချင်သတ်ပါမည်။ ကြက်တူရွေးထိန်းခန့်စဉ်က အမိန့်ချထားသည့်အတိုင်း ဘုရင်မင်းမြတ် စိတ်အလျှောက် မလုပ်ဟု မဆိုနိုင်ပါ။ သေမင်းသည် အကြွေးမထားပါ။ လက်ငင်းမကြာ သူ့ထံသို့ ခေါ်ယူသွားတတ်ပါသည်။ အားလုံးသော သက်ရှိသတ္တဝါတို့မှာ ယနေ့လား နက်ဖြန် ဘယ်ရက်မှန်းမသိရပါ၊ အစိုးမရပါ၊ သေမင်းခေါ်ချိန်မှာ လိုက်ကြရပါမည်။ ကြက်တူရွေးသာ မဟုတ်ပါ၊ အားလုံးသက်ရှိသတ္တဝါမှန်သမျှ သေမင်းလက်တွင်းမှ မလွတ်ကင်းနိုင်ကြပါ" စသည်ဖြင့် သေခြင်းနှင့်စပ်သမျှ ကာလိဒါသက လျှောက်တင်သည်။

ဘုရင်လည်း သေခြင်းတရားကို ထိတ်လန့်ကာ သံဝေဂရသဖြင့် အမျက်တော်ပြေပြီး အမိန့်ကို ပယ်ဖျက်လိုက်သည်။ အထိန်းလည်း ကြက်တူရွေးနောက်သို့ မလိုက်ရတော့ပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



# အိမ်သာနှင့် ဘောဇဘုရင်ရုပ်ပုံ

ရှေးလွန်လေပြီးသော နှစ်ပေါင်း ၂၀၀၀ တစ်ဝိုက်က ဥဇ္ဇေနီပြည်တွင် ဝိက္ကမာဒိစ္စ ဟူသောဘုရင် စိုးစံအုပ်ချုပ်လျက် ရှိခဲ့လေသည်။ ဝိက္ကမာဒိစ္စမင်းသည် အိန္ဒိယပြည်တွင် အလွန်တန်ခိုးကြီးခဲ့သော မင်းဖြစ်သည်။ ဒက္ခိဏာပထတိုင်းခရိုင်များနှင့်တကွ ရှေးမည် အဝန္တိတိုင်း၊ ယခုအခေါ် မာလဝတိုင်း ဥဇ္ဇေနီပြည် စသော တိုင်းတို့ကို အုပ်စိုးသော သာကမင်းတို့ကို တိုက်ခိုက်အောင်မြင်၍ ဥဇ္ဇေနီပြည်ကို မင်းနေပြည်တော် ပြုလုပ်စံနေသည်။

ဝိက္ကမာဒိစ္စမင်းကြီးသည် ဓာရာတိုင်းအရှင် ဘောဇဘုရင်နှင့် ထီးပြိုင် နန်းပြိုင် ဘုရင်တစ်ပါးဖြစ်သည်။ သို့ဖြစ်လေရာ တစ်နေ့သောအခါ ဥဇ္ဇေနီပြည့်ရှင်ဘုရင် ဝိက္ကမာဒိစ္စမင်းကြီးသည် မိမိ၏စိတ်တွင် အကြံတစ်ခု ဖြစ်လာသည်။ ဓာရာတိုင်းအရှင် ဘောဇဘုရင်၏ အထံတွင် ခစားလျက်ရှိသော ကာလိဒါသသည် ပညာနှင့် အလွန့်အလွန်ပြည့်စုံသည်ဟု ကျော်စောသည်။ ဘောဇဘုရင်၏ ထီးနန်းတွင် ကာလိဒါသကို အမြင့်ဆုံးပညာရှင်အဖြစ် ထားရှိသည်ဟု ဆိုကြသည်။ ငါဘုရင် (ဝိက္ကမာဒိစ္စ) မင်းသည် ထိုကာလိဒါသအား ပညာစမ်းလျှင် သင့်ပေမည်ဟု ကြံစည်စဉ်းစားမိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပညာစမ်းရန် ဆန္ဒတော်ဖြစ်ပေါ်သော ဝိက္ကမာဒိစ္စမင်းကြီးသည် မိမိ၏ ဥဇ္ဇေနီတိုင်းပြည်မှ ဓာရာတိုင်း ဘောဇဘုရင်ထံ ခစားလျက်ရှိသော ကာလိဒါသပညာရှင်ထံ တမန်တော်များလွှတ်၍ ဖိတ်ခေါ်စေသည်။

ထိုသို့ စေလွှတ်ဖိတ်ခေါ်စဉ်အခါ ပညာစမ်းလို၍ဟု ဖိတ်ခေါ်စေသည်မဟုတ်။ ပညာဗဟုသုတ ပေါများကြွယ်ဝလှသည်ဟု ကျော်စောထင်ရှားလှသဖြင့် ကာလိဒါသအား ကြိုဆိုဧည့်ခံ ဂုဏ်ပြုလို၍ ဖိတ်ခေါ်ခြင်းဖြစ်သည့် အနေမျိုးဖြင့် ဖိတ်ခေါ်စေခြင်းဖြစ်သည်။

အချို့သောပုဂ္ဂိုလ်တို့သည် ပညာရှင်ကာလိဒါသကို တစ်မျိုးတည်းသာ မြင်ကြသည်။ ကာလိဒါသသည် ထိုစဉ်အခါ ဓာရာတိုင်းအရှင် ဘောဇဘုရင်ထံ ခစားလျက်ရှိသည်။ ဘောဇဘုရင် နတ်ရွာစံပြီးသည့်နောက်မှ ကာလိဒါသသည် ဘောဇဘုရင်နှင့် ထီးပြိုင် နန်းပြိုင်ဖြစ်သော ဝိက္ကမာဒိစ္စမင်းထံ ပြောင်း၍ ခစားရသည်။ ထိုအခါမှ ဝိက္ကမာဒိစ္စဘုရင်၏ ပညာရှိကိုးဦး နဝရတနာတွင် ကာလိဒါသ တစ်ပါးအဝင် တင်မြှောက်သည်ဟူ၍ဖြစ်သည်။

ဤသို့ စေလွှတ်ဖိတ်ခေါ်စဉ်အခါကမူ ကာလိဒါသအား ပညာစမ်းကာစသာ ရှိသေးသည်။ ထို့နောက်မှ ဥဇ္ဇေနီပြည် ဝိက္ကမာဒိစ္စမင်းထံ မကြာမကြာ ခစားရသည်။

ဘုရင်ဝိက္ကမာဒိစ္စက စေလွှတ်လိုက်သော တမန်များသည် ဘောဇဘုရင်ထံသို့ဝင်၍ ဝိက္ကမာဒိစ္စ ဘုရင်မင်းမြတ်က ကာလိဒါသ ပညာရှင်အား ကြိုဆိုဧည့်ခံ ဂုဏ်ပြုလိုသောကြောင့် မိမိတို့တိုင်းပြည်သို့ လွှတ်ပါမည့်အကြောင်း သံတော်ဦးတင်ကြလေသည်။

ဘောဇဘုရင်သည် ကာလိဒါသအား မိမိနန်းတော်သို့ ခေါ်လိုက်ပြီးလျှင် ဝိက္ကမာဒိစ္စဘုရင်၏ တမန်တော်များ မျက်မှောက်မှာပင်

www.facebook.com/NyisayEbookCreator
www.nyisay.com



တမန်တော်များ တင်လျှောက်သည့်အကြောင်း မိန့်တော်မူသည်။ ဥဇ္ဇေနီတိုင်းပြည် ဘုရင်ဝိက္ကမာဒိစ္စ၏ထံသို့ သွားရန်လည်း အမိန့်ရှိတော်မူသည်။ အခြားတိုင်းပြည်သို့ သွားရမည်ဖြစ်သောကြောင့် ဆင်ခြင်မြော်မြင်မှုရှိရန်လည်း သတိပေးမှာကြားတော်မူသည်။

တမန်တော်များသည် မိမိတို့၏ ဥဇ္ဇေနီပြည်သို့ ပြန်သွားကြသည်။ ဝိက္ကမာဒိစ္စမင်းအားလည်း ကာလိဒါသ မကြာမီ လာရောက်မည့်အကြောင်း၊ ဘောဇဘုရင်ကလည်း စေလွှတ်၍ ကာလိဒါသကိုယ်တိုင်ကလည်း ကတိပေးလိုက်ပြီဖြစ်ကြောင်း သံတော်ဦးတင်ကြသည်။ ဥဇ္ဇေနီပြည်ဘုရင်သည် မိမိရည်ရွယ်ရင်းဆန္ဒ ပြည့်စုံမည်ဖြစ်၍ ကာလိဒါသအား တခမ်းတနား ကြိုဆိုကြရန် စီမံသည်။

ဓာရတိုင်းထိပ်တင် ပညာရှင်ကာလိဒါသသည်လည်း ဝိက္ကမာဒိစ္စဘုရင်ထံ ခစားဝင်ရောက်ရန် ပြင်ဆင်သည်။ မိမိအခြွေအရံများကိုလည်း ပြင်ဆင်စေသည်။ အစီအစဉ်များပြီးသောအခါ ကာလိဒါသလည်း မိမိအခြွေအရံများနှင့် တင့်တယ်စွာသွားလေရာ အချိန်တိုင်သော် ဥဇ္ဇေနီတိုင်းပြည်သို့ ရောက်လေသည်။

ဝိက္ကမာဒိစ္စဘုရင်လည်း ကာလိဒါသအား ထိုခေတ်ထိုအခါက အထည်ဝါဆုံးသော အခမ်းအနားများဖြင့် ကြိုဆိုသည်။ နန်းတော်သို့ ဖိတ်ခေါ်ပြုစုသည်။ နှစ်ပြည်ထောင်ချစ်ကြည်ရေး၊ မိတ်ဆွေဖြစ်ရေးမှ အစ အလာပ သလ္လာပများကိုပြောသည်။ သို့ရာတွင် အမေးပုစ္ဆာကို မမေးပေ၊ ပညာကိုမစမ်းပေ။

ဝိက္ကမာဒိစ္စမင်းသည် ကာလိဒါသလာမည်ဟု သေချာစဉ်အခါကပင် အနုပညာပန်းချီကျွမ်းကျင်သော ပန်းချီသမားတစ်ဦးအား ဘောဇမင်းတရား၏ ပုံတူကို ရေးဆွဲစေသည်။ မည်သူမှ မသိစေ မမြင်စေရအောင် ရေးဆွဲစေသည်။ လျှို့ဝှက်စွာပင် ကြိုတင်လုပ်ထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသ ဥဇ္ဇေနီတိုင်းပြည်သို့ရောက်သည့် ညဥ့်အချိန် ကုန်လွန်သောအခါ နန်းတော်တွင်း အိမ်သာတွင် ထိုဘောဇဘုရင်ပုံတူကို ထားစေသည်။ ကာလိဒါသလည်း အိပ်ရာမှထသောအခါ မိမိတို့အမျိုးဓလေ့အတိုင်း အိမ်သာတက်ရန် အိမ်သာသို့သွားသည်။ နံနက်စောစော (၃) ချက်တီးကျော်ကျော်လောက်မှာ သွားခြင်းဖြစ်သည်။ ထိုသို့သွားစဉ် အိမ်သာအတွင်း၌ မိမိတိုင်းပြည် အရှင်သခင် ဘုရင်ဘောဇမင်းတရား၏ ပုံတူကို မြင်လေရာ မိမိ၏အရှင်သခင်ကို ရိုသေသောအားဖြင့် အိမ်သာမတက်ဘဲ ပြန်လာသည်။ နလုံးမသာမယာဖြစ်သည်နှင့် အန္တရာယ်ကို အောင့်အည်းသည်းခံထားသည်။ သို့သော်လည်း ဤအကြောင်းအရာ ထူးခြားမှုကို မည်သူ့မျှမပြော၊ မိမိသဘောတွင်းမှာသာ ပိုက်ထားလိုက်သည်။


ကာလိဒါသသည် နေ့ခင်းတွင် ဘုရင်နှင့်ဆုံမိကြရာ ထိုအခြင်းအရာကို ဝိက္ကမာဒိစ္စအား တင်လျှောက်တော့သည်။ "အရှင်ဘုရင်မင်းကြီး ဘုရင်မင်းမြတ်သည် ခတ်လေးပါးချောက်ချားကာ ခတ်အလွန်ချုပ်နေသည် ထင်ပါသည်။ ဘုန်းကြီးသော ဘောဇဘုရင်ကို မြင်မှ ကြောက်ရွံ့ထိတ်လန့်ပြီး ခတ်များ ဖောဖောသွားသည် ထင်ပါသည်။ (ကြောက်ချေးပါသည်)။ သို့ဖြစ်၍ အိမ်သာတွင် ဘောဇဘုရင်၏ ရုပ်ပုံထားဟန်ရှိပါသည်" ဟု တင်လျှောက်လေသည်။

ဝိက္ကမာဒစ္စဘုရင်သည် မိမိအား ဤသို့တင်လျှောက်သည်ကို နှစ်သက်ခြင်းမရှိ၊ ရာဇမာန်ထွက်တော်မူလေသည်။ သို့ရာတွင် မိမိကပညာစမ်းလိုခြင်းဖြစ်၍ သည်းခံထိန်းသိမ်းထားသည်။ မည်သို့မျှအရေးမယူ။ ထို့နောက် ဆက်လက်၍လည်း ပညာများကို မစမ်းတော့။ ဤမျှဖြင့် ရပ်ထားလိုက်လေသည်။


www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် ဥဇ္ဇေနီပြည်ရှင် ဝိက္ကမာဒိစ္စဘုရင်ထံမှ ဓာရာတိုင်းသို့ ပြန်လည်ဆိုက်ရောက်လေလျှင် ရှေးဦးစွာ ဘောဇဘုရင်၏ နန်းတော်သို့ ဝင်၍ သံတော်ဦးတင်သည်။ အကျိုးအကြောင်းအားလုံးပင် တင်လျှောက်၍ နောက်ဆုံးတွင် အိမ်သာတွင်း၌ ဘုရင်၏ရုပ်ပုံထားရှိပုံနှင့် မိမိက ပြန်လည်ချေပခဲ့ပုံကို လျှောက်တင်သည်။ ဘောဇဘုရင်လည်း ဤကိစ္စအတွက် အမျက်တော်မထားဘဲ အမြော်အမြင်ကြီးသော ပညာရှင် ဘုရင်ပီပီ နှစ်ပြည်ထောင်ချစ်ကြည်ရေး မထိခိုက်စေရန် ဤကိစ္စကို နှလုံးတွင် စိမ်ထားခြင်းမပြုပေ။



www.facebook.com/NyisayEbookCreator
www.nyisay.com



# နာဖျားသောအခါ ဉာဏ်ပညာဘယ်လိုနေပါလိမ့်

တရာတိုင်းအရှင် ဘောဇဘုရင်၏ တိုင်းပြည်တွင် တစ်ချိန်၌ ယခုခေတ် တုပ်ကွေးရောဂါကဲ့သို့သော ရောဂါမျိုး ကျရောက်လေသည်။ ကလေးများ၊ လူလတ်လူရွယ်များနှင့် လူကြီးများပါမကျန် များစွာသော ပြည်သူလူအများမှာ တုပ်ကွေးရောဂါ ကပ်ရောက်ပြီး ဝေဒနာခံစားကြရသည်။ ပညာရှင် ကာလိဒါသပင်မကျန် တုပ်ကွေးရောဂါ နှိပ်စက်ခြင်းခံရသည်။ တုပ်ကွေးရောဂါ ဖိစီးမှုကြောင့် ကာလိဒါသသည် ညီလာခံသဘင်သို့ပင် မတက်နိုင်ပေ။

ဘောဇဘုရင်သည် ညီလာခံသဘင်သို့ ကာလိဒါသ မတက်ရောက်နိုင်သောကြောင့် ငြီးငွေ့ကာ အထူးတလည် တမ်းတလျက်ရှိသည်။ ကာလိဒါသအတွက် စိတ်လည်းမကောင်းပေ။

မကျန်းမမာ တုပ်ကွေးရောဂါဖိစီးနေသည့်အတွက် ညီလာခံသို့ မတက်ရောက်နိုင်သည်ကို သိသော်လည်း ဘုရင်မှာ မနေတတ်သလို ဖြစ်နေသည်။ မိမိချစ်ကျွမ်းအဝင်ဆုံး ပညာရှင်မပါသော ညီလာခံသဘင်မှာ စည်ပင်သည်ဟုမထင်၊ ခြောက်သွေ့နေသည်ဟု ထင်သည်။ ကျက်သရေမဲ့နေသည်ဟု ထင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ညီလာခံသဘင်တွင် ပညာရှင်အချို့နှင့် မှူးမတ်တို့ကလည်း ကာလိဒါသကို တောင့်တကြသည်။ ကာလိဒါသ ရောဂါမြန်မြန် ပျောက်ကင်းပါစေဟု ဆုတောင်းကြသည်။ ကာလိဒါသ တုပ်ကွေး ရောဂါမှ ပျောက်ကင်းသက်သာလာစေချင်သည်ကို ဘုရင်သို့ တင်လျှောက်ကြသည်။

သို့ဖြင့် ဘုရင်သည် ကာလိဒါသအိမ်သို့ လူမမာမေးသွားတော့ သည်။ ဘုရင်မင်းမြတ်ရောက်လာသည်ဆိုလျှင် ကာလိဒါသ များစွာ ဝမ်းမြောက်သည်။ စိတ်လက်ရွှင်လန်း ကြည်လင်လာသည်။ ဘုရင် လည်း ကာလိဒါသ အနည်းငယ် ရောဂါသက်သာလာသည်ကို မြင်တော်မူသည်။

ဘုရင်ရောက်ပြီးနောက် ခဏမျှကြာသောအခါ ကာလိဒါသမှာ ကျင်ကြီးသွားလိုသည့် အန္တရာယ် ပေါ်လာသည်။ သို့ဖြစ်၍ ဘုရင့်အား ခွင့်တောင်းကာ အိမ်သာရှိရာသို့သွားသည်။ ကာလိဒါသထွက်သွားစဉ် အခါ ဘုရင်နှင့် မင်းချင်းများ ကျန်ရစ်သည်။ ဤအတောအတွင်းမှာ ဦးနှောက်စစ်ဆေးလိုသော ဘုရင်သည် ကာလိဒါသ၏ ခုတင် ခြေထောက်လေးခုမှာ စက္ကူစကဲ့သို့ ပါးလွှာသော ပစ္စည်းကလေး လေးခု အခြေမပျက်ခုထားနှင့်ရန် ခိုင်းစေသည်။ မင်းချင်းတို့လည်း ကာလိဒါသပြန်မလာမီ ဘုရင်အမိန့်ရှိသည့်အတိုင်း လုပ်ထားလိုက် သည်။

ကာလိဒါသသည် ကိစ္စပြီး၍ ပြန်ရောက်လျှင် မိမိခုတင်ပေါ် တွင် မိမိပြန်နေသည်။ နေမိသည်နှင့်တစ်ပြိုင်နက်ပင် ခုတင် အခြေ အနေပြောင်းနေသည်ဟု ကာလိဒါသအောက်မေ့သည်။ ဟိုကြည့် သည်ကြည့်ဖြင့် စူးစမ်းသည်။ ပို၍ မသင်္ကာလာ၍ ပို၍ ဆင်ခြင် စဉ်းစားသည်။ မြင့်နေသည်ဟုပင် ထင်လာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသ စူးစမ်းဆင်ခြင်သည်ကို မြင်သဖြင့် "အသင် ကာလိဒါသ၊ သင် ဘာအလိုရှိပါသနည်း၊ သင် ဘာပျောက်နေ သနည်း" ဟု စစ်ဆေးလိုစိတ်ဖြင့် ဘုရင်ကမေးသည်။ သို့မေးသော အခါ ကာလိဒါသက "ဘာမှမပျောက်ပါ၊ မသိသောအရာတစ်ခုကို ရှာနေပါသည်" ဟု ပြန်၍တင်လျှောက်သည်။

မိမိခုတင်အတွက် သင်္ကာမကင်းရှိနေသေးသော ကာလိဒါသ သည် မိမိအိမ်သို့ ဘုရင်ရောက်လာသည့်ဟူးရားအခါတိုင်ကို ထူကြည့် လိုက်သည်။ ခုတင်အခြေအနေပျက်နေမှုအတွက် စက္ကူကွဲသို့ ပါးလွှာ သော ပစ္စည်းအစအနများကြောင့် ဖြစ်သည်ဟု တွေ့ရသည်။ သို့သော် လည်း မည်သူ့မှမပြောပေ၊ နေမြဲတိုင်းသာနေသည်။

ဘုရင်သည် ကာလိဒါသ မကျန်းမာနေစဉ် ဉာဏ်ပညာ ဆုတ်ယုတ်သလော၊ မဆုတ်ယုတ်သလော စောကြောစစ်ဆေးလိုသော စိတ်ဖြင့် မေးသင့်မေးရာများကို မသိမသာမေးသည်။ ကာလိဒါသ လည်း ဘုရင်မေးသမျှကို နေရာကျအောင် ယုတ္တိဆောင်ကာဖြေသည်။ နက်နဲခက်ခဲသောအမေးများ မဟုတ်လင့်ကစား ပြတ်သားစွာဖြေသည်။ တိကျအောင်ရှင်းသည်။

ဤသို့ တစ်စတစ်စ မေးကြ၊ ဖြေကြရာမှ ခုတင်အခြေပျက်မှု နှင့် ပတ်သက်၍ ဘုရင်က မသိမသာပြောသည်။ ကာလိဒါသလည်း မိမိတွက်ချက်ထားရသော "အခါ" အတိုင်း ခုတင်ခြေလေးချောင်းမှ စက္ကူစကွဲသို့ ပါးလွှာသော ပစ္စည်းကလေးများကြောင့် ဖြစ်သင့် ကြောင်း ရိပ်စားမိအောင် ပြန်၍တင်လျှောက်သည်။

"မကျန်းမမာနေစဉ်မှာ အသင်၏ ဉာဏ်ပညာ နုံ့နေလိမ့်မည်။ ဦးနှောက်အသိ ဆုတ်ယုတ်နေလိမ့်မည်ဟု ထင်မိသည်။ ယခု အသင့် မှာ မယုတ်လျော့ပါ၊ နဂိုအတိုင်းဖြစ်သည်" ဟု ဘုရင်က ပြောသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသကလည်း "ကျွန်တော်မျိုးမှာ ကိုယ်ခန္ဓာအနည်းငယ် မျှသာ နာမကျန်းဖြစ်ပါသည်။ ဦးနှောက်နှင့် ဉာဏ်ပညာမှာ ကြည်လင်ရှင်လန်းလျက်ပင် ရှိပါသည်။ နဂိုအတိုင်းပင် ဖြစ်ပါသည်" ဟု တင်လျှောက်သည်။

"လူတိုင်း လူတိုင်းသည် မကျန်းမမာဖြစ်နေစဉ်မှာ ဦးနှောက် ဉာဏ်ပညာ ဆုတ်ယုတ်ပျက်ပြားသည်ဟု ယခင်ကထင်ခဲ့သည်။ သင့်တွင် ဤကဲ့သို့မဟုတ်ကြောင်း ယခု သိရပေသည်" ဟု ဘောဇ ဘုရင်က ပြောသည်။

ဆေးဝါးပစ္စည်းအသင့်အတင့်နှင့် ဆေးဝါးခ ငွေအသပြာများ ကာလိဒါသအားပေးပြီး ဘုရင်လည်း နန်းတော်သို့ ပြန်သွားသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ကာလိဒါသနှင့် မြို့တော်ဝန်

တစ်နေ့တွင် ပညာရှင်ကာလိဒါသသည် ဓာရာတိုင်းမှ မြို့တော်ဝန်တစ်ဦးနှင့် စကားလက်ဆုံကျကြသည်။ အထွေထွေအလာလာ မြို့တော်သာယာရေး စသည်များကို ပြောကြသည်။ မြို့တော်စည်ပင်ရေးမှာ အဓိကအားဖြင့် မြို့တော်ဝန်လက်၌သာရှိကြောင်း၊ မြို့တော်ဝန်၌သာ များစွာ တာဝန်ရှိကြောင်းများကိုပါ ပြောဆိုကြသည်။

"မြို့တော်ကို မိမိအိမ်ဦးကြမ်းပြင်သဖွယ် တင့်တယ်အောင် ဆောင်ရွက်သင့်သည်။ မြို့တော်၏ သာယာသန့်ရှင်းရေးကို ထောင့်တိုင်းစေ့ပြုလုပ်သင့်သည်။ အယုတ်အလတ် အမြတ်မရွေး ရပ်ကွက်မရွေး ဆေးကြောသုတ်သင်သင့်သည်။ မြို့တော်သာယာသန့်ရှင်းမှုသည် မြို့တော်၏ မြင်ကွင်းကျက်သရေကို ဆောင်ပေရာ သန့်ရှင်းရေး အချိန်မလပ် ပြုလုပ်အပ်ပေသည်။ ဤသို့လျှင် မြို့တော်အရေးကို ဆွေးနွေးပြောဆိုကြသည်။

"ထို့အပြင်လည်း မြို့တွင်းရှိ ဈေးအားလုံးသည် မြို့သူမြို့သားတို့၏ ကျန်းမာရေးအတွက် အများဆုံးဆက်စပ်နေသည်။ ကျယ်ပြန့်စွာဆိုပါမူ မြို့တော်ရှိဈေးများသည် လူတိုင်း၏ကျန်းမာရေးအတွက် အဓိကသော့ချက်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်၏ မြို့တော်များသည် တိုင်းပြည်တွင်းရှိ ရပ်ရွာအားလုံး၊ နယ်ပယ်အားလုံး၊ လူထုအားလုံးနှင့် ဆက်စပ်နေသည်။ အမြဲမပြတ် တရစပ် ဆက်သွယ်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အစားအစာအားလုံးလိုလို ဈေးသို့ရောက်ရှိသည်။ ရောက်ရှိသည်နှင့်အမျှလည်း ဈေးမှ ဝယ်ခြမ်းရယူရသည်။ မြို့တော်၏ ဈေးကြီးများသည် ဝယ်ခြမ်း၍မရသည့် အစာအာဟာရ၊ စားကုန်သောက်ကုန်ဟူ၍ မရှိဖြစ်ပေရာ၊ ဈေးသို့ သွားရောက်ဝယ်ခြမ်းကြရသည်ချည်း ဖြစ်ပေသည်။

"ကျန်းမာရေးဆေးဝါးများအတွက် ဓာတ်စာများပင်လျှင် များသောအားဖြင့် ဈေးမှဝယ်ယူရတတ်ပေသည်။ မြို့တော်၏ ဈေးကြီးများသည် မြို့သူမြို့သားမှအစ အားလုံးသောလူထု၏ လိုရာကိုဝယ်ယူဆွတ်ခူးစားသုံးရာ ပဒေသာပင်ကြီးသဖွယ်ဖြစ်သည်။ အစားအစာ အာဟာရသည် လူတိုင်း၏ ကျန်းမာရေးအတွက် အဓိကဖြစ်သည်။ ထိုအာဟာရပစ္စည်းများသည် ဈေး၌သာ အများဆုံး စုပုံရောက်ရှိကြပေသည်။

"အထည်အလိပ်၊ အိမ်ထောင်ပရိဘောဂ၊ လူ့အသုံးအဆောင်မရှိမဖြစ်ပစ္စည်းများ၊ ဖိမ်ခံပစ္စည်း စသည်များပင် ဈေးနှင့်မကင်းကြသော အရာများဖြစ်သည်။ ခြုံ၍ဆိုက လူသုံးပစ္စည်းမှန်သမျှ ဈေးနှင့်မကင်းကြဟု ဆိုရန်သာရှိပေသည်။ သို့ဖြစ်လေရာ ရာသီအလိုက်၊ ဥတုအလိုက် သိုက်မြိုက်အောင် မြို့တော်၏ ဈေးအားလုံးကို စီမံဖန်တီးသင့်သည်။ ကျက်သရေရှိရှိ၊ စံချိန်မီမီဖြစ်အောင် မြို့တော်၏ ဈေးကြီးဈေးငယ်များကို ဆေးကြောပွတ်တိုက်သင့်သည်။ ဈေးတွင်းဈေးပြင် သာယာသန့်ရှင်းအောင် အလေးပေးဆောင်ရွက်သင့်သည်။

"မြို့တော်လမ်းမ လမ်းသေးများမှာ မြို့တော်သာယာရေးတွင် ထိပ်ဆုံးက ပါဝင်နေသည်။ လမ်းများအားလုံး ညစ်ပတ်ပေရေနေလျှင် စည်ပင်သာယာရေး၏ အကြီးဆုံးသော အနှောင့်အယှက်ဖြစ်သည်။ နေ့ညမကွာ သွားလာမှုလွယ်ကူစေရန် မြို့တော်လမ်းမ လမ်းသေး

www.facebook.com/NyisayEbookCreator
www.nyisay.com


များကို ခင်းကျင်းထားသင့်သည်။ အညစ်အကြေး ရှုပ်ထွေးပွေလီ မသတီစရာများကို ဆေးကြောထားသင့်သည်။ ဘေးပတ်လည်ဝဲယာ လမ်းဥပစာများတွင်လည်း လျစ်လျူရှု၍ မထားသင့်၊ လမ်းနှင့်အညီ သာယာအောင် ဆောင်ရွက်သင့်သည်။ ဗွက်ပေါက်ဖုံထူ အမှိုက်ပေါ မဖြစ်ရအောင် ဂရုစိုက်သင့်သည်။

"တစ်ခုကားရှိ၏။ မြို့တော်သာယာရေး ဈေးတွင်းဈေးပြင် သန့်ရှင်းရေးနှင့် မြို့တော်လမ်းမလမ်းသေးများ ကောင်းမွန်ရေးများ သည် မြို့လူထုနှင့် လက်တွဲဆောင်ရွက်မှ အောင်မြင်သင့်သည်ထက် ပိုမိုအောင်မြင်နိုင်သည်။ ပိုမိုထိရောက်နိုင်သည်။ အချိန်မကြာ မပင် မပန်းဖြင့် အမြင့်ဆုံးအတန်းရောက် အောင်မြင်နိုင်သည်။ သို့ဖြစ်လေရာ 'စုပေါင်းညီညာ မြို့တော်သာ၊ ပြည်တော်သာ' စသည့် ပြည်သူ့နီတိ များကိုပါပေး၍ ဆောင်ရွက်သင့်ပေသည်"။

ဤသို့ဖြင့် ပညာရှင်ကာလိဒါသသည် မြို့တော်ဝန်အား ပြော ကြားသည်။ ဤသို့သော ဆောင်ရွက်ချက်များ ရှိပါသည်လား ဟူ၍ လည်း မြို့တော်ဝန်အားမေးသည်။

ဆောင်ရွက်အမှုထမ်းနေသော ဓာရာတိုင်းမြို့တော်ဝန်သည် ကာလိဒါသတင်ပြသည့် မိမိဆောင်ရွက်သင့်သည် ဆောင်ရွက်စရာမျိုး လက်ငင်းအားဖြင့် ဘာမှမယ်မယ်ရရမရှိ၊ ဈေးကိုကြည့်ကြည့်၊ လမ်းကို လျှောက်လျှောက် အားရစရာမတွေ့၊ ဈေးမှာလည်း မလှမပရှိနေ သည်။ ကျန်းမာရေးနှင့်လည်း ဆန့်ကျင်လှသည်။ အပြင်ပန်းကသာ သာယာသည့်အသွင် ဆောင်နေသော်လည်း အတွင်းမှာဆိုလျှင် ဈေးနှင့်မတူပေ။ တချို့နေရာတွင် ယင်တရုန်းရုန်းရှိသည်။ တချို့ နေရာတွင် ဝဲယာ၌ ညစ်ပတ်ပေရေလျက်ရှိသည်။ လမ်းမ လမ်းဘေး များတွင်လည်း နေပူလျှင် ဖုံထ၊ မိုးရွာလျှင် ဗွက်ပွပြီး လမ်းဘေးဝဲယာ

www.facebook.com/NyisayEbookCreator
www.nyisay.com



မှ အမှိုက်ပုံများကို ထာဝစဉ်တွေ့မြင်နေရသည်။ အချို့သောရပ်ကွက်ကလေးများမှ လမ်းကလေးများမှာမူ ပြောဖွယ်မလို၊ များစွာဆိုးဝါးနေသည်။ မြို့တော်၏ အဓိကအချက်အချာ လမ်းမကြီးများမှာပင် တချို့နေရာတွင် အသင့်အတင့်ရှိသည်။ တချို့တစ်နေရာတွင် ချိုင့်ကျင်းများ ဖြစ်နေသည်။ ပေါ့ပါးသောယာဉ်၊ အနှေးယာဉ်များပင် အချို့နေရာတွင် ချမ်းချမ်းသာသာ သွားလာ၍မရ၊ ကသိကအောင့်သွားလာရသည်။ ဝန်လေးယာဉ်များမှာမူ အသည်းတဖိုဖို ရင်တမမဖြင့် သွားလာရသည်။ ညဥ့်ဘက်အခါဆိုလျှင် ဝန်လေးယာဉ်များသည် မတိမ်းမချော်စေရန် ပိုမို၍ ဂရုစိုက်ကြရသည်။

ဤကဲ့သို့ မြို့တော်ဖြစ်ပျက်နေပုံကိုမြင်သော ကာလိဒါသသည် ဤအဖြစ်အပျက်များ မကြာမီပပျောက်ရန် တိုးတက်ဆောင်ရွက်စေလိုသော သဘောဖြင့် မြို့တော်ဝန်အား ပြောပြခြင်းဖြစ်သည်။ မိမိ၏ ချို့ယွင်းပျက်ကွက်နေသော တာဝန်ဝတ္တရားများကို မငြင်းမကွယ်သာသောကြောင့် မြို့တော်ဝန်သည် ကာလိဒါသအား ဝန်ခံရသည်။ ပြုပြင်ဆောင်ရွက်မည်ဟုလည်း ကတိပေးရသည်။

မြို့တော်ဝန်နှင့် ကာလိဒါသတို့သည် မြို့တော်သာယာရေးများကို ဤကဲ့သို့ ပြောဆိုကြသည်မှာ စပ်မိစပ်ရာမှ စကားလက်ဆုံကျကြခြင်းသာဖြစ်သည်။ အထူးအားဖြင့်မူ ဘာသာရေးကိစ္စကို ပြောဆိုကြသည်။ မြို့တော်ဝန်၏ ဘာသာရေးအယူအဆသည် ကာလိဒါသ၏ အယူအဆကဲ့သို့ မကျယ်ပြန့်၊ မမွန်မြတ်၊ မြို့တော်ဝန်၏အမြင်မှာ ကျဉ်းမြောင်းသည်။ သေးငယ်သည်။

ဘာသာရေးအယူအဆတွင် တော်တော်ခြားနား ကွဲပြားကြသည်။ မြို့တော်ဝန်၏ ဘာသာရေးအယူသည်းမှုမှာ ကြီးလာလေရာ မြို့ရွာလူထုအထိ ရောက်သွားသည်။ ကာလိဒါသသည် မြို့တော်ဝန်အား

www.facebook.com/NyisayEbookCreator
www.nyisay.com


ဖြူစင်သော သဒ္ဓါတရားဖြင့် အမှန်သို့ရောက်အောင် သိမ်းသွင်းသည်။ ပြုပြင်သည်။ တည့်မတ်ပေးသည်။ အမှားကိုပြ၍ အမှန်သို့ပို့သည်။ သို့ရာတွင် မြို့တော်ဝန်က မလိုက်နာ၊ မိမိအယူသာ မှန်သည်ဟု ယူဆသည်။

ဤကဲ့သို့ ခေါင်းမာနေသော မြို့တော်ဝန်အား ကာလိဒါသက ပြင်းထန်စွာဝေဖန်သည်။ ဘာသာရေးနှင့် ပတ်သက်၍ အချက်ကျကျ တင်ပြသည်။ နောက်ဆုံးတွင် ပြည်သူလူထုသည် ကာလိဒါသဘက်မှ လိုက်ကာ မြို့တော်ဝန်အား ရှုတ်ချကြ ကဲ့ရဲ့ကြ ပြစ်တင်ကြသည်။ ကာလိဒါသ၏ ဘာသာရေးအယူသာ မှန်ကန်ကြောင်း၊ မြို့တော်ဝန်၏အယူမှာ မှားယွင်းချွတ်ချော်ကြောင်း သေးသိမ်ကျဉ်းမြောင်းကြောင်း ပြောဆိုကြသည်။

ထိုအခါ မြို့တော်ဝန်သည် မိမိအပေါ် ကာလိဒါသက နိုပ်စက်သည်။ ရှုတ်ချအနိုင်ယူသည်ဟု မြင်လာသည်။ မတရားဖိနှိပ်သည်ဟု တစ်ထစ်ချတွက်ဆတော့သည်။ ထို့ကြောင့် မြို့တော်ဝန်သည် ကာလိဒါသအား ရန်ငြိုးထားတော့သည်။ ပြည်သူလူထုကို မိမိမျက်နှာမပြဝံ့တော့၊ ရှက်ဖွယ်လိလိ ဖြစ်တော့သည်ဟု အောက်မေ့တော့သည်။

မြို့တော်ဝန်သည် ဘာသာရေးကိစ္စနှင့် ဤသို့ အရှက်ရသောကြောင့် တိုင်းပြည်မှာပင် မနေလိုတော့။ အခြားတိုင်းပြည်သို့သာ ထွက်ခွာသွားလိုတော့သည်။ အခြားတိုင်းပြည်မှ ကာလိဒါသအား လက်စားချေနိုင်သော ပညာများ သင်ယူလာပြီးမှ ပြန်လာရန် စိတ်ကို ပိုင်းဖြတ်လိုက်တော့သည်။

ဤသို့ဆုံးဖြတ်ပြီးသည်ဆိုလျှင်ပင် မြို့တော်ဝန်သည် အခြားတိုင်းပြည်သို့ ထွက်ခွာသွားတော့သည်။ မှော်အတတ်၊ ပဉ္စလက်အတတ်နှင့် ရုပ်ပြောင်းရုပ်လွှဲအတတ်များကို တစ်ဖက်ကမ်းခတ်အောင်

www.facebook.com/NyisayEbookCreator
www.nyisay.com



သင်သည်။ မြို့တော်ဝန်သည် မခံချင်သောစိတ်ဖြင့် ကြိုးစားသင်ရာ မကြာမီပင် တတ်မြောက်လာသည်။

ကာလိဒါသအား ချေပနိုင်လောက်ပြီဟု မိမိပညာကို အားရယုံကြည်လာသောအခါ ဓာရာတိုင်းသို့ ပြန်လာသည်။ ထိုအခါ မြို့တော်ဝန်၏ ရုပ်ဟန်အသွင်အပြင်မျိုးနှင့်မဟုတ်၊ အခြားရုပ်ဟန်တစ်မျိုးသို့ ပြောင်းထားသည်။

ဓာရာတိုင်းအစွန်အနားမှစ၍ မိမိမှော်ပညာ၊ ပဥ္စလက်ပညာများကို ပြည်သူများအားပြသည်။ လူအများက ထိုမှော်ဆရာပြသည်များကို စိတ်ဝင်စားဖွယ် ကြည့်ကြရာ မကြာမီ နာမည်ကြီးလာသည်။ တစ်စတစ်စနှင့် ဘုရင်ဘောဇပင် ကြားသိလာသည်။ သို့သော် မြို့တော်ဝန်ဟု မည်သူမှ မသိကြပေ။

ဘောဇဘုရင်လည်း ရိုးရိုးသားသား မှော်ဆရာအထင်ဖြင့် မိမိနန်းတော်သို့ လာရောက်ပြသရန် မိန့်တော်မူသည်။ ကာလိဒါသအား ချေပရန် သင်ယူလာသော မှော်ဆရာ (မြို့တော်ဝန်) သည် ထိုအခါ ကာလိဒါသအား လက်စားတုံ့ပြန်ရန် အကွက်ရလာပြီဖြစ်၍ ဝမ်းသာသည်။

"လာရောက်၍ ပြသပါမည်၊ လူထုစုံညီတက်ရောက်ရှုစားရန် ဖိတ်ကြားစေလိုပါသည်။ အထူးသဖြင့်မူ ပညာရှင်ကာလိဒါသ တက်ရောက်၍ ရှုစားစေလိုပါသည်။ ပြပွဲတွင် မတော်တဆ လူတစ်ဦး သေသွားပါက ဘုရင်က မင်းပြစ်မှခွင့်လွှတ်ရန်လည်း အထူးတင်လျှောက်တောင်းဆိုပါသည်" ဟု ဘုရင်မင်းကြီးထံ သံတော်ဦးတင်လိုက်သည်။

ဘုရင်လည်း အမှတ်မဲ့ပင် မှော်ဆရာအား လျှောက်တင်သည့်အတိုင်းပင် ပေးသနားလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နန်းတော်တွင်းတွင် ကပွဲအစီအစဉ်ကို ပြုလုပ်စေသည်။ ကာလိဒါသအားလည်း အထူးသဖြင့် ဖိတ်ကြားစေသည်။ ထိုအခါ ကာလိဒါသသည် မိမိကား ဘုရင့်အပါး၌ အမြဲတမ်း အရာရာအတွက် ခစားရသူဖြစ်လေသည်။ သူက မော်ဆရာ အဘယ်ကြောင့် မိမိပါမှ မော်ဆရာက ပြလိုသနည်း၊ မိမိပါမှ ပြလိုသည်ဟု ပြောဆိုချက်သည် အဖြူပေါ်တွင် အမည်းစက်သဖွယ် ဖြစ်နေသောကြောင့် ထင်ရှားစွာ စဉ်းစားသင့်သည့် စကားတစ်ရပ်ဖြစ်သည်။ နောက်ဆုံး၌ မော်ဆရာသည် ဓာရာတိုင်းမှထွက်သွားသော မြို့တော်ဝန်ပင်ဖြစ်မည်။ ယခုအခါ သူ၏မော်ပညာဖြင့် မိမိအားလုပ်ကြံရန် ပြန်လာခြင်းဖြစ်သည်ဟု တစ်ထစ်ချတွက်ဆမိတော့သည်။

သို့ဖြင့် ကာလိဒါသသည် လိမ္မာသော ပန်းပဲသမားတစ်ဦးအား သံချပ်အင်္ကျီကို ပြုလုပ်စေတော့သည်။ မော်ဆရာပြပွဲကို သွားကြည့်သောအခါ မိမိအသက်ကို ကာကွယ်ရန်ဖြစ်သည်ဟု ပန်းပဲသမားအားလည်း ပြောပြသည်။

သံချပ်အင်္ကျီလည်း ပြီးပေပြီ။ မော်ဆရာပြပွဲလည်း နန်းတွင်းတွင် ပြလေပြီ။ နန်းတွင်းသူ နန်းတွင်းသားများ၊ မြို့သူမြို့သားများ၊ အခြားအမတ်ကြီးများနှင့် ကာလိဒါသပါ တက်ရောက်ကြည့်ရှုကြသည်။ ဘုရင်လည်း ပြပွဲကို များစွာနှစ်သက်တော်မူသည်။

အကောက်ကြံသော မော်ဆရာသည် တစ်မျိုးမှတစ်မျိုးသို့ ပြောင်းကာပြောင်းကာပြသည်။ တော်တော်စုံစုံလင်လင်ပြပြီးသောအခါ ကျားအသွင် ရုပ်ပြောင်းကာ ကျား၏လျင်မြန်ခြင်း၊ မာန်သွင်းခြင်းများနှင့် ကျား၏သဘာဝကို ပြသသည်။ ဤကဲ့သို့ ကျားအသွင်ပြောင်းကာ ပြသသောအခါ ကာလိဒါသသည် မိမိအား လုပ်ကြံတော့မည်ဟု အတပ်သိသည်။ ခဏမျှကြာလျှင်ပင် ကာလိဒါသ၏ ရင်ဝ

www.facebook.com/NyisayEbookCreator
www.nyisay.com



တည့်တည့်ကို ခုန်၍အုပ်လိုက်တော့သည်။ သို့သော် ကာလိဒါသမှာ သတိနှင့်ပြည့်စုံသူ၊ လက်ရုံး၊ နှလုံး၊ ပညာစုံ တတ်မြောက်ကျွမ်းကျင်သူ ဖြစ်ပေရာ ကျား၏ဘေးမှ ရုတ်တရက်ကာကွယ်လိုက်နိုင်သည်။ ကျားက မသိမသာအုပ်လိုက်သည်တွင် ကာလိဒါသက လျင်မြန်စွာ ဘဝင်ကြောကို ဖမ်း၍နှိပ်လိုက်ရာ ကျားမှာ ပက်လက်လန်၍ လဲကျသွားသည်။

ကျားယောင်ဆောင် မှော်ဆရာ (မြို့တော်ဝန်) သည် ထိုအခါ ကာလိဒါသက မိမိမှန်းသိနေပြီဟု သိတော့သည်။ သို့သော်လည်း ကျားက မလျှော့၊ နောက်တစ်ခါလုပ်ကြံရန် အားယူပြန်သည်။ မကြာမီပင် အစကထက် ပိုင်ပိုင်အားထုတ်ကာ ကာလိဒါသ၏ လည်မျိုကို ချိန်ပြီးအုပ်လိုက် ကုတ်လိုက်သည်။ သို့ရာတွင် ကာလိဒါသအား ပြင်းထန်စွာမထိ၊ အပေါ်အကျီသာ စုတ်ပြတ်သွားသည်။ မှော်ဆရာသည် ကျားအသွင်ဆောင်စဉ် ကျောက်လက်သည်းများကို ကျားပကတိလက်သည်းများကဲ့သို့ တပ်ဆင်ထားရာ သံချပ်အကျီ အကာအကွယ်မရှိထားလျှင် ကာလိဒါသ အများကြီးခံရပေလိမ့်မည်။

ထိုမှသာမက မိမိအား အုပ်လိုက်ကုတ်လိုက်စဉ်အခါ ကာလိဒါသသည် ကျား၏မျက်ကြောကို လှမ်း၍နှိပ်လိုက်ရာ ကျားမှာ မျက်ဖြူဆိုက် လဲကျသွားသည်။

ထိုအခါ ပြပွဲကြည့်ပရိသတ်သည် ကျားကိုသတ်ကြရန် ထကြသည်။ ဘုရင်ကိုလည်း သံတော်ဦးတင်ကြသည်။ ဘုရင်ကမူ မြွေသာ သေစေ တုတ်မကျိုးစေနှင့်ဟူသော အဓိပ္ပာယ်မျိုးဖြင့် မိန့်သည်။ မိမိအား လူတစ်ဦးဦး သေဆုံးသွားပါက မင်းပြစ်မှ လွတ်ပါရန် မှော်ဆရာက တောင်းဆိုသည်ကို ထိုအခါ သတိရလာသည်။ သို့ရာ

www.facebook.com/NyisayEbookCreator
www.nyisay.com



တွင် ဤကျားအား မိမိမစီရင်လို၊ ကာလိဒါသကိုသာ အပ်နှံစီရင်စေသည်။

အရာရာလိမ္မာသော ကာလိဒါသသည် မိမိရန်သူအား အာဏာဖြင့် ဖိနှိပ်ညှဉ်းဆဲ သတ်ဖြတ်ခြင်းမလုပ်၊ ပညာဖြင့် ရန်သူအား မိမိအောက်ရောက်ရန် ဆုံးဖြတ်စီရင်သည်။ မြို့သူမြို့သားများ ပြပွဲလာပရိသတ်များအားလည်း မေတ္တာစကား ပြောကြားတားမြစ်သည်။ သို့သော် နောက်နေ့တွင် ပြပွဲလာကြည့်ရန်လည်း အားလုံးဖိတ်လိုက်သည်။

ကာလိဒါသသည် ကျားယောင်ဆောင် မှော်ဆရာအား နက်ဖြန်ဤနန်းတွင်းမှာပင် မိန်းမအသွင် ကပြရန် ခိုင်းစေသည်။ အမိန့်ကို မလိုက်နာက ကြီးလေးသောအပြစ်ပေးမည်ဟုလည်း ပြောလိုက်သည်။ မှော်ဆရာလည်း ကတိသစ္စာပြုကာ ပြန်သွားသည်။ မပြဘဲလည်း မနေဝံ့ပေ။ မိမိမှာ ကာလိဒါသအား လုပ်ကြံမှု အပြစ်သင့်နေပေပြီ။

ကာလိဒါသသည် နောက်တစ်နေ့၌ ဆရာပြမည့် ခုံအောက်တွင် ဒယ်အိုးကြီးကြီးအတွင်း ဆီအပြည့်ထည့်ပြီး မီးပြင်းပြင်းထိုးရန် စီစဉ်ထားသည်။ အငွေ့ထောင်းထောင်းထအောင် မီးထိုးရန် စီမံထားသည်။ နောက်တစ်နေ့သို့ရောက်လျှင် မှော်ဆရာသည် မိန်းမအသွင် ကပြရတော့သည်။ တော်တော်ပင် ပိပိရိရိရှိရှာ မည်သူကမှ မိန်းမမဟုတ်ဟု မပြောနိုင်ပေ။

အတန်ကြာကြာ ကပြမိသောအခါ စင်အောက်မှ အငွေ့ဒဏ်ကြောင့် လိမ်းချယ်ပြုပြင်ထားသော ဆေးများသည် တဖြည်းဖြည်း ပင်ကိုယ်ပကတိ ရုပ်လုံးပေါ်လာသည်။ ပြပွဲကြည့်ပရိသတ်သည် တဖြည်းဖြည်း အာရုံစူးစိုက်လာကြသည်။ ဤကချေသည်မိန်းမကား မည်သူနည်း။ ထိုသူအား မြင်ဖူးသယောင်ယောင် ထင်လာကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တွေးလာကြသည်။ တဖြည်းဖြည်းနှင့် မိန်းမအသွင် ကပြသူမှာ အငွေ့ ဒဏ်ကြောင့် မြို့တော်ဝန်ရုပ်ကို မဖုံးမအုပ်နိုင် ပေါ်လာတော့သည်။ ပရိသတ်များကလည်း မြို့တော်ဝန်ဟောင်းမှန်း ကောင်းကောင်းသိလာကြတော့သည်။ ပကတိအသွင် မြင်လာကြတော့သည်။ ထိုအခါ မြို့တော်ဝန်ဟောင်းဖြစ်သော ကာလီဒါသ၏ ဘာသာရေးရန်သူကို သတ်ဖြတ်ရန် ပြောဆိုကြတော့သည်။ ပရိသတ်အလိုကို ကာလီဒါသက မလိုက်၊ ရာဇနီတိအရ မိမိတိုင်းပြည်သားတစ်ဦးအား မသတ်ထိုက်ကြောင်း တရားပြသည်။ မိမိတိုင်းရင်းသား မိတ်ကောင်း ဆွေကောင်းတစ်ယောက်အား အဆုံးမစီရင်ထိုက်ကြောင်း ဆုံးမသည်။ မိမိတိုင်းရင်းသားတစ်ဦးသည် ရန်သူပင်ဖြစ်လင့်ကစား မိမိတို့သွေးသား၊ မိမိတို့ဆွေမျိုးပင်ဖြစ်၍ မသတ်သင့်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့တော်ဝန်အား အပြစ်မှ ရှင်းရှင်းလွှတ်လိုက်သည်။ မြို့တော်ဝန်လည်း ကာလီဒါသအပေါ် သေကြောင်းကြံစည်မှု အပြစ်များကို ခွင့်လွှတ်ရန် တောင်းပန်သည်။

သို့ဖြင့် မိမိရန်သူတစ်ဦးအား မိမိအောက်သို့ ပညာဥပါယ်ဖြင့် ရောက်စေသည်။ အာဏာဖြင့် မဖိနှိပ်၊ မချုပ်ချယ်၊ မနှိပ်စက်။ မိမိအသက်ကိုလည်း မိမိပညာဖြင့် ကာကွယ်နိုင်သည်ဟု ချီးမွမ်းတော်မူကာ ဘုရင်က ဆုတော်ငွေတစ်သိန်း ကာလီဒါသအား ပေးသနားလိုက်သည်။

မြို့တော်ဝန်ဟောင်းလည်း မိမိဘဝ အဖြစ်အပျက်များကို သတိသံဝေဂရကာ ရသေ့ရဟန်းပြုသွားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# လှေသူကြီးက အပိုင်စီးခြင်း

သူကြွယ်ကုန်သည်တစ်ဦးသည် တစ်ပြည်နှင့်တစ်ပြည် လူးလာခေါက်ပြန် ရေကြောင်းခရီးမှ လှေကြီးများဖြင့် ကူးသန်းရောင်းဝယ်ကုန်သွယ်နေခဲ့သည်။ ထိုကုန်သည်သူကြွယ်သည် မိမိ၏ ပစ္စည်းပစ္စယများကို အငှားလှေသူကြီး၊ လှေထိုးသားတို့ဖြင့် သွားလာရောင်းဝယ်သည်။

တစ်နေ့သောအခါ ထိုသူကြွယ်ကုန်သည်ကြီးသည် ထိုလှေသူကြီး၊ လှေထိုးသားများနှင့်အတူ လှေဖြင့်တင်၍ မိမိ၏ကုန်ပစ္စည်းများကို ရောင်းချရန် ဘောဇဘုရင် စိုးစံတော်မူသည့် ဓာရာတိုင်းပြည်ကြီးရှိ ဆိပ်ကမ်းတစ်ခုသို့ သွားလေသည်။

လှေသူကြီးနှင့် လှေထိုးသားများသည် ဓာရာတိုင်းပြည်ကြီး၏ ဆိပ်ကမ်းသို့ မရောက်မီ လမ်းခရီးကပင် ငါတို့ဓာရာတိုင်းဆိပ်ကမ်းသို့ ရောက်လျှင် သူကြွယ်ကုန်သည်ကြီးအား နှိပ်စက်၍ သူ၏ပစ္စည်းများကို သိမ်းယူကြမည့်အကြောင်း တိုင်ပင်လာကြသည်။ သူကြွယ်ကြီးမှာမူ ထိုအကြောင်းကို မသိရှာပေ။ မသိရန်လည်း လှေသူကြီးက မိမိနှင့်အကျွမ်းဝင်သူ၊ စိတ်ချရသူများကိုသာ ရွေးချယ်ပြောဆိုခဲ့ခြင်းဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တရားတိုင်းပြည်၏ ဆိပ်ကမ်းသို့ ရောက်သောအခါ လောဘ တပ်ရင်းစွဲရှိခဲ့သည့်အတိုင်း လှေသူကြီးသည် မိမိ၏ စိတ်ချယုံကြည်ရ သည့် တပည့်များနှင့် ဝိုင်းဝန်းကာ "အသင်သွားပါ၊ လှေပေါ်ပါသည့် ကုန်ပစ္စည်းမှာ ကျွန်ုပ်၏ကုန်ပစ္စည်းများသာဖြစ်သည်။ အသင်မှာ ကျွန်ုပ်၏လှေပေါ်တွင် စီး၍လိုက်ပါလာသည့် ခရီးသည်မျှသာဖြစ် သည်။ လှေကြီးပေါ်ပါသော ကုန်ပစ္စည်းများမှာ အသင်၏ ကုန်ပစ္စည်း များမဟုတ်" ဟုဆိုကာ သူကြွယ်ကုန်သည်ကြီးအား နှင်ထုတ်တော့ သည်။ လှေသူကြီးသည် မိမိ၏တပည့်များကိုလည်းကောင်း၊ အခြား သူကြွယ်ကုန်သည်ကြီး၏ ဘက်တော်သားများကိုလည်းကောင်း၊ ငွေ ပေးကာ၊ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် လှေပေါ်ရှိ ပစ္စည်းများသည် မိမိ၏ပစ္စည်းများသာဖြစ်သည်။ သူကြွယ်၏ ကုန် ပစ္စည်းများမဟုတ်ဟု ပြောဆိုရန် မှာထားသည်။

သူကြွယ်ကုန်သည်ကြီး၏ တပည့်များသည်လည်း ငွေရသော ကြောင့် လှေသူကြီးမှာတိုင်းပြောရန် ကတိပေးကြသည်။ လှေသူကြီး နှင့် လှေထိုးသားအားလုံးပင် စည်းစည်းရုံးရုံးဖြစ်သွားတော့သည်။

သူကြွယ်ကုန်သည်ကြီးသည် မိမိတစ်ဦးတည်းဖြစ်နေသဖြင့် မည် သို့မျှ မတတ်နိုင်တော့လေရာ လှေကြီးပေါ်မှ ဆင်းသွားရတော့သည်။ နောက်ဆုံးတွင် မည်သို့မှမကြံတတ်သဖြင့် ဆိပ်ကမ်း၏ တစ်ခုသော နေရာတွင်ထိုင်ကာ "ငါတော့ ကံဆိုးဝင်ပြီ၊ စနေဂြိုဟ်မွှေပြီ၊ ငါနှင့် အတူ သွားလာနေကျ လှေသမားများက ငါ့ပစ္စည်းများကို မတရား သဖြင့် အမွေယူလိုက်ပြီး ငါ့ကိုပင် နှင်လိုက်ကြပြီ။ ပစ္စည်းများပြန်ရ ရန် ငါမည်သို့ကြံရမည်နည်း" စသည်ဖြင့် ညည်းညူနေသည်။

ခဏမျှကြာသောအခါ ထိုသူကြွယ်ကုန်သည်ကြီးသည် မိမိ၏ အနီးရှိ အခြားလှေမှ လှေသမားတစ်ဦးထံသွား၍ အကျိုးအကြောင်း

www.facebook.com/NyisayEbookCreator
www.nyisay.com


ပြောကာ အကူအညီတောင်းသည်။ "ကျွန်ုပ်မှာ ကုန်ပစ္စည်းများ ရောင်းချရန် လှေဖြင့်လာသော ကုန်သည်တစ်ဦးဖြစ်ပါသည်။ လှေသမားအားလုံးက ကျွန်ုပ်၏ပစ္စည်းများကို သူတို့၏ပစ္စည်းအဖြစ် သိမ်းယူကြ၍ ကျွန်ုပ်ထွက်ပြေးလာရပါသည်။ အကြံကောင်းများရှိလျှင် ပေးပါ" စသည်ဖြင့် ပြောသည်။

ထိုအခါ လှေသမားက "မည်သို့မှ ပူပင်ကြောင့်ကြမနေပါနှင့်၊ ဤဓာရာတိုင်းပြည်ကြီးမှာ တရားသဖြင့် အုပ်ချုပ်တော်မူသော ဘောဇ ဘုရင်နှင့် ပညာရှိကာလိဒါသတို့ ရှိပါသည်။ ယခုချက်ချင်း ဘုရင် မင်းကြီးထံ သံတော်ဦးတင်ပါချေ။ တရားအတိုင်း ဖြစ်ပါလိမ့်မည်" ဟု သူကြွယ်ကြီးအား ပြောပြအကြံပေးလိုက်သည်။

လှေသမားပြောဆိုသည့်အတိုင်း သူကြွယ်ကြီးသည် နန်းတော်သို့ သွားရောက်ပြီး "ကျွန်တော်မျိုးမှာ လှေဖြင့်လာသော ကုန်သည် တစ်ယောက် ဖြစ်ပါသည်။ အတူလာကြသော အငှားလှေသူကြီးနှင့် လှေထိုးသားတို့က ကျွန်တော်များ၏ပစ္စည်းများကို သူတို့၏ပစ္စည်းများ အဖြစ် သိမ်းယူပြီး ကျွန်တော်မျိုးအား နှင်ထုတ်လိုက်ကြပါသည်။ ကျွန်တော်မျိုး၏ ပစ္စည်းအားလုံး ဆုံးရှုံးနေရပါသည်။ ဤပစ္စည်းများ ကိုမှ ပြန်မရလျှင် သူတောင်းစားဖြစ်ရပါတော့မည်။ ကျွန်တော်မျိုး၏ သားမယားများလည်း ဒုက္ခရောက်ကြရပါတော့မည်။ သနားသဖြင့် အရှင်မင်းမြတ် တရားသဖြင့် စီရင်ပေးတော်မူပါ" ဟု တင်လျှောက် လေသည်။

ဘောဇဘုရင်သည် ထိုအမှုကို ကာလိဒါသအား လွှဲအပ်လိုက် သည်။ "ဤသူကြွယ်ကုန်သည်မှာ အခြားတိုင်းပြည်မှ ကုန်သည်ဖြစ် သည်။ ဥပဒေအရသာလျှင် စီရင်ဆုံးဖြတ်ခြင်းမပြုဘဲ မိမိကိုယ်ပိုင်

www.facebook.com/NyisayEbookCreator
www.nyisay.com


ဉာဏ်ဖြင့် အမှန်ရောက်အောင် စီရင်ဆုံးဖြတ်ပါ” ဟု ကာလိဒါသအား မိန့်ကြားတော်မူလိုက်သည်။

ကာလိဒါသသည် ကုန်သည်သူကြွယ်ကိုလည်းကောင်း၊ လှေသူကြီးနှင့် လှေသမားများကိုလည်းကောင်း၊ ဆင့်ခေါ်စစ်ဆေးမေးမြန်းသည်။ လှေသူကြီးသည် မိမိလှေပေါ်တွင်ပါသော ဇီယာ၊ ကရဝေး စသော ကုန်ပစ္စည်းများကို မိမိဝယ်ခဲ့ခြင်းမဟုတ်သည့်အတွက် ခန့်မှန်းခြေအားဖြင့် ဈေးနှုန်းကိုအစစ်ခံသည်။ ပစ္စည်းပစ္စယအားလုံး အလေးချိန်မည်မျှပါ၍ မည်သည့်တိုင်းပြည်၊ မည်သည့်သူဌေးထံမှ ဝယ်ယူခဲ့သည် စသည်များကိုလည်း ကုန်သည်သူကြွယ်ပြောသည်ကို ကြားဖူးသည့် ဗဟုသုတဖြင့် မှန်းဆပြီးထွက်ဆိုသည်။ ထို့ပြင် လှေသူကြီးက မိမိဘက်တော်သား လှေသမားများကိုပါ သက်သေပေးလေရာ လှေသမားအားလုံးက လှေသူကြီး၏ပစ္စည်းသာ မှန်ကြောင်း သက်သေတစ်ညီတည်းထွက်ကြသည်။ လှေသူကြီးနှင့် လှေထိုးသားများ ထွက်ဆိုအစစ်ခံသမျှကိုလည်း ကာလိဒါသသည် အားလုံးမှတ်ယူထားလိုက်သည်။

ကာလိဒါသသည် အခြားတစ်ဘက်မှ ကုန်သည်သူကြွယ်ကို စစ်ဆေးပြန်သည်။ သူကြွယ်ကုန်သည်ကမူ ဈေးနှုန်းကို အတိအကျ အစစ်ခံသည်။ လှေပေါ်တွင်တင်လာသည့် ပစ္စည်းများကို နေရာ မမှားမတိမ်းရအောင် ထွက်ဆိုသည်။ မိမိဝယ်ယူစီမံတင်ဆောင်လာခဲ့သည့်အတွက် အလေးချိန်အမျိုးအမည်မှအစ တစ်ကွက်မှ မမှားမယွင်းရအောင် ဖြေဆိုသည်။ ကာလိဒါသသည် သူကြွယ်အစစ်ခံသမျှကိုလည်း ရေးမှတ်၍ ယူထားလိုက်သည်။ ထိုသူကြွယ်ကုန်သည်ကမူ တစ်ဦးတည်းဖြစ်နေ၍ သက်သေတစ်ယောက်မျှ မပေးနိုင်ပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် နှစ်ဖက်သောသူတို့၏ ဤမျှသော အစစ်ခံ ထွက်ဆိုကြသည့်စကားကို ကြားလျှင်ပင် သူကြွယ်ကုန်သည် ပစ္စည်းရှင် အမှန်ဖြစ်သည်။ လှေသူကြီးသည် သူခိုးကုန်သည်ဖြစ်သည် ဆိုသည်ကို ချက်ချင်းပင်သိပေသည်။ သို့ရာတွင် ဤအမှုကို မိမိထံလွှဲအပ်စဉ်က အခြားတိုင်းပြည်မှ မှူခင်းဖြစ်၍ ဥပဒေအရသာ မစီရင် မဆုံးဖြတ်ဘဲ ကိုယ်ပိုင်ဉာဏ်ပါ အသုံးပြု၍ စီရင်ဆုံးဖြတ်ရန် ဘုရင်က မှာကြားထားသည်ကိုလည်းကောင်း၊ သက်သေမရှိသည့် သူကြွယ်အား အနိုင်မပေးဘဲ သက်သေအခိုင်အမာရှိသူ လှေသူကြီးအားသာ အနိုင်ပေးက ဥပဒေအရ တရားဝင်ဖြစ်နိုင်လင့်ကစား၊ မမှန်ကန် မတည့်မတ်ဘဲ ဥပဒေသာကြည့်၍ ဆုံးဖြတ်သော အမှားစီရင်ထုံး၊ တရားပျက်စေသည့် အမှားဆုံးဖြတ်နည်းသာ ဖြစ်ချေမည်ကိုလည်းကောင်း၊ ကာလိဒါသသည် မိမိ၏ သတိသမာဓိတရားများကို ခိုင်မြဲစွာထား၍ စဉ်းစားဆင်ခြင်သည်။

ဤသို့လျှင် ကာလိဒါသသည် ပညာရှင်ပီပီ တရားဝင် မစီရင် မဆုံးဖြတ်သေးဘဲ ထပ်မံ၍ ကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ပြီးမှ အဆုံးသတ် စီရင်ဆုံးဖြတ်ရန် နှစ်ဖက်သော အမှုသည်များကို တရားခွင်မှ ပြန်လွှတ်လိုက်သည်။

ကာလိဒါသသည် မိမိအိမ်သို့ပြန်ကာ ထမင်းစားသည်။ ပြီးလျှင် အိပ်ရာသို့ဝင်၍ ကိုယ်စိတ်ပင်ပန်းမှုကို ဖြေဖျောက်သည်။ ညနေသုံးနာရီခန့်မှ အိပ်ရာကထကာ မိမိကိုယ်ကို သန့်ရှင်းလိုက်သည်။

ထို့နောက် ကာလိဒါသသည် မိမိ၏ ထက်သန်စူးရှသော သဘာဝ ပင်ကိုယ်ဉာဏ်ကို စတင်အသုံးပြုသည်။ ဓာရာတိုင်းပြည်တွင်းမှ ကုန်သွယ်မှုရေးရာတွင် အလွန်လိမ္မာကျွမ်းကျင်သော သူကြွယ်ကုန်သည်တစ်ဦးကို မိမိထံခေါ်ယူသည်။ သို့ရောက်လာသောအခါ

www.facebook.com/NyisayEbookCreator
www.nyisay.com



မိမိထံ၌ အရေးကြီးသော မှုခင်းတစ်ခုရှိကြောင်း၊ သူကြွယ်က ကုန်သည်ကြီးဟန်ဆောင်၍ မိမိက စာရေးဟန်ဆောင်ပြီး စုံစမ်းရန် ဖြစ်ကြောင်းနှင့် စုံစမ်းစဉ် မိမိအား ကာလိဒါသဟု မခေါ်ဘဲ "ပညာဗလ" ဟု ခေါ်ရမည်ဖြစ်ကြောင်း စသည့် အစီအစဉ်များကို သူကြွယ်ကြီးအား ပြောထားမှာကြားသည်။

အားလုံးအစီအစဉ်များပြီးလျှင် အမှုသည်များရှိရာ ဆိပ်ကမ်းသို့ သူကြွယ်ကြီးက ကုန်သည်ဟန်၊ ကာလိဒါသက ပညာဗလ စာရေးဟန်ဖြင့် နှစ်ဦးသား သွားကြသည်။ ဆိပ်ကမ်းသို့ရောက်သောအခါ ချက်ချင်း အမှုသည်များထံသို့ ဝင်မမေးသေးဘဲ ခပ်ဝေးဝေးတစ်နေရာက စောင့်ကြည့်ကြသည်။

ပစ္စည်းရှင် သူကြွယ်ကုန်သည်သည် မိမိပစ္စည်းများရှိရာ လှေအနားသို့ မကပ်ဝံ့ဘဲ တစ်ခုသောဆိပ်ကမ်းတွင် ထိုင်ကာ ငိုယိုနေသည်ကို တွေ့မြင်ကြသည်။ လှေသူကြီးတို့လူစုက ဆူဆူညံညံ ပျော်ရွှင်နေသည်ကို မြင်ကြသည်။ တဖြည်းဖြည်း လှေသူကြီးတို့၏ လှေအနီးသို့ ကပ်သွားကြသည်။

လှေအနီးသို့ရောက်လျှင် "မောင်ပညာဗလ ဤလှေပေါ်တွင် ပစ္စည်းများစွာပါမည်ထင်သည်၊ ငါတို့အရောင်းအဝယ်ဖြစ်ရင် တော်မည်၊ စုံစမ်းကြရအောင်လား" ဟု သူကြွယ်ကုန်သည်က ပညာဗလအား စပြောသည်။

"ကောင်းပါပြီ၊ စုံစမ်းကြပါမည်" ဟု ပညာဗလက စကားခပ်ထစ်ထစ်ဟန် ပြန်ပြောကာ လှေသူကြီးအနားသို့ နှစ်ဦးသား ကပ်သွားကြသည်။

"အို လှေသူကြီး လှေပေါ်မှာ ဘာကုန်ပစ္စည်းတွေ ပါပါသလဲ၊ ကျွန်တော်တို့မှာ လမ်းလျှောက်ရင်း ခရီးကြုံ၍ ဝင်မေးကြပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဈေးနှုန်းသင့်မြတ်လျှင် ဝယ်ယူချင်ပါသည်” ဟု တစ်မျိုးတစ်မည် ထုပ်ပေါင်းထားသော ကာလိဒါသက စကားခပ်ထစ်ထစ်ဟန်ဖြင့်ပင် လှေသူကြီးအား စတင်မေးမြန်းလိုက်သည်။

လှေသူကြီးသည် လှေပေါ်တွင်ပါသော ကုန်ပစ္စည်းများကို အားလုံးလိုလို ပြောပြသည်။ “ဈေးနှုန်းသင့်လျှင် ရောင်းမည်” ဟုပင် ပညာဗလ၏ စကားကို လက်ခံလိုက်သည်။

မှောင်ခိုဈေးဖြင့် ရောင်းချင်နေသော လှေသူကြီးသည် ဤတစ်ခါ တော့ ပွပြီဟု ယူဆကာ မည်မျှရရ၊ မည်မျှပေးပေး၊ တွေးမနေဘဲ ရောင်းတော့မည့်ဟန်ကို ပြနေသည်။ ကုန်သည်ဟန်ဆောင်ပြီးလာ သော သူကြွယ်ကြီးသည်လည်း လှေသူကြီးသည် ကုန်များကို မှောင်ခို ဈေးဖြင့် အမြန်ရောင်းလိုနေကြောင်း အမူအရာအရ ကောင်းစွာ ရိပ်မိသည်။

ပညာဗလ (ကာလိဒါသ) သည် လှေပေါ်ပါ ငါးထောင်ခန့် တန်မည့် ကုန်ပစ္စည်းများကို “တစ်ထောင်ပေးမည်” ဟု လျှော့၍ ဈေးဆစ်လိုက်သည်။ မိမိတို့ကုန်ဝယ်ရန် အိမ်မှ လာခဲ့ကြသည်မဟုတ် ဘဲ အဆင်သင့်၍ ဝယ်ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ “တစ်ထောင် အပြည့်မပါသေး၊ ငါးရာသာပါသေးသည်၊ ဤငါးရာကိုသာ စရံအဖြစ် ယူနှင့်ပါ၊ ကျန်ငါးရာ အိမ်က အပို့လွှတ်လိုက်ပါမည်” ဟု လှေသူကြီး အား ခပ်ထစ်ထစ်ပင်ပြောသည်။

“ငါ့မှာ တစ်ထောင်ဆိုလည်း မနည်းပေ။ ခါးလှလှ ဝမ်းဝဝ ဝတ်နိုင် စားနိုင်မည်။ သားမယားများကိုလည်း ကောင်းကောင်း ကျွေးမွေး ဆင်ပြင်နိုင်မည်” ဟု အောက်မေ့ဝမ်းသာပြီး လှေသူကြီး သည် ငွေငါးရာကို မှောင်ခိုဈေး စရံအဖြစ် လက်ခံယူထားလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပစ္စည်းရှင် သူကြွယ်ကုန်သည်ကြီးသည် ဆိပ်ကမ်းတစ်နေရာတွင် ထိုင်မှိုင်ငိုယိုနေသည်ကို မြင်ကြရခြင်းဖြင့်လည်းကောင်း၊ ပျော်ရွှင်နေကြသည့် လှေသမားများနှင့် လှေသူကြီးသည် ကုန်ပစ္စည်းများကို မှောင်ခိုဈေးဖြင့် အမြန်ရောင်းချလိုပုံကို သိရှိဖြင့်လည်းကောင်း၊ ပညာဗလနှင့် ကုန်သည်ဟန်ဆောင် သူကြွယ်ကြီးတို့သည် ပစ္စည်းရှင်အမှန်ဖြစ်သည့် ကုန်သည်ကြီးထံသို့ မသွားမမေးကြတော့ဘဲ လှေသူကြီးနှင့် လှေထိုးသားများ၏ လှေမှပင် တရားစီရင်နေရာသို့ ပြန်လာခဲ့ကြသည်။

ရောက်သောအခါ ကာလိဒါသသည် မင်းချင်းယောက်ျားများကို ဆိပ်ကမ်းမှ လှေသူကြီးနှင့် လှေသမားများကို သွား၍ဖမ်းရန် အမိန့်ပေးလိုက်သည်။ မင်းချင်းယောက်ျားတို့သည် ကာလိဒါသခိုင်းသည့်အတိုင်း ဖမ်းယူလာကြသည်။

"အသင်လှေသူကြီး သင် သူခိုးကုန်သည် အမှန်ဖြစ်သည်။ သူကြွယ်သည်သာ ပစ္စည်းရှင်အစစ်ဖြစ်သည်။ ကုန်ပစ္စည်းများကို ပြန်ပေးမည်လား၊ မှသားပဲပြောမည်လား၊ ငါတို့တရားတိုင်းအရှင် ဘောဇဘုရင်သည် သူခိုးကြီးများအဖို့ ထောင်မထား၊ တန်းမထား၊ တရားအတိုင်း အဆုံးစီရင်သည်" ဟု ကုန်သွားဝယ်စဉ်က စကားခပ်ထစ်ထစ်ပြောသော စာရေးကြီး ပညာဗလဟန်မျိုးဖြင့် တရားသူကြီးနေရာမှနေ၍ ကာလိဒါသက ပြောလိုက်သည်။

ထိုအခါ အခမ္မသမား လှေသူကြီးသည် ကုန်ဝယ်လာစဉ် ပညာဗလဆိုသည့် စာရေးသည် ဤတရားသူကြီး ကာလိဒါသဖြစ်သည်ကို သိပြီးလျှင် အံ့အားသင့်ကာ လန့်ထိတ်သွားလေသည်။ မှသားဆို၍လည်း မဖြစ်နိုင်၊ အဆုံးစီရင်အောင် ဘုရင့်ထံ အမှုပြု၍ ကာလိဒါသက အပ်မည်ကို ကြောက်လာပြီး အမှန်အတိုင်း ထွက်ဆို

www.facebook.com/NyisayEbookCreator
www.nyisay.com


ဝန်ခံကာ ပစ္စည်းများကို သူကြွယ်အား ပြန်ပေးပါမည်ဟု ကတိပြု သည်။

"အသင်လှေသူကြီးသည် ပစ္စည်းများပြန်ပေးသော်လည်း အပြစ် ရှိနေသူဖြစ်၍ ကွင်းလုံးကျွတ်မလွှတ်နိုင်၊ သင့်အား ထိုက်သည့်အပြစ် ဒဏ်ကို ပေးရမည်" ဟု ပြောဆိုပြီး ဓာရတိုင်းရှိ သုသာန်ကြီးကို ၄၅ ရက်တိုင်တိုင် ရှင်းလင်းသုတ်သင်ရန် အပြစ်ဒဏ်ပေးလိုက်သည်။

ဤသည့်အပြစ်ဒဏ်ခံရသည့် သူခိုးလှေသူကြီးက "ကုန်ပစ္စည်း များ ပြန်ပေးပါလျက် အဘယ့်ကြောင့် သုသာန်ကြီးကို ၄၅ ရက် တိုင်တိုင် ရှင်းလင်းရန် ဒဏ်ပေးပါသနည်း" ဟု ကာလိဒါသအား မေးသည်။

"အသင် သူခိုးလှေသူကြီး သံဝေဂရရန် ဤဒဏ်ကိုပေးခြင်း ဖြစ်သည်။ ကုန်သည်သူကြွယ်ဖြစ်စေ၊ လှေသူကြီး လှေသမားဖြစ်စေ၊ အားလုံး နောက်ဆုံးတွင် သုသာန်သို့ ရောက်ကြရသည်ချည်းဖြစ်သည်။ အားလုံးအတူတူသာဖြစ်သည်ဟု အောက်မေ့သတိရပြီး သူတစ်ပါး ပစ္စည်းကို မတရားကြံ၍ ယူခြင်းမျိုး ထပ်မံမပြုအောင် ဤဒဏ်ကို ပေးခြင်းဖြစ်သည်ဟု ကာလိဒါသက ပြောလေရာ သူခိုးလှေသူကြီး သည် မလွန်ဆန်ဝံ့တော့ဘဲ အပြစ်ဒဏ်ကို ခံရတော့သည်။

ပညာရှင်ကာလိဒါသသည် ပစ္စည်းရှင် သူကြွယ်ကြီးက ကျေးဇူး တင်လွန်း၍ တားမရ ဆီးမရ၊ ငြင်းဆန်၍မရ၊ ဉာဏ်ပူဇော်သည်များ ကိုလည်းကောင်း၊ ဓာရာတိုင်းအရှင် ဘောဇဘုရင်က ဤတရားစီရင် ဆုံးဖြတ်သည်ကို များစွာအားရ နှစ်သက်တော်မူ၍ ချီးမြှင့်ပေးသနား တော်မူသည့် ဆုတော်လာဘ်တော်များကိုလည်းကောင်း ရရှိလေသည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# မြစ်ငိုသံ

တစ်ပါးသောညဉ့်အခါဝယ် ဘောဇဘုရင်သည် အိပ်စက်၍ မပျော်၊ သန်းခေါင်ယံအချိန်ခန့်တိုင် လုံးလုံးမှေးမှိတ်၍မရသဖြင့် အိပ်ရာမှထလေသည်။

နန်းတော်လေသာပြတင်းတစ်ခုကိုဖွင့်ကာ တောင်မြောက်လေးပါးကို ရှုစားသည်။ ဟိုဟိုဒီဒီကြည့်လိုက်သည်။ နန်းတွင်း ခြွေရံသင်းပင်းနှင့်တကွ မြို့သူမြို့သားအားလုံးသည် အအိပ်မိခင်၏ ရင်ခွင်တွင်း၌ ကျရောက်နေကြရာ၊ နန်းတော်တစ်ခုလုံး ငြိမ်သက်နေသည်။ တစ်မြို့လုံးတိတ်ဆိတ်နေသည်။

ဘောဇဘုရင်၏နန်းတော်မှာ တြိဗေကမြစ်အနီးတွင်ဖြစ်သည်။ မြစ်ကမ်းနဖူးမှာ တည်ထားသည်။ မိုးဥတုအခါဖြစ်၍ မြစ်မှာ ရေလျှံနေရာ ကမ်းမမြင်နိုင်သည့် ရေမျက်နှာပြင်ကျယ်ကြီးသဖွယ် ဖြစ်နေသည်။

တိတ်ဆိတ်ငြိမ်သက်နေသည့်အကြားမှ အသံတစ်ခုကိုမူ ထူးထူးခြားခြား ကြားရသည်။ ကြားရာသို့လည်း ဘုရင်သည် လေသာပြတင်းမှ စူးစူးစိုက်စိုက်ကြည့်သည်။ သေသေချာချာ အာရုံစိုက်၍ နားထောင်ရှာဖွေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ထူးခြားလှသည့် ထိုအသံမှာ အခြားမှမဟုတ်၊ ဘြိဗေကမြစ် အတွင်းမှ အသံဖြစ်သည်။ မြစ်တွင်းစီးဆင်းသော ရေအလျဉ်မှ ထွက်ပေါ်လာသော အသံဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်နေသည့် ညဥ့်သန်းခေါင်ယံအခါတွင် ထိုအသံကသာ မင်းမူလျက်ရှိနေသည်ကို ဘောဇဘုရင်လည်း တဖြည်းဖြည်းသိလာသည်။

ရေများနေ၊ ကြီးနေသည်နှင့်အမျှ မြစ်တွင်းစီးဆင်းနေသည့် အဟုန်၏အသံမှာ တဟဲဟဲမြည်နေ၊ အော်နေသည်။

ဘုရင်သည် ထိုအသံကို မြစ်၏ ရိုးရိုးသဘာဝ အသံမဟုတ်၊ မြစ်၏ "ငိုသံ" ဟု ထင်သည်။ "မြစ်ကလေး ယနေ့ည ဘာကြောင့် ငိုနေပါလိမ့်" ဟု တွေးတောမိသည်။ သို့ဖြင့် ဘုရင်သည် မြစ်၏ ငိုသံကို ဆက်လက်၍ နားထောင်သည်။ "ဘာကြောင့်ငိုနေရသလဲ" ဟု အဖန်ဖန်စဉ်းစားသည်။

သို့သော် စဉ်းစား၍မရ၊ အဖြေမပေါ်၊ ဦးနှောက်ရှုပ်သွားသည်။ ဖီးရင်း ဖီးရင်း ရှင်းမသွားဘဲ ရှုပ်၍ရှုပ်၍သာလာသော အမျိုးသမီး တစ်ဦး၏ ဆံပင်ပမာ ဘာကြောင့် မြစ်ကလေးငိုနေပါလိမ့်ဟူ၍ စဉ်းစားသည်မှအစ အတွေးများသည် ပို၍မရှင်းမရှင်းသာ ဖြစ်လာ သည်။ ပို၍ ပို၍သာ ရှုပ်လာသည်။

ထို့ကြောင့် ဘုရင်သည် အိပ်ခန်းသို့ဝင်ကာ အိပ်ရာထဲ လှဲလိုက် သည်။ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားသည်။

နောက်တစ်နေ့ ညီလာခံသဘင်စချိန်သို့ ရောက်ပေပြီ။ မှူးမတ် ဗိုလ်ပါများလည်း ရောက်ကြပြီ။ သို့ရာတွင် ညီလာခံမှာ မစုံသေး၊ ကာလိဒါသမရောက်လာသေး။ သို့ဖြစ်လေရာ ညဥ့်ကအခြင်းအရာကို ပုစ္ဆာအဖြစ် မေးလိုသော ဘုရင်သည် ကာလိဒါသကို အရေးတကြီး အခေါ်လွှတ်တော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မင်းချင်းလည်း ကာလိဒါသကို အမြန်သွားခေါ်သည်။ ညီလာခံသို့လာရန် ပြင်ဆင်နေနှင့်သော ကာလိဒါသကို အဆင်သင့်တွေ့ရာ ဘုရင်က အမြန်လာရောက်စေလိုကြောင်း ပြောပြသည်။

“ဘုရင်ကလည်း ကြံကြံဖန်ဖန် ရှာကြံ ပုစ္ဆာမေးနိုင်ပါပေ့၊ ခဏခဏ စဉ်းစား၍ရပါပေ့၊ ငါကလည်း ဖြေဆိုနိုင်ပါပေ့” ဟု ကာလိဒါသသည် တစ်ယောက်တည်း ပြောဆိုနေပေသည်။ အမြန်လာစေလိုသည်ဟု ခေါ်ကတည်းကပင် ပုစ္ဆာကို အရေးတကြီး မေးလို၍သာ ဖြစ်မည်ဟုသိသည်။

ပြင်ဆင်ပြီးသည်ဆိုလျှင်ပင် ကာလိဒါသသည် ညီလာခံသို့ အမြန်သွားသည်။

ရောက်လျှင်ရောက်မဆိုက်ပင် “အဘယ်ပုစ္ဆာကို အရေးတကြီး မေးလိုပါသနည်း၊ အဘယ်အရာကို ချက်ချင်းဖြေစေလိုပါသနည်း မေးတော်မူပါ အရှင်မင်းမြတ်” ဟု ကာလိဒါသက ဦးအောင်ပြောလိုက်သည်။

ညက အိပ်မပျော်ပုံ၊ အိပ်မပျော်သဖြင့် နန်းတော်လေသာပြတင်းကိုဖွင့်ကာ ဟိုဟိုဒီဒီကြည့်မိပုံနှင့် မြစ်ကလေးငိုနေသည်ကို တွေ့ရပုံမှအစ အားလုံး အစုံအစေ့ပြောပြသည်။

ထို့နောက်မှ ဆက်လက်၍ “ပညာရှိအမတ်ကြီး ကာလိဒါသ၊ ဘာကြောင့် ညက မြစ်ကလေးငိုရသည်ဆိုသည်ကို အဖြေပေးစေလိုသည်။ ယုတ္တိယုတ္တာဖြင့် ရှင်းစေလိုသည်” ဟု ဘုရင်က အမိန့်ရှိသည်။

မြစ်အတွင်း စီးဆင်းနေသော ရေအလျဉ်သည် ကျောက်ဆောင်များ၊ ကွေ့ကောက်သောမြစ်ကြောင်း စသည်များနှင့် တွေ့ဆုံသောအခါ ဟဲဟဲမြည်ခြင်းဖြစ်ကြောင်း၊ အရှိန်ဖြင့်စီးလာသော မြစ်ရေလျဉ်သည် ကျောက်ဆောင်များကို ရုတ်တရက်ဝင်တွေ့ တိုက်မိသောအခါ

www.facebook.com/NyisayEbookCreator
www.nyisay.com


အရှိန်ကြောင့် ဟဲ ဟဲ ဟဲ ဟဲ ဟု အသံထွက်ပေါ်လာကြောင်း၊ အကွေ့များနှင့် ဝင့်ဆောင့်မိသောအခါ ငြိမ်သက်စွာစီးနေသော ရေအလျဉ်အရှိန်ပျက်ပြီး ဟဲ ဟဲ ဟဲ ဟဲ ဟု အသံထွက်ကြောင်း၊ ဤသည့်အသံကို "မြစ်ငိုသံ" ဟု ဘုရင်ထင်ကြောင်းများကို ကာလိဒါသ သိသည်။

သို့သော်လည်း "ဤသို့သောသဘာဝအတိုင်း တင်လျှောက်က ယုတ္တိယုတ္တာရှိသည်ဟု ဘုရင်ယူဆမည်မထင်၊ အကြောင်းခိုင်လုံသည် ဟု အောက်မေ့မည်မဟုတ်၊ ဤသည့်သဘာဝအတိုင်း မဖြေဆိုသင့်၊ အခြားသောနည်းဖြင့် ဖြေမှသင့်မည်၊ ဘုရင်ယုံကြည်အားရမည်" ဟု စဉ်းစားမိသည်။

"မြစ်ငိုသည်ဆိုသည်ကို ကျွန်တော်မျိုးကြားရသည်မဟုတ်၊ မကြားရဘဲ မည်သို့ဖြေဆိုပါမည်နည်း၊ မြစ်ငိုသံကို ကျွန်တော်မျိုး ကြားရမှ ဖြေ၍ဖြစ်ပါမည်" ဟု ကာလိဒါသက အကင်းပါးပါး လျှောက်တင်လိုက်သည်။ အခြားပရိယာယ်တစ်ပါးဖြင့် ဖြေဆိုလို၍ ဤသို့လျှောက်တင်လိုက်ခြင်း ဖြစ်လေသည်။

"ညသန်းခေါင်အချိန်တွင် မြစ်ကလေးငိုသံကို ကြားရစေမည်။ အသင်ကာလိဒါသ နားထောင်လှည့်လော" ဟု ဘုရင်ကပြောသည်။ ကာလိဒါသလည်း မြစ်ငိုသံကို ညသန်းခေါင်အခါ လာ၍နားထောင်သည်။ အခြားပရိယာယ်တစ်ပါးဖြင့် ဖြေကြားရန် စဉ်းစားဝေဖန်ရင်း ပြတင်းမှ မြစ်တွင်းသို့ ကြည့်သည်။

မြစ်ကလေးသည် မနေ့ညကလိုပင် ရှိုးရှိုးသားသား စီးနေသည်။ ဟဲ ဟဲ ဟဲ ဟဲ ဟု အသံပေးကာ စီးနေသည်။ ဤသည့်အသံကို ကာလိဒါသလည်း သဲသဲကွဲကွဲကြားသည်။ ကောင်းကောင်းမွန်မွန်

www.facebook.com/NyisayEbookCreator
www.nyisay.com



နားလည်သည်။ အစက မိမိသိထားသည့်မြစ်၏ သဘာဝအတိုင်းပင် ဟုလည်း သိသည်။

သို့ဖြင့် ကာလိဒါသသည် အိမ်မပြန်တော့၊ နံနက်စောစော ဘုရင့်ပုစ္ဆာဖြေရန် နန်းတော်ထဲမှာပင် အိပ်လိုက်သည်။

နံနက်မိုးလင်းသောအခါ ဘုရင့်ပုစ္ဆာကို ဖြေတော့သည်။ မြစ်၏ ငိုသံကို အဖြေပေးတော့သည်။

"သမီးပျိုမြစ်မကလေးသည် မိဘဖြစ်သော တောင်ကြီးများ၊ ဆွေမျိုးသားချင်း အိမ်နားနီးချင်းများဖြစ်သော ပတ်ဝန်းကျင် တောင်တန်းများနှင့် ခွဲခွာပြီး သူ့မခင်ပွန်း သမုဒ္ဒရာဆီသို့ သွားရ၍ မိဘကိုလွမ်းပြီး ငိုနေခြင်းဖြစ်ပါသည်။ သူ့မ၏လင်ယောကျ်ား သမုဒ္ဒရာဆီသို့ သွားနေရသည်မှာ ပြန်လမ်းမရှိသောကြောင့် ဆွေမျိုး သားချင်းများ၊ အိမ်နားနီးချင်းများကိုလွမ်းပြီး ငိုနေခြင်းဖြစ်ပါသည်" ဟု အဖြေပေးလိုက်သည်။ ဥပမာစကားဖြင့်တင်စားကာ လျှောက်တင် လိုက်သည်။

"မြစ်ကလေးကို ဘာ့ကြောင့် သမီးပျိုကလေးဟု ခေါ်သနည်း" ဟု ဘုရင်ကမေးရာ "မြစ်မှာ သဒ္ဒါအနေအားဖြင့် 'နဒီ'၊ သို့နှင့် ဣတ္ထိလိင်ဖြစ်၍ သမီးပျိုမြစ်မကလေးဟု ခေါ်ခြင်းဖြစ်ပါသည်" ဟု ကာလိဒါသက ရှင်းလင်းတင်လျှောက်လိုက်သည်။

ထိုအခါ ဘုရင်သည် "အာဂဒါသ" (ကာလိဒါသ) ပဲဟု ချီးမွမ်းလေသည်။ များစွာ အားရကျေနပ်ကာ အဖြေကို လက်ခံတော်မူ လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# နွားနှစ်ကောင်၏ ဝန်

အခါတစ်ပါးတွင် ဘောဇဘုရင်နှင့် ကာလိဒါသတို့သည် ဟိမဝန္တာသို့ ဘုရားဖူးသွားကြသည်။ စခန်းတစ်ခုမှ တစ်ခုသို့ ကူး၍ ကူး၍ သွားကြသည်။ စခန်းအကြားအကြား သွားကြရသည်မှာ ပင်ပင်ပန်းပန်းမရှိကြ၊ ချမ်းသာစွာ သွားကြရသည်။ တိုက်ခတ်လျက်ရှိသော လေပြေလေညင်းကလေးဖြင့် အေးမြကြည်နူးလျက် ရှိကြသည်။

နေကလည်း မထွက်ပေါ်လာသေး၊ နံနက်အရုဏ်တက်ချိန်ကစ၍ ဟိမဝန္တာသို့ တက်ကြရာ ရာသီဥတုမှာ စိမ့်စိမ့်အေးလျက်ရှိသည်။ ဘုရင်လည်း ထိုအချိန်မှာ နှစ်သိမ့်ကြည်နူးနေသည်။ ကာလိဒါသလည်း နှလုံးရွှင်ပျသဘောကျနေသည်။

နေရောင်ခြည်တောက်၍ အလင်းဘက်သို့ ရောက်လာသည်။ မကြာမီမှာပင် နေအရှိန်လည်း ပြင်းလာလေရာ ဘုရင်မှာ ခပ်စပ်စပ် နေပူဒဏ်ကို ခံလာရသည်။ ပူအိုက်အိုက်ဖြစ်လာပြီး ချွေးများပင် စို့လာသည်။ အပေါ်အခြုံအရုံများကို မနှစ်သက်တော့။ ခြုံရုံပြီးမထားချင်တော့။ သူတို့ကြောင့် ပို၍အိုက်သည်ဟု အောက်မေ့ကာ ပိုသည့်အခြုံအရုံများကို ချွတ်ပစ်ချင်လာသည်။ သို့ဖြင့် ပိုနေသည့် အပေါ်လွှာ အခြုံအရုံများကိုချွတ်၍ ကာလိဒါသအား ပေးလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်နှင့် မကွေမကွာ နောက်နားကပါလာသော ကာလိဒါသ သည် ဘုရင့်အခြံအရံများကို ယူလိုက်သည်။ ဘုရင်ဝတ်ဆင်လာ သော အပေါ်လွှာအခြံအရံများကို မငြင်းသာမဆန်သာ လက်ခံထမ်းပိုး လိုက်ရတော့သည်။ ဘုရင်အား မည်သို့မှ ပြန်၍မလျှောက်တင်၊ ထမ်းပိုး၍ပင် လိုက်မြဲလိုက်လာသည်။

အတန်ကြာမျှ ရှေ့ဆက်လက်သွားမိကြသောအခါ ဘုရင်က "ကာလိဒါသ သင်သည် နွားကြီးတစ်ကောင်ကဲ့သို့ ဝန်ထုပ်ဝန်ပိုးကြီး များကို ထမ်းဆောင်လာနေရတာပေါ့" ဟု ပြောလိုက်သည်။

ဘုရင်၏ လေးလှသော အပေါ်လွှာ အနွေးထည် အခြံအရံ အထုပ်အပိုးကိုလည်း ယူလာရသေးသည်။ သို့ပါလျက် ဘုရင်သည် ငါ့အား နွားနှင့်နှိုင်း၍ ပြောင်လှောင်ပြောဆိုသေးသည်။ ပြန်၍ ချေပ လျှောက်တင်မှ တော်မည်ဟု ကာလိဒါသ ချက်ချင်းစဉ်းစားမိလိုက် သည်။

သို့ဖြင့် ကာလိဒါသက "နွားတစ်ကောင် သယ်ရသည့် အထုပ် အပိုးမျှသာဆိုက ဝန်မလေးလှ၊ ယခုမူ နွားနှစ်ကောင်စာ၏ ဝန်ထုပ် ဝန်ပိုးကို ထမ်းဆောင်သယ်ပိုးနေရသည်ဖြစ်၍ ပိုပြီးလေးပါသည်" ဟူ လျှင်မြန်စွာ ပြန်၍လျှောက်တင်လိုက်သည်။

ထိုသို့လျှောက်တင်သည်ကို ကြားလေလျှင် ဘုရင်သည် မိမိက ကာလိဒါသအား နွားနှင့်နှိုင်း၍ ပြောင်လှောင်ပြောဆိုသဖြင့် ကာလိ ဒါသကလည်း မိမိအား တစ်ဖန် နွားနှင့်နှိုင်း၍ ဝန်တင်နွားနှစ်ကောင် စာကို တစ်ကောင်တည်း သယ်ယူနေရပါသည်ဟု ပြန်လှန် ပြောင် လှောင် ချေပလျှောက်တင်သည်ကို သိသည်။

သို့သော် ဘုရင်သည် ကာလိဒါသအား ဘာမှပြန်မပြော၊ ဒေါသ အမျက်ထွက်တော်မမူ၊ ပြုံး၍သာကြည့်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ဤသို့ဖြင့် သင့်ရာဌာနၶ စခန်းချ၍ နားနေခြင်း၊ ဘုရားဖူးရန် အာရုံစောပြီး စကားပြော၍ ပြော၍ သွားကြလေရာ ဘုရင်နှင့် ကာလိဒါသတို့သည် လိုရာခရီးသို့ မကြာမီပင် ရောက်ကြလေသည်။

(မှတ်ချက်–ကာလိဒါသသည် ဤကဲ့သို့ ဘုရားဖူးသွားရာမှ ဟိမဝန္တာတောင်အကြောင်းများကို လေ့လာခဲ့သည်။ နောင်သောအခါ ဟိမဝန္တာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကဗျာတစ်ကျမ်း ရေးခဲ့သည်။)

ဘုရင်နှင့် ကာလိဒါသတို့မှာ တစ်ဦးနှင့်တစ်ဦး အထူးချစ်ကျွမ်း ဝင်ကြသည်။ ဘုရင်ကလည်း ကာလိဒါသအား ပညာအရာ၌ အထူး အားထားရသောကြောင့် မိမိကိုယ်စား ဘုရင်တစ်ပါးသဖွယ် ကိုးစား သည်။ တိုင်းရေးပြည်ရေး မိမိကိုယ်တော်၏ အရေးများကိုပင် ကာလိ ဒါသအား မတိုင်ပင်ဘဲ မစီမံ မဆောင်ရွက်၊ တိုင်ပင်ဆွေးနွေးပြီးမှသာ သင့်သလိုချမှတ် စီရင်ဆောင်ရွက်စေသည်သာများသည်။

ပညာရှင်ကာလိဒါသမှာ ဘောဇဘုရင်ထက် အသက်အရွယ် အနည်းငယ်ကြီးသည်။ အသက် ဂုဏ်သိက္ခာ ကြီးသည်နှင့်အမျှ သူ၏ပညာရိပ်ကို ဘုရင်က ခိုရသည်ဟုလည်း ဆိုရမည်။ ဘုရင်တို့ မည်သည် ရာဇမာန်တက်တတ်လေရာ ထိုရာဇမာန်ကို မည်သူမှ မထိန်းအုပ်နိုင်၊ ကာလိဒါသသာ ကြီးမားသော ဉာဏ်ပညာ၊ များစွာ ရင့်ကျက်သော အတွေ့အကြုံ၊ ဗဟုသုတများဖြင့် အချက်ကျကျ ထိန်းချုပ်၍ရသည်။ သို့ရာတွင် ကာလိဒါသပင်လျှင် တစ်ခါတစ်ရံ မင်းပြစ်မင်းဒဏ်ကို ခံရသေးသည်။

ထိုခေတ်အခါက ဓာရာတိုင်းတွင် ကာလိဒါသထက်သာသည့် ပညာရှင်မရှိ၊ ကာလိဒါသကို ယှဉ်ပြိုင်နိုင်သည့်ပုဂ္ဂိုလ် မပေါ်သေး၊

www.facebook.com/NyisayEbookCreator
www.nyisay.com



အားလုံးသော ပညာရှင်တို့က သူ့ကို ဆရာတင်ကြသည်။ နေရာပေးကြသည်။

တစ်ခါတစ်ရံ ပြောင်လှောင်သရော်သည့်သဘောဖြင့် ဘုရင်က မိန့်ကြားပြောဆိုသည်။ တစ်ခါတစ်ရံ နက်နဲခက်ခဲသော ပုစ္ဆာများကို မေးသည်။ ထာဝစဉ်အားဖြင့်မူ အရေးကြီးသော တိုင်းရေးပြည်ရေး အရှုပ်အထွေးများ၊ မှုခင်းရေးရာများကို ရှင်းလင်းစီရင် ဆောင်ရွက်စေသည်။

ယခုဖော်ပြလိုက်သည့် ကာလိဒါသကို နွားနှင့်နှိုင်း၍ ပြောသည်မှာ ပြောင်လှောင်လိုက်ခြင်းပင်ဖြစ်သည်။


ကာလိဒါသမှာ မည်သည့်မျက်နှာကိုမှ မကြည့်၊ အဂတိမလိုက်၊ တည့်မတ်ဖြောင့်စင်းသည်။ တရားသဘောကို ကြည့်ရာ၌ မည်သူ့နှင့်မှ မတူ၊ မိမိခံရမည်ကိုပင် မှုငဲ့ကွက်၊ အပြစ်ပေးမည်ကိုပင် မကြောက်၊ မှန်ရာကို တင်လျှောက်ဆောင်ရွက် စီရင်သည်။ မင်းလိုလိုက်၍ မင်းကြိုက်မတင်၊ ပြည်သူလူထုအတွက် အမြဲတန်း ငဲ့ကွက်မြော်မြင်သည်။

တစ်ခါတစ်ရံ ပညာဂုဏ်သိက္ခာကို အရိအသေပေးထိုက်သော အခါ ဘုရင်က ကာလိဒါသ၏ ခြေစုံကို ဦးတိုက်ကာ အလေးပြုသည်ဟုပင် အဆိုရှိသည်။

ထိုခေတ်အခါဝယ် ပညာရှိကာလိဒါသ၏ဂုဏ်ကြောင့် ဓာရတိုင်း၏သတင်းမှာ ကြိုင်သင်းလျက်ရှိခဲ့သည်။ ဘောဇဘုရင်၏ နန်းတော်အရောင်အဆင်းလည်း ပဝင်းလျက်ရှိခဲ့သည်။ ဘောဇဘုရင်၏ နာမည်သတင်းလည်း ကျော်သင်းခဲ့သည်။

■

www.facebook.com/NyisayEbookCreator
www.nyisay.com



# ရမဝတီ

တစ်နေ့သောအခါ ကာလိဒါသသည် တပည့်မ ရမဝတီကို ဘောဇဘုရင်ထံသို့ ခေါ်သွားသည်။ ထိုအခါက ရမဝတီမှာ ငါးနှစ်ရွယ်၊ ခြောက်နှစ်ရွယ် အသက်ငယ်ငယ်သာ ရှိသေးသည်။ ငယ်ငယ်ရွယ်ရွယ် နုနယ်သေးသော်လည်း ရမဝတီသည် လိမ္မာရေးခြားရှိသည်။ သွက်လက်ဖျတ်လတ် ပါးနပ်သည်။

ကာလိဒါသထံတွင် တပည့်မပေါင်း မြောက်မြားစွာရှိသည်။ ခပ်ကြီးကြီးအရွယ်များလည်း ရှိကြသည်။ အရွယ်ခပ်ငယ်ငယ်များလည်း ရှိကြသည်။ ထိုအထဲတွင် ရမဝတီသည် အလိမ္မာဆုံးဖြစ်သည်။ သတ္တိလည်းရှိသည်။ ကာလိဒါသ အရာရာတွင် အထူးအားထားသည့် တပည့်မတစ်ယောက်ဖြစ်သည်ဟု ဆိုရပေမည်။

ဘောဇဘုရင်အား စပ်မိတိုင်း တပည့်မ ရမဝတီအကြောင်း ပြောကြားဖူးသည်။ ရမဝတီသည် လိမ္မာရေးခြား ပါးနပ်ပြီး သွက်လက်ဖျတ်လတ်ကြောင်း၊ အရွယ်ရောက်သောအခါ အရာရာတွင် အားထားဖွယ်ရှိမည့်အကြောင်းမှအစ ရမဝတီ တတ်သိလိမ္မာပုံများကို ပြောပြလေ့ရှိခဲ့ပေသည်။

ဘုရင်လည်း ပြောထားသည့်စကားများအရ ရမဝတီအား မေးမြန်းစုံစမ်းကြည့်ရန် အကြံရလာသည်။ သို့ဖြင့် ဘုရင်သည် ရမဝတီအား မဆိုင်းမတွပင် စ၍ မေးမြန်းတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သမီး ရမဝတီ၊ သင်နှင့် စကားပြောလိုသည်၊ စကားပြောမလား" ဟု စလိုက်သည်။

"အရှင်ဘုရင်ကြီး သမီး အနည်းငယ်တော့ ပြောပါမည်၊ ဖြေပါမည်၊ မေးမြန်းပါ" ဟု ရမဝတီက လျှောက်တင်သည်။ (တင်စားသောအားဖြင့်လည်းကောင်း၊ ချီးမြှောက်သောအားဖြင့်လည်းကောင်း သမီးဟု ခေါ်ဝေါ်ပြောဆိုသည်။)

ဘောဇဘုရင်က အရွယ်နှင့်အလိုက် ထိုက်သင့်သမျှ စကားလုံးများကို မေးသည်။ ဉာဏ်ပညာအတိမ်အနက်၊ ထက်မထက် စုံစမ်းလိုသောအနေဖြင့် မေးသည်။ ရမဝတီလည်း မေးသမျှ စကားလုံးများကို အချိုးကျဖြေသည်။ စုံစမ်းသမျှကို အဆင်ပြေအောင် တင်လျှောက်သည်။

တော်တော်များများ ဖြေမိလာသောအခါ ရမဝတီသည် ဘုရင်၏မျက်နှာတော်ကို မော့ကြည့်လိုက်သည်။ ထို့နောက် အောက်သို့မျက်နှာကို လှည့်ထားလိုက်သည်။ မေးသမျှ စုံစမ်းသမျှကိုလည်း မဖြေတော့၊ မတင်လျှောက်တော့၊ မော့လည်း မမော့တော့ပေ။ အောက်သို့သာ စိုက်ကြည့်နေတော့သည်။

ခဏမျှကြာသောအခါ ရမဝတီသည် အောက်သို့ စိုက်ကြည့်နေရာမှ အာရုံပြောင်းလိုက်သည်။ ကလေးတို့သဘာဝအတိုင်း နံဘေးအနီးအနားသို့ လှည့်ကြည့်တော့သည်။ အနီးအနား ရှေ့နားတွင် ကစားပျော်ရွှင်နေကြသည့် ကလေးများကို မြင်သည်။ ထိုကလေးများမှာ ငယ်ကြလေရာ ရမဝတီမှာ ကလေးများအပေါ် ချစ်စိတ်ဝင်လာသည်။ မိမိထက်ငယ်သော ကလေးများကို ချီပွေ့ယုယလိုလာသည်။

သို့ဖြင့် ကလေးများကို ချီပွေ့သည်။ ရင်ခွင်တွင်တင်ကာ နမ်းရှုပ်သည်။ ကျီစယ်သည်။ ဘုရင်ပြောစကားများကိုမူ မဖြေဆို

www.facebook.com/NyisayEbookCreator
www.nyisay.com



တော့၊ ငယ်ရွယ်ကြသည့် ကလေးများအပေါ်မှာသာ အာရုံစိုက်နေရကြောင်း ဘုရင်လည်းမြင်သည်။

ထိုအခါ ဘုရင်သည် ကာလိဒါသအား "အသင်ကာလိဒါသ၊ အသင်၏ တပည့်မ ရမဝတီ လိမ္မာရေးခြား ပါးနပ်သည်ဆိုသည် မမှန်၊ မေးသမျှကို မဖြေ၊ ကလေးစိတ်ဖြင့် ထင်သလိုနေတတ်သူသာ ဖြစ်သေးသည်။ ဤမျှဖြင့် ချီးကျူးစရာမရှိသေး၊ မြှောက်စားဖို့ မသင့်ပေ။ အသင်ချီးကျူးတံတားခင်းခြင်းမှာ အပိုသာဖြစ်သည်" ဟု အမိန့်ရှိလေသည်။

ကာလိဒါသက "အရှင်ဘုရင်မင်းကြီးမေးသမျှကို ရမဝတီ ဖြေပြီးပါပြီ။ ရမဝတီက ဘုရင့်မျက်နှာ မော့ကြည့်လိုက်သည်ကို ဘုရင်မင်းမြတ်သိလိုက်မည်ဟု ထင်ပါသည်" ဟု ဘုရင်အား တင်လျှောက်သည်။ ဘုရင်လည်း "မြင်လိုက်သည်၊ မော့ကြည့်သည်ကို သိသည်" ဟု ကာလိဒါသအား ပြန်ပြောသည်။

"ရမဝတီ ထိုသို့မော့ကြည့်သည်မှာ ဘုရင်မင်းမြတ်မေးသမျှကို လိမ္မာပါးနပ်သောအမူအရာဖြင့် ဖြေပြခြင်းဖြစ်သည်။ အရှင်မှာ ဘုရင်တစ်ဦးဖြစ်သည်။ ဘုရင်ကို နည်းနည်းသာ ဖြေသင့်သည်။ ဘုရင်နှင့် အနည်းငယ်သာ စကားပြောသင့်သည်။ အသက်အရွယ် ပညာ ဗဟုသုတ ငယ်ရွယ်နုနယ်လှသေးသော သမီးကလေးအား ဘာကြောင့် ဘုရင်က များများကြီး မေးမြန်းစုံစမ်းတော်မူရပါသလဲ၊ နည်းနည်းသာ ဖြေပါမည်၊ တင်လျှောက်ပါမည်ဟု စကားအစက တင်လျှောက်ခဲ့သည့်အတိုင်း နည်းနည်းသာ ဖြေဆိုပါမည်။ တော်ပါတော့ အရှင်မင်းကြီး" ဟု အမူအရာဖြင့် ယဉ်ကျေးလိမ္မာစွာ တင်လျှောက်ခြင်းဖြစ်ပါသည်ဟု ကာလိဒါသက လျှောက်ဆိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသ တင်လျှောက်သည်များကို စဉ်းစားမိရာ၊ ဘုရင်နှစ်သက်လက်ခံသည်။ ရမ၀တီကလေးအပေါ်တွင် ကြင်နာချစ်ခင်စိတ်ဝင်လာသည်။ ထို့ကြောင့် ဘုရင်က ရမ၀တီအား ဘယက်တစ်ခု ဆုတော်ချလိုက်သည်။

မှတ်ချက်–ရမ၀တီသည် နောင်သောအခါ ကာလိဒါသ၏ အားအထားရဆုံးသော တပည့်မတစ်ဦးဖြစ်လာသည်။ စာဆိုပညာရှင်ကြီး ဖြစ်လာသည်။ ကာလိဒါသ အသက်အရွယ်ကြီး၍ မျက်စိကောင်းစွာမမြင်တော့သောအခါ ရေးသားရန် ကလောင်မကိုင်နိုင်တော့သောအခါ ကာလိဒါသနှုတ်မှထွက်သမျှ ကဗျာစာပေများကို ရမ၀တီက မှတ်သားရေးသားလေသည်။

မိမိ၏ဆရာ ကာလိဒါသက မိန်းမများနှင့်စပ်လျဉ်းသော ကျမ်းကို ပြုစုရေးသားပြီးနောက် ရမ၀တီက ယောကျာ်းများနှင့် စပ်လျဉ်းသည့် ကျမ်းတစ်စောင်ကို ပြုစုရေးသားလေသည်။

မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားထားကြသော ကာလိဒါသ အတ္ထုပ္ပတ္တိ အကြောင်းအရာ စသည်များတွင် ဆရာကြီးကာလိဒါသသည် ပြည့်တန်ဆာမသတ်၍ သေသည်ဟု အပါများကြသည်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဤသဘောအတိုင်း ယခင်က ကြားဖူးမှတ်ဖူးကြသည်။ အိန္ဒိယပြည်တွင်လည်း ဤသို့သော အရေးအသားအပြောအဆိုများ ရှိခဲ့ဖူးပေသည်။

သို့ရာတွင် ယခုခေတ် သုတေသနပြုသူများ၏ အလိုအရမှာ တစ်ချိန်သောအခါက အိန္ဒိယပြည်တွင် ကာလိဒါသပညာရှိနှင့် စပ်လျဉ်း၍ ရပ်ပျက်ဆင်းပျက် ပြောကြားရေးသားသွားသည်များ ရှိခဲ့ဖူးသည်။ ကာလိဒါသဆရာကြီးကို ကာမကျူးသူဟု ထင်မှတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



အောင် ရေးသားမှုရှိသည်။ ကာမဆရာကြီးအဖြစ်နှင့် သိအောင်ရေးခဲ့ ပြောခဲ့ကြသည်ဟုဆိုသည်။

ယခုရှာဖွေကြသောအခါ အိုမင်းသော ကာလိဒါသ၊ ဇနီးသေဆုံး၍ ပူဆွေးသော ကာလိဒါသ၊ ဇရာထောင်း၍ မျက်စိအလင်း ကောင်းစွာမရတော့သောကြောင့် ကိုယ်တိုင်စာမရေးနိုင်တော့သော ကာလိဒါသ၊ လူအိုကြီးဘဝရောက်သောအခါ ကလေးငယ်များက အဘိုးအိုကြီးဆိုပြီး မရိုသေကြ၊ ခဲကလေးများနှင့်ပင် ပေါက်ကစားကြသည်ကို ခံရသော ကာလိဒါသ၊ ထိုအခါ ကလေးများအား ချော့မော့ပြီး ဆုံးမစကားများပြောကြားသော အဘိုးအိုကာလိဒါသ၊ ထိုကလေးငယ်များအနက် အချို့သည် နောင်သောအခါ ပညာရှိများ ဖြစ်လာကြသည် စသည်ဖြင့် တွေ့ရှိလာကြပေသည်။

ထို့ကြောင့် ပြည့်တန်ဆာမသတ်၍ သေရသည်ဆိုသည်မှာ ယုတ္တိမရှိပါဆိုသည့်ဘက်မှ အထောက်အထားများ ကောင်းလာသည်ကို သုတေသီများ တွေ့နေကြရပေသည်။

မိတ်ဆွေကောင်းများ၏ အကူအညီဖြင့် ကျွန်တော်တို့လည်း ဆက်လက်သုတေသနပြုလျက်ရှိရာ ရက်လအတန်ကြာလျှင် ပညာရှင် ကာလိဒါသနှင့် စပ်လျဉ်းသည့် မှတ်သားဖွယ်ရာများနှင့် အမှန်နှင့် အနီးစပ်ဆုံး အတ္ထုပ္ပတ္တိကို ရနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



## လောက၌ မည်သည့်သား သွားနှင့်ဂုဏ်သည် အကောင်းဆုံးနည်း

တစ်နေ့သောအခါ ဘောဇဘုရင်၏စိတ်၌ အမေးပုစ္ဆာ ပြဿနာတစ်ခု ပေါ်လာသည်။ ဘုရင်သည် ပေါ်လာသည့်ပြဿနာကို ကြာရှည်စွာ လျှို့ဝှက်၍ မထားလို၊ ညီလာခံ ပရိသတ် မှူးမတ်ဗိုလ်ပါ ပညာရှိအများအား မေးလိုလာသည်။ မှူးမတ်ဗိုလ်ပါ ပညာရှိများအား ဉာဏ်ကစား၍ ဖြေကြားစေလိုလာသည်။

ထို့ကြောင့် နောက်တစ်နေ့ ညီလာခံသဘင်တွင် မေးစရာများကို မေးသည်။ ညီလာခံတက်ရောက်လာသည့် ပညာရှိများအား ဤပြဿနာများ ဖြေရှင်းလျှောက်တင်ကြရန် မိန့်ကြားသည်။

၁။ လောက၌ မည်သည့်သားသည် အကောင်းဆုံးဖြစ်သနည်း။
၂။ လောက၌ မည်သည့်သွားသည် အကောင်းဆုံးဖြစ်သနည်း။
၃။ လောက၌ မည်သည့်ဂုဏ်သည် အကောင်းဆုံးဖြစ်သနည်း။

အထက်ပါ အမေးပုစ္ဆာ ပြဿနာသုံးချက်ကို မေးသည်။ အချို့သော မှူးမတ်ဗိုလ်ပါများကမူ မဖြေဆိုကြ၊ မလျှောက်တင်ကြ၊ တုဏှိဘောနေကြသည်။ နောက်မှ ဖြည်းဖြည်းဖြေဆိုကြရန် စဉ်းစား

www.facebook.com/NyisayEbookCreator
www.nyisay.com


နေကြဟန်ဖြင့် နေကြခြင်းဖြစ်သည်။ အချို့သော မှူးမတ်ဗိုလ်ပါများကမူ လောက၌ "ဘုရင့်သား" သည် အကောင်းဆုံးဟု ဖြေဆိုကြသည်။

ဘုရင့်သားဖြစ်ရခြင်းသည် ပညာသင်ရာ နည်းခံရာတို့၌လည်း မဆင်းရဲ၊ ချမ်းချမ်းသာသာ နည်းနာခံယူ သင်ကြားရသည်။ မွေးဖွားလာစဉ်ကတည်းက ချမ်းချမ်းသာသာ ကြီးပြင်းလာရသည်။ ကြမ်းတမ်းသောအဝတ်အထည်များပေါ်မှာပင် ခြေမကျရ၊ နူးညံ့လှသည့် ပိုးဖဲကတ္တီပါ စသည်များ၌သာ ကျရသည်။ မြေကြီးပေါ် ခြေကျဖို့ဆိုသည်မှာ ပို၍ပင်ဝေးသေးသည်။

ရွှေနန်းချည်၊ ငွေနန်းချည် စသည်ဖြင့် ချယ်လှယ်ထားသည့် တန်ဆာများနှင့်သာ ကြီးပြင်းလာခဲ့ရသည်။ အထိန်းတော်တို့လက်မှ များစွာမလွတ်ကင်းရ၊ တစ်ယောက်လက်မှ တစ်ယောက်လက်သို့၊ တစ်ယောက်အပေါ်မှ တစ်ယောက်အပေါ်သို့ ပြောင်းကာ ရွှေ့ကာ ရွှေ့ကာ ချီပွေ့ပိုက်ထွေး ကြီးလာရသည်။

ဘုန်းကံပါရမီထူးကြောင့် ဘုရင့်သားဖြစ်လာရရာ အရာရာမှာ ဆိုစရာမရှိ အားလုံးအဆင်ပြေသည်။ ဘုရင့်သားဖြစ်ရခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု လျှောက်တင်ဖြေဆိုကြသည့် မှူးမတ်ဗိုလ်ပါတို့က ဤသို့လျှင်အကြောင်းပြကြသည်။

အချို့သောမှူးမတ်ဗိုလ်ပါတို့ကမူ "ဆင်းရဲသားများ၏ သွားသည် အကောင်းဆုံးဖြစ်ကြသည်" ဟု လျှောက်တင်ဖြေဆိုပြသည်။ မိလက္ခု တောင်သူလယ်သမား ဆင်းရဲသားတို့၏သွားမှာ အိုမင်းမစွမ်းဖြစ်သည်အထိ ဘယ်လိုမှမရှိ၊ ခိုင်မြဲနိုင်သည်၊ ယိုင်သည်၊ နဲ့သည်၊ ကျိုးသည်ဟူ၍ များသောအားဖြင့် မတွေ့ရ၊ ဘဝဆုံးတိုင် ခိုင်မာကြ

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်၊ ကောင်းကြသည်။ ဤသို့လျှင် ဆင်းရဲသားများ၏သွား ကောင်းသည်ဟု ဖြေဆိုကြသည့် မှူးမတ်တို့က ယုတ္တိယုတ္တာပြကြသည်။

အချို့သော မှူးမတ်ဗိုလ်ပါများကလည်း ပညာဂုဏ်သာလျှင် လောက၌ အကောင်းဆုံး အမြတ်ဆုံးဟု ဖြေကြသည်။ ပညာဂုဏ်ရှိကြသူများသည် ပွဲလယ်တင့်ကြသည်။ ပညာဂုဏ်ရှိသူများကို အားလုံးက လေးစားကြရသည်။ ပညာဂုဏ်သည် မည်သည့်အခါမှ မနိမ့်ကျ၊ ပညာဂုဏ် ရွှေအိုးကို မည်သူမှ မခိုးနိုင်၊ မည်သူမှ မလုယက် မဖျက်ဆီးနိုင် စသည်ဖြင့် ပညာဂုဏ်သာ အကောင်းဆုံးဟု ဖြေဆိုကြသူတို့က သာဓကဆောင်ကြသည်။

ဤကဲ့သို့ မှူးမတ်တို့ ထင်ရာဖြေဆို လျှောက်တင်နေကြစဉ်မှာပင် ကာလိဒါသလည်း ညီလာခံသို့ မရောက်လာသေး။ ဘုရင်ကလည်း အဖြေများမှန်ကန်ကြောင်း မိန့်တော်မမူသေးပေ။ သို့ဖြစ်လေရာ အဖြေကို မကြံဆနိုင်ကြ၊ မသိမမြင်ကြသည့် မှူးမတ်ဗိုလ်ပါတို့က ကာလိဒါသမှသာ ဘုရင့်အမေးပုစ္ဆာကို ယထာဘူတကျအောင် ဖြေဆိုနိုင်မည်ဟုတွေးကာ တောင့်တနေကြခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် ကာလိဒါသလည်း ညီလာခံသို့ ဝင်လာသည်၊ မျှော်လင့်တောင့်တနေကြသည့် မှူးမတ်တို့မှာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။ အမြင်ကျယ်သမျှ ဖြေဆိုထားနှင့်ကြသော မှူးမတ်တို့သည်လည်း မလှုပ်မရှား၊ ဣန္ဒြေမပျက်၊ ပညာရှိကာလိဒါသ ဖြေဆိုလျှောက်တင်မည်ကို နားထောင်လိုကြဟန် ရှိကြလေသည်။

မည်သည့်မှူးမတ် ဗိုလ်ပါတစ်ဦးမှ အဖြေမှန်မပေးနိုင်ကြသည့် ပုစ္ဆာများကို ကာလိဒါသအား ဘုရင်ကမေးသည်။ ကာလိဒါသရောက်၍ မကြာမီပင် ဘုရင်ကမေးရာ ကာလိဒါသသည် အဖြေများကို ရုတ်တရက်အားဖြင့်ပင် လျှောက်တင်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"လောက၌ နွားတို့၏သား (နွားမများက မွေးသည့်နွား) များသည် အကောင်းဆုံးသား ဖြစ်ကြပါသည်။ နွားကလေးများသည် ကြီးလာသောအခါ ကျွန်ုပ်တို့အား အဝတ်အထည်များကိုပေး၍ အစားအစာများကို ကျွေးပါသည်။ စားဖွယ်သောက်ဖွယ် အာဟာရများကို နွားများကိုခိုင်းရ၍သာ ရကြပါသည်။ ထောပတ် ဒိန်ခဲ စသည်များကို နွားများမှရကြပါသည်။ နို့ထမင်း နို့ဃနာ စသည့် နူးညံ့လှသည့် အာဟာရများကိုလည်း တခြားမှရကြသည်မဟုတ်၊ နွားများကပင် ပေးကြပါသည်။ နောက်ဆုံးအနေအားဖြင့် နွားတို့၏ နွားချေးများပင် အရာရာအတွက် အသုံးကျပါသည်" ဟု ကာလိဒါသက ပထမပုစ္ဆာအတွက် ဖြေဆိုလျှောက်တင်သည်။

ဆက်လက်၍ လောက၌ "ထွန်သွား" သည် အကောင်းဆုံးသွားဖြစ်ပါသည်။ ထွန်သွားသည် မြေဩဇာများကို ရှာဖွေပေးပါသည်။ မြေဩဇာများကို လှန်လှောပေးပါသည်။ ထွန်သွားက မြေဩဇာများကို လှန်လှော၍မပေးက အသီးအနှံ စိုက်ပျိုးပင်များ ကြီးကြီးထွားထွား သီးနိုင်မည်မဟုတ်၊ စိုစိုရွှန်းရွှန်း မဖြစ်နိုင်၊ ထွန်သွားကြောင့်သာ ကြီးကြီးထွားထွား သီးကြသည်။ သီးနှံများ စိုစိုရွှန်းရွှန်းနှင့် သီးနှံပင်များ ထွားထွားကြိုင်းကြိုင်း ရှိကြသည်။ ထွန်သွားကြောင့်သာ အာဟာရဖြစ်စေသည့် သီး၊ ရွက်၊ ဖူး၊ ပွင့်၊ အမြစ်၊ အဉ စသည်များကို ကျွန်ုပ်တို့ စားသောက်သုံးဆောင်ရပါသည်" ဟု ကာလိဒါသက ဒုတိယပုစ္ဆာအတွက် ဖြေဆိုလျှောက်တင်လိုက်သည်။

တစ်ဖန် လောက၌ "သတ္တိဂုဏ်သည် အကောင်းဆုံး အထွတ်အမြတ်ဆုံးဂုဏ် ဖြစ်ပါသည်။ သတ္တိဂုဏ်မှာ အရာရာထက် သာလွန်၍ အကောင်းဆုံးဖြစ်ပါသည်။ ပညာ၊ စီးပွား၊ ဥစ္စာ၊ ခွန်အားဗလ စသည်များ ပြည့်စုံနေသော်လည်း သတ္တိမရှိက အသုံးချ၍မရ၊ အသုံး

www.facebook.com/NyisayEbookCreator
www.nyisay.com




မဝင်၊ ပညာရှိသောသူသည် သတ္တိဂုဏ်သာမရှိက လူတောမတိုး၊ ပရိသတ်မဝင်၊ စီးပွားဥစ္စာရှိနေသောသူသည် သတ္တိဂုဏ်မရှိက မည်သည့်ကိစ္စမှ အောင်မြင်အောင် မဆောင်ရွက်နိုင်၊ ခံစားခွင့်ရှိသမျှ အကျိုးများကို မခံစားရ၊ ပစ္စည်းဥစ္စာများကိုစွန့်၍ နောက်ဆုံးဘဝ ပြောင်းသွားကြရသည်။ ခွန်အားဗလရှိနေသော ပုဂ္ဂိုလ်သတ္တဝါများ သည်လည်း သတ္တိဂုဏ်သာမရှိက မည်သည့်နေရာမှ မထင်ပေါ်၊ မကျော်စော စသည်ဖြင့် ကာလိဒါသက တတိယပုစ္ဆာ၏အဖြေကို ဘုရင်အား လျှောက်တင်သည်။

ဘုရင်လည်း အားလုံးမှန်ကန်၍ ယထာဘူတကျပါပေသည်။ ပညာရှင်ကာလိဒါသသည် အရာရာတွင် ဉာဏ်ပညာကြီးမားပါပေ သည်။ မည်သူနှင့်မှမတူ၊ မည်သည့်ဗိုလ်ပါ မှူးမတ်များမှ မဖြေနိုင် သည့် ပြဿနာများကို အလွယ်တကူ ဖြေဆိုနိုင်ပါပေသည်” ဟု ကာလိဒါသ၏ဉာဏ်ကို ချီးကျူးလေသည်။ ညီလာခံဝင် မှူးမတ် ဗိုလ်ပါများသည်လည်း ကာလိဒါသအား များစွာချီးကျူးကြသည်။ ထိုနေ့ ညီလာခံသဘင်ကို ဤဉာဏ်ကြီးရှင်ပွဲတစ်ခုတည်းနှင့်ပင် ရုပ်သိမ်းလိုက်လေသည်။

မှတ်ချက်–စက်မှုမထွန်းကားမီခေတ်က နွား၏တန်ဖိုးကား ကြီးပါပေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ပညာရှိ၏အဖြေ "သုည"

တစ်နေ့သောညီလာခံသဘင်တွင် ဘောဇဘုရင်သည် ကာလိဒါသအား မိမိထံသို့ ပညာရှိသုခမိန်တစ်ယောက် ခေါ်ခဲ့ရမည်ဟု အမိန့်ရှိတော်မူသည်။ အရာရာတွင် ကျွမ်းကျင်လိမ္မာသော ပညာနှင့် ပြည့်စုံသူဖြစ်ရမည်။ မည်သည့်အမေးပုစ္ဆာ ပြဿနာမဆို လွယ်ကူစွာ ဖြေဆိုနိုင်သူဖြစ်ရမည်ဟု မိန့်ကြားသည်။

ပညာရှင်ကာလိဒါသသည် ဘုရင်မိန့်ကြား ပြောဆိုသောစကားကို စဉ်းစားသည်။ ဘုရင်၏ရည်ရွယ်ရင်းဆန္ဒကို ဝေဖန်သည်။ ဘုရင့်နန်းတော်တွင် ပညာရှင်ပေါင်း မြောက်မြားစွာရှိသည်။ မှူးမတ်ပညာရှိများ၊ ပုရောဟိတ်သုခမိန်များ၊ ဘုရင့်ထံတွင် ဆည်းကပ်ခစားလျက်ရှိသည့် သမားတော်များ၊ စီးပွားကုန်သွယ်၊ သူဌေးသူကြွယ် ပညာရှိများနှင့် ပညာဗဟုသုတ အရာရာ ကြွယ်ဝပြည့်စုံသော ပညာရှိများလည်း ဘုရင့်လက်တွင်ရှိသည် စသည်ဖြင့် တွေးတောသည်။

ဘုရင်မိန့်ကြားပြောဆိုသည့်စကားမှာ ရိုးရိုးမှန်မှန် မဟုတ်တန်ရာ အကြောင်းတစ်မျိုးမျိုး ဖြစ်တန်ရာသည်။ နှလုံးထားတစ်မျိုး ဖြစ်တန်ရာသည်ဟုလည်း တွေးမိလာပြန်သည်။ သို့ဖြင့် ကာလိဒါသသည် "ဘုရင်မင်းမြတ် အလိုရှိသော ပညာရှိသုခမိန်ကို ခေါ်ယူခဲ့ပါမည်" ဟု တင်လျှောက်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် ညီလာခံသဘင်မှ အိမ်သို့ပြန်လာသည်။ ဘုရင်မိန့်ကြားလိုက်သည်ကို ဆောင်ရွက်ရန်လည်း တာဝန်ရှိလာသည်။ လမ်းသွားရင်း သွားရင်းဖြင့် နွားနို့သည်တစ်ဦးကို ခရီးအကြားမှာ တွေ့သည်။

ကာလိဒါသသည် ထိုနွားနို့သည်ကို မိမိထံသို့ ခေါ်ယူသည်။ ဘုရင့်ထံသို့ ခေါ်ယူသွားမည့်အကြောင်း၊ ဘုရင့်ရှေ့တော်ရောက်က စကားတစ်ခွန်းမျှမပြောဖို့အကြောင်း၊ ဆိတ်ဆိတ်နေရန်အကြောင်းနှင့် မိမိစကားနားထောင်ပါက အသပြာ ၁၀၀ ပေးမည်၊ နှစ်ဦးနှစ်ဝ အကျိုးရှိသည်ဖြစ်၍ လိုက်နာစေလိုသည်ဆိုသည်များကို ပြောကြားသည်။

နွားနို့သည် ယောကျ်ားသည်လည်း ပြောသည့်စကားများကို စဉ်းစားသည်။ အသပြာ ၁၀၀ ရက အဝတ်လှလှ ဝတ်နိုင်သည်။ နွားလည်း ထပ်ဝယ်နိုင်ပြီး နို့များများရမည်။ ကာလိဒါသကို ရိုသေရာလည်း ရောက်မည်ဟု မြင်သည်။ သို့ဖြစ်၍ ကာလိဒါသ ပြောကြားသည်များကို လက်ခံလိုက်သည်။

နောက်တစ်နေ့တွင် နွားနို့သည်အား အဝတ်အစား သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ဆင်လိုက်သည်။ ထို့နောက် ကာလိဒါသသည် နွားနို့သည်ကို ဘုရင့်ထံခေါ်သွားသည်။ ရောက်လေလျှင် "အရှင်ဘုရင်မင်းမြတ် အလိုရှိသည့် ပညာရှိသုခမိန်ကို ခေါ်ယူလာပါပြီ။ မေးမြန်းစုံစမ်းတော်မူပါ" ဟု ဘုရင်အား လျှောက်တင်သည်။

ဘောဇဘုရင်လည်း ဝမ်းသာသည်။ နှစ်သက်အားရသည်။ သို့ဖြစ်လေရာ ပညာရှိသုခမိန် (နွားနို့သည်) ကို ဘုရင်က မေးတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



“အသင်ပညာရှိသည် မည်သည့်အလုပ်များကို လုပ်သနည်း။ နာမည် မည်သို့ခေါ်၍ မည်သည့်အရပ်ဌာနမှာနေသနည်း၊ မည်သည့် ပညာများ တတ်မြောက်ကျွမ်းကျင်သနည်း” ဟု စ၍မေးသည်။

ပညာရှိသုခမိန် (နွားနို့သည်) သည် ဘုရင်မေးသည်ကို မဖြေဆို၊ ဆိတ်ဆိတ်သာနေသည်။ သို့ဖြစ်၍ ဘုရင်သည် အဖြေ “သုည” သာ ရသည်။

သို့သော်လည်း ဘုရင်သည် ပညာရှိသုခမိန်အား အခြားစကားကို ဆက်လက်၍မေးသည်။ ပုစ္ဆာများကိုမမေး၊ သာမန်အကြောင်းအရာ များကို မေးသည်။

မေးသမျှစကားများကို တစ်လုံးတစ်ပါဒမျှ ပညာရှိသုခမိန်က ပြန်မပြော၊ ပြန်မဖြေ၊ ဆိတ်ဆိတ်သာနေသည်။ မတုန်မလှုပ်ပင် နေသည်။ သို့ဖြစ်၍ ဘုရင်မှာ အဖြေသုညသာရပြန်သည်။

ထိုအခါ ဘုရင်မှာ ကာလိဒါသခေါ်ယူလာသည့် ပညာရှိသုခမိန် အပေါ် အံ့သြတော့သည်။ စာတစ်လုံးမှ တတ်ဟန်မရှိသည့်သူကို မိမိထံ ခေါ်ယူလာသည်။ ဤသူသည် လူအပဲဖြစ်သည်။ မေးသမျှ သူ့ထံမှ အဖြေ “သုည” သာရသည်။ အကြောင်း မည်သို့ရှိပါသနည်း ဟု ကာလိဒါသအား ဘုရင်က မေးသည်။

သူသည် ပညာရှိသုခမိန်အမှန် ဖြစ်ပါသည်။ ဘုရင့်ကို ညွတ် ကိုင်း ရိုသေသောအားဖြင့် ဆိတ်ဆိတ်အဖြေပေးခြင်း ဖြစ်ပါသည် ဟု ကာလိဒါသက လျှောက်တင်သည်။

အမျိုးအမည်နာမ အရပ်ဌာနနှင့် အတတ်ပညာ စသည်များကို မေးသည်။ တစ်ခုမျှမဖြေ ဆိတ်ဆိတ်နေသည်။ “အူကြောင်ကြောင် ယောင်ကန်းကန်းထင်သည်။ ခပ်အအ၊ ခပ်ဆွံ့ဆွံ့ဖြစ်လိမ့်မည်။ ညွတ်ကိုင်းရိုသေ၍ ဆိတ်ဆိတ်နေကာ အဖြေမပေးသည်ဆိုလျှင် အဘယ်ကြောင့်နည်း” ဟု ဘုရင်က မေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကဗျာဆရာတစ်ဦး၏ ကဗျာတစ်ပုဒ်၌ 'မင်း၊ ယောဂီ၊ မီး၊ ရေ' ဟူသော ဤလေးပါးတွင် မင်းတို့မည်သည် တိုင်းသူပြည်သား အပေါ်၌ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာ အချစ်ရှိတတ်ပြီး ဒေါသ ဝင်လာတတ်သည်။ မင်းနှင့်ဝေးဝေးနေရမည်" စသည်ဖြင့် ဆိုထား သည်။ သို့ဖြစ်၍ ပညာရှိသုခမိန် အမှန်ဖြစ်လျက် အဖြေသုညသာ ပေးခြင်း ဖြစ်ပါသည်။

"အဖြေများစွာပင် သုခမိန်ထံတွင် ရှိပါသည်။ ဘုရင် မကြိုက် မနှစ်သက်သော အဖြေနှင့်တွေ့က အဆုံးစီရင်မည်စိုး၍ မဖြေခြင်း ဖြစ်ပါသည်။ သတ်ပစ်မည်ကြောက်၍ 'သုည' အဖြေကိုသာ ပေးခြင်း ဖြစ်ပါသည်။

"ထို့အပြင်လည်း ဆိတ်ဆိတ်နေခြင်းသည် လူ ၁၀၀ ကို နိုင်နိုင်သည်" ဆိုသော ရှေးစကားပုံတစ်ခုရှိသည်။ ထိုစကားပုံအရ ဆိတ်ဆိတ်နေခြင်းသာ မြတ်သည်ဟု ဆင်ခြင်ပြီး "သုည" သာ အဖြေပေးခြင်းဖြစ်သည်" ဟု ကာလိဒါသက ဘုရင်အား တင် လျှောက်သည်။

ဘုရင်လည်း "ကာလိဒါသပြောတိုင်း ဟုတ်မှန်ပါ၏လော" ဟု ပညာရှိသုခမိန် (နွားနို့သည်) အား မေးသည်။ ပညာရှိသုခမိန် (နွားနို့သည်) လည်း "ကာလိဒါသပြောတိုင်း မှန်ကြောင်း မိမိ၏ စိတ်နှလုံးတွင် ကာလိဒါသတင်လျှောက်သည့်အတိုင်း ဆုံးဖြတ်ထား ခြင်း ဖြစ်ကြောင်း" တင်လျှောက်လိုက်သည်။

ထိုအခါ ဘုရင်သည် "ဆိတ်ဆိတ်နေခြင်းသည် အဖိုးတန်ပေ သည်" ဟုဆိုကာ ကာလိဒါသအား ဆုတော်ငွေများ ပေးသနား လိုက်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



# ဘုရင့်လက်နှင့်ကိုင်ပြီးသော ဆီးသီး

ဘောဇဘုရင်၏ မိဖုရားကြီးထံတွင် "ဟေမာ" မည်သော အလုပ်အကျွေး မိန်းမပျိုတစ်ယောက်ရှိ၏။ ဟေမာသည် မိဖုရား၏ အလုပ်အကျွေးဖြစ်သော်လည်း အလွန်ချောသည်။ အလွန်လှပပြေပြစ်သည်။ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသွေးအရောင်နှင့် စိုပြေသော အသားအရေရှိသည်။ အရွယ်ကလည်း မကြီးလွန်း မငယ်လွန်းလှသေးသူဖြစ်ရာ တင့်တယ်သော မိန်းမတစ်ဦး၏ အသွင်လက္ခဏာကို ဆောင်နေသည်။

မိဖုရားကြီးကလည်း ဟေမာအား များစွာသနားချစ်ခင်သည်။ အနားမှမခွာစေဘဲ အမြဲတစေ အနီးမှာ နေစေသည်။ ဝတ္တရားရှိသည်များကို လုပ်ကျွေးပြုစုစေသည်။ ဟေမာပြုစုသည်ကိုမှ မိဖုရားကြီးက ကျေနပ်နှစ်သက်သည်။ လက်ဝတ်လက်စား တန်ဆာ ရတနာများကိုပင် မိဖုရားကြီးက ဆုချဆင်မြန်းပေးထားရာ ဟေမာမှာ ရွှေပင်နားသည့် ရွှေကျေးပမာ လှပတင့်တယ်နေသည်။

ဟေမာကလည်း မိဖုရားကြီးကို များစွာရိုသေလေးစားသည်။ မွေးကျေးဇူးရှင် အမိတစ်ဦးသဖွယ် ပြုစုလုပ်ကျွေးသည်။ စိတ်ထားငြိုငြင်သည်မရှိ၊ တော်တော်သင့်သင့် နေထိုင်မကောင်းသည့် အခါမှာပင် မနေ၊ ဝတ္တရားမပျက် ပြုစုလုပ်ကျွေးသည်။ မိဖုရားကြီးက

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြင်နာသနား မေတ္တာထားမှန်း သိပေရာ ဟေမာသည် မိဖုရားကြီးကို ပြုစုရသည်၌ မညည်းညူ၊ ပျော်ရွှင်နေသည်။

မိဖုရားကြီးက ဟေမာအား အစေခံအလုပ်အကျွေးဟု သဘော မထား၊ မိမိ၏ သွေးရင်းသားရင်းနှင့်မခြား ကြင်နာသနား မေတ္တာထား သည်။ ဟေမာကလည်း မိဖုရားကြီးအပေါ် မွေးကျေးဖူးရှင် အမိ တစ်ပါးသဖွယ် စေတနာမေတ္တာထား၍ ပြုစုလုပ်ကျွေးသည်။

တစ်နေ့သောအခါ ဘုရင်သည် ဟေမာအား ချစ်ဖွယ် သာယာ စကား ပြောဆိုသည်။ မေးသင့်မေးထိုက်သည်များကို မေးသည်။ အတန်ကြာ ဘုရင်နှင့် ဟေမာတို့ ပြောဆိုမေးမြန်း ဖြေမိကြသောအခါ ဟေမာသည် ဘုရင်ကို စိုးရွံ့လာသည်။ ဘုရင်အား ခစားရသည်မှာ အနှောင့်မလွတ် အသွားမလွတ်ဖြစ်မှာ ကြောက်ရွံ့လာသည်။ သို့ဖြင့် ဟေမာသည် ဘုရင်နှင့် ပြောကြားဖြေဆိုနေရာမှ အိမ်သို့ ရုတ်တရက် ထပြန်သွားသည်။

ဘုရင်လည်း မိဖုရား၏ အလုပ်အကျွေးမတစ်ဦးက မလေးစား မရိုသေသောဟန် ထပြန်သွားသည်ကို မနှစ်သက်၊ အမျက်ထွက်လာ သည်။ မိဖုရား၏ အလုပ်အကျွေးတစ်ဦးကို လိုသလို ပြုနိုင်ရမည်ဟု တမုဟုတ်ချင်း စဉ်းစားလိုက်သည်။ ဘုရင် အနည်းငယ်ရယ်လိုက် သည်။

ထို့ကြောင့် အတူစကားပြောနေရာမှ မရိုမသေ မထီလေးစား ရုတ်တရက် ထပြန်သွားသော ဟေမာအား လိုက်၍ခေါ်စေသည်။ အိမ်မရောက်မီ လမ်းတွင်မှီစေရန် အမြန်လိုက်ခေါ်စေသည်။ မင်းချင်း လည်း အမြန်လိုက်၍ခေါ်လေရာ လမ်းမှာပင်မှီသည်။ ဟေမာလည်း ဘုရင့်အမိန့်အတိုင်း ပြန်လိုက်လာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟဲ့ သူငယ်မ၊ လူ့ဘဝကို အလွန်ရခဲသည်။ လူ့ဘဝကို ရပြန်ပါ တော့လည်း ရုပ်ရည်ရူပကာယနှင့် ပြည့်စုံခဲလှသည်။ သူငယ်မ လူ့ဘဝ ရ၍ ဤမျှလှသည်မှာ ဘဝ၏ဆုထူးကြောင့်ပင်ဖြစ်သည်။ သည်ကဲ့သို့ ဘဝပေးကံ ပြည့်စုံပါလျက် အဘယ့်အတွက် ရတ်တရက် ထပြန်သွား သနည်း" ဟု ဘုရင်က အလုပ်အကျွေး မိန်းမပျိုအား ပြောကြားမိန့်ဆို လိုက်သည်။

"အို ဘုရင်မင်းမြတ်၊ အရှင်ဘုရင်မင်းကြီးမှာ ရှေးကုသိုလ်ကံ ပြည့်စုံသည့်အတွက် ဘုရင်ဖြစ်ခဲ့ရပါသည်။ သို့သော် အရှင်ဘုရင့်လက် နှင့် ကိုင်ပြီးသားဆီးသီးမျှကိုပင် ဘယ်သူမှစားချင်တော့မည် မဟုတ် ပါ" ဟူ၍ အဓိပ္ပာယ်ဆောင်သည့် ကဗျာတစ်ပုဒ်ဖြင့် ဘုရင့်အား အလုပ်အကျွေးဖြစ်သူ ဟေမာက ပြန်၍လျှောက်တင်လိုက်သည်။

ဟေမာပြန်၍လျှောက်တင်သည့်စကားကို ကြားလျှင် ဘုရင်မှာ ဒေါသမာန်မဖြစ်ပွား၊ သတိသံဝေဂသာ ဖြစ်သွားသည်။ ဟိရိဩတ္တပ္ပ တရား ကပ်လာသည်။ ငါသည် ဟေမာ့အပေါ် ကာမဂုဏ် အရိပ် အရောင်များ ပေါ်သွားသလား။ ဤသည့်အမူအကျင့်ကို မနှစ်သက်၍ ဟေမာထပြန်သွားပြီး သည်ကဗျာဖြင့် လျှောက်တင်လေသလားဟု မိမိကိုယ်ကို ပြန်၍သုံးသပ်တော်မူသည်။

မိမိအမူအရာကို မသင်္ကာ၊ ကြီးမားသောသံသယ ဖြစ်လာသည်။ ဤကဗျာမှာ ရှက်လည်းရှက်ဖွယ်ဖြစ်၍ ဘုရင့်အတွက် အဆုံးအမ သဖွယ်လည်းဖြစ်သည်။ သို့ဖြင့် ဘုရင်လည်း ဟေမာပြန်လျှောက် ထားသည့်ကဗျာကို မမေ့အောင် နှလုံးသွင်းထားလိုက်သည်။

နောက်နေ့ ညီလာခံသဘင်တွင် မှူးမတ်ဗိုလ်ပါတို့ စုံလင်စွာ ရောက်ကြလေပြီ။ ကာလိဒါသမူ မရောက်လာသေး။ ဘုရင်သည်

www.facebook.com/NyisayEbookCreator
www.nyisay.com



မှတ်သားထားခဲ့သော ကဗျာကို ရွတ်ပြကာ မှူးမတ်ဗိုလ်ပါများကို မေးသည်။ ဤကဗျာမှာ မပြည့်စုံသေး၊ ပြည့်စုံအောင် ဆက်၍စပ်ဆို အဖြေပေးရမည်။ ရည်ရွယ်သည့်အကြောင်းအရာကို ပေါ်လွင်ထင်ရှားအောင် ဖြည့်စွက်စပ်ဆိုရမည်ဟု ဘုရင်က ရောက်ရှိပြီးသော ညီလာခံ မှူးမတ်ဗိုလ်ပါများအား မိန့်ကြားသည်။

မှူးမတ်များသည်လည်း ဟိုစပ် ဒီစပ် စပ်ဆိုဖြေကြားကြသည်။ ထင်ရာ မြင်ရာ စပ်ဆိုဖြေကြားကြသည်။ သို့သော် ဘုရင့်ရည်ရွယ်ရင်း အဖြေသို့ မည်သူမှ မရောက်ကြ၊ မည်သည့်မှူးမတ်ဗိုလ်ပါမှလည်း ဘုရင့်အဖြစ်အပျက်ကို သဘောမပေါက်ကြ၊ မသိကြ။ ဘုရင့်ရည်ရွယ်ရင်း ကိစ္စနှင့် မဆိုင်သည့် ကဗျာများကိုသာ စပ်ဆိုနေကြသည်။

ဤကဲ့သို့ မှူးမတ်ဗိုလ်ပါများ ဘုရင့်ကဗျာကို ဖြေကြားနေကြစဉ် ကာလိဒါသလည်း ညီလာခံသို့ ရောက်လာသည်။ မှူးမတ်ဗိုလ်ပါများ အခြေပျက်နေသည်ကို မြင်တွေ့ရသည်နှင့် ဟိုကြည့် ဒီကြည့် ကြည့်သည်။ ညီလာခံပရိသတ်၏ အခြေအနေကို အကဲခပ်ရာမှ ဘုရင့်အရေးပဲဟု သိလာသည်။ သို့နှင့် "ဘာတွေ ဘယ်လိုဖြစ်နေကြသနည်း၊ မည်ကဲ့သို့ အခက်အခဲနှင့် ကြုံတွေ့နေကြရသနည်း" စသည်ဖြင့် မှူးမတ်ဗိုလ်ပါများအား ကာလိဒါသက မေးသည်။

ထိုအခါ ဘုရင်သည် ပြုံးရယ်ကာ ကာလိဒါသအား ပြောသည် "ကျွန်ုပ် ကဗျာတစ်ပုဒ်ကို ရထားပါသည်၊ ဤကဗျာမှာ အစသာ ဖြစ်နေသည်။ ပြည့်စုံအောင် ထိုကဗျာ၏ ရည်ရွယ်ရင်းများကို ဖြည့်စွက်စပ်ဆိုပါ" ဟုဆိုကာ "ဘုရင်၏လက်နှင့်ထိပြီးလျှင် ဆီးသီးကိုပင် ဘယ်သူမှ စားမည်မဟုတ်" ဟု ဆိုသည့် ကဗျာကို ဘုရင်က ရွတ်ပြလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသသည် ဘုရင်ရွတ်ဆိုပြသည့်နောက် မကြာမီမှာပင် ကဗျာ၏ အရင်းအမြစ်ကို နားလည်သည်။ ကဗျာ၏ သဘောတရားမှာ အခြားမဟုတ်၊ ဤအကြောင်းသာဖြစ်သည်ကို အတပ်သိသည်။

ထို့ကြောင့် "ပုဂ္ဂိုလ်တစ်ဦးသည် ရခဲလှသည့် လူ့အဖြစ်ကိုလည်း ရသည်။ ရုပ်ရည်အဆင်းအင်္ဂါ ကြံ့အင်လက္ခဏာနှင့်လည်း ပြည့်စုံပြီး အမျိုးမျိုးသော စည်းစိမ်သုခများကိုလည်း ခံစားရသည်။ နံနက်မှ မွန်းတည့်အထိ တက်သစ်စနေမင်းကဲ့သို့ အရွယ်တင်တုန်းအခါမှာ ထင်ရာကိုလုပ်သည်။ ထိုပုဂ္ဂိုလ်မှာ ပဌမအရွယ်မှ လွန်မြောက်သော အခါ မွန်းတည့်မှ ဟိုဘက်သက်ဆင်းသော နေမင်းကဲ့သို့ ဇရာ ဗျာဓိ မရဏဒုက္ခတို့နှင့် ကြုံတွေ့ရသည်။ အိုလူသားတို့ ရခဲသည့် လူ့ဘဝကို ရကြလျက် အဘယ့်အတွက် မာန်တက်ကြပါသနည်း။ ကာမဂုဏ်အာရုံများဖြင့် အရူးကဲ့သို့ လျှောက်သွားနေကြသနည်း။ အိုဘုရင်မင်းမြတ်။ အသင့်ခန္ဓာကိုယ်မှာ ဇာတိ ဇရာ ဗျာဓိ မရဏ လေးဝတွင် ဇရာ ဗျာဓိ မရဏဘေးတို့ဖြင့် ပြည့်နှက်နေပြီ။ သင့်ခန္ဓာကိုယ်ကြီးကို လူအများက ရွံကုန်ကြ၊ စက်ဆုပ်ကုန်ကြပြီ။ သင့်လက်ဖြင့်ကိုင်ပြီး သင့်ကိုယ်ဖြင့် ထိပြီးသော ဆီးသီးများကိုပင်လျှင် ဘယ်သူမှ မစားချင်ကြတော့၊ ဤအရွယ်ဖြင့် ကာမဂုဏ်အာရုံများကို မလိုက်စားသင့်တော့၊ ဆင်ခြင်လော့" ဟု အနက်သဘောဆောင်သည့် ကဗျာကို ဖြည့်စွက်၍ ကာလိဒါသက ဖြေကြားလျှောက်တင်လေသည်။

ဘုရင်သည် မိဖုရား၏ အလုပ်အကျွေး ဟေမာအပေါ် လောဘ တဏှာနှင့်စပ်သော စကားကို ပြောရမည်။ သို့ပြောသဖြင့် ဟေမာက ဘုရင်အား ပြန်လျှောက်တင်သော ကဗျာဖြစ်ရမည်ဟု အတပ်သိကာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုကဗျာကို ဖြည့်စွက်စပ်ဆို၍ ကာလိဒါသ လျှောက်တင်လိုက်ခြင်း ဖြစ်သည်။

ကာလိဒါသသည် ငါဘုရင် စိတ်ဖောက်ပြန်မိသည်။ မသန့်မရှင်း ဖြစ်မိသည်ကိုပင် သိပေသည်ဟု စဉ်းစားမိကာ ကာလိဒါသအား ချီးမွမ်းလေသည်။ ကာမဂုဏ်အာရုံ မှောက်မှားမှုမှာ ရှက်ဖွယ် ကဲ့ရဲ့ဖွယ် ဖြစ်ပေသည်ဟု စဉ်းစားမိကာ ကာမဂုဏ်အာရုံများကို ဘုရင်လည်း ထိုအခါမှစ၍ ဆင်ခြင်သွားလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# မျက်မြင်ဖြစ်လျက် မှားနိုင်သလား

တစ်နေ့သောအခါ နန်းတော်တွင်း၌ ဘောဇဘုရင်သည် ကာလိဒါသအား အမေးပုစ္ဆာ ပြဿနာတစ်ခုကို မေးလေသည်။ မေးသောပုစ္ဆာကို "ထိုနေ့ပင် ဖြေဆိုရမည်၊ ဤနန်းတွင်းမှာပင် ဖြေဆိုရမည်" ဟု မိန့်ကြားပြောဆိုသည်။

ကာလိဒါသလည်း ဘုရင်မေးသော ပုစ္ဆာကို ချက်ချင်းပင် ဖြေဆိုပါမည်ဟု လျှောက်တင်သည်။ သို့ရာတွင် ဘုရင့်ပုစ္ဆာကို နှုတ်ဖြင့် သော်လည်းကောင်း၊ စကားယုတ္တိဖြင့် သော်လည်းကောင်း၊ အကြောင်းပြ ဖြေဆိုရုံဖြင့် ရှင်းလင်းပြေလည်နိုင်မည်မဟုတ်၊ လက်တွေ့ သာဓကဆောင်၍ ဖြေရှင်းမှ ပြေလည်နိုင်သော အမေးပုစ္ဆာ ဖြစ်နေသည်။ မျက်စိဖြင့်မြင်အောင် အကောင်အထည်ဖော်ကာ ဖြေရှင်းမှ တိကျပြတ်သားစွာ ပြေလည်မည့်ပြဿနာ ဖြစ်နေသည်။

သို့ဖြင့် ကာလိဒါသသည် ခဏမျှကြာသော် ဘုရင့်အနားမှ ထသွားသည်။ ကာလိဒါသ ရုတ်တရက်ထသွားသည်ကိုလည်း ဘုရင်မြင်လိုက်သည်။ မည်သည့်သဘောဖြင့် ဤကဲ့သို့ ထသွားသည်ကိုမူ မသိ။ ကာလိဒါသမှာ မိမိဉာဏ်အမြင်ဖြင့် ထင်မြင်ဆုံးဖြတ်နိုင်ပြီးသော အကြံအစည်ဖြင့် ဘုရင့်ပုစ္ဆာကို ဖြေဆိုရန် ထသွားခြင်းဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအချိန်သည် နန်းတော်ဆောင်အိပ်ခန်းသို့ ဘုရင်ဝင်တတ်သော အချိန်ဖြစ်သည်။ ဘုရင်၏ မိဖုရားသည်လည်း ဘုရင်၏ အိပ်ရာဆောင်ခန်းသို့ စံမြန်းဝင်ချိန်ဖြစ်သည်။ ဘုရင်မှာ ထိုအချိန်တွင် အခါအခွင့်ကိုကြည့်၍ ဝင်လေ့ရှိတတ်သည်။ မိဖုရားမှာ ဘုရင်ဝင်နှင့်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ နေ့စဉ်မှန်မှန် ဝင်တတ်သည်။ ဤအကွက်များကိုမြင်ပြီး ပိုင်နိုင်စွာဆုံးဖြတ်၍ ကာလိဒါသသည် ညီလာခံမှ ထခဲ့ခြင်းဖြစ်သည်။

ကာလိဒါသသည် မိမိပိုင်နိုင်စွာ ကြံစည်ပြီးသောအလုပ်ကို နောက်မဆုတ်ဘဲလုပ်ရန် ထပ်၍ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်ထားသည့် အလုပ်ကိစ္စမှာ ဓား ကုပ်ပေါ်မှာ ဝဲနိုင်သော အလုပ်ဖြစ်သည်။ ဘုရင့်သံလျက်ဖြင့် နန်းတော်ထဲတွင် သွေးရဲရဲဖြာနိုင်သည့် အကြံဖြစ်သည်။ မည်သို့ပင်ရှိစေ ကာလိဒါသသည် သစ္စာတရား လက်ကိုင်ဖြင့် ဘုရင့်ပုစ္ဆာကို လက်တွေ့ဖြေရှင်းတော့သည်။ ညဉ့်လည်း အတော်နက်ပေပြီ။

နန်းတော်တွင်းမှ ဓားတစ်ချောင်းကို ရှေးဦးစွာ ရှာယူသည်။ ရသည်ဆိုလျှင်ပင် ကာလိဒါသသည် ဘုရင်၏ အိပ်ရာဆောင်ခန်းသို့ ဝင်လေသည်။ ရောက်လျှင် ဘုရင့်အိပ်ရာမှာပင် ရဲဝံ့စွာ ဝင်အိပ်လိုက်သည်။ ဘောဇဘုရင်လည်း စာဆိုဘုရင်ဖြစ်သည်။ အရာရာတွင် ပညာဗဟုသုတနှင့်လည်း ကြွယ်ဝပြည့်စုံသည်။ ကာလိဒါသလည်း ထိုနည်းအတူပင်ဖြစ်သည်။ စာဆိုတော် ပညာရှင်ဖြစ်သည်။ အရာရာတွင် လိမ္မာကျွမ်းကျင် ပိုင်နိုင်သည်။ အချင်းချင်းလည်း ချစ်ကျွမ်းတစ်ဝင် ခင်မင်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ အသက်အရွယ် ကိုယ်အချိုးအစားအားဖြင့်လည်း မခြားနားကြပေ။ တော်တော်ပင် တူလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင့်အိပ်ရာတွင် ဝင်အိပ်နေသော ကာလိဒါသသည် အကယ် အိပ်ပျော်အောင် မအိပ်၊ မှေးမှိတ်ကာ အိပ်ပျော်ဟန်ဆောင်နေသည်။ ပတ်ဝန်းကျင်အခြေအနေ အရပ်ရပ်ကို သတိမလပ် အကဲခတ်နေသည်။ အိပ်ရာဆောင်ခန်းသို့ ဘုရင်ပင် ရှေးဦးစွာ ဝင်လာမည်လား၊ မိဖုရားပင် လာမည်လား ဆိုသည်ကို များစွာဂရုစိုက်နေသည်။

အိပ်ရာဆောင်ခန်းသို့ ဘုရင်အရင်မဝင်လာ၊ ဘုရင့်မိဖုရားသာ ဝင်လာသည်။ အိပ်မပျော်ဘဲ အကဲခပ်နေသော ကာလိဒါသသည် မိဖုရားသာ ဝင်လာသည်ကို သေသေချာချာသိသည်။ သို့သော်လည်း ကာလိဒါသသည် အိန္ဒြေမပျက်၊ နှစ်ခြိုက်စွာအိပ်စက်၍ ပျော်ဟန် ဆောင်နေသည်။

မိဖုရားသည် ကာလိဒါသမှန်းမသိ၊ ဘုရင့်အိပ်ရာတွင် ဘုရင်ဟု သာထင်သည်။ တစ်သက်တာတွင် တစ်ခါမှမကြုံဖူးသော ကိစ္စဖြစ်၍ ထူးထူးခြားခြား စဉ်းစား၍မနေ၊ တွေးတောဆင်ခြင်မနေ၊ နေ့တိုင်း ခါတိုင်းလိုပင် မိမိခင်ပွန်းဘုရင် ဝင်အိပ်နေသည်ဟုသာ အောက်မေ့သည်။ အခြံအရံများကလည်း ဘုရင့်အိပ်ရာမှ အခြံအရံများဖြင့် လွှမ်းခြုံထားလိုက်သေးရာ သာ၍ပင် မိမိ၏ခင်ပွန်းဘုရင်ဟု ထင်မြင် ယုံကြည်ဖွယ် ဖြစ်နေသည်။

မိမိ၏ခင်ပွန်းဟန်ဖြင့် (ဘုရင်တု ကာလိဒါသ) အိပ်ပျော်စံမြန်း နေသည်ကို မနှိုးရက်သော မိဖုရားသည် အရိုအသေပေးကာ (ဘုရင် ယောင်ဆောင် ကာလိဒါသ) အနားမှာ အသာဝင်အိပ်လိုက်သည်။ အိပ်ပျော်စံမြန်းနေသည်ကို အနှောင့်အယှက်ဖြစ်မည်စိုး၍ ထိပင်မထိ၊ ကြင်နာယိုဖိတ် မေတ္တာစိတ်ဖြင့် ဖြည်းညင်းသာယာစွာပင် ဝင်အိပ် လိုက်သည်။ ထူးထူးဆန်းဆန်း မဖြစ်လှသော မိဖုရားသည် မကြာမီ နှစ်ခြိုက်စွာပျော်သွားသည်။ စိတ်ချလက်ချပင် အိပ်ပျော်သွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မိဖုရားသည် ဤကဲ့သို့ပင် ခါတိုင်းလည်း ဘုရင်နှင့်ဖြစ်စေ၊ မိမိတစ်ဦးတည်းဖြစ်စေ၊ ချမ်းချမ်းသာသာ အိပ်စက်စံမြန်းနေကျဖြစ်သည်။

မိဖုရား နှစ်ခြိုက်စွာအိပ်ပျော်သွားသည်ကို သိသော ကာလိဒါသသည် စောစောက အသင့်ဆောင်ယူလာသောဓားကို သစ္စာထားကာ မိမိနှင့်မိဖုရားအကြား တားထားလိုက်သည်။ မိဖုရားလည်း မလှုပ်မယှက် အိပ်စက်သည်။ ကိုယ်လက်အင်္ဂါ မရွေ့မရှား၊ ကိုးရိုးကားယား မရှိ၊ စအိပ်သည့်နေရာမှာပင် ပိပိရိရိရှိသည်။

ကာလိဒါသလည်း အသက်သခင် ဘုရင်၏ မိဖုရားအပေါ် စိတ်ဖြင့်ပင် မပြစ်မှား၊ ကိုယ်လက်အင်္ဂါ ဖောက်ပြန်ဖို့ဆိုသည်မှာဝေးသည်။ သစ္စာတရားကို ခိုင်မာစွာထားသည်။

ကာလိဒါသစိတ်တွင် ဘုရင့်အမေးပုစ္ဆာ ပြေလည်သွားရန် အိပ်ခန်းဆောင်သို့ ဘုရင်မြန်မြန်ဝင်လာစေရန်သာ စိတ်စောနေသည်။ ဘုရင်မြန်မြန်လာစေရန်သာ တောင့်တနေသည်။ အခြားဖောက်ပြန်သောစိတ်ဟူ၍ မြူမျှမရှိ၊ မိမိအကြံအောင်မြင်ရေးသာ တွေးနေသည်။ ထို့ကြောင့် အိပ်ရာဆောင်သို့ ဝင်လာမည့် ဘုရင့်ခြေသံကိုသာ နားစွင့်နေသည်။

ဘုရင်သည် မိမိအနားမှ ကာလိဒါသ ရုတ်တရက်ပျောက်သွားသည်ကို သတိရလာသည်။ သို့ဖြင့် နန်းတွင်းနေရာအနှံ့အပြားတွင် ကာလိဒါသကို လိုက်ရှာတော့သည်။ ဘယ်နေရာတွင်မှမတွေ့၊ နန်းတွင်းရှိသမျှ နေရာတိုင်း အခန်းတိုင်းလည်း စေ့သလောက်ရှိသွားပြီ။ ဘုရင်လည်း တော်တော်ပင်မောနေပေပြီ။

နောက်ဆုံးတွင် ဘုရင်သည် ကာလိဒါသအား ရှာလိုစိတ်မရှိတော့ဘဲ အိပ်ရာဆောင်ခန်းသို့ ဝင်ရန်သာ စိတ်ကူးတော့သည်။ စိတ်ကူးသည့်အတိုင်းလည်း မိမိအိပ်ရာဆောင်ခန်းဆီသို့ တန်းတန်းပင်

www.facebook.com/NyisayEbookCreator
www.nyisay.com



သွားတော့သည်။ အိပ်ရာဆောင်ခန်း တံခါးဝသို့ ရောက်သောအခါ ဒုတိယတံခါးကို ဆွဲ၍ဖွင့်လိုက်သည်။

ထိုအခါ ကြင်ရာတော်မိဖုရားနှင့်အတူ လူတစ်ဦး ဝင်အိပ်နေသည်ကို မြင်လိုက်သည်။ ဘုရင်သည် ရာဇမာန် ချက်ချင်းပင် ပွားသွားသည်။ ဒေါသအမျက်ချောင်းချောင်းထွက်လာသည်။ သို့ဖြင့် ကြင်ရာတော်မိဖုရား အိပ်ရာနားသို့ အတင်းတိုးကပ်သွားသည်။

ဘုရင်ဝင်လာမည်ကိုသာ စောင့်ကြည့်နေသော ကာလိဒါသသည် ဘုရင်ဝင်လာခိုက် မိမိအား မြင်လိုက်ပြီးသည်ဆိုလျှင် မိဖုရားအနားအိပ်ပျော်ဟန်ဆောင်နေရာမှ လျင်မြန်စွာထလိုက်ပြီးဖြစ်သည်။ ဘုရင်က တစ်စုံတစ်ရာ ပြောဆိုပြုမူတော့မည့်အသွင် လက္ခဏာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကာလိဒါသက ဘုရင်အား မည်သို့မျှ မပြုလုပ် မပြောဆိုရန် အမူအရာပြ၍ တောင်းပန်လိုက်သည်။ မိဖုရားကြီး အိပ်ပျော်နေရာမှ နိုးမသွားရန် တိတ်တိတ်အသာနေရန် တိုးတိုးတင်လျှောက်လိုက်သည်။

ဘုရင်လည်း ပညာရှင်ကာလိဒါသမှန်း ကောင်းစွာသိသွားပေပြီ။ ဘုရင်၏စိတ်တွင် ရုတ်တရက်အံ့ဩသွားသည်မှအပ မည်သို့မျှ မအောက်မေ့၊ ကာလိဒါသသည် ဘယ်အခါမဆို မိမိအပေါ် သစ္စာစောင့်သည်၊ မိမိနှင့် တိုင်းပြည်အရေးတွင် အသက်ပေး၍ ကာကွယ်နေသော သူခမိန်တစ်ဦးဖြစ်သည်။ ဖောက်ပြန်ယုတ်မာသောအမှုကို ကာလိဒါသ မပြုလုပ်တန်ရာဟု စဉ်းစားမိသည်။ ထို့ကြောင့် "ကာလိဒါသ အသင် ဘာလုပ်နေသနည်း" ဟု ဝတ္တရားအတိုင်း ဘုရင်က စမေးလိုက်သည်။

ကာလိဒါသက "မှန်ပါသည်၊ ဘုရင့်အမေးပုစ္ဆာအတွက် လက်တွေ့ဖြေရှင်းပြခြင်း ဖြစ်ပါသည်။ မျက်မြင်သာဓက ဆောင်ပြ

www.facebook.com/NyisayEbookCreator
www.nyisay.com



ခြင်း ဖြစ်ပါသည်” ဟု တင်လျှောက်သည်။ ဘုရင်လည်း သဘော တော်မိ အစိပ္ပာယ်သိကာ ခေါင်းညိတ်လက်ခံရှာသည်။ ကာလိဒါသ သည် “ပုစ္ဆာပြဿနာအတွက် ရှင်းလင်းစွာ ပြေလည်ပါပြီလား” ဟု ဘုရင်အား တင်လျှောက်သည်။ ဘုရင်လည်း နားလည်ရှင်းလင်း ကြောင်း မိန့်ကြားသည်။

ဤမျှသာကမ ဤထက် ပိုမိုပြဿနာပြေလည်ရှင်းလင်းရန် ပြပါဦးမည်ဟုဆိုကာ ချက်ချင်းပင် မိဖုရားအား အိပ်ပျော်နေရာမှ နှိုးလိုက်သည်။ မိဖုရားလည်း အိပ်ပျော်နေရာမှ ကပျာကယာထသည်။ အိပ်ချင်မူးတူးဖြင့် ထလိုက်ရသော မိဖုရားသည် အိပ်ခန်းဆောင် အတွင်း ဘုရင်နှင့် ကာလိဒါသနှစ်ဦးကို မတွေ့စဖူး ထူးခြားစွာ တွေ့လိုက်ရသည်နှင့်အမျှလည်း တအံ့တဩဖြစ်သွားသည်။

ထို့နောက် မိမိအား အဘယ်ကြောင့် အိပ်ပျော်နေရာမှ နှိုးကြောင်း မေးသည်။ မိဖုရားမေးသည်ကို မဖြေဆိုဘဲ မိဖုရားအနားတွင် အိပ်သူ မှာ ဘယ်သူပါလဲဟု ကာလိဒါသက မိဖုရားအား ပြန်မေးသည်။ ထိုအခါ မိဖုရားသည် မိမိအား ဤသို့မေးရပါမည်လားဟု မိန်းမတို့ ဓမ္မတာ ဒေါသမြန်စွာထွက်သည်။ မိမိ၏ခင်ပွန်း ဘုရင်မင်းမြတ်အပြင် ဘယ်သူလာ၍ အိပ်ဝံ့မည်နည်းဟုလည်း ဘုရင့်မျက်နှာကိုကြည့်၍ ပြောသည်။ ထိုမျှမက ကာလိဒါသကို မိန်းမတို့သဘာဝဖြင့် ရန်တွေ့ သည်။ ထိုသို့ရန်တွေ့သော်လည်း ကာလိဒါသက “မိဖုရားကြီးအနီး အိပ်သူမှာ ဘုရင်မင်းမြတ် အမှန်ပါပဲလား” ဟု ထပ်၍မေးပြန်သည်။ မိဖုရားသည် ဤသို့မေးသည့်စကားကို တစ်ဖန်ကြားလိုက်ရသောအခါ ပို၍ဒေါသထွက်လာသည်။ “ဘုရင်မင်းမြတ်သာ အမှန်ဖြစ်သည်။ ဘုရင့်အပြင် ဘယ်သူဝင်၍ အိပ်ဝံ့သနည်း” ဟု စိတ်လိုက်မာန်ပါ ကာလိဒါသအား ပြန်ပြောသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ထိုအခါ ဘုရင်က ကြားဝင်၍ မိဖုရားအား အသာနေပါ၊ ငါဘုရင်ရှိပါသေးသည်ဟု ဖျောင်းဖျနှစ်သိမ့် ပြောဆိုသည်။ ဆက်လက်၍ မိဖုရားဝင်အိပ်စက တွေ့မြင်သော အကြောင်းများကိုပါ မေးသည်။ မိဖုရားလည်း ထင်မြင်သည့်အတိုင်း တွေ့မြင်သည့်အတိုင်း တင်လျှောက်သည်။

မိမိအိပ်ရာဆောင်ခန်းသို့ဝင်စဉ် အိပ်ရာပေါ်တွင် ဘုရင်ကို တွေ့မြင်ရကြောင်း၊ ထိုအခါ အရိုအသေပေးကာ အသာဝင်အိပ်ကြောင်း၊ အိပ်ပျော်စံမြန်းနေသည်ကို အနှောင့်အယှက်ဖြစ်မည်စိုး၍ ထိပင်မထိဘဲ ခင်ပွန်းသည် ဘုရင်မင်းမြတ်အား ကြင်နာယုံဖိတ် မေတ္တာစိတ်ဖြင့် ဖြည်းညင်းသာယာစွာ ဝင်အိပ်ကြောင်း၊ ထို့နောက် မကြာမီ အိပ်ပျော်သွားကြောင်းများကို တင်လျှောက်သည်။

ဤသို့ မိဖုရားပြော၍ ဆုံးသည်ဆိုလျှင် ကာလိဒါသသည် ဘုရင်ကို အခြားတစ်ခန်းသို့ ခေါ်ဆောင်သွားသည်။

ရောက်လေလျှင် "အရှင်ဘုရင်မင်းမြတ် မျက်မြင်ဖြစ်တိုင်း မမှန်နိုင်ပါ၊ အခုကိစ္စမှာ မိဖုရားသည် ကျွန်တော်မျိုးအား မျက်မြင်ဖြစ်ပါလျက် ကျွန်တော်မျိုးမှန်းမသိ၊ အရှင်ဘုရင်ဟုသာ ထင်ပါသည်၊ မျက်မြင်ဖြစ်ပါလျက် မှားရပါသည်" ဟု ဖြေရှင်းသည်။

"မျက်မြင်ဖြစ်လျက် မှားနိုင်သလား" ဟု အမေးပုစ္ဆာ ထုတ်ထားသော ဘုရင်သည် မျက်မြင်ဖြစ်တိုင်း မမှန်နိုင်ကြောင်း၊ မျက်မြင်ဖြစ်လျက် မှားနိုင်ကြောင်းများကို ကာလိဒါသက လက်တွေ့ဖြေရှင်းသော အခါ ပြေလည်၍သွားသည်။

ကာလိဒါသလည်း ပုစ္ဆာဖြေရှင်းပြီးသွားသောအခါ အိမ်သို့ ပြန်သွားသည်။ ဘုရင်လည်း မိဖုရားအား အကျိုးအကြောင်း ရှင်းလင်းပြောပြသောကြောင့် နားလည်မှုရကာ အားလုံးပြေလည်သွားတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



## မျက်လုံးကလေးများသည် ဘာ့ကြောင့် ဖုံးမရအောင် လှုပ်ရှားနေသနည်း။ ကျိုး၊ ကွဲ၊ ပုပ်ဆိုသည့် သုံးမျိုးကို ဘယ်ပုံချိုးကျူး၍ ရသနည်း။

ဘောဇဘုရင်နှင့် စာဆိုထိပ်တင် ကာလိဒါသတို့သည် မြို့တော်ကိုရှုစားရင်း လမ်းလျှောက်သွားကြသည်။ သွားရင်း သွားရင်းလည်း မြို့တော်သာယာရေး၊ လမ်းများကောင်းမွန်ရေးနှင့် အဆောက်အဦများ လမ်းပေါ် မကျူးကျော်ရေး အကြောင်းများကို ပြောသွားကြ၊ နှီးနှောသွားကြသည်။

ထို့အပြင် မြို့တော်စည်ပင်သန့်ရှင်းရေး အကြောင်းများမှအစ သောင်းပြောင်းထွေလာ စပ်မိစပ်ရာများကို ပြောသွားကြသည်။ သို့သော် ကာလိဒါသသည် ရှေ့က ကြို၍ မပြော၊ လူတတ်မလုပ်၊ ဘုရင်မိန့်ကြားသည်များကိုသာ ရှင်းလင်းလျှောက်တင်သည်။ ဘုရင့်နောက်နားကသာ အသာလိုက်ပါ လမ်းလျှောက်သည်။

ဘုရင်သည် မိမိမြို့တော်၏ အနေအထား၊ မြို့တော်၏ အဆောက်အဦများကို အားရနှစ်သက်စွာ ရှုစားသည်။ ဝမ်းမြောက်ကြည်နူးစွာ ရှုစားသည်။ ကိုယ်လက်လှုပ်ရှားရင်း မြို့တော်ရှုစားရင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



လမ်းလျှောက်လာခဲ့ရာ ဘေးပတ်ဝန်းကျင် ဝဲယာမှ မြင့်သော အဆောက်အဦများကိုလည်း မော့၍ ရှုစားသည်။ မနိမ့်မမြင့်နှင့် ခပ်နိမ့်နိမ့်အဆင့်ရှိသော အဆောက်အဦများကိုလည်း ရှုစားသည်။

သို့ဖြင့် ဘုရင်သည် ခပ်မြင့်မြင့်အဆောက်အဦ လေသာပြတင်းမှ လှပျိုမယ်တစ်ဦးကို အမှတ်မဲ့မြင်လိုက်သည်။ ထိုလှပျိုမယ်ကလေး၏ မျက်လုံးများမှာ ထူးထူးခြားခြား လှုပ်ရှားနေသည်။ မိန်းမတို့၏ အမူအရာတစ်မျိုးဖြင့်လည်းကောင်း၊ အရာတစ်ခုခုဖြင့်လည်းကောင်း၊ ရုတ်တရက် ဖုံးကွယ်၍မရအောင် လှုပ်ရှားနေသည်။

ဤသို့ ဖုံးမရအောင် လှုပ်ရှားနေသည့် လှပျိုမယ်၏ မျက်လုံးများကို အခိုက်အတန့် မြင်လိုက်ရသော ဘုရင်သည် ၎င်းအကြောင်းအရာကို ကဗျာစပ်လိုလာသည်။ စပ်ပြီးသောအခါ နောက်နားက ပါလာသည့် ကာလိဒါသအား ပုစ္ဆာအဖြစ် မေးရန်လည်း သတိရလာသည်။

ထို့ကြောင့် "မျက်လုံးကလေးများသည် ဘာကြောင့်ဖုံးမရအောင် လှုပ်ရှားနေသနည်း" ဟူ၍ အဓိပ္ပာယ်ရှိသည့် ကဗျာတစ်ပိုဒ်စပ်ကာ ကာလိဒါသအား မေးလိုက်သည်။ ရည်ရွယ်ရင်းအကြောင်းအရာ အဖြေပါအောင် စပ်ဆိုဖြေကြားပါဟုလည်း မိန့်သည်။

စာဆို့ထိပ်တင် ပညာရှင်ကာလိဒါသသည် မေးလိုက်သည့် အခိုက်အတန့်မှာပင် ဘုရင်ဖြေစေလိုသည့် အကြောင်းရင်းကိုသိသည်။ မည်ကဲ့သို့သော အကြောင်းအရာများကိုပါ ထည့်စွက်ဖြေကြားရမည် ဆိုသည်ကိုလည်း နားလည်လာသည်။ အတပ်ပင်သိလာသည်။

သို့ဖြစ်လေရာ ကာလိဒါသက

၁။ နေမင်းသည် တိမ်တိုက်ထဲ၌ ပုန်း၍ရပါသည်။ တိမ်တိုက်ဖြင့် ဖုံးကွယ်၍ ရပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



၂။ လမင်းသော်တာသည် လကွယ်ရက်တွင် ပုန်း၍ရပါသည်။ လကွယ်ရက်ဖြင့် ဖုံးကွယ်၍ရပါသည်။

၃။ ရေ၏ အစက် (ရေပေါက်) ကလေးများသည် မြေမှာ ပုန်း၍ရပါသည်။ မြေဖြင့်ဖုံးကွယ်၍ရပါသည်။

၄။ ငါးများသည် သန့်ရှင်းကြည်လင်သော ရေအတွင်းသို့ ရေနောက်ရောက်သည့်အခါ ပုန်း၍ရပါသည်။ ရေနောက်ရေ၊ ရွံ့ရေ ဖြင့် ဖုံးကွယ်၍ရပါသည်။

၅။ သူခိုးများသည် နေထွက် (နေ့ဘက်ရောက်) လာသည့်အခါ ပုန်း၍ရပါသည်။ နေ့အခါဖြင့် ဖုံး၍ရပါသည်။

၆။ ဒေါင်း (ဥဒေါင်း) များသည် တပေါင်း၊ တန်ခူးလမှာ ပုန်း၍ရပါသည်။ တပေါင်း၊ တန်ခူးလများတွင် မည်သူမှ မမြင်ရ အောင် ဖုံးကွယ်၍ရပါသည်။

၇။ စွန်များသည် ဝါတွင်းသုံးလ၌ ပုန်း၍ရပါသည်။ ဝါတွင်း (ရက်ပေါင်းကိုးဆယ်) ဖြင့် ဖုံးကွယ်၍ရပါသည်။

၈။ အရာတစ်ခုခုဖြင့်လည်းကောင်း၊ မိန်းမတို့အမူအရာ အခရာ တစ်မျိုးဖြင့်လည်းကောင်း၊ အုပ်ကွယ်၍ထားလင့်ကစား၊ ချစ်သူ ရည်းစားကို မျှော်နေသည့် လှပျိုမယ်တစ်ဦး၏ မျက်လုံးကလေးမှာမူ ဘယ်သို့မှ ဖုံးမရပေဟု အနက်အဓိပ္ပာယ်ရှိသည့် ကဗျာကို စပ်ဆို ဖြေကြားလိုက်သည်။ "ဘုရင်မင်းကြီးသည် အဆောက်အဦတစ်ခု၏ လေသာပြတင်းမှ ချစ်သူရည်းစားကိုမျှော်ရင်း လှုပ်ရှားနေသည့် လှပျိုမယ်တစ်ဦး၏ မျက်လုံးအစုံကို မြင်တော်မူရသောကြောင့် ဤကဗျာကို စပ်ဆိုခြင်းဖြစ်သည်။ ဤသည့်အကြောင်းအရာကို သိမသိ မှန်မမှန် ကျွန်တော်မျိုးအား စပ်ဆိုဖြေကြားစေခြင်းဖြစ်သည်" ဟု တင်လျှောက်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင်လည်း "အေး ဟုတ်ပေသည်၊ မှန်ပေသည်" ဟု ဆိုကာ အဖြေကဗျာကို များစွာအားရကျေနပ်သည်။ ကာလိဒါသအားလည်း "တယ်တော်သည့် ကာလိဒါသ၊ ပညာရှိကာလိဒါသ" ဟု ချီးကျူးလေသည်။ ထို့နောက် စာဆိုတော်ဘုရင်နှင့် စာဆို့ထိပ်တင် ကာလိဒါသတို့သည် လမ်းလျှောက်ရာမှ ပြန်သွားကြသည်။ နန်းတော်ရောက်သောအခါလည်း ပုစ္ဆာတစ်ခုကို မေးဦးမည်ဟု ဘုရင်က ကာလိဒါသအား ထပ်ဆင့်မိန့်ကြားထားလိုက်သည်။

နန်းတော်သို့ပြန်ရောက်သောအခါ ဘုရင်သည် လမ်းလျှောက်ရာတွင် ဆင်ယင်သည့် အခြံအရံတန်ဆာ ရတနာများကို လဲလှယ်တော်မူသည်။ ကာလိဒါသကမူ နန်းတော်တစ်နေရာ၌ ဘုရင်မေးသည့် ပုစ္ဆာကို ဖြေဆိုရန် စောင့်စားနေသည်။

အားလုံးကိစ္စပြီးသောအခါ ဘုရင်သည် စောင့်နေသည့် ကာလိဒါသအား "ကျိုး၊ ကွဲ၊ ပုပ် ဆိုသည့် သုံးမျိုးကို ဘယ်ပုံချီးကျူး၍ ရသနည်း၊ အသီးသီး အဓိပ္ပာယ်ခွဲခြား၍ ဖြေကြားလော့" ဟု ပုစ္ဆာတိုတိုတစ်ခုကိုမေးသည်။

ထိုအခါ ကာလိဒါသက "ကြံများသည် ကျိုးမှ သုံးစွဲ၍ရပါသည်။ ကျိုးမှ ကျေမှ ကြံရည်ရပါသည်။ ကြံရည်မှ သကြား၊ ကြံသကာ စသည်များကိုလည်း ကျိုးရာမှရသဖြင့်သာ ဘုရားရှင်အား လှူဒါန်းပူဇော်ရပါသည်" ဟု ကျိုးရာမှရသည့် ကျေးဇူးများကို ချီးကျူးဖြေဆိုသည်။

"ဝါများမှာ ကွဲပေါက်မှ သုံးစွဲရပါသည်။ ဝါဂွမ်း၊ မိုင်းချည်၊ အဝတ်အထည် စသည်များကို သုံးစွဲရပါသည်။ မကွဲမပေါက်က ဝါများသည် လုံးလုံးသုံးစွဲ၍မရပါ။ ကွဲပေါက်လာမှသာ ချည်သည်

www.facebook.com/NyisayEbookCreator
www.nyisay.com



အမျိုးမျိုး လိုရာသုံးစွဲကြရပါသည်” ဟု ကွဲရာမှရသည့် ကျေးဇူးများကို ချီးကျူးဖြေဆိုသည်။

“ချဉ်ပေါင် လျှော်အချို့မှာ ပုပ်သောအခါ တစ်မျိုးသုံးစွဲရပါသည်။ အစိမ်းမှရသည့် လျှော်သည် ကြမ်းတမ်း၍ ပုပ်အောင် ရေတွင်စိမ်ပြီးမှ ရသည့်လျှော်မှာ နူးညံ့စွာ ကိုင်တွယ်သုံးစွဲရပါသည်” စသည်ဖြင့် ပုပ်ရာမှရသည့် ကျေးဇူးများကို ချီးကျူးဖြေဆိုသည်။

“ဓာရာတိုင်းတွင် ကျိုး၊ ကွဲ၊ ပုပ် ဤသုံးမျိုးမှရသည့် ကျေးဇူးများကို ချီးကျူးပြောဆိုနိုင်သူမှာ ကျွန်တော်မျိုးတစ်ဦးသာ ရှိပါသည်။ ဘုရင်မင်းမြတ် စွဲမြဲစွာ မှတ်သားစေလိုပါသည်” ဟု ကာလိဒါသက ဘုရင်အား တင်လျှောက်လိုက်သည်။

ထိုအခါ ဘုရင်သည် ကာလိဒါသ ဖြေဆိုလျှောက်တင်သည်များကို အလွန်နှစ်သက်တော်မူသည်။ ထို့ကြောင့် ဘောဇဘုရင်သည် ညီလာခံသဘင်ကို ချက်ချင်းခေါ်ကာ ကာလိဒါသအား “ကဗျာ့ပါရဂူဘွဲ့” ကို ချီးမြှင့်ပေးသနားလိုက်သည်။

ကာလိဒါသသည်လည်း ထိုအခါမှစ၍ “သကုန္တလ” စသည့် အဖိုးတန်ပြဇာတ်များ၊ ကျမ်းများကို ရေးသားလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# စာဟောဆရာနှင့် ကုန်သည်

ဓာရာတိုင်းအရှင် ဘောဇဘုရင်သည် တစ်နေ့သောအခါ ကာလိဒါသအား ပုစ္ဆာတစ်ခုမေးရန် စေလွှတ်ခေါ်ယူသည်။ ကာလိဒါသလည်း ဘုရင့်အမိန့်ကို ရိုသေနာခံသောအားဖြင့် အမြန်လာရောက်သည်။ ကာလိဒါသရောက်သည်ဆိုလျှင်ပင် ဘုရင်က "အသင် ကာလိဒါသ၊ လောကချယ်လှယ်မှု၌ အဘယ်သူတွေ ကျွမ်းကျင်ကျင်လည်ကြ၍ အဘယ်သူတွေ မကျွမ်းကျင် မကျင်လည်ကြသနည်း" ဟူသော ပုစ္ဆာကိုမေးသည်။

ကာလိဒါသသည် ကြာရှည်စွာ စဉ်းစားကြံစည်မနေရ၊ ခဏချင်းမှာပင် ထိုအမေး၏ အဖြေကို သိသည်။ ထိုပုစ္ဆာ၏ ဖြေရမည့်အချက်များကို နားလည်သည်။ သို့ဖြစ်လေရာ ကာလိဒါသသည် "လောကချယ်လှယ်မှု၌ ကုန်သည်များသည် များစွာကျင်လည်ကျွမ်းကျင်ကြပြီး၊ စာဟောဆရာများသည် မကျင်လည် မကျွမ်းကျင်ကြပါ" ဟု ဖြေဆိုလျှောက်တင်လိုက်သည်။

ဤမျှလျှောက်ထားရုံဖြင့် ဘုရင်မကျေနပ်သေး၊ မယုံကြည်သေး၊ "အဘယ်ကြောင့် ကုန်သည်များမှာ များစွာကျင်လည်ကျွမ်းကျင်ကြ၍၊ စာဟောဆရာများမှာ မကျင်လည် မကျွမ်းကျင်ကြသနည်း" ဟု ထပ်မေးပြန်သည်။ သာဓကယုတ္တိဖြင့် ဖြေရှင်းလျှောက်တင်ရန်လည်း မိန့်ကြားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အဖြေကို ကောင်းစွာမြင်ပြီးသော ကာလိဒါသသည် ဘာဓက ယုတ္တိဖြင့် ဖြေကြားရန် ချက်ချင်းပင်လျှောက်တင်သည်။ "ငွေအသပြာ အနည်းငယ်ကုန်ပါက ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားပင် ပြေလည်မည် ဖြစ်ပါမည်။ သို့ရာတွင် ဖြေရှင်းလျှောက်တင်နေစဉ်အခါ ဘုရင်မင်းမြတ်က ဘာမှ အမိန့်တစ်စုံတစ်ရာ ဝင်၍မချစေလိုပါ။ ပြောချင်ရာပြော၍ လုပ်လိုရာ လုပ်ပါမည်၊ ကြမ်းချင်ကြမ်း၍ ပျော့ချင်လည်း ပျော့ပါမည်" ဟု လျှောက်တင်သည်။

ဘုရင်လည်း "ကောင်းပြီ၊ ဖြေဆိုပါ၊ တစ်စုံတစ်ရာ ဝင်မပြောပါ၊ ကာလိဒါသ သဘောဆန္ဒအတိုင်း ဖြေဆိုရန်ဖြစ်သည်။ ပြဿနာ ပြေလည်လျှင် တော်ပြီ" ဟု ဝန်ခံကတိစကား မိန့်ကြားသည်။

ထိုခေတ်အခါ ဓာရာတိုင်းတွင် မုတ်ဆိတ်မွေးကို များစွာ မြတ်နိုးနှစ်သက်ကြသော ခေတ်ဖြစ်သည်။ တရိတသေ ပြုပြင်နေကြသော ခေတ်ဖြစ်သည်။

ကာလိဒါသသည် မြို့ထဲမှ မုတ်ဆိတ်မွေးရှိသော စာဟောဆရာ တစ်ဦးကို ပုစ္ဆာဖြေဖို့ ခေါ်ယူသည်။ ရောက်လာသောအခါ ဘုရင့်ရှေ့မှာပင် စာဟောဆရာအား ပြောကြားသည်။

"စိတ်မရှိစေလိုပါ၊ ခင်ဗျားမုတ်ဆိတ်မွေးများကို ဘုရင်က အလိုရှိ၍ ခေါ်ရပါသည်။ အကယ်၍ ဘုရင်အလိုရှိသော ခင်ဗျားမုတ်ဆိတ်ကို ရပါက ဘုရင်က ဆုတော်လာဘ်တော်များစွာ ပေးသနားတော်မူပါမည်။ ဘဏ္ဍာတိုက်ဖွင့်၍ ယူလိုသည့်ရတနာများကို လိုသလောက် ပေးမည် ဖြစ်ပါသည်" ဟု ကာလိဒါသက စာဟောဆရာအား ပြောကြားသည်။

ဘုရင့်နန်းတော်ကနေ၍ ကာလိဒါသက ခေါ်သည်ဆို၍ လာရကတည်းက စာဟောဆရာမှာ ကြောက်လန့်နေသည်။ မိမိ

www.facebook.com/NyisayEbookCreator
www.nyisay.com


မုတ်ဆိတ်မွေးကို ဘုရင်ကအလိုရှိ၍ ခေါ်ရသည်ဟု ပြောသောအခါ ပို၍ပင် စိုးရွံ့သွားသည်။ မြတ်နိုးနှစ်သက်လှသော မုတ်ဆိတ်မွေးကို ထိသဖြင့် ဒေါသလည်း အလွန်ထွက်လာသည်။ မိမိရှိသေနေသည့် မုတ်ဆိတ်မွေးကို ဘုရင်အား ဆက်ရမည်ဖြစ်သဖြင့် ရှက်လည်း ရှက်လာသည်။

သို့ဖြစ်၍ "မုတ်ဆိတ်မွေးကိုတော့ မထိပါနှင့်၊ ဘုရင့်အား မဆက်ပါရစေနှင့်၊ အလွန်မြတ်နိုးနှစ်သက် ရှိသေလည်း ရှိသေသော ကြောင့် ဖြစ်ပါသည်" ဟု ကာလိဒါသအား ပြောလိုက်သည်။ ကာလိဒါသစကားကို မပြောဝံ့ ပြောဝံ့နှင့် ဖယ်ရှားလိုက်သည်။

လွယ်လွယ်ကူကူပြောရုံဖြင့် စာဟောဆရာသည် မုတ်ဆိတ်မွေးကို ပေးလိုဟန်မတူ၊ ပရိယာယ်တစ်မျိုးဖြင့်ပြောမှ သင့်မည်ဟု ကာလိဒါသ စဉ်းစားဆုံးဖြတ်မိသည်။ သို့ဖြင့် ကာလိဒါသသည် စာဟောဆရာအား တစ်မျိုးတစ်ဖုံ ပြောကြားသည်။

"ဒီမှာ စာဟောဆရာ အသင်သည် ဘုရင့်အရိပ်အောက်မှာနေပြီး နှစ်ရှည်လများ ချမ်းသာသုခများကို ခံစားနေခဲ့သည်။ ယနေ့ ဘုရင်က အသင့်မုတ်ဆိတ်မွေးကို အလိုရှိသည်ဆိုသောအခါ အသင်နှမြောနေ သည်။ မြစ်ထဲလည်းနေ၊ မိကျောင်းလည်း ရန်ရှာသေးဆိုသလို ဖြစ်နေ သည်။ ဘုရင့်ရှေ့ရောက်လျှင် အသင်သည် "က" ကို "အ" လုပ်လို့မရ၊ "အ" ကိုလည်း "က" လုပ်၍မရ၊ အခု ဘုရင်က သနား၍ အသင့်မုတ်ဆိတ်ကို တရားသဖြင့် တောင်းနေသည်။ ဘုရင် သည် ရှေ့တော်ရောက်လာပြီးနောက် အလိုရှိလျှင် "က" ကို "အ" လုပ်နိုင်သည်။ "အ" ကို "က" လုပ်နိုင်သည်။ ဘုရင်ဆိုသည်မှာ အသင့်စည်းစိမ်အားလုံးကို သိမ်းယူပြီး အသက်ကိုပင် သတ်ပစ်ချင် သတ်ပစ်နိုင်သည်" ဟု စာဟောဆရာအား ကာလိဒါသက ခြောက် လှန့်၍ ပြောလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကာလိဒါသ၏ ပြောစကားများကို ကြားရသော စာဟောဆရာသည် ထိတ်လန့်တုန်လှုပ်သွားသည်။ အလိုရှိသည်ကို မဆက်ဘဲ မနေဝံ့တော့၊ မိမိမုတ်ဆိတ်ကို နှစ်သက်ရှိသေ မြတ်နိုးလှကြောင်း ခေါင်းမာမနေဝံ့တော့။ ပျော့လာသည်။ သို့ဖြစ်ရာ စာဟောဆရာသည် အသပြာများများမယူဘဲ အစိတ် (၂၅) မျှသာ ယူပြီးလျှင် မုတ်ဆိတ်မွေးကို ဘုရင့်ဆက်မှ တော်မည်ဟု အောက်မေ့ကာ "မုတ်ဆိတ်မွေးကို ဆက်ပါမည်၊ ရိတ်ယူပါတော့" ဟု ကာလိဒါသအား အလုံးစုံပုံ၍ အပ်နှံလိုက်တော့သည်။

ဤအချက်ကိုရလို၍ မုတ်ဆိတ်ကို သူတောင်းစားသဖွယ် တောင်းနေရသည်။ ယခု မည်၍မည်မျှသော အသပြာပေးမှ ရိတ်ရမည်ဟု အချုပ်အချယ်မရှိဘဲ မုတ်ဆိတ်ရိတ်ရန် စကားရပြီဟု ကာလိဒါသ စဉ်းစားအားရလာသည်။

ထို့နောက် စာဟောဆရာ၏ မုတ်ဆိတ်ကို ဆတ္တာသည်အား အရိတ်ခိုင်းလိုက်သည်။ ဆတ္တာသည်လည်း ခဏချင်း ထရိတ်လိုက်ရာ စာဟောဆရာ၏မုတ်ဆိတ်မှာ တစ်ပင်မှပင်မကျန် ပြောင်သွားတော့သည်။

ကာလိဒါသလည်း ကတိစကားအတိုင်း စာဟောဆရာအား ဘဏ္ဍာတိုက်ကိုဖွင့်၍ ကြိုက်သည့်ရတနာများကို လိုသရွေ့ယူရန် ပြောသည်။ စာဟောဆရာသည် များစွာမယူ၊ သူစိတ်ကူးဆုံးဖြတ်ထားသည့် အသပြာ ၂၅ ကိုသာယူသည်။ မုတ်ဆိတ်တစ်ခုမှာ များစွာ အဖိုးမတန်၊ ဘုရင့်အား အလကားပင် ဆက်ရမည်။ ဤမျှသာ ယူသင့်သည်ဟု တွေးတောကာ ဘဏ္ဍာတိုက်မှ ထွက်လာသည်။ သူ့အတွက် ကိစ္စပြီးပြီဖြစ်သဖြင့် စာဟောဆရာအား ကာလိဒါသ ပြန်လွှတ်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


စာဟောဆရာလည်း ထိုအသပြာ ၂၅ ဖြင့်သာ အိမ်သို့ ပြန်သွားတော့သည်။ ပြန်ရင်းပြန်ရင်းလည်း "မှတ်ဆိတ်မွေးမှာ ပြန်ပေါက်နိုင်သည်။ အသက်ချမ်းသာရာရသည်မှာပင် တော်လှပေပြီ" ဟု တွေးတောသည်။

စာဟောဆရာပြန်သွားသည့်နောက် မှတ်ဆိတ်ရှိသော ကုန်သည်တစ်ယောက်ကို ခေါ်ပြန်သည်။ ထိုမှတ်ဆိတ်ရှိသော ကုန်သည်မှာ ဆင်းဆင်းရဲရဲမဟုတ် ချမ်းသာသည်။ ကြွယ်ဝပြီး စည်းစိမ်နှင့် ပြည့်စုံသူဖြစ်သည်။

သူကြွယ်ကုန်သည် ရောက်လာသည့်အခါ "အသင်ကုန်သည် အသင်၏မှတ်ဆိတ်ကို ဘုရင်ကအလိုရှိ၍ ခေါ်ပါသည်။ မည်မျှဆုချမှ ဘုရင့်အား မှတ်ဆိတ်ဆက်သနိုင်မည်နည်း" ဟု ကာလိဒါသက ကုန်သည်အား မကွေ့မကောက် မေးလိုက်သည်။

"အရှင်သခင် ကာလိဒါသ ဤကဲ့သို့ ရှိပါသည်။ အရှင့်မှာ အာဏာအပြည့်ရှိကြောင်း သိပါသည်။ မရှိသေ မလိုက်နာလို၍ကား မဟုတ်ပါ။ အသက်ကိုပင် အဆုံးစီရင်နိုင်ခွင့်ရှိကြောင်း နားလည်ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် မှတ်ဆိတ်ကို အလွန်မြတ်နိုး ရှိသေပါသည်။ ချစ်လည်းချစ်၍ နှစ်လည်း နှစ်သက်ပါသည်။ ဆင်းလည်း ဆင်းရဲသဖြင့် ငွေအသပြာများများ..." ဟု ကုန်သည်က ပြောနေစဉ် ကာလိဒါသက ကြားဝင်ပြောလိုက်သည်။

"ကျွန်ုပ်ကို ပဟေဠိဆံဆံ ပြောမနေပါနှင့်၊ လိုရင်းကို တိုတို ပြောပါ" ဟု ကာလိဒါသက ခပ်ငေါက်ငေါက်ပြောလိုက်သည်။

"ဒီလိုပါကာလိဒါသ၊ ကျွန်ုပ်ရဲ့ဖခင် သေဆုံးစဉ်က သင်္ဂြိုဟ်စားရိတ် အသပြာငါးထောင် ကုန်ပါသည်။ မိခင်သေဆုံးစဉ်က

www.facebook.com/NyisayEbookCreator
www.nyisay.com



သဂြိုဟ်စားရိတ် ထိုနည်းတူစွာ အသပြာငါးထောင်ပင် ကုန်ခဲ့ပါသည်။ မိဘနှစ်ဦးတို့ အထိမ်းအမှတ်ဖြင့် ဗုဒ္ဓါဂယာသို့ သွားပြန်တော့လည်း မသက်သာ၊ ရသေ့ရဟန်း စသည်များကို လှူဒါန်းသည်မှာ ငါးထောင် (၅၀၀၀ဝိ) ပင် ကုန်ပြန်ပါသည်။ ဈေးထဲမှာလည်း မုတ်ဆိတ်ကို ရှိသေ၍ ငွေဖလှယ်သလောက် ဈေးငှားသလောက် ရပါသည်။ မွေးချင်းများကလည်း အခြားကြောင့် ရှိသေနေကြသည်မဟုတ်၊ မုတ်ဆိတ်ကြောင့် ရှိသေနေကြခြင်းသာ ဖြစ်ပါသည်" ဟု ကုန်သည်က ပြောလိုက်ပြန်သည်။

"အသင်ကုန်သည် စကားကြောသိပ်မရှည်စေလို၊ တိုတိုပြောစေလိုသည်၊ မုတ်ဆိတ်အတွက် သောင်းငါးထောင်ကုန်ထားသည်။ အမြတ်တစ်သောင်းနှင့် နှစ်သောင်းငါးထောင် (၂၅၀၀ဝိ) ပေးကသင့်မုတ်ဆိတ် ဘုရင်ကို ဆက်သမည်လား။ ခပ်မြန်မြန်ပြောကြားပါ" ဟု ကာလိဒါသက စိတ်မရှည်ဟန် ပြောလိုက်သည်။

"ဒီလောက်ရက ဆက်သပါမည်၊ မုတ်ဆိတ်ကိုရိတ်ပါ" ဟု ကုန်သည်ကပြောရာ ကာလိဒါသလည်း အသပြာ ၂၅၀၀ဝိ ကို ပေးလိုက်သည်။ ကုန်သည်မှာ အသပြာကိုရသောအခါ အိတ်အတွင်း ထည့်ကာ မုတ်ဆိတ်အရိတ်ခံရန် ထိုင်တော့သည်။

ထိုစဉ်ခေတ်အခါက မုတ်ဆိတ်ရိတ်ပေါင်ဒါ ဆပ်ပြာ စသည်မရှိ၊ ရေဖြင့်သာဆွတ်၍ မုတ်ဆိတ်ကိုရိတ်ရသည်။ ထို့ကြောင့် ဆတ္တာသည် သည် ကုန်သည်၏မုတ်ဆိတ်ကို ရိတ်ရန် စ၍ ရေဆွတ်လိုက်သည်။ လက်ဖြင့်လည်း နည်းနည်းပွတ်လိုက်သည်။

ကျွမ်းကျင်လှသော ကုန်သည်သည် ထိုအခါ ရုတ်တရက် ဆတ္တာသည်၏ပါးကို တအားထရိုက်လိုက်သည်။ ပါးစပ်မှ ဟိုဟိုဒီဒီ မကြားဝံ့ မနာသာများကိုလည်း ဆဲဆိုကြိမ်းမောင်းသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အသင် ဘာအောက်မေ့သနည်း၊ ဤမုတ်ဆိတ်များသည် ကျွန်ုပ်၏ မုတ်ဆိတ်မဟုတ်တော့၊ ၂၅၀၀ဝိ နဲ့ ရောင်းထားသဖြင့် ဘုရင့်မုတ်ဆိတ်ဖြစ်သွားပြီ၊ ဘုရင်၏မုတ်ဆိတ်ကို မရိမသေ ကိုင်ရသလား၊ လက်ဖြင့်ပွတ်ရသလား" ဟုလည်း ဒေါသနှင့် ပြောကြားသည်။

ကုန်သည်၏ ပြုမူချက်များကို ဘုရင်မြင်သည်။ ရာဇမာန်ကို ဖြုန်းခနဲ ထိန်းချုပ်၍မရ၊ "အမိန့်တစ်စုံတစ်ရာ မပေးပါ" ဟုအစက ကာလိဒါသအား ကတိပေးထားသောစကားကို သတိရမှ အမျက်ဒေါသ ပြေပျောက်သွားသည်။ သို့ရာတွင် ကုန်သည်အား "ပြန်လွှတ်လိုက်တော့" ဟု အပြစ်တစ်စုံတစ်ရာမပေးဘဲ ပြောလိုက်သည်။

ကုန်သည်လည်း ဘုရင့်အမိန့်ကို ရသောအခါ မုတ်ဆိတ်လည်း မရိတ်ရ၊ ငွေအသပြာ ၂၅၀၀ဝိ သာ ရယူပြီး ပြန်သွားသည်။ ပရိယာယ်ဝေဝုစ်ထုတ်ပြီး မုတ်ဆိတ်မရိတ်ရအောင် ပြောသွားသည်။ ငွေ ၂၅၀၀ဝိ ကိုသာ ရအောင် ခပ်ပိုင်ပိုင်လုပ်သွားသည်။

မုတ်ဆိတ်ရှင်နှစ်ဦးလည်း ပြန်သွားကြပြီ။ အားလုံး ကိစ္စပြီးပြီ ဖြစ်ရာ ဘုရင့်ရှေ့တွင် ဖြစ်ပျက်သွားသော အကြောင်းအရာအားလုံးကို ရှင်းလင်းလျှောက်တင်သည်။ အခွင့်ကိုစောင့်နေသော ကာလိဒါသသည် ထိုအခါ ပြတ်ပြတ်သားသား လျှောက်တင်တော့သည်။

"စာဟောဆရာမှာ အလွန်အပါသည်။ ဘဏ္ဍာတိုက် ဖွင့်ပေးလျက် အသပြာများများမယူ နည်းနည်းသာရယူသွားသည်။ များများရအောင်လည်း မပြောတတ်၊ မုတ်ဆိတ်လည်း အရိတ်အဖြတ်ခံလိုက်ရသေးသည်။ ဤသည်မှာ စာဟောဆရာသည် လောကကို မချယ်လှယ်ဝံ့၊ လောကအကြောင်း မကျွမ်းကျင်၊ မသိမြင်သောအချက်များ ဖြစ်ပါသည်" ဟု ကာလိဒါသ တင်လျှောက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကုန်သည်မှာ ထိုကဲ့သို့မဟုတ်။ မုတ်ဆိတ်လည်းမဆုံး၊ မုတ်ဆိတ်လည်း အရိတ်မခံရ၊ ငွေ ၂၅၀၀၀ ကိုလည်း ရယူသွားသေးသည်။ ဘဏ္ဍာတိုက်ကို စာဟောဆရာကဲ့သို့ ဖွင့်မပေးပါဘဲလျက် ပရိယာယ်ကြွယ်ကြွယ်၊ လောကအကြောင်း ကျွမ်းကျွမ်းကျင်ကျင် ချယ်ချယ်လှယ်လှယ်ရှိသောကြောင့်သာ ယူသွားနိုင်ခြင်းဖြစ်ပါသည်။ ဤသည်မှာ ကုန်သည်၏ လောကချယ်လှယ်မှု၌ ကျွမ်းကျင်၊ ကျင်လည်သောအချက်များ ဖြစ်ပါသည်" ဟု ကာလိဒါသက ခွဲခြား၍ လျှောက်တင်သည်။

ထိုအခါ ဘုရင်က "ကာလိဒါသ လျှောက်တင်ဖြေဆိုသည်များမှာ မှန်ပေသည်။ အကြောင်းယုတ္တိများလည်း ခိုင်လုံပေသည်" ဟု ချီးကျူးလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# သတ်စေ အမိန့်ချတော်မူပါ

ဓာရာတိုင်းအရှင် ဘောဇဘုရင်ထံသို့ အခါတစ်ပါး၀ယ် အောက်ရုံးမှ ပြင်းထန်သည့် စီရင်ချက်တစ်ခု ပို့လိုက်သည်။ အတည်ပြု စီရင်ရေးအတွက် ဘုရင့်အမိန့်ကို ခံယူသောအနေဖြင့် (ဘုရင် လက်မှတ်ထိုးရန်) ပို့လိုက်ခြင်းဖြစ်သည်။

စီရင်ချက်မှာ ထောင်ဒဏ်၊ ငွေဒဏ် စသည်မျိုးမဟုတ်၊ သေဒဏ် အပြစ်ပေးသော စီရင်ချက်ဖြစ်သည်။

အောက်ရုံးစီရင်ချက်ပို့လိုက်သည်မှာ ဘုရင့်ထံသို့ အရင်မရောက်၊ ညီလာခံသဘင်သို့ ရောက်လာသည်။ ညီလာခံ၀င်ပုဂ္ဂိုလ် အချို့ကမူ ထိုအောက်ရုံးအမိန့်ကို မကြိုက်၊ အပြစ်ဒဏ်ခံရမည့်သူမှာ နစ်နာလွန်း နေသည်။ အပြစ်ခံရမည့်သူနှင့် အပြစ်ဒဏ်မှာ မတော်၊ ပြင်းထန်လွန်း လှသည်။ တရားမဏ္ဍိုင်ဆိုသည်မှာ တည့်မတ်ရမည်။ စေတနာကို ကြည့်၍ သက်ညှာသင့်သည့်နေရာတွင် သက်ညှာရမည် စသည်ဖြင့် ပြောဆိုဝေဖန်နေကြသည်။

ဘုရင့်ထံသို့သာ ဤအမိန့်ပေါက်ရောက်သွားပါက အောက်ရုံး စီရင်ချက်အတိုင်း တည်စေတော့မည်ကို သိကြသည်။ ညီလာခံမှ အချို့ပုဂ္ဂိုလ်များသည် ဤအမိန့်ကို ဘုရင့်ထံ အမြန်မရောက်သွားရန်

www.facebook.com/NyisayEbookCreator
www.nyisay.com



စီမံကြသည်။ ရောက်သွားသည့်တိုင်အောင်လည်း အောက်ရုံးအတိုင်း အတည်မဖြစ်ဖို့ ကြံကြသည်။

စီမံကြံစည်၍သာ စီမံကြံစည်ကြရသည်။ အပြစ်နှင့် စီရင်ချက်မမှန်၍သာ စဉ်းစားကြရသည်။ ညီလာခံအတွင်းမှ မည်သူမှ မတတ်နိုင်ကြ၊ မည်သူမှ အမိန့်တစ်စုံတစ်ရာအတွက် ဘုရင်အား မလျှောက်တင်ဝံ့ခဲ့ကြ၊ ယခုအမိန့်နှင့် ပတ်သက်၍လည်း လျှောက်တင်ဝံ့ခြင်း မရှိကြ။

နောက်ဆုံးတွင် ဘုရင်၏ အမိန့်တစ်စုံတစ်ရာကို ပြန်လှန်တင်လျှောက်ဝံ့သည့် ကာလိဒါသကို မြင်လာကြသည်။

ကာလိဒါသသည် ဘုရင်၏ ချစ်ကျွမ်းအဝင်ဆုံးသော ပညာရှင်တစ်ဦးဖြစ်သည်။ ဘုရင့်နန်းတော်တွင်းသို့ အခါမရွေး သွားစေ၊ လာစေ၊ ဝင်ထွက်စေ၊ တံခါးမရှိ ဓားမရှိ ပုဂ္ဂိုလ်ဖြစ်သည်။ ဘုရင်အားလည်း တင်စေ လျှောက်စေ အခွင့်ရှိနေသော ပုဂ္ဂိုလ်ဖြစ်သည်။ အမှန်အားဖြင့်ဆိုသော် ဘုရင်သည် ကာလိဒါသအား အသက်ကိုပင် အပ်နှင်းထားပေသည်။

ဘုရင် တိမ်းစောင်းချက်တစ်စုံတစ်ရာရှိက မည်သည့်အခါမှ ကာလိဒါသ ကြည့်မနေ၊ တည့်မတ်၍ပေးသည်။ တရားဥပဒေရေးရာတွင်လည်းကောင်း၊ သဘောတရားရေးရာတွင်လည်းကောင်း ထိန်း၍ပေးသည်။

တိုင်းပြည်ရေးရာဖြစ်စေ၊ ပုဂ္ဂိုလ်ရေးရာဖြစ်စေ၊ ဘုရင် မှားယွင်းချွတ်ချော်နေက ကာလိဒါသက ဘယ်အခါမှ လျစ်လျူမရှု၊ ပြုပြင်သင့်သည့်အတိုင်း ပြုပြင်သည်။ အမှားနည်း၍ အမှန်သို့ ရောက်အောင်လည်း ပို့ဆောင်နိုင်သည်ကသာ များခဲ့ပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


အောက်ရုံးမှ ယခု ဘုရင့်ထံပို့လိုက်သည့်ကိစ္စနှင့် ပတ်သက်၍ လည်း အခြားမှူးမတ်များ စဉ်းစားစီမံခဲ့ကြသည့်အတိုင်း ကာလိဒါသ ထံ သွားကြသည်။ ညီလာခံမှ အချို့ပုဂ္ဂိုလ်များသည် ကာလိဒါသအား အကျိုးအကြောင်း သွားပြောကြသည်။

အပြစ်ဒဏ်ပေးထားသူအပေါ် လက်မလွှန်နှင့်ရန် ကာလိဒါသ လည်း နန်းတော်သို့ အမြန်လာသည်။ မှားမှားယွင်းယွင်း မဖြစ်နှင့်စေဖို့ ဘုရင့်ထံသို့ အမြန်ဝင်သည်။

သို့ရာတွင် မမှီလိုက်တော့၊ ထိုစီရင်ချက်သည် ဘုရင့်လက်ထဲသို့ ရောက်သွားပြီး ဘုရင်က "အောက်ရုံးအတိုင်းတည်စေ" အမိန့်ချနှင့်ပြီး ဖြစ်နေပေပြီ။ တရားခံသည် ပါးကွက်သားတို့လက် ရောက်လုဆဲဆဲ ရှိနေပေပြီ။

"အမောင်ကာလိဒါသ၊ ဤစီရင်ချက်နှင့် ပတ်သက်သမျှ အသင် ဘာမှဝင်မစွက်ရ၊ တစ်လုံးတစ်ပါဒမှ တင်လျှောက်ခွင့်မရှိ၊ အသင်ဖြူ လျှင် ငါမည်းမည်၊ အသင်မည်းက ငါဖြူရလိမ့်မည်၊ ဒီစီရင်ချက် ကိစ္စမှာ အသင်နှင့်ငါ ဖြောင့်ဖြောင့်ဆန့်ကျင်မည်" ဟု ဘုရင်က ကာလိဒါသအား ဆီး၍ ပြောဆိုမိန့်ကြားလိုက်သည်။

"ဖြူလျှင် မည်းမည်၊ မည်းက ဖြူမည်၊ ဘုရင်က မိမိနှင့် ဤတစ်ကြိမ်တွင် ဖြောင့်ဖြောင့်ဆန့်ကျင်မည်ဆိုသည်" ဟု ဘုရင်က မိန့်သည်။ သို့ဖြစ်က မိမိကလည်း တည့်တည့်ဆန့်ကျင်မှ လျော်မည် ဟု စိတ်ကူးရကာ "ဤသို့ဖြစ်ပါက အရှင်မင်းကြီး ဤတရားခံကို သတ်စေအမိန့် ချတော်မူပါ" ဟု ကာလိဒါသက လျှောက်တင် လိုက်သည်။

ထိုအခါ ဘုရင်လည်း မိမိစကားအတိုင်း ကာလိဒါသ တင်လျှောက်ချက်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်စေရတော့

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်။ ထို့ကြောင့် "တရားခံသည် အမှုမှလွတ်စေ၊ သတ်စေအမိန့်ဖျက်စေ" ဟု အမိန့်ပြောင်းချလိုက်ရတော့သည်။

ဤနေရာတွင် ဘုရင်သည် ကာလိဒါသအပေါ် သက်သက်ရာဇမာန်ထွက်ပြီး ဆန့်ကျင်သည်မဟုတ်၊ ကာလိဒါသက ပညာရှိအားရတ်တရက် မည်သို့စီရင်ရန် လျှောက်တင်မည်နည်း၊ ဉာဏ်ပညာထက်မြက်လျင်မြန်ပါ၏လောဟု ပညာစမ်းလိုက်ခြင်းသာ ဖြစ်လေသည်။

သေမိန့်ရထားသော အကျဉ်းသားသည် အောက်ရုံးစီရင်ချက်အမိန့်ချထားသည့်အတိုင်း ဘုရင်က အမိန့်ချထားပြီးသည့်နောက်သေရအံ့ဆဲဆဲ အချိန်ရောက်မှပင် ကာလိဒါသပညာရှိ၏ ဉာဏ်ပညာကြောင့် အသက်ချမ်းသာရာရတော့သည်ဟု အခြားမှူးမတ်များကချီးကျူးကြတော့သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ကာလိဒါသ ဒဏ်တပ်ခံရခြင်း

တစ်နေ့သောအခါ ဓာရာတိုင်းအရှင် ဘောဇဘုရင်နှင့် ပညာရှင် ကာလိဒါတို့သည် ဘုရင်၏နန်းရင်ပြင်မှာ စပ်မိစပ်ရာ အလာပ သလ္လာပ ပြောဆိုနေကြသည်။ စီးပွားရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းသာယာရေးနှင့် ဘာသာ သာသနာရေးများမှအစ အစုံပင် ဖြစ်သည်။ ဘုရင်၏ ထင်မြင်ယူဆချက်ကို ကာလိဒါသက ဝေဖန် ပြောဆို လျှောက်တင်ပြီး ကာလိဒါသ၏ လျှောက်တင်ဆွေးနွေးချက် များကို ဘုရင်က ဝေဖန်လက်ခံသည်။ ဘောဇမင်းမှာလည်း ပညာရှင် ဘုရင်တစ်ပါးဖြစ်သည်။ ကာလိဒါသကလည်း အစစအရာရာ ကျွမ်းကျင်လိမ္မာသော သုခမိန်တစ်ဦးဖြစ်သည်။ သို့ဖြစ်လေရာ ဘုရင် နှင့် ကာလိဒါသတို့သည် တိုင်းပြည်အတွက် မနစ်နာ မတိမ်းစောင်း ရေးများကို ဆွေးနွေးတိုင်ပင်ကြသည်။ ပြည်သူလူထုအပေါ် အမြော် အမြင်ကြီးစွာ အုပ်စိုးကြသည်။

ဤသို့ စပ်မိစပ်ရာနှင့် တိုင်းပြည်ရေးရာများကို ပြောဆိုဆွေးနွေး ပြီးကြသည့်နောက်တွင် ကာလိဒါသစိတ်ထဲ၌ အကြံတစ်ခု ဝင်လာ သည်။ ဘောဇမင်းအား မိမိကိုယ်ရေးကိုယ်တာအတွက် ကတိတစ်ခု တောင်းထားလိုက်သည်။ သတိချွတ်ချော်သဖြင့် မိမိအား အပြစ် တစ်စုံတစ်ရာရှိခဲ့ပါလျှင် ထိုအပြစ်ကို မိမိနှစ်သက်ရာ ရွေးချယ်သော

www.facebook.com/NyisayEbookCreator
www.nyisay.com



တရားသူကြီးများဖြင့်သာ ဆုံးဖြတ်စေရန်ဖြစ်သည်။ ဆန္ဒာဂတိ လိုက်သောအားဖြင့် မိမိနှင့် ချစ်ကျွမ်းဝင် ခင်မင်ရင်းနှီးသူများကိုသာ ရွေးချယ်လိုသည်မဟုတ်၊ စစ်ဆေးဆုံးဖြတ်ရာ၌ အမြော်အမြင်နှင့် ပြည့်စုံသူများကိုသာ ရွေးချယ်လိုရင်းဖြစ်သည်။

ဤသို့ဖြင့် ကာလိဒါသသည် မိမိ၏လိုလားတောင့်တချက်ကို ထုတ်ဖော်လျှောက်တင်တော့သည်။ "ဓာရာတိုင်းအရှင်ဘုရင် အကယ်၍ ကျွန်တော်မျိုးတွင် အပြစ်တစ်ခုသင့်ရောက်လျှင် ထိုအပြစ်ကို ဆုံးဖြတ်ရန်အတွက် ကျွန်တော်မျိုးနှစ်သက်သော တရားသူကြီးများကို ရွေးချယ်နိုင်သည်ဆိုသည့် ကတိတစ်ခုကို ဘုရင်မင်းကြီးက ကျွန်တော်မျိုးအား ပေးစေလိုပါသည်" ဟု လျှောက်တင်သည်။

ဘုရင်မင်းကြီးလည်း ကာလိဒါသလျှောက်တင်တောင်းဆိုသည့် ကတိကို ခြွင်းချက်မရှိ ပေးလိုက်သည်။ ကာလိဒါသတောင်းဆိုသည့် လိုလားချက်မှာ အဂတိတရားလိုက်စားသောအနေဖြင့် တောင်းသည်မထင်။ တရားစီရင်ရာ၌ ဓမ္မသဘာဝနှင့် မဆန့်ကျင်စေရန်အတွက် တောင်းဆိုခြင်းသာဖြစ်သည်ဟု အောက်မေ့မှတ်ထင်သည်။ ထို့ကြောင့်လည်း ခြွင်းချက်မရှိ ကတိပေးလိုက်ခြင်းဖြစ်သည်။

နန်းရင်ပြင်တွင် ဆွေးနွေးတိုင်ပင်ကြရာမှ အသီးအသီး ပြန်ကြသည်။ ဘုရင်လည်း မိမိစံနေရာသို့ဝင်သည်။ ကာလိဒါသလည်း မိမိနေရာအိမ်သို့ ပြန်သွားသည်။ ထို့နောက်တွင်လည်း ဘုရင်နှင့် ကာလိဒါသတို့သည် တိုင်းပြည်ရေးရာများကို စီမံအုပ်ချုပ်ကြ၊ ရာဇဓမ္မများကို စောင့်ရှောက်ထိန်းသိမ်းကြခြင်းဖြင့် နေထိုင်ကြသည်။

ဤသို့နေထိုင်ကြရာမှ တစ်နေ့သောအခါ ကာလိဒါသတွင် မင်းပြစ်စိုးဒဏ် သင့်ရောက်လာတော့သည်။ ကြီးကျယ်သော အပြစ်ကား မဟုတ်ပေ။ မင်းပြစ်စိုးဒဏ်မှ မလွတ်ရုံသော အပြစ်မျှဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


မကြာမီပင် ထိုအပြစ်ကို စီရင်ဆုံးဖြတ်ရန်အတွက် ဘုရင်မင်းကြီး ထံတော်သို့ ရောက်သွားသည်။ ထိုအခါ ဘုရင်သည် ကာလိဒါသ တောင်းဆိုထားသည့် ကတိကို သတိရသည်။ ကာလိဒါသကလည်း မိမိအခွင့်အရေးရထားသည့်အတိုင်း တောင်းဆိုလျှောက်တင်သည်။ သစ္စာကတိတော်အတိုင်း ဘုရင်ကလည်း မငြင်းဆန်ဘဲ လိုက်လျော လိုက်သည်။

ကာလိဒါသသည် မိမိအပြစ်အတွက် စီရင်ဆုံးဖြတ်ရန် တရားသူကြီးများကို ရွေးချယ်တော့သည်။ ရွာလေးရွာမှ တောင်သူလုပ်စားသူ သက်ကြီးရွယ်ရင့် အဘိုးကြီးလေးဦးကို ရွေးချယ်သည်။

တရားသူကြီး (တောင်သူကြီး) လေးဦးတို့လည်း တရားခွင်သို့ အသီးသီးလာကြသည်။ အားလုံးစုမိကြသောအခါ အသက်အကြီးဆုံး လူကို လူကြီးအဖြစ် တင်မြှောက်ကြသည်။ ထိုအကြီးဆုံးပုဂ္ဂိုလ် ဆုံးဖြတ်သည်ကို လိုက်နာရမည်ဟုလည်း အချင်းချင်း ဆွေးနွေး ဆုံးဖြတ်ကြသည်။

ပြီးလေလျှင် ထိုအကြီးဆုံးပုဂ္ဂိုလ်က "အသင်တို့လေးဦး ဆုံးဖြတ် လိုသည်များကို အသီးသီးပြောပြပါ၊ နောက်မှ အသင်တို့၏ လိုလား ချက်များကို မူတည်ကာ ကျွန်ုပ်ဆုံးဖြတ်မည်" ဟု ပြောသည်။

ထိုစကားကိုကြားသောအခါ ဒုတိယအကြီးဆုံးလူက သတ္တမီသ တွင် ဒသရော၍ (၇ x ၂၀+၁၀=၁၅၀) ဒဏ်တပ်သင့်သည်ဟု ပြောသည်။ ဤသို့ပြောသည်ကို ကျန်လူသုံးဦးက မနှစ်သက်ကြ၊ ဤလောက်များများတပ်လျှင် သားမယားများ ပူပင်သောက ရောက် ကုန်ကြလိမ့်မည်။ အသပြာ ၁၅၀ ဆိုသော ငွေမှာ တစ်နှစ်လုံး ရှာဖွေစုဆောင်းသော်မှ ပိုပိုလျှံလျှံ ရချင်မှရသည်။ ချွေးလုံးကြီးများ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကျအောင် ရှာရသည်။ ပဥ္စဝီသ (၅ x ၂၀=၁၀၀) သာ တပ်သင့်သည်ဟု တတိယလူက ဝေဖန်ထွက်ဆိုသည်။

ဤသည်ကိုလည်း ကျန်လူနှစ်ဦးက မကျေနပ်သေး၊ များသေးသည်ဟု ထင်သည်။ ငွေအသပြာ ၁၀၀ ဆိုသည်မှာ နည်းသည် မဟုတ်၊ ဤထက်ယုတ်လျော့ပြီး ဒဏ်တပ်မှသင့်မည်။ တေဝီသ (၃ x ၂၀=၆၀) သာ တပ်သင့်သည်ဟု စတုတ္ထလူကပြောသည်။

စတုတ္ထလူပြောသည်ကိုလည်း ပဥ္စမမြောက် တရားသူကြီး (တောင်သူကြီး) က မကြိုက်သေး၊ ဤမျှတပ်က များသေးသည်ဟု မြင်သည်။ ကာလိဒါသဆိုသည့် ပုဂ္ဂိုလ်မှာ ပညာရှိတရားသူကြီးလည်း ဖြစ်သည်။ တရားစီရင်ရာတွင် အမြော်အမြင်နှင့်လည်း ပြည့်စုံသည်။ ပြည်သူလူထုအပေါ် တရားစီရင်ရေး၌ အမှားနှင့် အမှန်ကို ကွဲပြားခြားနားအောင် စီရင်သည်။ တရားသဘောမှန်ကန်အောင် စီရင်လေရာ သာသူ နာသူဟူ၍ မရှိ၊ တိကျမှန်ကန်သည်။ သို့ဖြစ်လေရာ ပြည်သူလူထုအပေါ် မြော်မြင်သက်ညှာသော ကာလိဒါသအား များများ ဒဏ်မတပ်ထိုက်၊ တေဝီသတွင် ဒသနှုတ်၍ (၃ x ၂၀−၁၀=၅၀) သာ တပ်သင့်သည်ဟု ပဥ္စမတရားသူကြီးက ဆုံးဖြတ်သည်။

တရားသူကြီးလေးဦးတို့သည် မိမိတို့ထင်မြင်ချက်အတိုင်း အဆုံးအဖြတ်ကို ပေးကြသည်။ မိမိတို့မြင်ကြသည့် အမြင်အတိုင်း ဝေဖန်တင်ပြကြသည်။ ထိုလေးဦးသော တရားသူကြီးတို့၏ ဝေဖန်ချမှတ်ချက်များကို မူတည်ကာ စီရင်လိုသော ပထမအကြီးဆုံး တရားသူကြီး (တောင်သူကြီး) သည် ဒုတိယ၊ တတိယနှင့် စတုတ္ထတရားသူကြီးတို့၏ အဆုံးအဖြတ်ကို မကြိုက်၊ မလိုက်လျော မဆုံးဖြတ်လို၊ မစီရင်လို၊ မိမိ၏စီရင်ချက်ကိုသာ ထိုက်တန်လျော်ကန်သည် ထင်

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်။ သို့ဖြစ်ရာ အားလုံးကပင် ပဋ္ဌမတရားသူကြီး၏ စီရင်ဆုံးဖြတ်ချက်အတိုင်း (၅ဝိ) သာ ကာလိဒါသအား ဒဏ်တပ်လိုက်သည်။ ပဋ္ဌမတရားသူကြီးဆုံးဖြတ်ချက်အတိုင်း ကာလိဒါသ ဆောင်ပါစေဟု ဆုံးဖြတ်လိုက်ကြသည်။

ကာလိဒါသလည်း "ဤတရားသူကြီးများသည် ဘဝပြဿနာကို ကောင်းကောင်းနားလည်ကြသည်။ ဆန္ဒာဂတိ စသည်များသို့ မလိုက်ကြ။ ငွေအသပြာကို ဆင်းရဲပင်ပန်းစွာ ရှာမှရသည်။ ငွေ၏ တန်ဖိုးကို သိသည်။ ချွေးလုံးကြီးများကျအောင်ရှာမှ ငွေရနိုင်သည်ကိုသိ၍ မိမိတို့ဘဝနှင့် စာနာကာ တရားခံအပေါ် သက်ညှာသည်။ ၁ဝဝိ၊ ၁၅ဝိ ဆိုသည်ကို လုံးခနဲ ခဲခနဲ ရဖို့ဝေးစွ၊ အသက်ဆက်မိရန်ပင် မနည်းသတိထားရ၊ ကြိုးစားရှာဖွေရသည်။ ငွေတွင်းနက်နဲလှသည်များကို နားလည်သည်။ သို့ဖြစ်၍ ဤသူတို့အား တရားသူကြီးအရာတင်၍ မိမိအမှုကို ဆုံးဖြတ်စေခြင်း ဖြစ်ပါသည်" ဟု ဘုရင်အား လျှောက်တင်သည်။ ထို့နောက် မိမိအား တပ်သည့် ဒဏ်ငွေ အသပြာ (၅ဝိ) ကိုလည်း ပေးဆောင်သည်။

ဘောဇဘုရင်သည် ထိုအခါမှစ၍ ဒဏ်ငွေ စသည် ဆုံးဖြတ်စီရင်ရာ၌ ပြည်သူပြည်သားများ၏အပေါ် သက်ညှာစွာ ဆုံးဖြတ်စီရင်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# အတ္ထုပ္ပတ္တိ ပုရပိုက်

ဘောဇဘုရင် အိုမင်းမစွမ်းဘက်သို့ ရောက်စအချိန်ဖြစ်သည်။ အရွယ်ပြောင်း၍ ဇရာထောင်းလာစအချိန်ဖြစ်သည်။

ရာမလက္ခဏာ ဇာတ်တော်သည် ဓာရာ တိုင်းတွင် ပြည်သူအများ ကိုးကွယ်ရာအဖြစ် ရှိနေသည်။ ဘုရင်ကိုယ်တိုင်ကလည်း ထိုရာမ ဇာတ်ကို နှစ်သက်လက်ခံခဲ့သည်။ သာမည မဟုတ်၊ ရာမကို ဘုရားသခင် (ဘုရားအစစ်) ဟုပင် လက်ခံယုံကြည် ကိုးစားခဲ့သည်။

ရာမလက္ခဏာဇာတ်တော်သည် အဓွန့်ရှည်စွာ တည်ကျန်ရစ်သကဲ့သို့ ဘုရင်လည်း မိမိ အတ္ထုပ္ပတ်ကို ဇာတ်တော်တစ်ခုအဖြစ် ကျန် ရစ်စေလိုသည်။ ရာမလက္ခဏာဇာတ်ကဲ့သို့ပင် မိမိအတ္ထုပ္ပတ္တိဇာတ်ကို နောင်သားနောင်လာတို့ ကိုးစားယုံကြည်ရစ်ကြစေလိုသည်။ ဇရာဖိစီး သတိချွတ်ချော်ပြီးနေတော့ရာ ဤကိစ္စကိုသာ တမ်းတမ်းစွဲနေသည်။

မိမိ၏အတ္ထုပ္ပတ်ကို ရာမဇာတ်ကဲ့သို့ ရေးနိုင်မည့်သူဟူ၍ ကာလိဒါသမှတစ်ပါး မည်သူ့ကိုမှ အားမကိုး၊ မည်သူ့ကိုမှလည်း မမြင်၊ ကာလိဒါသကိုသာ အားကိုးသည်၊ ကဗျာ့စာဆို ကာလိဒါသကိုသာ မြင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ထို့ကြောင့် စာဆို့ထိပ်တင် ကာလိဒါသကို ခေါ်ယူသည်။ "ကာလိဒါသ ငါသည် ဇရာဖိစီး အသက်အရွယ်ကြီးနေပြီ။ တစ်ခါ တစ်ခါ သတိလွတ်ကင်း ဆင်ခြင်ဝေဖန်နိုင်ခြင်း စသည်ပင် မရှိတော့။ သွေးလေချောက်ချား၍ ဓာတ်ဖောက်ပြားနေပြီ။ တစ်နေ့ထက်တစ်နေ့ မရဏသဘောသို့ ရွေ့လျောနေကြောင်း အရွယ်က ပြောနေပြီ။ သို့ဖြစ်၍ မရဏမင်းနောက်သို့မလိုက်ရမီ ငါ၏အတ္ထုပ္ပတ္တိကို ရေးလို သည်။ ရာမလက္ခဏာဇာတ်ကဲ့သို့ ငါ၏ဘဝ အတ္ထုပ္ပတ်ကို သရုပ် ဆောင်၍ ရေးပါ။ ဘဝ၏အတ္ထုပ္ပတ်သည် ရာမလက္ခဏာဇာတ်ကဲ့သို့ နှစ်ပေါင်းတာရှည် တည်ရစ်စေလိုသည်။ ယနေ့လူအများသည် ရာမ လက္ခဏာဇာတ်ကို ကိုးကွယ်နေကြသည့်နည်းတူ နောင်လာ နောင်သား တို့သည်လည်း ငါ၏ဘဝ အတ္ထုပ္ပတ်ဇာတ်ကို ကိုးစားယုံကြည်ရစ်ကြ စေလိုသည်" ဟု ဘုရင်က ကာလိဒါသအား မိန့်ကြားပြောဆိုသည်။

ဘုရင်မှာ ရာဇသွေး ရာဇမာန်မကျသေး၊ အသက်အရွယ်ကြီးပြီး ဇရာအိုဖိစီးလာကာမှ သာလွန်ပိုကဲနေသည်။ ကတောက်ကဆတ်ပြော သည်ဟု ဆိုရမည်ကလည်း အခက်၊ အသက်ကြီးအိုလာချိန်မှာ နပျိုစဉ် ကထက် ဘုရင့်စိတ် မြင့်တက်နေသည်ဟု ကာလိဒါသ သိသည်။ ဘုရင့်ဘဝ အတ္ထုပ္ပတ်ကို ရာမလက္ခဏာဇာတ်ကဲ့သို့ မရေးလို၊ မဖြစ်နိုင် ဟု ချက်ချင်း ဆန့်ကျင်လျှောက်တင်၍လည်း လက်ခံမည်မဟုတ်၊ နောက်ဆုတ်မည် မထင်၊ ပရိယာယ်ဝေဝုစ်ဖြင့် တဖြည်းဖြည်း လျှောက်တင်မှသင့်မည်ဟု ကာလိဒါသစဉ်းစားမိသည်။

သို့ဖြင့် "ဘုရင်မင်းမြတ်၏ အတ္ထုပ္ပတ္တိကို ရာမလက္ခဏာဇာတ် ကဲ့သို့ ရေးပါမည်။ သို့သော် ငွေကြေးမကုန်ကျဘဲ ရေး၍ဖြစ်နိုင်မည် မဟုတ်၊ အချိန်ကာလ အနည်းငယ်မျှဖြင့်လည်း ရေးနိုင်မည်မထင်၊ အားလုံးစီစဉ်ရပါဦးမည်၊ ငွေအသပြာ ၂၀၀၀၀ လောက် ကုန်ကျမှ

www.facebook.com/NyisayEbookCreator
www.nyisay.com



အားလုံးကောင်းမွန်ပါမည်။ အနည်းဆုံး သုံးလလောက်ကြာမှ ပြီးပါမည်” ဟု ကာလိဒါသက ဘုရင့်သဘောဆန္ဒကို နားလည်ကာ လျှောက်တင်လိုက်သည်။

“ငွေအသပြာလည်း ကုန်ပါစေ၊ အချိန်ကာလလည်း ဤမျှတော့ ကြာပါစေ၊ ရေးပါ” ဟု ငွေ ၂၀၀၀၀ ချက်ချင်းထုတ်ပေးကာ ကာလိဒါသအား တာဝန်ပေး အရေးခိုင်းတော့သည်။ ဘုရင့်ဘဝ အတ္ထုပ္ပတ်အကြောင်း ရေးဖို့ နားလည်ပြီးသော ပညာရှင်ကာလိဒါသလည်း ငွေအသပြာများကိုယူကာ ပြန်လာသည်။

နှစ်လကျော်ကျော်မျှ ကြာသွားသောအခါ ကာလိဒါသသည် ပုရပိုက်ကြီးတစ်ခုကို ယူလာကာ ဘုရင့်ထံသွားသည်။ ဘုရင့်ရှေ့တော်ရောက်လျှင် “ဘုရင့်ဘဝ အတ္ထုပ္ပတ်ဇာတ်နှင့် ပတ်သက်၍ ရေးရာ၌ ကောင်းမွန်ရေးအတွက် အချက်အလက်အနည်းငယ် လိုပါသေးသည်” ဟု ဘုရင်အား တင်လျှောက်သည်။

“အသင်ကာလိဒါသ၊ ဘာများလိုနေသနည်း၊ အသင်လိုနေသည့် အချက်အလက်ကို မေးလျှောက်လော့” ဟု ဘုရင်က ကာလိဒါသအား မိန့်ကြားသည်။

“ရာမလက္ခဏာဇာတ်တော်မှာ သီတာဒေဝီဆိုသည်မှာ ရာမမင်း၏ မိဖုရားအဖြစ် ပါရှိပါသည်။ ယခု ဘုရင်မင်းမြတ် အတ္ထုပ္ပတ်ကို ရေးရာ၌ အရှင်မင်းမြတ်ကို ရာမနေရာ၌ ထားရေးမည်ကိုကား နားလည်ပါပြီ။ ဘယ်မိဖုရားကို သီတာဒေဝီအရာ၌ထား၍ ရေးရမည်ကို နားမလည်ပါ။ ဘုရင်မင်းမြတ်မှာ မိဖုရားတွေက အလွန်များနေပါသည်။ မိန့်တော်မူပါ။ ဘုရင့်ဘဝ အတ္ထုပ္ပတ်ဇာတ်ပြီးဖို့ ဤ အချက်အလက်မျှသာ လိုပါတော့သည်” ဟု ကာလိဒါသက ဘုရင်အား လျှောက်တင်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မိဖုရားကြီးကို သီတာဒေဝီနေရာ၌ ထားရေးလိုက်" ဟု ဘုရင်က ပြောရာ လိုနေသည့်အချက်ကို ထည့်စွက်၍ ရေးသောသဘောဖြင့် ဘုရင့်ရှေ့မှာပင် ကာလိဒါသက ပုရပိုက်ကြီးကိုဖွင့်ကာ ရေးဟန်ဆောင်လိုက်သည်။

အမှန်မှာ ကာလိဒါသသည် ဘုရင်၏ အတ္ထုပ္ပတ္တိဇာတ်ကို တစ်လုံးတစ်ပါဒမျှ မရေးရသေး၊ တစ်ကြောင်းတစ်ပိုဒ်မျှ မပြီးသေး၊ ဘုရင့်ထံယူလာခဲ့သော ပုရပိုက်ကြီးမှာ ဗလာပုရပိုက်ကြီးမျှသာ ရှိသေးသည်။

ဘုရင်ပေးလိုက်သော ငွေအသပြာများကိုလည်း ဘုရင့်အတ္ထုပ္ပတ္တိဇာတ် ရေးရန်အတွက် တစ်ပြားတစ်ချပ်မှ အသုံးမချ၊ သို့သော် ထိုငွေများကို အလွဲသုံးစားကားမလုပ်၊ မြို့ရွာစည်ပင်သာယာရေး၌သာ အသုံးချသည်။

ရေတွင်းရေကန်မရှိသော မြို့ရွာများတွင် ရေကန်တူးဖော်ပေးသည်။ လမ်းပန်းအဆက်အသွယ်မကောင်းသည့် ဌာနများကိုလည်း သာယာကောင်းမွန်အောင် ပြုပြင်သည်။ ဈေးမရှိသေးသော မြို့ရွာဟူ၍ မရှိစေရ။ ရှိသင့်သော မြို့ရွာများ၌ ဈေးများကို စတင်တည်ဆောက်ပေးသည်။

ဘုရင့်ထံမှ လိုသည့်အချက်ကို မေးပြီးသောအခါ ကာလိဒါသသည် မိဖုရားကြီးထံသို့သွားသည်။ ပုရပိုက်ကြီးကိုလည်း မိဖုရားမြင်အောင်ယူသွားသည်။

"ဘုရင်မင်းမြတ်က ကျွန်တော်မျိုးအား ဘုရင့်ဘဝ အတ္ထုပ္ပတ္တိဇာတ်ကို ရာမလက္ခဏာဇာတ်ကဲ့သို့ ရေးရန် မိန့်ကြားပါသည်။ ဤသို့ ရေးရာ၌ သီတာဒေဝီကဲ့သို့ မိဖုရားအခန်းလည်း ပါရမည်ဖြစ်ပါသည်။ ဘယ်မိဖုရားကို သီတာဒေဝီနေရာထားရ၊ ထည့်ရေးရပါမည်နည်းဟု

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရင့်အား လျှောက်တင်ရာ မိဖုရားထံသွားပါ၊ သူ့ကိုမေးပြီး သူ့ကို ထည့်ရေးပါဟု ပြောသဖြင့် ဘုရင့်အမိန့်အတိုင်း မိဖုရားကြီးထံ လာရပါသည်" ဟု ကာလိဒါသက မိဖုရားကြီးအား အကျိုးအကြောင်း ပြောပြသည်။

"ဘယ်အခါက အရေးခိုင်းပါသနည်း" ဟု မိဖုရားကြီးက ကာလိဒါသအား မေးမြန်းသည်။

"လွန်ခဲ့သော သုံးလခန့်က အရေးခိုင်းခဲ့ပါသည်။ အသို့ပါနည်း။ မိဖုရားကြီး၊ သီတာဒေဝီကိုတော့ ဒသဂီရိက တစ်နှစ်ကြာမျှ ခိုးသွားပါသည်။ မိဖုရားကြီးကို ခိုးသူမှာ ဘယ်သူပါနည်း၊ ခိုးသူနောက်ကို လိုက်ပြီး ဘယ်လောက်ကြာအောင် နေရပါသနည်း။ မိဖုရားကြီးကို ခိုးသူ (ဒသဂီရိ) ကို သိချင်ပါသည်။ သို့မှသာ ဘုရင့်ဘဝ အတ္ထုပ္ပတ္တိ ဇာတ်ပြီးပါမည်။ ရာမ လက္ခဏဇာတ်ကဲ့သို့လည်း ကောင်းမွန်၍ အဓွန့်ရှည်စွာတည်ပြီး လူအများ ကိုးစားယုံကြည်ရစ်ကြပါမည်" ဟု ကာလိဒါသက မိဖုရားကြီးအား ပြောကြားသည်။

မိဖုရားကြီးမှာ မိမိအား ဘယ်ယောက်ျား တစ်ဦးတစ်ယောက်ကမှ ခိုးယူပေါင်းသင်းခြင်း တစ်သက်တာတွင် မခံခဲ့ရ၊ မအိုခဲ့ရပါဖူးလျက် "ခိုးသူက အဘယ်သူနည်း" ဟု ကာလိဒါသမေးသည်ကို အလွန်နာကြည်းသည်။ အသည်းအဆုတ်များကို ကိုင်လှုပ်သည့်ပမာ အခံရခက်သွားသည်။ "ဘယ်မျှကြာ ခိုးရာမှာနေရပါသနည်း" ဟု မေးသည်ကိုလည်း နည်းနည်းမှမခံချင်၊ အလွန်ပင်စိတ်ဆိုးသည်။ "မိဖုရားကို ခိုးယူပေါင်းသင်းသူကို ယခု ဖော်ထုတ်ပေးပါ" ဆိုသည်ကို သာ၍နာသည်။ မခံမရပ်နိုင် ဒေါသဖြစ်လာသည်။

ထို့ကြောင့် "ကာလိဒါသယူလာသည့် ပုရပိုက်ကိုမြင်သော မိဖုရားသည် ထိုပုရပိုက်ကို ကာလိဒါသလက်မှ ယူကာ မီးအမြန်ရှို့

www.facebook.com/NyisayEbookCreator
www.nyisay.com


ပစ်လိုက်ရန် မောင်းမတစ်ယောက်အား စေခိုင်းတော့သည်။ မောင်းမသည်လည်း မိဖုရား တကယ်ဒေါသဖြစ်ပြီး ခိုင်းမှန်းသိ၍ ကာလိဒါသလက်မှ ပုရပိုက်ကိုယူပြီး မီးရှို့ပစ်လိုက်သည်။ ဘောဇဘုရင်၏ ဘဝအတ္ထုပ္ပတ်ဇာတ်ဆိုသည့် ပုရပိုက်ကြီးလည်း အချိန်အနည်းငယ်အတွင်း မီးလောင်ပြာကျသွားသည်။ ဤသည်ကိုလည်း ကာလိဒါသနှင့် မိဖုရားနှစ်ဦးစလုံး မြင်ကြသည်။

ထိုအခိုက်မှာပင် ဘုရင်လည်း မိဖုရားထံရောက်လာသည်။ သို့ဖြင့် "ဘုရင့်အတ္ထုပ္ပတ်ဇာတ်စာမူကြီးကို မိဖုရားကြီးဒေါသဖြစ်ပြီး မီးရှို့ပစ်လိုက်ပြီ" ဟု ကာလိဒါသက ဆီး၍ လျှောက်တင်လိုက်သည်။

ထိုအခါ "ငါလည်း ရာမမင်းမဟုတ်၊ မိဖုရားကလည်း သီတာဒေဝီမဟုတ်၊ ငါ့အတ္ထုပ္ပတ်မှာ ရာမဇာတ်ကဲ့သို့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်၊ မီးရှို့ပစေ၊ ရှို့ပစ်တာပဲကောင်းသည်၊ ငါလည်း သတိမကောင်း၍ ခိုင်းမိသည်၊ ယူသွားသည့်ငွေများကိုလည်း တိုင်းပြည်အတွက် အသုံးချသည်ဆို၍ ငါဘာမှမပြောလို၊ နောင်လိုချင်လည်း ငွေတိုက်မှ ငွေများကို ထုတ်ယူသုံးစွဲပါ။ သင့်အား အချုပ်အချယ်မထားပါ" ဟု ကာလိဒါသအား ဘုရင်က မိန့်ကြားသည်။

"ဒီလိုဆိုရင် ဘုရင်မင်းကြီး၏ ဘဝအတ္ထုပ္ပတ်ကို နောက်ထပ်မရေးရတော့ဘူးလားဘုရား" ဟု ကာလိဒါသက လျှောက်တင်လိုက်ပြန်ရာ "မရေးပါနှင့်တော့" ဟု ဘုရင်က သတိကောင်းစွာဖြင့် မိန့်ကြားသည်။

စင်စစ် ကာလိဒါသသည် ဘာမှမရေး၊ ဘုရင့်ဘဝ အတ္ထုပ္ပတ်နှင့် ပတ်သက်၍ ရေးရန် စိတ်မျှပင်မကူး။ နောက်ပိုင်း မိဖုရားကြီးထံရောက်၍ ဤကဲ့သို့ဖြစ်ရမည်ဟု စောစောကတည်းက စဉ်းစားနားလည်ထားသည်။ ဘုရင်နှင့် မိဖုရားကြီးထံ ယူလာပြီး မြင်အောင်ပြ

www.facebook.com/NyisayEbookCreator
www.nyisay.com




သော စာမူပုရပိုက်ကြီးမှာလည်း ဗလာမျှသာဖြစ်သည်။ သဏ္ဍာန် လုပ်၍ အထွာပွတ်ရေးဟန် သရုပ်ဆောင်ခြင်းမျှသာဖြစ်သည်။

နောက်ဆုံးတွင် အစက တွက်ချက်ထားသည့်အတိုင်း မိဖုရား စိတ်ဆိုးပြီး ပုရပိုက်ကို မီးရှို့ပစ်အောင် ကာလိဒါသ တမင်ဉာဏ်ဆင် ပြီး ခနိုးခနဲ့ပြောခြင်းသာ ဖြစ်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ဥယျာဉ်လှူဆိုး

နန်းတော်နှင့် မလှမ်းမကမ်းတွင် ဘောဓ ဘုရင်၏ ဥယျာဉ်တော် ရှိလေသည်။ ဘုရင့် ဥယျာဉ်တော်သည် ပင်မျိုးစုံတို့ဖြင့် စိမ်းစိမ်းစို နေသည်။ ပင်ပျိုတို့၏ အရိပ်အာဝါသဖြင့် အေးမြနေသည်။ ဥယျာဉ်တော်တွင်းမှာ မည်သည့်အပင်မျိုးတော့ လိုနေပါသေးသည် ဟု ဆိုစရာမရှိ၊ စည်ကားစုံလင်နေရာ ရွှင်မြူး ကြည်နူးစရာ ကောင်းလှပေသည်။

အချို့သောပန်းပင်တို့မှာ ဖူးကာစ ငုံတံ တို့ဖြင့် စီရရီ ညီညာလျက် ရှိနေကြသည်။ အချို့မှာ အထပ်ထပ် ပွင့်ချပ်လွှာတို့ဖြင့် ကားကားပွင့်၍ ငွားငွားစွင့်နေကြသည်။ တချို့ ကမူ အဖူးအပွင့်နှစ်မျိုးစလုံးဖြင့် တစ်ပင်လုံးကို ဖုံးအုပ်ထားကြရာ တစ်ပင်နှင့်တစ်ပင် သူနိုင် ငါနိုင် အလှချင်းပြိုင်နေကြသကဲ့သို့ ရှိပေ သည်။

ဘုရင့်ဥယျာဉ်တော်တွင်း၌ ဖူးပွင့်ကြသည့် ပန်းမျိုးစုံတို့တွင် တချို့မှာ အရည်အသွေး ရောင်စုံတို့ဖြင့် ဖူးငုံပွင့်လန်းနေကြသည်။ အဖြူနှင့်အပြာ၊ အဝါနှင့်အနီ စသည်ဖြင့် ဖူးပွင့်စီနေကြပေသည်။

တစ်ပွင့်တည်းမှာလည်း အဖြူခံ ပွင့်ချပ်လွှာပေါ်တွင် အနီ အဝါနှင့် အပြာပြောက်၊ အဝါခံပွင့်ချပ်လွှာပေါ်တွင် အဖြူ အပြာနှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



အနီပြောက် စသည်ဖြင့် ပက်ဖျန်းလျက် တင့်ဆန်းနေကြသည်။ ပွင့်ချပ်ကလေးများအပေါ်တွင် ရွှေမှုန် ငွေမှုန်ကလေးများ ကြဲထားသည့် အလား အလှထူးခြားနေကြပေသည်။

စံပယ်၊ ဇလပ်၊ ခတ္တာ စသည်တို့၏ သင်းပျံ့ပျံ့ရနံ့များ၊ စကားဝါ နှင်းဆီ စသည်တို့၏ အေးမြမြရနံ့များဖြင့် ဥယျာဉ်တော် အတွင်း ကြိုင်သင်း၍နေသည်။

ဤမျှသာမက အသီးပင်မျိုးစုံတို့ကလည်း ဥယျာဉ်တော်အတွင်း အပင်ချင်းယှက် အကိုင်းအခက်ချင်း ဆက်နေကြသဖြင့် များစွာ စည်ကားလှပေရာ ဥယျာဉ်တော်အလှကျက်သရေကို ဆောင်နေကြ သကဲ့သို့ ဖြစ်တော့သည်။

ဘုရင်သည် ဤကဲ့သို့ သာယာကြည်နူးဖွယ်ကောင်းသည့် မိမိ ဥယျာဉ်တော်အတွင်း ယောကျ်ားတစ်ဦးတစ်ယောက်မျှ မဝင်ရဟု ကြပ်တည်းစွာ တားမြစ်ထားသည်။ မိန်းမများနှင့် မိန်းမစိုးများသာ ဝင်ရသည်။ အမျိုးသမီးများသာ အချိန်မရွေး အခါမရွေး သွားလာ ဝင်ထွက်ရသည်။ အစောင့်တစ်ဦး ဥယျာဉ်မှူးလည်းရှိရာ ထိုဥယျာဉ် မှူးမှာ မိန်းမဥယျာဉ်မှူးသာဖြစ်သည်။

တစ်နေ့သောအခါ ဘုရင်သည် မိမိဥယျာဉ်တော်ကို စိတ်မချ၊ အခက်အလက် အဖူးအပွင့်၊ အသီးအရွက်တို့ဖြင့် ပဒေသာမြိုင်ကြီး တမျှ ဝေဝေဆာနေသောကြောင့် မိမိဥယျာဉ်တော်အတွက် ရတက် မအေးပေ၊ ထို့ကြောင့် မိမိဥယျာဉ်တော် အလှမပျက် ကျက်သရေ မပျက်ရန် ကြံစည်စိတ်ကူးသည်။

သို့ဖြင့် ဘုရင်သည် ဥယျာဉ်တော်ကို အထူးသဖြင့် ယောကျ်ား များမဝင်ရန် ကာလိဒါသအား စောင့်ရှောက်ဖို့ စေခိုင်းတော့သည်။ ဥယျာဉ်မှူးပမာ ကာလိဒါသအား တာဝန်ချပေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ ကာလိဒါသသည် မိမိအား မခိုင်းသင့်ရာတွင် ခိုင်းသည်၊ တိုင်းရေး ပြည်ရေး ဘုရင့်အရေး ရှုပ်ထွေးလှသည့်အကြား အရေးမထားသင့်သည်ကို ထားသည်။ တိုင်းရေးပြည်ရေးများက အလွန်အရေးကြီးနေသည်။ မစောင့်ရှောက်လို။ သို့သော် ဘုရင့်အမိန့်စကားကို ဖယ်ရှားရမည်ကလည်း မတော်၊ မဖြစ်နိုင်။ ရှိစေ။ ဘုရင်အား အကြောင်းပရိယာယ်တစ်မျိုးဖြင့် သိစေမည်ဟု စဉ်းစားကာ ဘုရင့်စကားကို လက်ခံနာယူလိုက်သည်။ "စောင့်ရှောက်ပါမည်၊ ဥယျာဉ်မှူး ခေတ္တလုပ်ပါမည်" ဟု တင်လျှောက်လိုက်သည်။

လျှောက်တင်ပြီးနောက် တစ်ရက်မျှသာ ဥယျာဉ်ကို စောင့်ရှောက်ဟန်ဆောင်သည်။ သုံးရက်မြောက်သောနေ့တွင် ဘုရင့်ထံသို့ သွားသည်။ ရောက်လေလျှင် "အို အရှင်ဘုရင်မင်းမြတ် ဥယျာဉ်တော်အတွင်းမှာ အခြားယောက်ျားများ တစ်ဦးမျှမလာကြ၊ မဝင်ကြ၊ ဘုရင်မင်းမြတ်၏အမိန့်ကို ရိုသေကြပါသည်" ဟု လျှောက်တင်သည်။

"သို့သော် ယောက်ျားတစ်ဦးမှာ အလွန်ဆိုးဝါး သောင်းကျန်းပါသည်။ ဥယျာဉ်တော်အတွင်းမှာ အမြဲတွေ့နေရပါသည်။ သူသည် အခြားယောက်ျားများကဲ့သို့မဟုတ် ရေတွင်းထဲဆင်းပြီး ငုပ်ငုပ်နေပါသည်။ သူ့ဆီသွားမည် လုပ်လိုက်ရင်း ရေတွင်းထဲဆင်းပြေးပြီး ငုပ်သွားလိုက်ရင်း လုပ်လုပ်နေပါသည်။ သူသည် အတော်အစောင့်ရခက်သော လူဆိုးတစ်ယောက် ဖြစ်ပါသည်။ အလိုက်လည်းမသိ၊ အရာဌာနကိုလည်း နားမလည်၊ ဘုရင်ကိုယ်တော်တိုင် ရှုစားတော်မူလှည့်ပါ" ဟု ကာလိဒါသက ထပ်မံလျှောက်တင်ပြန်သည်။

ဘောဇဘုရင်လည်း ကာလိဒါသလျှောက်တင်သည်ကို ကြားလျှင် ရာဇမာန်ထွက်လာသည်။ ကာလိဒါသတင်လျှောက်တိုင်းလည်း အမှန်ဖြစ်ပေမည်ဟု ယုံကြည်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့ဖြစ်လေရာ "လိုက်၍ရှာစားအံ့၊ ဟုတ်မှန်သော် ထိုလူဆိုးဆိုသူအား ပြင်းထန်စွာ ရာဇဒဏ်ပေးမည်" ဟု ဆိုပြီး ဥယျာဉ်တော်သို့ ကာလိဒါသနှင့်အတူသွားသည်။

ဥယျာဉ်သို့ရောက်လေလျှင် ဘုရင်သည် ပန်းများ၏ အလှစသည်များကို မရှုစားနိုင်၊ ရေတွင်းရှိရာသို့သာ တန်းတန်းကြွသွားသည်။ မိန်းမစိုးဥယျာဉ်မှူးတစ်ဦးလည်း ပါလေရာ အားလုံး သုံးဦးဖြစ်ကြသည်။

ဘုရင့်ကို အလယ်ကထား၍ ဥယျာဉ်လူဆိုး ငုပ်ငုပ်သွားသည်ဆိုသော ရေတွင်းကို ပြိုင်တူငုံ့၍ ကြည့်ရှုကြသည်။ ထိုအခါ သဘာဝအတိုင်း မှန်ထဲတွင် အရိပ်ထင်သကဲ့သို့ ရေတွင်းထဲမှရေတွင် သုံးဦးစလုံး၏ အရိပ်များ ထင်နေသည်။

သို့ရှိစဉ် "ကြည့်ပါ၊ အလယ်ကလူသည် အလွန်ဆိုးသူ ဖြစ်ပါသည်။ သူ့ဖမ်းရန် ကြိုးစားလိုက်ရင်း ရေထဲငုပ်ငုပ်သွားရင်း ဖြစ်ပါသည်။ ဤသူမှလွဲ၍ ဘယ်သူမှ ဥယျာဉ်ထဲသို့ မလာကြပါ။ ထိုသူတစ်ဦးသာ အမြဲလာရောက်နေပါသည်။ ထိုသူ့အား ဖမ်းဆီးရန် အလွန်ခက်ခဲပါသည်။ ဘုရင်မင်းမြတ် အရေးယူတော်မူပါ" ဟု ကာလိဒါသက ရေတွင်းထဲမှ ဘုရင့်အရိပ်ကို လက်ညှိုးထိုးကာ ဘုရင်မင်းကြီးအား လျှောက်တင်လိုက်သည်။

ဘုရင်လည်း ကာလိဒါသအား မတော်ရာ မသင့်ရာ စေခိုင်းမိ၍ ဤကဲ့သို့ ပရိယာယ်ဖြင့် မိမိအရိပ်ကို လက်ညှိုးထိုးကာ "ဥယျာဉ်လူဆိုး" ဟု လျှောက်တင်ပြောဆိုခြင်းဖြစ်သည်။ သူ့အား အစောင့်အရှောက် မခိုင်းသော်လည်း ဥယျာဉ်တွင်းသို့ မည်သည့်ယောကျ်ားမျှ မဝင်၊ မိမိ (ဘုရင်) တစ်ပါးသာ ဝင်သည်ဟု သိစေလိုခြင်းဖြစ်သည်ဟု

www.facebook.com/NyisayEbookCreator
www.nyisay.com



သိရှိတော်မူကာ ကာလိဒါသအား ပြုံး၍ ကြည့်လေသည်။ မိမိ၏ လစ်ဟင်းမှုကို သတိတရားရစေသည်ဟုလည်း ချီးကျူးကာ ဆုတော်လာဘ်တော်များ ပေးသနားလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# မျက်စိအတွင်း အိမ်မြှောင်ကျင်ငယ်ကျစဉ်

တစ်နေ့သောအခါ ဘောဇဘုရင်၏ မျက်စိတွင် ရောဂါတစ်ခု ရုတ်တရက် ရရှိလေသည်။ အတွင်းမှ စွဲကပ်ဖြစ်ပေါ်လာသော ရောဂါမဟုတ်၊ နန်းတော်တစ်နေရာမှာ စံနေစဉ် မျက်စိအတွင်းသို့ အိမ်မြှောင်ကျင်ငယ်ရည် ဝင်သွားသောကြောင့်ဖြစ်၏။ အိမ်မြှောင်သည် ဘုရင်၏ မျက်စိတည့်တည့်ပေါ်သို့ ကျင်ငယ်ပန်းချလိုက်သည်။ ဘုရင်လည်း အာရုံတစ်ခုကို စူးစိုက်ကြည့်နေခိုက်နှင့်ကြုံရာ မတော် တဆ တိုက်ဆိုင်ပြီး ဝင်သွားသည်။

အိမ်မြှောင်၏ ကျင်ငယ်ရည်မှာ အလွန်ဆိုးသည်။ အဆိပ်ပြင်းသည်။ ဘုရင်၏မျက်စိမှာ တိမ်ကျသကဲ့သို့ ဖြစ်သွားသည်။ ကြည်လင်စွာ မြင်ရခြင်း၏ အန္တရာယ်ကား မဖြစ်၊ ထူး၍ မွဲသွား၊ မှုန်သွားခြင်းကား မရှိ၊ ပကတိအတိုင်းပင် စက္ခုအလင်းရှိနေသည်။ သို့သော် အနည်းငယ် အင်္ဂါချို့ယွင်းသွားသည်ဟုကား ဆိုရလေသည်။

"ဘုရင်ခေါင်းခဲ သည်းသည်" ဆိုသည့် စကားပုံကဲ့သို့ ဘောဇဘုရင်လည်း သည်းတော့သည်၊ ကဲတော့သည်။ ကာလိဒါသအား ချက်ချင်းခေါ်ကာ ဤသို့ဖြစ်ရခြင်းအတွက် နိမိတ်ဖတ်စေသည်။ ကောင်းကျိုးဆိုးပြစ်ကို ဝေဖန်စေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဤသို့ဖြစ်ရခြင်းမှာ အလွန်ကောင်းပါသည်။ ကြီးကြီး ကျယ်ကျယ် ကြုံတွေ့ရမည့် အန္တရာယ်အစား ဤသေးငယ်သော အပြစ်နှင့် ပြီးပါလိမ့်မည်။ ဤအပြစ်က ကြီးမားသော အန္တရာယ်ကို ကာကွယ်ပါလိမ့်မည်။ စင်စစ် ဘုရင်မင်းမြတ် ကံကောင်းခြင်း ဖြစ်ပါ သည်။ ဆိုးဝါးမည့်အန္တရာယ်အတွက် ဤသေးငယ်သော အန္တရာယ် ဖြင့် ကျိန်းကျေစေပါသည်" ဟု ကာလိဒါသက ဘုရင်အား တင် လျှောက်သည်။

ဘောဇဘုရင်သည် ကာလိဒါသတင်လျှောက်ချက်ကို မနှစ် သက်။ ဤနည်း နိမိတ်ဖတ်သည်ကို မကြိုက်၊ အင်္ဂါချွတ်ယွင်းသွား သည်ကို အကောင်းဟု ဟောရပါမည်လားဟု ဒေါသအလွန်ထွက် သည်။ ပြင်းထန်သော ရာဇမာန်ထွက်သည်။ မိမိ၌ အန္တရာယ်ကျ ရောက်သည်ကို ဝမ်းသာ၍ ဤကဲ့သို့ ကာလိဒါသ တင်လျှောက်သည် ဟု ထင်သည်။ စိုးရိမ်ကြောင့်ကြရမည့်အရေးကို မစိုးရိမ်မကြောင့်ကြ၊ သဘောပင်ကျနေသည်ဟု အောက်မေ့ထင်မြင်သည်။

အလွန်ချစ်ခင် ရင်းနှီးသော မိတ်ဆွေနှင့် ပညာရှိအမတ်ကြီးပင် ဖြစ်သော်လည်း ဒေါသရှေ့ထားသော ဘုရင်သည် ကာလိဒါသအား ဤသို့လျှောက်တင်ရပါမည်လောဟုဆိုကာ ထောင်သွင်းအကျဉ်းထား လိုက်သည်။ နှစ် လ ရက် အပိုင်းအခြားမရှိ အပြစ်ပေးထားလိုက် သည်။

ကာလိဒါသလည်း ဘုရင့်အမိန့်ကို မဖီဆန်၊ မငြင်းဆန်၊ ထောင် သို့ ဝင်ကာ အကျဉ်းခံသည်။ မည်သို့မျှလည်း ပြန်လှန်၍ မလျှောက် တင်၊ ပဒေသရာဇ်ခေတ် ကမ်းနားသစ်ပင် မင်းခစားပီပီ ဘုရင့်အမိန့် အတိုင်း ထောင်ဒဏ်အပြစ်ကို ခံယူရသည်။ ဖြစ်သမျှအကြောင်း အကောင်းချည်းဟု နှလုံးသွင်းကာ နေလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ဘုရင်သည် သမားတော်များဖြင့် "တိမ်" သလွှာကို ကုစားသည်။ သမားတော်တို့လည်း အစွမ်းကုန်ကြိုးစားကြသည်။ ဘုရင်၌ ရရှိသော ရောဂါဖြစ်၍ အခြားပုဂ္ဂိုလ်ထက်ပို၍ ဂရုစိုက် ကုသကြသည်။ မိမွေးတိုင်း ဖမွေးတိုင်းဖြစ်အောင် အစွမ်းကုန်ကုသကြသည်။

သို့ရာတွင် ဤရောဂါအဖို့ ဘယ်သမားတော်မှ ဆေးစွမ်းမထက်၊ ဆေးချက်မပိုင်၊ တိမ်စင်သွားအောင် မပြုနိုင်၊ ကျရောက်ခါစကထက် အနည်းငယ် သက်သာသွားသည်မှအပ ထူးထူးခြားခြားမရှိလှ၊ ကွာကျ၍မသွား၊ တိမ်အရောင် အနည်းငယ်ပျော့သွားရုံသာရှိသည်။ ဘုရင်လည်း စိတ်ရှည်လက်ရှည် ဆက်လက်မကုစားတော့၊ တိုး၍ ဆိုးဝါးလာနိုင်သော အန္တရာယ်မဟုတ်၍ သမားတော်များကလည်း လက်လွှတ်ထားလိုက်ကြသည်။

တပေါင်းနှင့် တန်ခူးရာသီကူးချိန်ဖြစ်သည်။ ပူပြင်းသော နွေဦးအခါသို့ ရောက်လာသည်။ တောတန်းတစ်လျှောက် သစ်ပင်များသည် ရွက်သစ်ပြောင်းရန် ရွက်ဟောင်းများကို ခါနေကြသည်။ ဖူးပွင့်ရွက်ချပ် မရှိဘဲ ဖြစ်နေကြသော တောတန်းတစ်လျှောက်တွင် သစ်ပင်များမှာ ခပ်ကျဲကျဲဖြစ်နေသကဲ့သို့ရှိသည်။

"တန်ခူးရေကုန် ကဆုန်ရေခန်း" ဟူသော စကားပုံနှင့်အညီ အိုင်များ၊ ချောင်းများနှင့် ကန်များတွင် ရေကုန်သော တန်ခူးလရာသီဖြစ်သည်။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် စသည့် တောင်သားတောကောင်များ၊ အစာရေစာ ရှားပါးသောကာလဖြစ်သည်။ ရာသီဒဏ်ကလည်း အဆမတန် ပူပြင်းနေပြန်လေရာ တောတိရစ္ဆာန်များမှာ အလိုလိုမောပန်းနေကြသည်။

ဤကဲ့သို့သော လရာသီအခါ တစ်နေ့သ၌တွင် ဘောဇဘုရင်သည် တောကစားထွက်လေသည်။ မှူးမတ်များလည်း နောက်တော်က

www.facebook.com/NyisayEbookCreator
www.nyisay.com



ပါကြသည်။ လေးမြား စသည့် လက်နက်များ စုံစုံလင်လင် ယူဆောင်လာကြသည်။ ဘောဇဘုရင်မှာ လေးမြား စသည့် အတတ်များတွင် အလွန်လိမ္မာကျွမ်းကျင်သူဖြစ်သည်။ မှူးမတ်များအနက်လည်း တတ်ကျွမ်းသူတွေ များစွာပါသည်။

ဘောဇဘုရင်နှင့်အဖွဲ့သည် သမင်၊ ဒရယ် စသည့် တောကောင်များ ပေါလှသည်ဟု သတင်းကြီးသည့် တောမြိုင်တစ်ခုအတွင်းသို့ ရောက်ရှိသွားကြသည်။ အစတွင် တောမြိုင်၏အခြေအနေကို အကဲခပ်လေ့လာကြသည်။ တောကောင်များ၏ ခြေရာများကိုပင် တွေ့ကြသည်။ သို့ဖြင့် အသီးသီး ကိုယ့်စည်းကိုယ်တာနှင့် လူစုခွဲပြီး လိုက်ကြတော့သည်။

တောကြီးအတွင်းသို့ ခရီးအတန်ငယ်ဝင်မိလျှင်ပင် တောကောင်များကို တွေ့တော့သည်။ ထို့ကြောင့် ဘုရင်နှင့် မှူးမတ်ဗိုလ်ပါများသည် လောဘတကြီး လိုက်ကြသည်။ အလွန်လည်း စိတ်ပါပျော်ရွှင်ကြသည်။

ဘောဇဘုရင်မှာ တောကစားဝါသနာအလွန်ကြီးသူဖြစ်ရာ မှူးမတ်ဗိုလ်ပါများထက် ပို၍ခွဲကြီးသည်။ သို့ရာတွင် သားကောင်များကိုမူ မရသေး၊ သားကောင်များသည် များစွာ လျင်မြန်ကြ၊ တောမြိုင်စခန်းမှာ ကျွမ်းကျင်ကြသောကြောင့် မပစ်နိုင်၊ မခတ်နိုင်ကြ၊ ပြေးလွှားခုန်ပေါက်သည်များကို မြင်ရရုံသာ ရှိကြသည်။

ဤသို့ဖြစ်နေသော်လည်း ဘုရင်လည်း အားမလျှော့၊ မှူးမတ်များလည်း ခွဲကောင်းတုန်းပင်ဖြစ်သည်။ သားကောင်များပြေးရာသို့ ထပ်ကြပ်မကွာ လိုက်နေကြသည်။ သားကောင်များကို မြင်ရပြီး ပစ်မရ၊ ခတ်မရ ဖြစ်နေသည်မှာ အားမလို အားမရ ရှိလှသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့ကြောင့် ဘုရင်နှင့် မှူးမတ်တို့သည် လောဘရမက်ကို မတန့်ရပ်နိုင်ဘဲ ပစ်ခတ်ဖမ်းမိရန် ပို၍ အားထုတ်လျက်ရှိနေကြသည်။

သားကောင်များသည် တောနက်ရာသို့ ပြေးကြသည်။ မြိုင်ကြီးရာသို့ ခိုဝင်ကြသည်။ ဘုရင်လည်း သူတစ်ပါးအသက် သတ်ရခြင်းကို အောင်ပွဲဟုထင်သော လောဘရမက်ဖြင့် တောကောင်းရာသို့ လိုက်ပါသွားသည်။ မှူးမတ်များလည်း ထိုနည်းတူစွာ မောရ ပန်းရမှန်းမသိ ကိုယ့်ဇောနှင့်ကိုယ် လိုက်ကြသည်။

အမဲကောင်များ မိမိတို့တာမှ မထွက်စေလိုကြသော မှူးမတ်တို့သည် သတိနှင့် စည်းစည်းလုံးလုံးစုပေါင်းပြီး လိုက်ကြသည်။ ရှေ့လောကြီးသော ဘုရင်မှာ တစ်ဦးတည်းကျွံပြီး ကွဲသွားသည်။ ဘုရင်နှင့် မှူးမတ်ဗိုလ်ပါများမှာ တောကြီးထဲတွင် တစ်ကွဲစီဖြစ်ကုန်သည်။ ဘုရင်က အသံပေးသည်ကိုလည်း မှူးမတ်များက မကြား၊ မှူးမတ်များက အသံပြုသည်ကိုလည်း ဘုရင်က မပြန်နိုင် ယခုမှ ခက်ပေတော့သည်။

အလှမ်းကွာမှန်းသိ၍ ဤသို့ အသံပြုကာ ကြိုးစားဆက်သွယ်နေကြစဉ် သမင်တစ်ကောင်သည် ဘောဇဘုရင်၏အနီးမှ ကပ်ပြီးထွက်ပြေးသွားသည်။ အမြင်နောက်မကျလိုက်လျှင် ဤသမင်သည် ဘုရင့်မြားချက်ဖြင့် အသက်ထွက်ဖို့သာ ရှိတော့သည်။ “ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာကထွက်” မဖြစ်စေလိုသောကြောင့် ဘောဇဘုရင်သည် ထိုသမင်နောက်သို့ အားစိုက်၍ လိုက်တော့သည်။

လိုက်ရင်းလိုက်ရင်းဖြင့် တောနက်ရာ မြိုင်ကြီးရာသို့ ရောက်သွားသည်။ မှူးမတ်များနှင့် ပို၍ပို၍ ဝေးကွာသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တောသားသမင်ကိုမူ မရ၊ မှုးမတ်များနှင့်သာ ဝေးကွာရသည်။ ဖတ်ဖတ်မောခြင်းသာ အဖတ်တင်သည်။ ဖွဲ့ကောင်းသော ဘုရင်သည် မခံချင်သော ရာဇမာန်ဖြင့် လိုက်လေရာ နောက်ဆုံးတွင် လူရိုင်းများနေသော တောင်ခြေသို့ပင် ရောက်သွားတော့သည်။

ထိုအခိုက်အတန့်၌ လူရိုင်းများသည် မိမိတို့၏ နတ်သမီးအား ပူဇော်ရန်လာသည့် လူကို ဖမ်းဖို့ စောင့်နေကြသည်။ တိတ်ဆိတ်စွာ ပုန်းနေကြသည်။ လူရိုင်းများမှာ လူကိုဖမ်း၍ ခေါင်းကိုဖြတ်ပြီး သူတို့ကိုးကွယ်သည့် နတ်သမီးအား ပူဇော်လေ့ရှိကြသည်။ ဒေဝတာဗလိ ကျွေးသော ဓလေ့ထုံးစံရှိကြသည်။

ဘုရင်သည် လောဘတကြီးဖြင့် တောသားသမင်နောက်သို့ မျက်ခြေအပြတ်မခံ လိုက်သွားရာ လူရိုင်းများ ပုန်းအောင်း ချောင်းမြောင်းနေရာသို့ ရောက်သွားတော့သည်။

ပုန်းနေသော လူရိုင်းများသည် ဘုရင်အား လွယ်ကူစွာ ဖမ်းယူလိုက်ကြသည်။ ဘုရင်လည်း မည်သို့မျှ မခုခံမကာကွယ်နိုင် အဖမ်းခံလိုက်ရသည်။ လူရိုင်းများသည် ဘုရင်အား တစ်နေရာသို့ ဆောင်ယူသွားကြသည်။ ပြီးလျှင် လုံခြုံစိတ်ချရလောက်အောင် လှောင်အိမ်ဖြင့် လှောင်ထားလိုက်ကြပြီး အကျဉ်းချုပ် ချုပ်နှောင်ထားလိုက်ကြသည်။

ထို့နောက် ဒေဝတာဗလိပူဇော်ပွဲအတွက် ပြင်ဆင်ကြသည်။ ချုံတွင် တဲထိုးပြီး လိုရာအားလုံး ပြင်ဆင်ကြသည်။ ပြီးစီးစေ့စုံသော အခါ သူတို့၏အကြီးအကဲ လူရိုင်းဆရာကြီးအား အားလုံး ပြီးစီးပြီ ဖြစ်ကြောင်း သွားပြောကြသည်။

ထိုအခါ လူရိုင်းဆရာကြီးသည် "မင်းတို့ ဖမ်းယူထားသည့်လူကို ကြည့်ကြစမ်း၊ တစ်စုံတစ်ခုအပြစ်ပါသလား၊ အင်္ဂါချို့ယွင်းမှု တစ်ခုခု

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှိနေသလား၊ စစ်ဆေးကြစမ်း” ဟု လူရိုင်းတပည့်များအား ညွှန်ကြား လိုက်သည်။

သို့ဖြင့် လူရိုင်းငယ်သားများသည် ဖမ်းထားသည့်လူကို သွား ကြည့်ကြသည်။ အင်္ဂါအစိတ်အပိုင်းကို စေ့စေ့စပ်စပ် ကြည့်ကြသည်။ တစ်ကိုယ်လုံးကို အသေးစိတ် အပြစ်ရှာကြည့်ကြသည်။ သေသေ ချာချာကြည့်ကြသောအခါ ဘုရင်၏ မျက်စိအင်္ဂါချို့ယွင်းနေသည်ကို မြင်ကြသည်။ တိမ်ကျနေသည်ကို တွေ့ကြသည်။

ထို့ကြောင့် အင်္ဂါချို့ယွင်းကြောင်း၊ မျက်စိ၌ တိမ်ကျနေကြောင်း ၎င်းတို့၏ ဆရာကြီးအား အစီရင်ခံကြသည်။ သို့ဖြစ်ရာ ဆရာကြီးက “ဤလူကို နတ်ပူဇော်၍မရ၊ လွှတ်လိုက်ကြ” ဟု အမိန့်ပေးလိုက်ပြီး “အင်္ဂါမချို့ယွင်းသူကို စောင့်ဖမ်းကြ” ဟုလည်း ပြောလိုက်သည်။

သို့နှင့် လူရိုင်းများသည် ဘောဇဘုရင်အား အင်္ဂါချွတ်ယွင်းနေ သောကြောင့် မသတ်ဘဲလွှတ်လိုက်သည်။

ဘုရင်လည်း နန်းတော်သို့ ပြန်လာသည်။ မှူးမတ်များလည်း ရောက်နေနှင့်ကြသည်။ တောတွင်း၌ ရှာမတွေ့ကြသောကြောင့် ဘုရင်ပြန်လေပြီအထင်နှင့် မှူးမတ်များ ပြန်နှင့်ကြခြင်း ဖြစ်လေသည်။ နန်းတော်သို့ ပြန်ရောက်ကြ၍ ဘုရင်တစ်ပါးတည်း ပြန်မရောက်ဘဲ ဖြစ်နေသည်ကို တွေ့ကြရသောအခါ များစွာ ပူပင်သောက ဖြစ်နေခဲ့ ကြပေသည်။

တစ်ကိုယ်တည်း ပြန်ရောက်လာသော ဘောဇဘုရင်သည် မှူးမတ်များအား အပြစ်မတင်၊ အပြစ်မပေး၊ မိမိကြုံတွေ့ခဲ့ရပုံများ ကိုသာ ပြောပြသည်။ ထိုသတင်းကိုကြားရသော မှူးမတ်များသည် အားလုံးပင် ထိတ်လန့်အံ့ဩသွားကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တောထဲမှပြန်ရောက်လျှင်ရောက်ချင်း ဘောဇဘုရင် ရှေးဦးဆုံး လုပ်သည်မှာ ထောင်တွင်းအကျဉ်းချထားသည့် ပညာရှင် ကာလိဒါသ အား ထောင်မှ ချက်ချင်းထုတ်ခိုင်းခြင်းပင် ဖြစ်လေသည်။ ပြီးလျှင် ရှေ့တော်သို့ ခေါ်ယူရန် မိန့်ကြားသည်။

မင်းချင်းများလည်း ကာလိဒါသအား ထောင်တွင်းမှ ချက်ချင်း လွှတ်ကြသည်။ ထို့နောက် ဘုရင့်ထံ ခေါ်သွားကြသည်။ ရောက်လေ လျှင် ဘုရင်က မိမိ၏မျက်စိ၌ အန္တရာယ်ကျရောက်စဉ်က ကာလိ ဒါသ နိမိတ်ဖတ်သည်မှာ မှန်ကြောင်း၊ ကောင်းကျိုးဆိုးပြစ် ဝေဖန် သည်မှာ မမှားကြောင်းနှင့် မိမိမှာ တောသွားရာမှ လူရိုင်းများ အဖမ်းခံရရာ ထိုတိမ်စွဲနေသောမျက်စိကြောင့် အသက်ဘေးမှ လွတ် လာကြောင်းများကို ပြောပြသည်။

ကာလိဒါသ ဝေဖန်နိမိတ်ဖတ်ခြင်းကို မနှစ်သက်၍ ထောင်သွင်း အကျဉ်းထားမိသည့်အဖြစ်ကို သည်းခံစေရန်လည်း ဘောဇဘုရင်က တောင်းပန်စကား မိန့်ကြားသည်။ သဘောနှင့် အခွင့်မသင့်၍ နှိပ်ကွပ် ပြုမူမိသည်ကို မိမိအပေါ် အပြစ်မမြင်ရန်လည်း တောင်းပန်စကား ပြောကြားသည်။

ကာလိဒါသက ဘုရင့်အပေါ် အပြစ်မယူကြောင်း ဤကဲ့သို့ ကြုံတွေ့ရမည့် ဘေးအန္တရာယ်ကို စောစောကပင်မြင်၍ နိမိတ်ဖတ် ခဲ့ခြင်းဖြစ်ကြောင်းများကို တင်လျှောက်သည်။

ဆက်လက်၍ “ကျွန်တော်မျိုးမှာ ဘုရင်အား ထိုကဲ့သို့ သံတော် ဦးတင် နိမိတ်ဖတ်သည့်အတွက် ထိုစဉ်က သတ်ပစ်လျှင်လည်း ခံရပါမည်။ သတ်မပစ်ဘဲ တောလိုက်သွားရာမှာ ဘုရင်နှင့်အတူ လိုက်ပါရန် ခေါ်၍ အတူလိုက်ပါရပါက ကျွန်တော်မျိုးမှာ အင်္ဂါ မချို့ယွင်းသူဖြစ်၍ လူရိုင်းများ၏အသတ် ဧကန်မုချခံရပါမည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လူရိုင်းများ နတ်ပူဇော်ပွဲအတွက် အကောင်းဆုံးသားကောင် ဖြစ်ရပါမည်။ ဘုရင်မင်းမြတ်က ထောင်သွင်းအကျဉ်းထား၍သာ အသက်ဘေးမှ ချမ်းသာရခြင်းဖြစ်ပါသည်။ အပြစ်မမြင်ပါ၊ ကျေးဇူးပင်တင်ပါသည်။ ဘုရင်မင်းမြတ်၏ မျက်စိထိခိုက်ရခြင်းသည် ဘုရင်မင်းမြတ်တစ်ဦးတည်း၏ အသက်ကိုသာ အကာအကွယ်ဖြစ်စေသည် မဟုတ်၊ နောက်တော်ပါးက အမြဲကပ်၍ပါနေသော ကျွန်တော်မျိုး အပါအဝင် အသက်နှစ်ချောင်းကို ချမ်းသာစေပါသည်" ဟု ကာလိဒါသက တင်လျှောက်သည်။

ဘုရင်လည်း "မှန်ပေသည်" ဟု ဝန်ခံကာ ကာလိဒါသအား များစွာကျေးဇူးတင်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



# ကချေသည် ဝိလာသဝတီ

အခါတစ်ပါး၀ယ် ဘောဇဘုရင်၏ ဓာရာတိုင်းသို့ ဝိလာသဝတီ မည်သော ကချေသည် (ပြည့်တန်ဆာ) မတစ်ယောက် တိုင်းတစ်ပါးမှ ရောက်ရှိလာသည်။ ဝိလာသဝတီမှာ အလွန်ချောမောလှပသည်။ ကျစ်လျစ်ပြေပြစ်သော ရုပ်ပါရုံရှင်တစ်ဦးဖြစ်သည်။

အကတွင်လည်း အလွန်ထူးချွန်သည်။ မည်သည့်ကချေသည်မ များနှင့်မှ မတူ၊ ဆန်းကြယ်သောအကများကို တတ်မြောက်သည်။ သီချင်းဆိုရာမှာလည်း အသံအလွန်ကောင်းသည်။ ကနွဲ့ကလျ ဆိုပုံ ကလေးများမှာ သာယာကြည်လင်လှသဖြင့် ယောကျ်ားသားများ အလွန်စွဲမက်ကြသည်။

ဝိလာသဝတီသည် မကြာမကြာ ကပြသည်။ ပွဲရှိတိုင်း မစည် သည့်အခါ မရှိ၊ ကြိတ်ကြိတ်တိုး အလွန်စည်သည်။ နေရာလုယက်ကြ သောကြောင့် တကျက်ကျက်ရှိတော့သည်။

သူမ၏ပွဲကို ဆင်းရဲသားများသာမက သူဌေး၊ သူကြွယ်၊ ကုန်သည်များပါ လာရောက်ကြည့်ရှုကြသည်။

ကချေသည်ဝိလာသဝတီ၏ အကကို ကြည့်ရှုသူတိုင်းသည် လည်းကောင်း၊ သီချင်းသံကို ကြားရသူတိုင်းသည်လည်းကောင်း မစွဲလမ်းသူမရှိ၊ မနှစ်သက်သူမရှိ၊ လူတိုင်း တပ်မက်နှစ်သက် စွဲလမ်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြသည်။ ကပွဲရှိသည်ဟု သတင်းကြားလျှင်လည်း ယောကျ်ားများသည် မလာရောက် မကြည့်ရှုဘဲ မနေနိုင်ကြ။ ဤမျှစွဲလမ်းအောင် ဆွဲဆောင်နိုင်စွမ်းရှိသော ကချေသည်မဖြစ်သည်။ မိန်းမများကလည်း ဘာကြောင့် ကျော်သည်၊ ဘာတော်သည်ကို သိရအောင် ပွဲသို့ သွားကြသည်။ ဓာရာတိုင်းရှိ အခြားသော ကချေသည် အမျိုးသမီးများက သူမကို မယှဉ်ဝံ့၊ မပြိုင်ဝံ့ကြ။ အဆိုအက၊ အလှရုပ်ပါရုံအားလုံးမှာပင် သူမသည် ထိပ်ခေါင်တင်ဖြစ်နေလေသည်။

ဝိလာသဝတီ၏ အဆို အက အလှ နာမည်သတင်းသည် တစ်နိုင်ငံလုံးတွင် ပျံ့နှံ့ကျော်ကြားသည်ထက် ကျော်ကြားလာရာ ဘောဇဘုရင်၏နားသို့ပင် ပေါက်ခဲ့သည်။

ထို့ကြောင့် ပုထုဇဉ်သား ဘုရင်လည်း သတင်းကြီးသည့် မင်းသမီးကို ကြည့်လို ရှုလိုစိတ် များစွာပေါက်လာသည်။ ဘုရင်တို့မည်သည် စိတ်ထဲ၌ တစ်ခုခုပေါ်ပေါက်လာလျှင် ဆိုင်းငံ့၍မနေ၊ ချက်ချင်းလုပ်တတ်ကြပေရာ၊ ဝိလာသဝတီပွဲကနေရာသို့ ချက်ချင်းပင် သွားတော့သည်။

သို့ရာတွင် မင်းမြောက်တန်ဆာများ ဝတ်သွား၍ မဖြစ်၊ ဘုရင်ပွဲလာကြည့်သည်ဟု လူသိ၍လည်း မတော်၊ ထို့ကြောင့် ရုပ်ဖျက်ပြီး လျှို့ဝှက်စွာသွားသည်။ မည်သူ့ကိုမှ အသိမပေးပေ။ သို့ရာတွင် မြင်သူအပေါင်း ရိုသေလေးစားမှုရှိရန် သူကြွယ်တစ်ဦးဟန်ပန် ဝတ်စားဆင်ယင်၍ သွားလေသည်။

ပွဲကရာသို့ အကြိမ်တော်တော်များများ သွားမိသောအခါ ဘုရင်သည် ကချေသည်မအပေါ် သနားကြင်နာ မေတ္တာစိတ် ဝင်လာသည်။ တပ်မက်တွယ်တာစိတ် ဝင်လာသည်။ သာမညမဟုတ်၊ မိဖုရားကို

www.facebook.com/NyisayEbookCreator
www.nyisay.com



ဂရုစိုက်မှုနည်းပါးလာသည်အထိ ဖြစ်သည်။ မိဖုရားနှင့် စကားအပြောအဆို ဆက်ဆံမှုအစ နည်းပါးသွားသည်အထိ ဖြစ်လာသည်။

ရက်လအတန်ကြာမျှ ခင်ပွန်းသည်ဘုရင်၏ ကြင်နာယုယမှု မခံရသော မိဖုရားသည် စိတ်ထောင်း၍ ကိုယ်ကျေပြီး တစ်စတစ်စနှင့် ပိန်ချုံးသွားသည်။ ပူဆွေးဗျာပါဒကြောင့် နဂိုရည်ပျောက်၍ ဇရာရုပ်ပေါက်နေသည်။

မိဖုရားသည် မဖီးနိုင်၊ မလိမ်းနိုင်၊ မဆင်ယင် မထုံးဖွဲ့နိုင်ဘဲ မျက်ရည်အသွယ်သွယ်ဖြင့် ဒုက္ခပင်လယ်ဝေနေသည်။ ဘုရင်သည် မိမိအတွက် မိဖုရား ပူဆွေးသောက ဤသို့ဖြစ်နေသည်ကို သိသည်။ မိမိအတွက် ရတက်မအေးရှာသည်ကိုလည်း နားလည်သည်။ သို့ရာတွင် ဝိလာသဝတီကို အစွဲကြီးစွဲပြီး ဝိလာသဝတီ၏ နွံထဲတွင် နစ်နေသောကြောင့် မိဖုရားကို မညှာနိုင်၊ မသနားနိုင်ဘဲ ရှိနေသည်။ ဤနာမည်ကြီးလှသော ကချေသည် (ပြည့်တန်ဆာ) မ ဝိလာသဝတီသည် မိန်းမတို့ မူရာမာယာ အညအခရာတွင် ဘယ်မိန်းမတို့မှ တုမမှီအောင် ပိုင်နိုင်သည်။ သူမနှင့် ဆက်ဆံပျော်ပါးဖို့မှာလည်း မလွယ်၊ ငွေကြေးမြောက်မြားစွာ ပေးနိုင်မှပင် နီးနိုင်၊ ကပ်နိုင်၊ စပ်နိုင်သည်။ သို့ဖြစ်လေရာ အထက်တန်း မင်းညီမင်းသား၊ မှူးမတ်၊ သူဌေးသူကြွယ်များသာ တစ်ခါတစ်ရံ သွားလာဆက်ဆံနိုင်ကြသည်။

ရုပ်ဖျက်၍ သူကြွယ်ယောင်ဆောင်နေသော ဘုရင်လည်း ဝိလာသဝတီ၏ အထိအတွေ့၊ အညအခရာ ပင်လယ်ထဲတွင် မျောနေသူတစ်ဦးဖြစ်သည်။ အများဆုံး သုံးနိုင် ဖြုန်းနိုင်သူဖြစ်သောကြောင့် အများဆုံးကပ်နိုင်သူလည်းဖြစ်သည်။

တစ်နေ့သောအခါ ကာလိဒါသသည် မိမိအရှင်သခင်ဘုရင်၏ မိဖုရားထံ သွားလာဝင်ထွက်ရန် အကြံဖြစ်မိသည်။ ယခင့် ယခင်

www.facebook.com/NyisayEbookCreator
www.nyisay.com



အခါများက မိမိနှင့်ဆန့်ကျင်သည့် မိဖုရားဖြစ်သည်ကို စဉ်းစားမိသည်။ မည်သို့ပင် ဖြစ်လင့်ကစား၊ ဘုရင်မှာ မိမိဘုရင်ဖြစ်ရာ မိမိသည် ဘုရင်၏ မိဖုရားနှင့် မကင်းကွာသင့်၊ ဆန့်ကျင်ဘက်ဖြစ်နေခြင်းသည် မတော်၊ တစ်ရံတစ်ခါ သွားလာဝင်ထွက်သင့်သည်ဟု စဉ်းစားဆင်ခြင်မိသည်။

သို့နှင့် ကာလိဒါသသည် မိဖုရားထံသို့သွားသည်။ ရောက်သောအခါ မျက်နှာမသာမယာ၊ ညှိုးခွေနွမ်းလျနေသော မိဖုရားကို တွေ့ရသည်။ ဆင်ယင်ထုံးဖွဲ့ခြင်းမရှိ၊ ဆံပင်ဖားလျား မျက်ရည်စများနှင့်ဖြစ်နေသည်ကို မြင်ရသည်။ ပိန်ချုံးကြုံလှီနေသည်ကိုလည်း တွေ့ရသည်။ မိဖုရား၏သွင်ပြင်ကို မြင်ရလျှင် ကာလိဒါသသည် ခင်ပွန်းသည် ဘုရင်၏ အပူဖြစ်မည်ကို ရိပ်မိသိရှိသည်။ မိန်းမများသည် ခင်ပွန်းသည်၏ သောကနှင့် တွေ့ကြုံလျှင် ဤကဲ့သို့ပင် စိတ်လက်မရွှင်လန်း၊ နွမ်းလျညှိုးခွေရှိတတ်သည်ကို ကာလိဒါသသိသည်ဖြစ်ရာ "အသို့ပါနည်း၊ သခင်မဘုရား၊ မျက်နှာမသာမယာ ညှိုးခွေနွမ်းလျနေပါသည်။ ဘုရင်၏အမှားကြောင့်များ ဖြစ်နေပါသလား၊ ဘုရင်မင်းကြီး အကြံဆိုးကြံပြီး လမ်းလွဲလိုက်နေသည်နှင့် ကြုံတွေ့နေရပါသလား" စသည်ဖြင့် ကာလိဒါသက မိဖုရားအား စတင်မေးမြန်းလိုက်သည်။

မိဖုရားသည် အစတွင် မပြောချင်ဖြစ်နေသည်။ ကာလိဒါသမေးသည်ကို မဖြေလိုဘဲ မျက်နှာညိုနေသည်။ မိမိနှင့် ကာလိဒါသသည် မည်သည့်အခါမှ မတည့်ကြ၊ အမြဲဆန့်ကျင်နေခဲ့ကြသည်များကိုလည်း သတိရနေသည်။

သို့ရာတွင် "ကာလိဒါသနှင့် မိမိမှာ ကာလိဒါသက မဆိုး၊ မိမိကသာဆိုးသည်၊ ကာလိဒါသမှာ မိမိအပေါ် တတ်နိုင်သမျှ ဖေးမ

www.facebook.com/NyisayEbookCreator
www.nyisay.com



ခဲ့သည်။ ပညာရှင်တစ်ဦးလည်း ဖြစ်လေရာ လက်ခံစကားပြောသင့်သည်” ဟု တွေးတောစဉ်းစားမိသည်။ ထို့ကြောင့် ခဏမျှကြာသော် ကာလိဒါသမေးသည်ကို ဖြေကြားပြောဆိုသည်။

“ပညာရှင်ကာလိဒါသ ကျွန်ုပ်သည် ပူဆွေးဒုက္ခနှင့် ကြုံနေရပါသည်။ ဘုရင်မင်းမြတ်သည် ကျွန်ုပ်အပေါ် ယုယကြင်နာ မေတ္တာစိတ်မထားဘဲ ကချေသည် (ပြည့်တန်ဆာမ) ဝိလာသဝတီဆီသာ သွားနေသည်မှာ ရက်လကြာပါပြီ။ ဝိလာသဝတီ၏ သတင်းကို ကာလိဒါသ မကြားပါသလော”

“ကြားပါသည်၊ ဝိလာသဝတီသတင်းကို ကြားရသည်မှာ ကြာပါပြီ။ သို့ရာတွင် ကပွဲသို့လည်းကောင်း၊ ဆက်ဆံပျော်ပါးမှုအတွက်လည်းကောင်း တစ်ခါရံမျှ မသွားမရောက်ဖူးပါ” ဟု ကာလိဒါသက ဖြေကြားလိုက်သည်။

ဝိလာသဝတီထံသို့ ဘုရင်သွားလာနေသည်မှာ ဧကန္တ ရုပ်ဖျောက်ပြီးသွားနေခြင်းသာ ဖြစ်ရမည်ဟု ကာလိဒါသ တွေးတောစဉ်းစားမိရာ “ဝိလာသဝတီထံ သွားသွားနေသည် မဟုတ်ပါလား၊ ဘုရင် ရုပ်ဖျောက်ဆင်ယင်သွားသည့် အဝတ်အစား အခြံအရံများနှင့် သွားစဉ် အသွင်အပြင် အမူအရာများကိုကော မိဖုရားသိပါသလား” ဟု ကာလိဒါသက မိဖုရားအား မေးသည်။

“သိပါသည်၊ ဘုရင်သည် ရွှေငွေများကို ဝတ်စားဆင်ယင်၍ မသွား၊ ပုလဲကုံး ပုလဲသွယ်များ ဆင်ယင်ပြီး ပုလဲရောင်တောက်နေသော အဝတ်အစားများကိုသာ ဝတ်စားသွားပါသည်။ အကျီကို နေ့တိုင်း တစ်မျိုးတစ်မျိုး လဲလှယ်ဝတ်၍ တဘက်ပတ်ကာ ပါးပေါ်မှာ “မှဲ့” တစ်လုံးတင်ပြီး သူကြွယ်တစ်ဦးယောင်ဆောင် ဆောင်သွားပါသည်” ဟု မိဖုရားက ပြောသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အကြောင်းစုံကို နားလည်ပါပြီ။ မပူပင်ပါနှင့် မိဖုရား၊ ဘုရင်ဝတ်ပြီးသွားတတ်သည့် အဝတ်အစား ရတနာတစ်စုံမျိုးကို ပေးပါ၊ ခုနစ်ရက်မတိုင်မီ ဤပြဿနာ ပြေလည်စေရပါမည်" ဟု ဆိုကာ ကာလိဒါသက ဝတ်စုံတစ်စုံ တောင်းယူပြီး မိဖုရား စိတ်ချမ်းသာမှု ရှိစေရန် နှစ်သိမ့်စကား ပြောကြားလေသည်။

ဝိလာသဝတီထံ ဘုရင်သွားစဉ် ဝတ်ဆင်သည့် အဝတ်အစားများကိုလည်းကောင်း၊ ဘုရင်ဆင်ယင်သွားသည့် ပုလဲကဲ့သို့သော ပုလဲများကိုလည်းကောင်း မိဖုရားက ကာလိဒါသအား ပေးလိုက်သည်။ ကာလိဒါသလည်း အားလုံးကို လျှို့ဝှက်စွာယူကာ အိမ်သို့ပြန်သွားသည်။

အိမ်သို့ရောက်လေလျှင် မိမိ၏တပည့်ရင်းမ ရမဝတီကို ကာလိဒါသခေါ်သည်။ "တပည့်မ ရမဝတီ ငါ၏ရုပ်ရည်ကို လူပျိုတစ်ဦးကဲ့သို့ဖြစ်အောင် ဝတ်စားဆင်ယင် ပြင်ဆင်ပေးပါ။ အလွန်ပျိုမျစ်လှပသည့် မင်းသားတစ်ဦးကဲ့သို့ဖြစ်အောင် ပြုပြင်ဆင်ယင်ပေးပါ၊ ငါ့မှာ အကြောင်းတစ်ခုရှိသည်။ မှဲ့တစ်လုံးကိုလည်း မေးမှာထိုးပေးပါ" ဟု ကာလိဒါသက ရမဝတီအား ပြောသည်။

တပည့်ရင်းမ ရမဝတီလည်း မိမိဆရာ ကာလိဒါသ ပြောဆိုစေခိုင်းသည့်အတိုင်း ဆင်ယင်ပေးလိုက်သည်။ ရမဝတီမှာ အရာရာတွင် လိမ္မာကျွမ်းကျင်သူဖြစ်ရာ မိမိဆရာ ကာလိဒါသကို ကာလိဒါသမှန်း မည်သူတစ်ဦးမျှ မသိနိုင်ရလောက်အောင် အလွန်လှပနုနယ်သည့် မင်းသားပျိုတစ်ဦးကဲ့သို့ ပြုပြင်ပေးလိုက်သည်။

ကာလိဒါသလည်း ပြုပြင်ဆင်ယင်မှုပြီးသည်ဆိုလျှင် ကချေသည် (ပြည့်တန်ဆာမ) ဝိလာသဝတီ ကပွဲရှိရာသို့ သွားကော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ထိုနေ့တွင် ဝိလာသဝတီ၏ ပွဲရှိသည့်အတွက် တစ်မြို့လုံး ကပွဲကြည့် အုတ်အုတ်ကျက်ကျက် ထွက်နေကြသည်။

လှပနုနယ်သော မင်းသားငယ် ကာလိဒါသသည် ဝိလာသဝတီ ၏ပွဲသို့ ရောက်သည်ဆိုလျှင် ဘုရင်ကို မျက်စိကစား၍ ရှာသည်။ အတန်ကြာရှာမိသောအခါ ကပွဲတစ်နေရာတွင် သူကြွယ်တု ဘုရင်ကို တွေ့မြင်တော့သည်။

သူကြွယ်တု ဘုရင်ကမူ ကာလိဒါသ ကပွဲသို့ ရောက်လာမှန်း မသိ၊ ကာလိဒါသကသာ ရှေးဦးစွာမြင်သည်။ သို့ရာတွင် ကာလိဒါသ သည် ဘုရင်၏အနီးသို့ မသွား၊ ခပ်ဝေးဝေး တခြားမှာနေသည်။ ဝိလာသဝတီသည် ထုံးစံအတိုင်း အစ်ကိုကာလသားများ စွဲမက်အောင် ဆိုနေ ကနေသည်။ ဝိလာသဝတီက အလယ်က၊ ပရိသတ်က ဘေး ပတ်လည်ကဖြစ်သည်။

မိန်းမတို့၏ သဘာဝအခါကိုကြည့်၍ ကပွဲသို့ ကာလိဒါသ ထွက်ခဲ့ရာ ဝိလာသဝတီမှာ ခါတိုင်းထက် ရွှင်လန်းပျော်မြူးပြီး ထူး၍ ကနေသည်။ ထူး၍ ဆိုနေသည်။ အရင့်အရင်ကပွဲတွေ ကစဉ်ကမူ ဘုရင့်အနား ခဏခဏ ရစ်လည်၍ကသည်။ မကြာခဏဆိုသလို ကပ်၍ကပ်၍ သီချင်းဆိုသည်။ ထိုနေ့ကပွဲတွင်မူ သူကြွယ်တု ဘုရင်၏ အနီးသို့ မသွား၊ နုနယ်လှပသော မင်းသားပျို ကာလိဒါသအနီးသို့ ချည်းကပ်၍ ကတော့သည်။ ကပ်၍ သီချင်းဆိုတော့သည်။

ဤမျှမက ဝိလာသဝတီသည် ကာလိဒါသအား ကွမ်းတစ်ယာ ကို ကနေရာမှ လှမ်းပေးလိုက်သည်။ ကာလိဒါသကမူ ကွမ်းယာကို ချက်ချင်းမယူ မူနေသည်။ ဝိလာသဝတီ နမ်းပေးမှ ယူမည်ဟု ဟန်အမူအရာနှင့် ပြောလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဝိလာသဝတီကလည်း ငြင်းဆန်ခြင်းမပြု၊ ကပွဲအလယ်သို့ ပြန်မသွား၊ ကာလိဒါသအပေါ် မြင်မြင်ချင်း ချစ်ခြင်းမေတ္တာသက်နေရာ ကွမ်းယာကို နမ်း၍ပင် ပေးရာသည်။ ဝိလာသဝတီက အပေးနှင့် ကာလိဒါသကအယူလိုက် ကွမ်းယာသည် ကာလိဒါသ၏လက်ထဲသို့ တည့်တည့်မတ်မတ် မရောက်၊ အောက်သို့ကျသွားသည်။

အောက်သို့ကျသွားသော ကွမ်းယာကို ဝိလာသဝတီ ကပျာကယာပင် ကောက်ယူသည်။ ထိုအခါ ကာလိဒါသ၏လက်နှင့် ဝိလာသဝတီ၏နဖူးမှာ ထိသွားသည်။ ကာလိဒါသမှာ ထိုသို့ထိတွေ့မှုအတွက် မည်သို့မျှမထူးခြားသော်လည်း၊ ဝိလာသဝတီမှာမူ အတွေ့အကြုံ အလွန်များခဲ့သူကလေးပင် ဖြစ်သော်လည်း များစွာစိတ်လှုပ်ရှားသွားသည်။

ဤကဲ့သို့ အခိုက်အတန့် ထိတွေ့မှုအာရုံကို ခံစားလိုက်ရသော ဝိလာသဝတီသည် ထိုအခါမှစ၍ ကာလိဒါသအနားက မခွာတော့၊ ကလျှင်လည်း ကာလိဒါသအနား၊ သီချင်းဆိုလျှင်လည်း ကာလိဒါသအနီး တုန်လှုပ်ဖောက်ပြန်ပြီး စွဲလမ်းနေတော့သည်။

ဘုရင်ကလည်း မင်းသားငယ်ကို ကာလိဒါသမှန်းမသိ သို့ရာတွင် မုန်းနေ၊ မနာလိုနေပေသည်။ ဝိလာသဝတီက ချစ်ကြိုးငြိပြီး ကပ်၍ကလိုက်၊ ကပ်၍ သီချင်းဆိုလိုက်၊ ကွမ်းယာပေးလိုက် လုပ်နေသောကြောင့် လှပနုနယ်သော မင်းသားပျိုတစ်ဦးအနေနှင့် မုန်းနေ၊ မနာလိုနေခြင်းဖြစ်သည်။

ဝိလာသဝတီကလည်း ကာလိဒါသမှန်းမသိ၊ လှပနုနယ်သော မင်းသားပျိုတစ်ဦးဟုသာ ထင်မှတ်နေသည်။ မြင်မြင်ချင်း ချစ်ခြင်းမေတ္တာ သက်ဝင်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပွဲပြီးကာနီးသောအခါ မင်းသားပျို့အနီး၌သာ ကပ်ပြီး ကနေသော ဝိလာသဝတီထံသို့ ဘောဇမင်းသည် အပြေးထသွားပြီး ကွမ်းယာတောင်းတော့သည်။

ကချေသည်အနီးသို့ ရောက်သောအခါ ဘောဇဘုရင်သည် မင်းသားပျို့ကို စေ့စေ့ကြည့်လိုက်သည်။ ထိုအခါ မင်းသား၏နားတွင် ဝတ်ဆင်ထားသော ရွှေကွင်းကလေးကို သတိပြုမိသည်။ ဤ နားပန်ရွှေကွင်းသည် ကာလိဒါသ၏ ရွှေကွင်းဖြစ်သည်။ ဧကန္တ ဤမင်းသားပျို့သည် ကာလိဒါသဖြစ်ရမည်ဟု ဘုရင်က ဆုံးဖြတ်ချက်ချလိုက်သည်။ မိမိကိုမူ ကာလိဒါသမသိ၊ မိမိကမူ ရုပ်ဖျက်လာသော ကာလိဒါသကို သိရပြီဟု ဘောဇဘုရင်က နှစ်သက်သဘောကျနေသည်။

ကပွဲလည်း ပြီးဆုံးသွားပေပြီ။ နန်းတော်သို့ ပြန်ရောက်လေလျှင် ဘုရင်သည် ဝိလာသဝတီ၏ပွဲမှ ရှုကွင်းရှုကွက်များကိုသာ မျက်စိထဲတွင် မြင်နေသည်။ အထူးသဖြင့်မူ ဝိလာသဝတီက ကာလိဒါသအနီးသို့သာ ကပ်ပြီး ကနေပုံ၊ ကွမ်းယာပေးပုံများကို ပြန်၍ မြင်နေမိသည်။ မနှစ်သက်သော်လည်း ဖျောက်ဖျက်၍မရပေ။

သို့ဖြင့် ဘုရင်သည် "ကာလိဒါသကလည်း ငါကဲ့သို့ပင် ရုပ်ဖျက်လာသည်။ ငါကဲ့သို့ပင် လောဘတဏှာ သာယာတပ်မက်သည်။ ဤပွဲသို့ပင် ရောက်ရှိလာသေးရာ ဝိလာသဝတီထံ မဆက်ဆံ မသွားလာဘဲနေမည်မထင်၊ ဆက်ဆံသွားလာ ဝင်ထွက်မည်ပင်ဖြစ်သည်။ ရှိစေ။ ဝိလာသဝတီအား သင်းကို ကတုံးရိတ်ခိုင်းမည်" ဟု ကြံစည်တွေးတော ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့တွင် ဘုရင်သည် ဝိလာသဝတီထံ ခါတိုင်းကဲ့သို့ပင် ရုပ်ဖျက်ပြီးသွားသည်။ ဝိလာသဝတီလည်း ဘုရင်မှန်းမသိခဲ့၊

www.facebook.com/NyisayEbookCreator
www.nyisay.com



ယခုလည်း မသိပေ။ လာနေကျသူကြွယ်တစ်ဦးဟုသာ မှတ်ထင်နေသည်။

ဘုရင်သည် ပြန်ကာနီးသောအခါ "အို ဝိလာသဝတီ၊ သင့်အား တစ်ခုမှာကြားချင်ပါသည်။ ပွဲသို့လာသည့် မင်းသားပျိုလာလျှင် ကတုံးအရိတ်ခိုင်းပါ၊ သင့်အား အသပြာငွေ ၁၀၀၀ဝိ ပေးမည်" ဟု မှာကြားသွားသည်။ ဝိလာသဝတီလည်း ကတိပေးဝန်ခံထားလိုက်သည်။

ကာလိဒါသသည် ဝိလာသဝတီထံသို့ မသွားလာ မဆက်ဆံလိုသော်လည်း မိမိအကြံအောင်စေလိုသောကြောင့် နောက်တစ်နေ့တွင် သွားသည်။ စောင့်နေသော ဝိလာသဝတီသည် မင်းသားပျို ကာလိဒါသ ရောက်လာသည်ဆိုလျှင် သဘောမကျ၊ မနှစ်သက်ဟန် ဆောင်နေသည်။ အတန်ကြာမှ "သခင်အား ချစ်ခင်ကြင်နာ မြတ်နိုးပါ၏။ ကိုယ်အမူအရာ နှုတ်အမူအရာ အားလုံးကိုပင် နှစ်သက်ပါ၏။ သို့ရာတွင် ခေါင်းပေါ်ကဆံပင်ကိုမူ မနှစ်သက်ပါ၊ နှမအား မြတ်နိုးကြည်ဖြူပါလျှင် ကတုံးရိတ်ပါ၊ သခင့်အလိုအတိုင်း ဖြစ်ပါစေမည်" ဟု အမျိုးမျိုးသော မူရာမာယာ အခရာများဖြင့် ဖြားယောင်းသွေးဆောင်ပြောကြားသည်။

ဝိလာသဝတီပြောလိုက်သော စကားများကိုကြားလျှင် ကာလိဒါသသည် "ဤကတုံးရိတ်ရမည်" ဆိုသော အကြံသည် ဘုရင့်ဉာဏ်ဖြစ်သည်ဆိုသည်ကို တစ်ခါတည်းသိသည်။ သို့ရာတွင် "ငါသည် မိဖုရားအတွက် အကျိုးဆောင်ရမည်။ မရိတ်ချင်သော်လည်း မိဖုရားအတွက် အရိတ်ခံမှဖြစ်မည်" ဟု အောက်မေ့ကာ ကတုံးအရိတ်ခံလိုက်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကတုံးရိတ်ပြီးလျှင် ချက်ချင်းပြန်မသွား၊ မိမိမှာ ကာလိဒါသဖြစ်ကြောင်း ဖွင့်ပြောလိုက်သည်။ ဘုရင်တမျှ အာဏာရှိကြောင်းနှင့် မည်သူ့ကိုမဆို သတ်နိုင်သော အာဏာရှိကြောင်းကို ပြောပြသည်။

ဝိလာသဝတီမှာ အံ့သြထိတ်လန့် တုန်လှုပ်သွားသည်။ မိမိအား သတ်ပစ်မည်လားဟု စိုးရိမ်ကြောက်ရွံ့သွားသည်။ ငွေ ၁၀၀၀ဝိ ရရန်အတွက် ကတုံးကလည်း ရိတ်မိပြီးလေပြီ။ မကြံတတ် မစည် တတ် ယောက်ယက်ခတ်၊ ဣန္ဒြေပျက်နေသည်။ မျက်နှာညှိုးငယ် သနားစဖွယ် ဖြစ်နေသည်။

ဤကဲ့သို့ ဝိလာသဝတီ ကြောက်ရွံ့နေသောအခါ ကာလိဒါသသည် "ဒီမှာ ဝိလာသဝတီ၊ ကြောက်ရွံ့မနေပါနှင့်၊ ရော့ ငွေ ငါးသောင်း (၅၀၀၀၀ဝိ) ယူပါ၊ ကပွဲသို့လာနေကျဖြစ်သည့် သူကြွယ် ကြီးလာလျှင် ခွေးအူသံကဲ့သို့သော အသံမျိုး သုံးခါမျှ အူနိုင်းပါ၊ ခိုင်းပြီး၍ အူပြီးလျှင်လည်း ဓာရာတိုင်းမှာ ဝိလာသဝတီ မနေနှင့်တော့၊ တခြားတိုင်းပြည်သို့ ထွက်သွားပါ" ဟု မှာကြားထားခဲ့သည်။ ထို့နောက် ကာလိဒါသလည်း ပြန်သွားသည်။ ဝိလာသဝတီ၏ ကတိကိုလည်း ရယူသွားသည်။

နောက်တစ်နေ့ညတွင် ဘုရင်သည် ခါတိုင်းကဲ့သို့ပင် ရုပ်ဖျက် ကာ ဝိလာသဝတီထံလာသည်။ ဝိလာသဝတီလည်း ကာလိဒါသ မှာတိုင်း မိန်းမတို့ မူရာမာယာ၊ အပလီအခရာတို့ဖြင့် သူကြွယ်ယောင် ဆောင်နေသူအား ဖြားယောင်းကာ ခွေးအူသံကဲ့သို့သော အူသံမျိုးကို သုံးခါအူရန် ပြောတော့သည်။ ဝိလာသဝတီ၏ တဏှာညွှတ်ကွင်းတွင် ကားယားကြီးမိနေသော ဘုရင်သည် အလိုတူ ကြည်ဖြူမှုကို ရသည် ထက် ရစေရန် အလိုလိုက်သည်။ ခွေးအူသံကဲ့သို့သော အသံများကို တိုးတိုးသုံးခါ အူပြလိုက်သည်။ အချိန်နှောင်းသော် ဘုရင်လည်း

www.facebook.com/NyisayEbookCreator
www.nyisay.com



နန်းတော်သို့ လျှို့ဝှက်စွာပြန်သွား၏။ ဝိလာသဝတီလည်း ကာလိဒါသကို ကတိပေးထားသည့်အတိုင်း ဓာရာတိုင်းပြည်မှ ထွက်သွားတော့သည်။ သူကြွယ်ကြီးကို ဘုရင်ဟူ၍ကား သိမသွားပေ။

ကာလိဒါသသည် ကတုံးရိတ်ခဲ့ရပြီးသော နောက်တစ်နေ့တွင် ညီလာခံသို့မသွား၊ သုံးရက်မြောက်သောနေ့မှ ညီလာခံသို့ သွားသည်။ ရိတ်ထားသောကတုံးကြီးမှာ အထင်းသားဖြစ်နေသည်။

ထိုအခါ ဘုရင်က ကာလိဒါသသည် မိမိဆင်ထားသော အကွက်အတွင်းသို့ ဝင်ပြီ၊ မိပြီဟု ယူဆသည်။ သို့နှင့် "အသင်ကာလိဒါသ၊ ဘယ်နက္ခတ်နှင့်ကြုံ၍ ဆံချ ဆံပယ်ပါသနည်း" ဟု အဓိပ္ပာယ်ပါသည့် ကဗျာဖြင့် မေးလိုက်သည်။

ကာလိဒါသကလည်း "ကျွန်တော်မျိုး၏ အရှင်သခင် ပုဂ္ဂိုလ်တစ်ဦးမှာ ညဥ့်အခါက ခွေးအူသံကဲ့သို့သော အသံမျိုးဖြင့် သုံးကြိမ်အူပါသည်။ ထိုသို့အူသံကိုကြား၍ ဝမ်းနည်းသောအထိမ်းအမှတ်ဖြင့် ထိုစဉ်က ဆံပင်ကို ပယ်ချလိုက်ပါသည်" ဟု အဓိပ္ပာယ်ကဗျာဖြင့် ရွတ်ဆိုလျှောက်တင်လိုက်သည်။

ဤသို့ ကာလိဒါသနှင့် ဘုရင်တို့နှစ်ဦး အချင်းချင်း ပြောဆိုလျှောက်တင်ကြသည့် အကြောင်းအရာများ အတွင်းအဓိပ္ပာယ်ကို ညီလာခံမှ ပရိသတ်များ မည်သူမှမသိကြ၊ ပွဲကြည့်ကြစဉ်က ဘုရင်နှင့် ကာလိဒါသတို့ကို မည်သူကမှ မသိကြသကဲ့သို့ပင်ဖြစ်သည်။ ဘုရင်နှင့် ကာလိဒါသကမူ ဘာဆိုလိုသည်များကို အချင်းချင်း ကောင်းစွာနားလည်ကြသည်။

"ငါ့အမည်နာမကို ဘောဇဟု တိုက်ရိုက်ထုတ်ဖော်ခြင်းမပြုဘဲ အရှင်သခင် ပုဂ္ဂိုလ်တစ်ဦးဟုသာ သာမညအားဖြင့် ညီလာခံသဘင်အလယ်မှာ သုံးနှုန်းသည်မှာ ငါ၏သစ္စာတော်ကို စောင့်သိသောကြောင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



သာဖြစ်သည်။ ငါ၏အူသံကို ဖုံးကွယ်၍ လျှောက်တင်ပေသည်” ဟု ကာလိဒါသအား များစွာကျေးဇူးတင်သည်။ သို့ရာတွင် ဖွင့်၍ မပြော၊ မိမိစိတ်ထဲတွင်သာထားသည်။ အတွင်းစိတ်က အားရနှစ်သက်ကာ ဘုရင်က ကာလိဒါသအား လိုရာဆုကို အတောင်းခိုင်းတော့သည်။


ကာလိဒါသမှာ မိမိလိုရာသို့ ရောက်ပြီဖြစ်သဖြင့် “ညီလာခံမှာ ဆုမတောင်းလို၊ မိဖုရားရှေ့တော်မှာ ဆုတောင်းလိုပါသည်” ဟု ပြန်၍တင်လျှောက်သည်။

ထိုအခါ ဘုရင်သည် “ကောင်းပြီ” ဟု ဆိုကာ ညီလာခံသိမ်းပြီး ကာလိဒါသအား အဆောင်တော်သို့ ခေါ်သွားသည်။ မိဖုရားရှေ့တော်သို့ရောက်လျှင် ဘုရင်က ကာလိဒါသအား ဆုတောင်းခိုင်းတော့သည်။

“တဏှာအာရုံ၊ ကာမဂုဏ်ကို မလိုက်စားတော့ပါ၊ ရာဇဓမ္မ ရာဇနီတိနှင့်အညီ ကျင့်သုံးပါမည်၊ မိဖုရားကိုလည်း နှစ်သက်မြတ်နိုးစွာ ဆက်ဆံပါတော့မည်” ဆိုသည့် ဆုကတိကို ဘုရင့်ထံမှ မိဖုရားရှေ့တွင် တောင်းရာ ဘုရင်လည်း ကြည်နူးအားရစွာပင် ထိုဆုကို ပေးသောသဘောဖြင့် ကတိပြုသည်။

“ဘုရင်လိုက်စားလျှင် တိုင်းသူပြည်သား လူအများကလည်း လောဘတဏှာကို လိုက်စားကြပါမည်၊ ပြည်သူများ ပျက်စီးခြင်း အကြောင်းပင် ဖြစ်ပါသည်” ဟု ဘုရင်အား ကာလိဒါသက တရားပြဆုံးမလိုက်သည်။

ဘုရင်လည်း ထိုအခါမှအစ မိဖုရားအပေါ် ကြင်နာစွာ ဆက်ဆံသည်။ တိုင်းပြည်တွင်းသို့လည်း အမိန့်မရဘဲ “ပြည့်တန်ဆာမများ မဝင်ရ၊ မလာရ” ဟု အမိန့်ထုတ်လိုက်သည်။



NYI SAY
MYANMAR EBOOK CREATOR

2500